www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လေးဂိုတင်

နှင့်

တိုတိုထွန်း

ရေးသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမ-ပိကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမ-ပိကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့-ဖိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့-ဖိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့-ဖိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၁၀၉၆/၂၀၀၂(၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၀၉၆/၂၀၀၂(၁၂)

**ပထမအကြိမ်**
၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ (၅၀၀)
တန်ဖိုး - ၈၀၀ ကျပ်

**အဖုံးအနုပညာ**
ဝသုန်

**ကွန်ပျူတာစာစီ**
'စံ'ကွန်ပျူတာ၊ ၁၂၈၊၃၄-လမ်း။

**စာအုပ်ချုပ်**
လှိုင်(ကိုတင်အေး)

**အဖုံး/အတွင်းပုံနှိပ်ရိုက်**
နေမျိုးပုံနှိပ်တိုက်(၀၅၄၉၅)
အမှတ်-၁၆၊ သစ်ရာပင်လမ်းသွယ်၊
သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။

**ထုတ်ဝေသူ**
ဦးမောင်ကလေး
သောကြာစာစောင်(မြ-၀၀၆၄)
အမှတ်(၁၅)၊ ဩဘာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။

**ဖြန့်ချိရေး**
**နေမျိုးစာပဒေသာ**
အမှတ်(၁၂၈)၊ (၃၄)လမ်း(အလယ်)၊
ရန်ကုန်မြို့။ ဖုန်း-၂၄၂၃၈၂

www.burmeseclassic.com

www.burmeseclassic.com

# အရှေ့အနောက်ခေတ်ပြိုင်ဝတ္ထုတိုများ ;

မြင့်သန်း

အောင်(ဆေး-၁)

သစ္စာနီ

မြေချစ်သူ

ဇေယျာလင်း

မောင်ညီညွတ်

ညီသစ်

လေးကိုတင်

စိုးထိုက်

ဝင်းမောင်စိုး(ချောင်းဦး)

မြင့်အောင်သန့်

စန်းစန်းဦး

www.burmeseclassic.com


www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ◆ မိုးရေထဲကရေပန်းများ | **မြင့်သန်း** | ၇ |
| ◆ သတ္တုတွင်းသို့အလည်သွားခြင်း | **အောင်(ဆေး–၁)** | ၂၃ |
| ◆ အရောင်နှင့်လူ | **သစ္စာနီ** | ၂၉ |
| ◆ ကောင်းကင်တေးသံ | **မြေချစ်သူ** | ၄၁ |
| ◆ နိမိတ်များ | **မေယုလင်း** | ၄၇ |
| ◆ အဘိုးအိုနှင့်မြေနေရာ | **မောင်ညီညွတ်** | ၆၁ |
| ◆ နောက်ဆုံးအချိန် | **ညီသစ်** | ၆၉ |
| ◆ မြေကမ္ဘာမြင်ကွင်း | **လေးကိုတင်** | ၈၃ |
| ◆ ကျားလက်သည်း | **စိုးထိုက်** | ၁၀၃ |
| ◆ ချယ်ရီလက်ဆောင် | **ဝင်းမောင်စိုး(ချောင်းဦး)** | ၁၁၇ |
| ◆ မုန်တိုင်းများ | **မြင့်အောင်သန့်** | ၁၂၉ |
| ◆ မှဲ့ကလေး | **စန်းစန်းဦး** | ၁၄၇ |
| ◆ ကြွက်တူရွေး | **ညီသစ်** | ၁၆၇ |


www.burmeseclassic.com

www.burmeseclassic.com



# မိုးရေထဲက ရေပန်းများ

မြင့်သန်း

www.burmeseclassic.com

www.burmeseclassic.com


**အမှာ**။ ။ ဤဝတ္ထု အရေးအသားမှာ ကွယ်လွန်သူ ဂျပန်စာရေးဆရာ ယူကီကိုမိရှိမ အမည်ရင်း ဟီရာအိုက ကိမိတာကေ (၁၉၂၇-၁၉၇၀) ရေးသော Fountains in the Rain ကို မြန်မာပြန်ထားခြင်း ဖြစ်သည်။ ကောင်ကလေး တစ်ယောက်နှင့် ကောင်မလေးတစ်ယောက်တို့အကြားမှ ကတောက်ကဆဖြစ်မှုကို အသောဖောက်၍ ရေးသားထား သည်။ လူငယ်တို့၏ သဘောအရ မိမိကိုယ်ကို အလေးထား၍ အရာရာကိုကြည့်မြင်တတ်ပုံ၊ ဂနာမငြိမ်တတ်ပုံ တို့ကို ဖော်ထုတ် ပြခဲ့သည်။ ရေပန်းများမှာ ပြောင်းလဲနေတတ်သော ရည်ရွယ် ချက်၊ စီးပိုးမှုများ၊ ကာမ တဏှာ စသည်တို့ကို ပေါ်စေသော သင်္ကေတများ ဖြစ်လာသည်။ မိရှိမ အရေးအသားများတွင် အသောဖောက် ရေးသားခြင်း နည်းလှသည်။ အခြားသော အချက်တစ်ခု သတိထား၍ ကြည့်ရသည်မှာ မိရှိမ၏ရေးဟန် ဖြစ်သည်။ ဇာတ်လမ်းကို ပြန်ပြောနေသူ၏ အနေအထားမှ ဇာတ်ကောင်တစ်ဦး၏ အနေအထားသို့ ရောက်သွားတတ်ပုံကို သတိထားကြည့်ကြစေချင်ပါသည်။)


www.burmeseclassic.com

www.burmeseclassic.com


ကောင်ကလေးကတော့ မိုးရွာထဲမှာ ကောင်မလေးကို တွဲပြီး လမ်းလျှောက်လာရတာ စိတ်ပျက်လှပါပြီ။ ကောင်မကလေးကလည်း သဲအိတ်လိုလေးပဲ့။ တောက်လျှောက် ငိုလို့လည်းနေသေးတယ်။

သိပ်မကြာသေးခင်က မရန်နိုအုချိ အဆောက်အအုံအောက်က လက်ဖက်ရည်ဆိုင်မှာ ကောင်ကလေးက ကောင်မလေးကို သူနဲ့ အဆက်ဖြတ်တော့မယ်လို့ ပြောခဲ့တယ်။

သူ့ဘဝမှာတော့ ပထမဆုံးအကြိမ် မိန်းမတစ်ယောက်နဲ့အဆက်ဖြတ်တာပဲ။

သူကတော့ အဲဒီလိုလုပ်ဖို့ မျှော်တွေးနေခဲ့တာ ကြာပြီ။ ခုတော့ အတွေးဟာ တကယ်ဖြစ်လာရတာပဲပေါ့။

ဒီလိုလုပ်ချင်လို့ကို သူကလည်း ကောင်မကလေးကို ချစ်ခဲ့တာ။ ဒါမှမဟုတ်လည်း ချစ်ဟန်ဆောင်ခဲ့တာ။ ဒီအတွက်ပဲ၊ ကောင်မလေး ပြောသမျှကို သူက အလေးမထားခဲ့တာ။ သူ့အစီအစဉ်တွေ အထမြောက်သလောက် ဖြစ်သွားတော့ သူ့အနေနဲ့ ကောင်မကလေးကို သူပြောချင်တာ ထုတ်ပြောဖို့ပဲ ကျန်တော့တယ်။ ဒီတော့လည်း သူက ပြောပိုင်ခွင့်ရှိသွားတဲ့ သူတစ်ယောက် အနေနဲ့ သူ့ပါးစပ်က ပြောလိုက်ဖို့ပဲ လိုတယ်။ ရာဇသံပေးလိုက် သလိုမျိုးပေါ့။

"နင်နဲ့ငါ အဆက်ဖြတ်ဖို့ အချိန်တန်ပြီ"


www.burmeseclassic.com

www.burmeseclassic.com


အဲဒီစကားလုံးတွေကတော့မိုးကောင်းကင်ကြီးတောင်တစ်စစီ ကွဲထွက်သွားနိုင်လောက်ပါရဲ့။ ဒီစကားလုံးတွေကိုလည်း သူက မြတ်နိုး လှတာ။ သူတို့ချင်း ဖြစ်နေတာတွေကို သိသိချည်းနဲ့တောင် မြတ်နိုးနေ တယ်။ အဲဒီစကားလုံးတွေကလည်း ကမ္ဘာကြီးမှာ ပြောဆိုနေကြတဲ့ စကားတွေနဲ့ ဘာမှမတူဘူး။ အင်မတန် ရဲစွမ်းသတ္တိရှိတယ်။ အင်မတန် ပြောင်မြောက်တယ်။ လေးကိုင်းက လွှတ်လိုက်တဲ့ မြားလို၊ ယောကျ်ား ပီပီ ယောကျ်ားတွေပါးစပ်က တည့်တည့်ချည်း ပြောရမယ့်စကား။ ယောကျ်ားတစ်ယောက်အနေနဲ့ ပြတ်ပြတ်ပြောရမယ့်စကား။

BURMESE CLASSIC .com

"နင်နဲ့ငါ အဆက်ဖြတ်ဖို့ အချိန်တန်ပြီ"

ပြောပြီးတော့ အာကီယိုစိတ်ထဲမှာ တာဝန်မကျေသလိုမျိုး ဖြစ်ကျန်ရစ်ခဲ့တယ်။ တကယ်တော့ သူ့အနေနဲ့ ပီပီပြင်ပြင်၊ ရှင်းရှင်း လင်းလင်းပြောဖို့ ကောင်းတယ်။ ခုတော့ သူပြောလိုက်သံက ရင်ကျပ် ပန်းနာဖြစ်လို့ အာခေါင်ထဲ ချွဲကျပ်နေတဲ့ အသံမျိုးနဲ့ကိုး။ အဲသလို ဖြစ်မှာ စိုးလို့ မပြောခင် ဘီလပ်ရည်ကိုအသာလေးစုပ်သောက်ရင်း လည်ချောင်း ရှင်းလိုက်သေးတာ။ ဒါပေမဲ့ မအောင်မြင်ဘူး။

အဲဒီတုန်းက သူ့အနေနဲ့ အတော်ကလေး စိုးရိမ်နေတာက သူ ပြောတာကို ကောင်မကလေး မကြားလိုက်မှာကိုဘဲ။ မကြားလိုက်လို့ သာ သူ့ကို ပြန်ပြောပါဦးလို့ ဆိုရင်တော့ သူ့အဖို့ လဲသေလိုက်ရုံပဲ ရှိတော့ တယ်။ တကယ်တော့ နှစ်ကာလ အတော်ကြာအောင် ရွှေဉ ဉမယ်လို့ မျှော်နေခဲ့တဲ့ ငန်းတစ်ကောင်ဟာ တစ်နေ့ ရွှေဉ ဉလိုက်ပေမဲ့ ဘယ်သူမှ မတွေ့ရခင် ဉက ကွဲသွားတာမျိုး ဖြစ်သွားမယ်။ ဒီတော့ နောက်တစ်ခါ ပြန်ပြီး ရွှေဉ ဉပြရဦးမှာလား။

ကံကောင်းတယ်ပဲ ပြောရမှာ။ ကောင်မကလေးက သူပြောတာ ကြားသွားတယ်။ သူပြောလိုက်တာကို ကောင်မကလေးက ကြားသွားလို့ သူကထပ်မပြောရတော့။ အတော့်ကို ကောင်းတဲ့ကံလို့ ဆိုရမယ်။ အာကီ ယိုရဲ့ အတွေးထဲမှာတော့ နှစ်ပေါင်း အတော်ကြာ အဝေးကနေ လှမ်းပြီး


www.burmeseclassic.com

www.burmeseclassic.com


ငေးကြည့်နေခဲ့ရတဲ့ တောင်တန်းကြီးကို ဖြတ်ကျော်သွားလိုက်ခဲ့ရသလို ဖြစ်နေမိတယ်။

သူပြောတာကို ကောင်မကလေး တကယ်ပဲ ကြားလိုက်တယ် ဆိုတာ ဘာမှ ထွေပြားနေစရာမလိုဘူး။

မိုးရွာတော့ ပြတင်းပေါက်တွေက ပိတ်ထားတယ်။ ဆိုင်ထဲမှာ လာပြီး စားသောက်တဲ့ လူတွေရဲ့ပြောဆိုနေသံတွေ။ ဇွန်းသံ ပန်းကန်သံတွေ။ ငွေသိမ်းစက်ဖွင့်သံပိတ်သံတွေ။ အသံမျိုးစုံနဲ့ သောသောညံနေတာ။

ဗလုံးဗထွေးနဲ့ အာကီယိုပြောလိုက်တာကို မာဆကို ကြားလိုက်ရတယ်ဆိုတာ သူ့မျက်လုံးကို ကြည့်တာနဲ့ သိရတာပါ။ မာဆကိုက ပတ်ဝန်းကျင်ကို ဂရုမထားဘဲ သူ့ရဲ့ မျက်လုံးတစ်စုံနဲ့ ငေးကြည့်နေတာ။ မျက်လုံးကို ပြူးပြီး ကြည့်နေရှာတာ။ ပြဿနာက ဖြစ်လာခဲ့ပြီကိုး။ နဂိုလို ပြန်မဖြစ်နိုင်အောင် ဖြစ်လာခဲ့ပြီ။ မျက်လုံးအစုံဟာ ဖြစ်လာခဲ့တဲ့ ပြဿနာရဲ့အစိတ်အပိုင်းဖြစ်လာရတာပေါ့။ ဒီတော့ ရုတ်တရက် မျက်လုံးထဲ မျက်ရည်တွေ လိမ့်ဆင်းလာတယ်။

ကောင်မကလေးကရှိုက်ကြီးတငင်လည်းမငိုရှာဘူး။ အော်ကြီးဟစ်ကျယ်လည်းမငိုဘူး။ မျက်ရည်တွေသာ သွင်သွင်ကြီးလိမ့်ကျလာတာ။

အာကီယိုကတော့ ထုံးစံအတိုင်း တွေးကြည့်မိတယ်။ ဒီနှုန်းနဲ့သာ မျက်ရည်တွေကျနေရင်တော့ မကြာခင် ကုန်သွားလိမ့်မယ်။ စိတ်ထဲမှာတော့ လန်းဆန်းနေတယ်။ ဒီတော့လည်း သူ့အစီအမံကို ပြန်တွေးကြည့်နိုင်နေတာပေါ့။ သူစီမံ ကြံစည်ထားတဲ့အတိုင်း အားလုံးဖြစ်တာပဲ။ အကြံအစည်ကို အကောင်အထည် ဖော်နိုင်ခဲ့တာပဲ။ ဒီတော့လည်း ဒါကို အောင်မြင်မှုတစ်ရပ်လို့ခေါ် ရလိမ့်မယ်။သို့ပေတဲ့လည်း အကြောင်းအကျိုး ဆက်စပ်လို့ ဖြစ်ရတာမျိုးလို ဖြစ်တော့ဖြစ်နေသေးတယ်။

ဒီတော့လည်း သူ့ကိုယ်သူ အသိပေးတဲ့ သဘောမျိုးနဲ့ ငါ့မှာ တဏှာမရှိတော့ဘူးလို့ သူ့ကိုယ်သူ ထပ်ပြောပြီး သတိပေးလိုက်မိတယ်။

သူ့ရှေ့မှာ မျက်ရည်အရွှဲသားနဲ့ မိန်းမတစ်ယောက်။ ဒါက အစ်


www.burmeseclassic.com

www.burmeseclassic.com


အမှံမဟုတ်တော့ဘူး။ တကယ့်ကို ဖြစ်နေပြီ။ တကယ့်ကို စွန့်ပစ်ခံရတဲ့ မိန်းမတစ်ယောက်။ ငါ အာကီယိုက စွန့်ပစ်လိုက်တဲ့ မိန်းမတစ်ယောက်။

ခက်တာက မာဆကိုမျက်ရည်ကျနေပုံက အတော်ကြာသွားပေတဲ့ လျော့မသွားသေးဘူး။ ဒီတော့လည်း ကောင်ကလေးက ဘေးဘီမှာရှိနေတဲ့ လူတွေကိုကြည့်ပြီး နည်းနည်းစိတ်ပူလာတယ်။

ကုလားထိုင်ပေါ်မှာ ခပ်မတ်မတ်ထိုင်နေတဲ့ မာဆကိုဟာ သူဝတ်ထားတဲ့ မိုးရေကာအင်္ကျီ အရောင်နုနုကို ချွတ်မပစ်သေးဘူး။ အထဲက ဝတ်ထားတဲ့ အင်္ကျီအနီရောင်ကိုတော့ မိုးရေကာအင်္ကျီရဲ့ လည်ပင်းပိုင်းနားလောက်မှာတွေ့ရတယ်။ စားပွဲရဲ့နှုတ်ခမ်းကို သူ့လက်နှစ်ဖက်နဲ့ ကိုင်ထားတယ်။ အားရပါးရ ကိုင်ထားပုံရတယ်။ သူထိုင်နေတဲ့ ပုံစံက ရွေ့မယ့်ပုံမရဘူး။

မာဆကိုက ရှေ့တည့်တည့်ကိုသာ ငေးကြည့်နေတယ်။ မျက်ရည်တွေကတော့ အတားအဆီးမရှိ ကျနေရှာတာပေါ့။ အိတ်ထဲက လက်ကိုင်ပဝါကိုထုတ်ပြီး သုတ်ပစ်မယ့်ပုံလည်း မပေါ်ဘူး။ အသက်ရှူလိုက်တိုင်း လည်ချောင်းသံကလေး ထွက်လာတတ်တာကဖြင့် ရှုးဖိနပ်အသစ်များ ဝတ်တဲ့အခါ အသံမြည်သလိုပဲ။ ကျောင်းသူဆိုတော့ သူ့နှုတ်ခမ်းကိုသက်သက်မဆိုးဘဲထားတယ်။ အဲဒီနှုတ်ခမ်းတွေမှာဝေဒနာတွေပေါ်လာတယ်။ မာဆကို့နှုတ်ခမ်းတွေဟာ မရပ်မနား တုန်ခါနေရှာတယ်။

ဆိုင်ထဲမှာ စားသောက်နေကြတဲ့ အသက်ကြီးကြီးပိုင်းကတော့ စပ်စုတဲ့အနေနဲ့ သူတို့ကိုလှမ်းကြည့်ကြတယ်။ တောထင်တောင်ထင် ထင်တဲ့ ကြည့်ပုံမျိုးနဲ့ကြည့်ကြတော့ အာကီယိုစိတ်ထဲမှာ အနှောင့်အယှက်ဖြစ်မိတာပေါ့။ သူက အခုမှ သူ့ကိုသူ ရင့်ကျက်လှပြီရဲ့လို့ ထင်စရှိသေးတာကိုး။

မာဆကိုတစ်ယောက် ခုလောက် မျက်ရည်တွေ ကျနိုင်တာကတော့ အံ့ဩစရာပါပဲ။ နည်းနည်းကလေးမှ လျော့မသွားသေးဘူး။ အာကီယိုက ကောင်မကလေး မျက်ရည်ကျနေတာ ကြည့်ပြီး စိတ်ရှုပ်


www.burmeseclassic.com

လှပြီ။ ဒီတော့ ကုလားထိုင်ဘေးနားမှာ သူ ထောင်ထားတဲ့ ထီးရဲ့အဖျား ဘက်ကို ငေးလို့သာနေတော့တယ်။ ကြမ်းပြင်က ကျောက်ပြား ရောင်စုံ ကလေးတွေခင်းထားပေတဲ့ သိပ်ခေတ်မီလှတယ်တော့ မဟုတ်ဘူး။ အဲဒီ ကြမ်းပေါ်မှာ မိုးရေစက်တွေကြောင့် နောက်ကျိကျိနဲ့ ရေအိုင်ကလေး တောင် ဖြစ်နေတယ်။ ရေအိုင်ကလေးကို ကြည့်ရတာတောင် မာဆကို့ မျက်ရည်တွေလို့ မြင်လာမိတယ်။

ဖြုန်းခနဲ အာကီယို လက်ဖက်ရည်ဖိုးရှင်းပြီး ထရပ်လိုက်တယ်။

ဇွန်လရဲ့မိုးက မှန်မှန်ကြီး ရွာနေတာသုံးရက်တောင် ရှိပြီပဲ။ မရန်နိုအုချိ အဆောက်အအုံထဲကထွက်လို့ သူက ထီးဖွင့်လိုက်တဲ့အခါ ကောင်မလေးဟာ သူ့အနောက်ကကပ်ပြီး လိုက်လာရှာတယ်။ ဘာမှ တော့မပြောဘူး။ ကောင်မကလေးမှာ ထီးပါမလာဘူး။ ဒီတော့လည်း သူ့အနေနဲ့ ဘာမှ မတတ်နိုင်တော့ဘူး။ ကောင်မကလေးကို ထီးအောက် ခေါ်ရတော့တာပေါ့။ ဒီတော့ သူက သက်ကြီးရွယ်အိုတွေကို သွားပြီးသတိ ရလိုက်မိတယ်။ အသက်အရွယ်တွေ ကြီးလာကြလို့ တစ်ယောက်နဲ့ တစ် ယောက်အကြားမှာ ဘာမှတပ်မက်မှုတွေ မရှိကြတော့ပေတဲ့ ဘေးလူ မြင်ကောင်းအောင် တတွဲတွဲသွားကြတာမျိုး တွေးကြည့်လိုက်မိတယ်။ ခု သူလည်း အဲဒီလိုပဲ နေမှာပဲ။ အဆက်ဖြတ်တော့မယ်လို့ ပြောထားတဲ့ ကောင်မကလေးတစ်ယောက်နဲ့ အတူတူ ထီးတစ်လက်တည်း ဆောင်း လာတာကတော့ ဘေးလူ အမြင်ကောင်းရုံပဲ။ ဒီတော့ ရိုးရိုးရှင်းရှင်းနဲ့ လုပ်စရာရှိတာ လုပ်ရတော့မှာပဲ။ ဟုတ်ပ။ အာကီယိုက ရိုးရိုးရှင်းရှင်းပဲ ကြိုက်တာကိုး။

ဒီလိုနဲ့ နန်းတော်ကြီး ရှိရာဘက် ဦးတည်လျှောက်လာကြရင်း အာကီယို့စိတ်ထဲမှာ သူနဲ့ပါလာတဲ့ မျက်ရည်အိုးကို ဘယ်နားထားခဲ့ရပါ့ မလဲလို့သာ တွေးနေမိတော့တယ်။

အဲဒီတုန်း ရေးတေးတေးနဲ့ သူ့ဘာသာ အတွေးတစ်ခုရလိုက် မိတယ်။ မိုးရွာနေတုန်း ရေပန်းတွေက ရေတွေ ပန်းနေတာပဲလားဗျို့။

www.burmeseclassic.com

www.burmeseclassic.com


ဘယ်လိုက ဘယ်လို ဒီရေပန်းတွေအကြောင်း ငါတွေးမိလိုက်တာတုန်း။ ခြေလှမ်း လေးငါးလှမ်းလောက် ဆက်လျှောက်သွားလိုက်ရင်း အထိအတွေ့တစ်ခုကို သတိထားမိလိုက်ပြန်တယ်။

ကောင်မကလေးရဲ့ မိုးရေကာအင်္ကျီကို ထိနေတာ သူ သတိထားလိုက်မိတယ်။ အင်္ကျီသားက ခပ်ကြမ်းကြမ်းရယ်။ ထီးအောက်မှာ ကျပ်ကျပ်ညပ်ညပ် အတူဆောင်းလာကြတော့ ကောင်မကလေးရဲ့ မိုးရေကာအင်္ကျီကို သွားပြီးထိထိနေတယ်။ ထိမယ့်သာ ထိနေတယ်။ ဘာခံစားချက်မှအထိအတွေ့မှမပါသလိုဖြစ်နေတယ်။ ဒီတော့ ခုနက တွေးနေမိတဲ့ ရေပန်းတွေအကြောင်း ယုတ္တိနည်းလမ်းတကျ နိဂုံးဆွဲယူနိုင်ဖို့ ပြန်ပြီး စဉ်းစားပြန်တယ်။

ဟုတ်ပ။ မိုးရေထဲက ရေပန်းတွေ။ ဒီတော့ သူက မာဆကိုရဲ့ မျက်ရည်တွေနဲ့ ရေပန်းက ရေတွေထွက်နေတာကို ယှဉ်ကြည့်လိုက်မိတယ်။ မာဆကိုတောင် တွေးကြည့်ရင် သူ့ကိုယ်သူ ရေပန်းနဲ့ ယှဉ်ကြည့်မိလိမ့်မယ်။ တစ်ခုတော့ရှိတယ် ရေပန်းတွေဆိုတာက ဒီရေကိုပဲ အကြိမ်ကြိမ် အပြန်ပြန်အလှန်လှန် သုံးနေတာ။ ကောင်မကလေးတစ်ယောက် အနေနဲ့မျက်ရည်ကျတယ်ဆိုတာက သုံးပစ်လိုက်တာမျိုး၊ ပြန်ပြီး အကြိမ်ကြိမ်သုံးလို့ ရတာမျိုးမဟုတ်ဘူး။ ဒီတော့ မျက်ရည်က ရေပန်းက ရေတွေကို ယှဉ်လို့တော့ဖြစ်မယ်မထင်ဘူး။ လူတစ်ယောက်အနေနဲ့ကတော့ ဘာမှ အကန့်အသတ်မထားဘဲ ရေပန်းကို ယှဉ်လို့မဖြစ်တာ သေချာတယ်။ ဒီလို တွေးမိတော့လည်း မာဆကို သဘောပေါက်သွားပုံရသည်။ အငိုရပ်သွားသည်။ ဒီအခါကျတော့မှလည်း အာကီယိုအနေနဲ့ မာဆကိုကို တစ်နေရာရာမှာ ထားပစ်ခဲ့နိုင်မှာကိုး။ ပြဿနာတစ်ခုက ခုလို မိုးထဲလေထဲ ရေပန်းတွေက ပုံမှန် ရေပန်းနေကြပါ့မလား ဆိုတာပဲ။

အာကီယိုကတော့ ဘာမှ မပြောဘဲ လျှောက်နေတယ်။ မာဆကိုကတော့ အာကီယိုရဲ့ ထီးအောက်မှာပဲ လိမ်ဖယ် လိမ်ဖယ်နဲ့ ပါလာတယ်။ ရှိုက်တော့ ရှိုက်နေတုန်းပဲ။ အာကီယိုအနေနဲ့ မာဆကိုကို ပထုတ်ဖို့မလွယ်တော့ သူသွားတဲ့နောက် ခေါ်လာရတော့တာပဲ။


www.burmeseclassic.com

www.burmeseclassic.com


ဒီမိုးနဲ့ ဒီမျက်ရည်တွေနဲ့ဆိုတော့ အာကီယို့စိတ်ထဲမှာ တစ်ကိုယ်လုံး စိုစွတ်နေသလိုပဲ။ မာဆကိုကတော့ ဟုတ်သပေါ့။ သူက မိုးရေကာ ဘွတ်ဖိနပ်အဖြူ ဝတ်ထားတာကိုး။ အာကီယိုအဖို့မှာတော့ သူ့ဖိနပ်ထဲက ခြေစွပ်တွေ ရေစိုနေလေတော့ သူ့ခြေထောက်နှစ်ဖက်စလုံးဟာ ရေမျော်တွေ ပတ်ထားခံရသလို လေးနေတာ။

ပလက်ဖောင်းပေါ်မှာတော့ လူတွေ ရှင်းနေသေးတယ်။ ရုံးသူရုံးသားတွေ ထွက်မလာကြသေးဘူး။ သူတို့နှစ်ယောက်သား လမ်းဖြတ်ကူးလိုက်ကြပြီး နန်းတော်ကျုံးကို ဖြတ်ဆောက်ထားတဲ့ ဝဒါကူရတံတားဘက် ဦးတည်လာခဲ့ကြတယ်။ တံတားလက်တန်းတွေက ရှေးကအတိုင်း သစ်သားတွေနဲ့ပဲ။ တိုင်ထိပ်တွေမှာက ဘူလုံးချွန်ချွန်တွေ ရှိတယ်။ သူတို့နှစ်ယောက် တံတားအဆုံးရောက်လို့ ဘယ်ဘက်များ လှည့်ကြည့်လိုက်ရင် ကျုံးထဲမှာ ရေကူးနေတဲ့ ငန်းတစ်ကောင်ကို တွေ့ရလိမ့်မယ်။ ကျုံးရဲ့တခြားဘက်မှာတော့ ဟိုတယ်က ထမင်းစားခန်းကို တွေ့ရလိမ့်မယ်။ စားပွဲခင်းက အဖြူတွေခင်းထားပြီး ကုလားထိုင်တွေကတော့ အနီရောင်ပဲ။ ခုလို မိုးရွာနေတော့လည်း မှန်တံခါးကနေ အတွင်းဘက်ကို သိပ်တော့ သဲသဲကွဲကွဲ မြင်ရမှာ မဟုတ်ဘူး။ သူတို့နှစ်ယောက်သား တံတားကို ဖြတ်လျှောက်လာလိုက်ကြတယ်။ နန်းမြို့ရိုးတားထားတဲ့ ကျောက်တုံးတွေအကြားက ဖြတ်လျှောက်လိုက်ပြီး ဘယ်ဘက်ထဲက ပန်းခြံကလေးထဲ ဝင်လိုက်ကြတယ်။ ပန်းခြံထဲမှာက ရေပန်းတွေလည်း ရှိနေတယ်။

မာဆကိုကတော့ ထုံးစံအတိုင်း ငိုနေတုန်းပဲ။

ပန်းခြံထဲမှာက အနောက်တိုင်းဆန်ဆန် ဆောက်ထားတဲ့ နွေရာသီ စံအိမ်လိုမျိုး တစ်ခုလည်းရှိနေတယ်။ အဲဒီ အဆောက်အအုံရဲ့ အမိုးအောက်မှာ ခုံတန်းလျားကလေးတွေ ရှိတယ်။ အဆောက်အအုံရဲ့ ဘေးဘက်တွေမှာလည်း ယင်းလိုက်ကာလိုမျိုးတွေကလည်း တပ်ထားတော့ အထိုက်အလျောက်တော့ မိုးရေကို ကာထားသလို ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com


အာကီယိုက အဲဒီခုံတန်းလျားလေး တစ်ခုပေါ်မှာ ဝင်ထိုင်လိုက်တယ်။ လက်ထဲက ထီးကိုတော့ မပိတ်သေးဘူး။ မာဆကိုကလည်း သူ့ဘေးနား ဝင်ပြီး ခပ်စောင်းစောင်းကလေး ထိုင်လိုက်တယ်။ ဒီတော့ အာကီယိုက မိုးရေကာအင်္ကျီဖြူဝတ်ထားတဲ့ မာဆကိုရဲ့လက်မောင်းနဲ့ ရေစိုနေတဲ့ ဆံပင်တွေပဲ မြင်ရတော့တယ်။ ဆံပင်လည်း ဆီလိမ်းထားတော့ မာဆကိုရဲ့ခေါင်းပေါ်မှာ မိုးရေစက်တွေဟာ ပြန့်ကျဲနေတယ်။ ငိုတာကတော့ ငိုနေတုန်းပဲ။ သူက မျက်လုံးဖွင့်ထားသေးပေတဲ့ သတိမေ့နေတဲ့ လူလိုပဲ ဘာမှမြင်ပုံမရဘူး။ ဒီတော့ အာကီယိုက မာဆကို့ဆံပင်ကို အသာ ဆောင့်ဆွဲလိုက်ရင် ကောင်းမလားလို့ တွေးလိုက်မိတယ်။ သတိကလေး ပြန်လည်လာအောင်လို့ပါ။

မာဆကိုကတော့ ငိုတာ မရပ်နိုင်သေးဘူး။ ရှင်းတော့ ရှင်းပါတယ်။ သူ့အနေနဲ့က အာကီယို့ပါးစပ်က အခုလို သူငိုနေတာနဲ့ ပတ်သက်လို့ပြောစေချင်နေတာပဲ။ ဒါကတော့လည်း မဖြစ်နိုင်ဘူး။ အာကီယို့အနေနဲ့က သူ့သိက္ခာလည်း သူက ထိန်းရဦးမှာကိုး။ သူက အဆက်အသွယ် ဖြတ်ကြောင်း စကားတစ်ခွန်း ပြောပြီးကတည်းက ဘာမှကို ထပ်ပြီး မပြောတော့ဘူး။

မလှမ်းမကမ်းမှာတော့ ရေပန်းတွေက အားပါးတရကို ရေတွေ ပန်းနေကြတယ်။ မာဆကိုကတော့ လှမ်းကြည့်မယ့်ပုံမပေါ်ဘူး။

သူတို့ ထိုင်နေရာက တည့်တည့်ကြည့်လိုက်ရင် ရေပန်း သုံးခု တွေ့ရနိုင်တယ်။ တစ်ခုက ကြီးကြီး၊ နှစ်ခုက သေးသေးရယ်။ တစ်ခု နောက်တစ်ခု စီတန်းနေကြသလိုပဲ။ မိုးကရွာနေလေတော့ ရေပန်းက အသံကို သိပ်မကြားရဘူး။ ခပ်လှမ်းလှမ်းက ကြည့်ရတော့လည်း ရေပန်းက ရေတွေဖြာပြီး ပန်းနေပုံက သိပ်ကြည်ကြည်လင်လင် မတွေ့ရဘူး။

ပတ်ဝန်းကျင်မှာတော့ လူသူလေးပါး ဘာမှမရှိကြဘူး။ ရေပန်းနဲ့ တခြားတစ်ဖက်က မြက်ခင်းနဲ့တားထားတဲ့ စည်းရိုးအနိမ့်ကလေးတွေကတော့ မိုးရေစက်တွေအကြားမှာ စိမ်းတောက် လို့သာနေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com


ပန်းခြံရဲ့ အပြင်ဘက်မှာတော့ အမိုးကအဖြူ အနီ၊ အဝါ စတဲ့ အရောင်တွေနဲ့ ဘတ်စ်ကားတွေ၊ ကုန်တင်ကားတွေ သွားလာနေကြလေရဲ့။ ယာဉ်ထိန်းတဲ့ မီးတိုင်က မီးနီလင်းလာတဲ့အခါမှာတော့ ထင်ထင်လင်းလင်း မြင်ရပေတဲ့ မီးစိမ်းလင်းလာတဲ့အခါ ရေပန်းက ပန်းထွက်နေတဲ့ ရေတွေအကြားမှာ ပျောက်သွားတတ်တယ်။

အဲဒီလို ထိုင်နေကြပြီး ဘာမျှ မပြောကြတော့ ကောင်ကလေးမှာ ဘာရယ်လို့ ပြောမပြနိုင်တဲ့ ဒေါသတစ်မျိုး ဖြစ်လာမိတယ်။ ဒီလိုဒေါသဖြစ်လာတော့လည်း စောစောက သူကျေနပ်မိတာတွေတောင် ပျောက်သွားတော့တယ်။

ခက်တာက သူ့အနေနဲ့ ဘာကို ဒေါသထွက်နေတယ်ဆိုတာ မပြောပြနိုင်တာဘဲ။ သိပ်မကြာခင်တုန်းကပဲ သူ့ဘာသာ သဘောကျနေသေးတာ။ ခုတော့ ပြုံးဆို စိတ်ထဲက ဘာမှန်းမသိဘဲ မကျေမချမ်းဖြစ်ပြီး သောကပင်လယ်ဝေသလို ဖြစ်လာတယ်။ ဒီတစ်သက်တော့ ငိုနေတာ ရပ်မယ့်ပုံမပေါ်တဲ့ မာဆကိုတစ်ယောက်ကို ဘယ်လိုလုပ်ပြီး ဘယ်မှာ ထားပစ်ရမယ်ဆိုတာလဲ တွေးမရဘူး။

ဒီကောင်မကလေးကိုလား။ ဒီပြဿနာ ကျုပ်ရှင်းပစ်ရင် ဖြစ်ပါသော်ကောဗျာလို့ အာကီယိုက သူ့ဘာသာ ပြောလိုက်မိတယ်။ ရေပန်းတွေအောက်ထဲ အသာပစ်ထည့်လိုက်ရင် ပြီးတာပဲ။ ကိစ္စကို ပြတ်ရောပဲလို့တွေးလိုက်တယ်။ ဒီလို တွေးမိပြန်တော့လည်း ခုန စိတ်ထဲဝမ်းမြောက်နေမိတာကလေးတွေ ပြန်ရောက်လာတယ်။ ဒီလိုလည်း မဟုတ်သေးပြန်ဘူး။ ရွာနေတဲ့ မိုးရယ်၊ ကျနေတဲ့ မျက်ရည်တွေရယ်၊ သူ့ရှေ့မှာ အတားအဆီးကြီးလို ဖြစ်နေတဲ့ ညှိုးနေတဲ့ ကောင်းကင်ပြင်ရယ်က သူ့ကို တကယ်ပဲ မကျေမချမ်း ဖြစ်နေစေခဲ့တယ်။ သူ့ကို ဘေးကျပ်နံကျပ်ဖြစ်အောင် အဘက်ဘက်ကဝိုင်းပြီး ကွပ်ညှပ်နေသလိုပဲ။

ဒေါသကလည်း ထွက်နေသမှ ကောင်မကလေးကို ဒုက္ခသာ ရောက်စေချင်တော့တာ။ ဒီတော့လည်း ဘယ်လိုမှ သူ့ကို ကျေနပ်အောင်


www.burmeseclassic.com

www.burmeseclassic.com


လုပ်နိုင်မှာ မဟုတ်ဘူး။ ကောင်မလေးတစ်ယောက် မိုးရေအောက်မှာ ရွှဲရွှဲစိုရင်စိုမှ။ ရေပန်းတွေကိုမြင်ရင် မြင်မှပဲ။

ဒီတော့ သူက ရုတ်တရက် ထပြီး ပြေးပါလေရော။ နောက်တွေဘာတွေ သိပ်ကြည့်မနေတော့ဘူး။ ကျောက်လမ်းကလေးအတိုင်း ခြေကုန်သုတ်ပြေးပြီး ရေပန်းတွေကို ဝိုင်းထားတဲ့ လူသွားလမ်းကလေး ထိပ်ရောက်အောင် ပြေးတော့တာပဲ။ အဲဒီ ကနေ ရေပန်းတွေအားလုံးကို တွေ့ရတာကိုး။ အဲဒီကျမှပဲ အာကီယို ရပ်တော့တယ်။

ကောင်မကလေးကလည်း မိုးရေတွေထဲမှာ ပြေးလိုက်လာတယ်။ အာကီယိုနဲ့ ဝင်မတိုးမိအောင်လည်း သတိထားနေရရှာသေးတယ်။ လက်ထဲမှာ ကိုင်ထားတဲ့ ထီးကိုလည်း ဂရုစိုက်နေရ သေးတယ်။ မိုးရေစက်တွေရော၊ မျက်ရေတွေရောနဲ့ဆိုတော့ ကောင်မကလေးမျက်နှာဟာ ဖွေးဖွေ့ဖွေ့တောင် ဖြစ်နေရှာတယ်။

"ဘယ်သွားမလို့လဲ" လို့ ကောင်မကလေးက အမောတကောနဲ့ မေးလိုက်တယ်။

တကယ်တော့ အာကီယိုကပြန်ဖြေဖို့တော့မဟုတ်ဘူး။ ဒါပေတဲ့ကောင်မကလေးက အဲဒီလိုမှမေးပါ့မလားလို့ စောင့်သလိုဖြစ်နေတယ်။

"ရေပန်းတွေကိုကြည့်စမ်း၊ နင် ငိုချင်သလောက်ငို၊ အဲဒီ ရေပန်းတွေကိုတော့ မမီဘူး"လို့ ပြောချလိုက်တယ်။

ပြီးတော့ ဆောင်းထားတဲ့ထီးကို နောက်ဘက် အသာစောင်းလိုက်ပြီး ရေပန်းတွေကို နှစ်ယောက်သား အတော်ကြာအောင် ကြည့်နေမိကြတယ်။ ဒီတော့လည်း မျက်လုံးချင်း ဆိုင်နေစရာအကြောင်း မရှိတော့ဘူး။ ရေပန်းက သုံးခု။ အလယ်ကဟာက နည်းနည်းပိုမြင့်တယ်။ ဘေးနှစ်ဘက်က နည်းနည်းနိမ့်တယ်။ ကြည့်ရတာ ဘေးမှာ ကိုယ်ရံတော်ချထားသလိုပဲ။

ရေပန်းက ရေတွေက ရေပန်းအောက်ခြေမှာရှိတဲ့ ကန်ကလေးတွေထဲကို ကျနေပေတဲ့ မိုးစက်တွေကလည်း ကျနေတော့ ရောနေတယ်။


www.burmeseclassic.com

www.burmeseclassic.com


ဒီတော့လည်း ပြောရင် ယုံမှာမဟုတ်ဘူး။ ရေပန်းအသံထက် ခပ်လှမ်းလှမ်းက မော်တော်ကားတွေအသံကို ပိုပြီးကြားနေရတယ်။ ရေပန်းက ရေကျသံတွေကတော့ ပတ်ဝန်းကျင်က လေထုထဲတင် ပျောက်ကုန်တာပဲ။ ဒီတော့ အတော်ကလေးကို ဂရုစိုက်နားထောင်မှပဲ ကြားရလိမ့်မယ်။

ရေပန်းတွေထဲမှာ ရေထွက်ပုံကဒီလို။ ပထမဆုံး အောက်ဘက်က အနက်ရောင်ကျောက်နဲ့ လုပ်ထားတဲ့ ရေကန် ခပ်တိမ်တိမ်ကလေးထဲမှာ ရေပွက်ကြီး ပွက်လာပြီး ရေစက်ကလေးတွေ ဖြစ်တတ်တယ်။ ရေစက်ကလေးတွေက ပတ်ပတ်လည်က ရေစီးမြောင်းကလေးထဲ အဆက်မပြတ်ကျသွားတယ်။ ရေကန်ကလေးတွေရဲ့ အလယ်ကောင်က ရေပန်းကြီးကတော့ အပေါ်ကိုပဲ ပန်းတယ်။ အဲဒီဘေးဘက်က ရံထားတဲ့ ရေပန်းခြောက်ခုကတော့ ခပ်စောင်းစောင်း ပန်းထုတ်နေကြတယ်။

အလယ်ကောင်က ရေပန်းထုတ်နေတဲ့ ရေပန်းကတော့ အမြဲလို အမြင့်ညီညီ ပန်းနေတာတော့ မဟုတ်ဘူး။ လေတွေဘာတွေ မတိုက်တဲ့ အခါမျိုးမှာ ရေတွေက အပေါ်မီးခိုးရောင်သန်းနေတဲ့ မိုးသားတွေဆီကို တည့်တည့်မတ်မတ်ကြီး ပန်းထုတ်တတ်ပေတဲ့ အနိမ့်အမြင့်တော့ ကွာတယ်။ အမြင့်ဆုံး ဖောက်သွားတဲ့အခါမှာတော့ ရေတွေကဖြာပြီး အောက်ကို ပြန်ကျလာတတ်တာပေါ့။

ရေပန်းက ပန်းထုတ်လိုက်လို့ အမြင့်ဆုံးရောက်သွားတဲ့ နေရာမှာ မီးခိုးရောင်သန်းနေတဲ့ တိမ်တိုက်လို ဖြစ်နေတယ်။ ခပ်မှောင်မှောင် အဖြူရောင်မျိုးလည်း ရောနေတယ်။ ရေခိုး၊ ရေမှုန်တွေနဲ့ဆိုတော့ ရေနဲ့တောင် သိပ်မတူချင်တော့ဘူး။ အလယ်က ရေပန်းကြီးထိပ်မှာလည်း ရေအမြှုပ်တွေများလွန်းတော့ မိုးရေထဲမှာ နှင်းကျထားသလိုပဲ။

အာကီယိုကတော့ အဓိက ရေပန်းကြီးသုံးခုထက် ဘေးအထိ ပန်းထွက်နေတဲ့ ရေပန်းတွေကို ပိုပြီး စိတ်ဝင်စားတယ်။

အထူးသဖြင့် အလယ်ခေါင်က ရေပန်းအကြီးကြီး ရေတွေ ပန်းထုတ်တာများဆိုရင် ဘေးကရံထားတဲ့ ကျောက်ရေကန်လေးရဲ့ နှုတ်ခမ်း


www.burmeseclassic.com

www.burmeseclassic.com


တွေတောင် ကျော်သွားတတ်တယ်။ ရေတွေဟာဖြာပြီး အပေါ်တက်သွား တတ်ပေတဲ့ ချက်ချင်းဆိုသလို ပြန်ကျလာတယ်။ အဲဒီလို ရေပန်းက ရေတွေ အဘက်ဘက်မှာ ကျနေလေတော့ တစ်နေရာတည်းမှာ အာရုံ စိုက်လို့ မဖြစ်နိုင်လောက်အောင် ဖြစ်လာတာပေါ့။ အာကီယိုရဲ့စိတ် ကတော့ ခုနကအထိတော့ သူနဲ့အတူ ရှိနေပေတဲ့ မပြောမဆို ပန်းထွက် နေတဲ့ ရေတွေအနောက်ကို ပါသွားလေတော့ရဲ့။ ရေတွေနဲ့အတူလွင့်မျော သွားတော့တယ်။

အလယ်ကောင်က ရေပန်းတိုင်ကြီးကို ကြည့်လိုက်တုန်းကလည်း အဲဒီလိုပဲ။

ပထမတစ်ချီ ကြည့်လိုက်တုန်းကလည်း ရေထဲမှာ အပြစ်ဆို စရာမရှိတဲ့ ရုပ်တုကြီးတစ်ခုလိုပဲ။ ငြိမ်သက်နေသလိုပဲ။ သေသေချာချာ စူးစိုက်ကြည့်လိုက်တော့မှ ဖောက်ထွင်းမြင်ရတဲ့ တန္တေ့မျှားလိုပဲ။ အောက် ဘက်ကနေ အပေါ်ကို ရွေ့နေတယ်။ ရေပန်းတိုင်ကြီးထဲမှာ ရေတွေဟာ ထိပ်ဘက်အထိ ပြည့်ပြည့်လာတာများ တစ်ခုနဲ့တစ်ခု အစားထိုးလိုက် သလိုပဲ။ ဒါပေတဲ့လည်း အမြင့်ဆုံးတစ်နေရာ ရောက်ရင်တော့ ရပ်သွားရ မှာပေါ့။ သဘောကျဖို့ကောင်းတာက အောက်ဘက်က အမြဲတက်လာတဲ့ ရေတွေပဲ။ ရပ်တန့်သွားတယ်၊ ပြီးဆုံးသွားတယ်ဆိုတာများ မရှိသလိုကိုး။

ကောင်မကလေးကို ကြည့်စေချင်လို့ ရေပန်းတွေဆီ ခေါ်လာ ပေတဲ့ ကောင်မကလေးကိုယ်တိုင် ရေပန်းတွေကိုကြည့်ရင်း အဆန်း တကြယ် ဖြစ်နေမိတယ်။ ငေးမောရင်း တဖြည်းဖြည်း အထက်ကို မော့ ကြည့်မိလိုက်တော့ မနားတမ်းရွာနေတဲ့ မိုးကောင်းကင်ကို မြင်လိုက်ရ တယ်။ ဒီတော့လည်း အခြေအနေအရပ်ရပ် ပြောင်းလဲသွားဖို့ အကြောင်း ထဲ စိတ်က ရောက်သွားပြန်တယ်။

ဒီတော့ သူ့မျက်တောင်စပ်မှာတောင် မိုးရေတွေ စိုလာတယ်။

သူ့ခေါင်းအထက်မှာ မိုးသားတွေ အစုလိုက် အပြုံလိုက်ဖြစ်နေ တယ်။ မိုးကတော့ အရွာမရပ်နိုင်သေးဘူး၊ အရပ်ရှစ်မျက်နှာဟာ မိုးရေ


www.burmeseclassic.com

www.burmeseclassic.com


တွေနဲ့သာ ပြည့်နေတော့တာပဲ။ သူ့မျက်နှာပေါ် ကျနေတဲ့ မိုးစက်တွေဟာ ခပ်လှမ်းလှမ်းမှာတွေ့ရတဲ့ အနီရောင် အုတ်တိုက်အမိုးပေါ် ကျနေတဲ့ မိုးစက်တွေ၊ ဟိုတယ်တွေပေါ် ကျနေတဲ့ မိုးစက်တွေနဲ့ အတူတူပဲ။ အမွှေးအမျှင် မရှိလို့ အကာအဆီးမရှိတဲ့ သူ့မျက်နှာနဲ့ ခပ်လှမ်းလှမ်းမှာတွေ့ရတဲ့ အမိုးမရှိတဲ့အဆောက်အဦကတော့ အပေါ်ကကျနေတဲ့မိုးစက်တွေကို ခုခံကွယ်ကာလိုပုံ မပေါ်ဘူး။ မိုးစက်တွေကို ကာကွယ်မနေတာ ဒီနှစ်ခုပဲ ရှိတယ်လို့ ပြောရမယ်။ မိုးရေစက်တွေဘက်က ပြောရရင်တော့ သူ့မျက်နှာရယ် အမိုးမရှိတဲ့ အဆောက်အအုံပေါ်မှာ တမံသလင်းတွေရယ်ဟာ အတူတူပဲ။

ချက်ချင်းဆိုသလိုပဲ သူ့မျက်စိရှေ့က ရေပန်းတွေဟာ သူ့စိတ်ထဲမှာ ပျောက်ပျက်သွားတယ်။ တစ်ချိန်တည်းမှာ ပျောက်ပျက်သွားတယ်။ တစ်ချိန်တည်းမှာလိုပဲ မိုးရေထဲက ရေပန်းတွေဟာ ဘာမှ အဓိပ္ပာယ်မရှိတဲ့ အဖြစ်အပျက်တစ်ခုလို မြင်လာတယ်။ မဆုံးနိုင်တဲ့ အသုံးမကျမှုကြီးပဲ။

မကြာခင်မှာပဲ စောစောက သူထုတ်ခဲ့တဲ့ ပြက်လုံးတွေ၊ ထွက်ခဲ့တဲ့ဒေါသတွေ သူ မေ့စပြုလာတယ်။ ဖြည်းဖြည်းချင်း သူ့စိတ်ထဲမှာ ဘာမှ မရှိတော့ဘူး။ ဗလာလို ဖြစ်လာတယ်။

ဗလာပဲ။ မိုးရေနဲ့ပဲ ဖြည့်ရလိမ့်မယ်။

ရည်ရွယ်ချက်မရှိတော့ဘဲ အာကီယိုက စပြီး လျှောက်ထွက်လာလိုက်တယ်။

"ဘယ်သွားဦးမှာလဲ" လို့ ကောင်မကလေးက ကောင်လေးနောက် အမီလိုက်လျှောက်လာရင်း မေးလိုက်တယ်။ လက်ထဲမှာလည်း ထီးကို ကိုင်ထားသေးတယ်။

"ဘယ်ကို သွားမလဲ၊ ဟုတ်လား။ ငါ့ဟာငါ ဘယ်သွား သွား။ စောစောကတည်းက ငါရှင်းရှင်းပဲ ပြောပြီးပြီပဲ မဟုတ်ဘူးလား"

"နင် ငါ့ကို ဘာပြောလို့တုန်း"



www.burmeseclassic.com

www.burmeseclassic.com


ကောင်ကလေးက ကောင်မကလေးကို အလန့်တကြား ကြည့်လိုက်တယ်။ ကောင်မကလေးမျက်နှာမှာ မိုးတွေစိုနေပေတဲ့ မျက်ရည်တွေကိုတော့ မိုးရေတွေက ဆေးကြောပစ်လိုက်ခဲ့ပြီ။ ဒါပေတဲ့ မျက်လုံးတွေက နီနေသေးတော့ ကောင်မကလေး ငိုထားမှန်း သိနေရသေးတယ်။ သူ့အသံကတော့ ခုနကလို လှုပ်လှုပ်ရှားရှား မဟုတ်တော့ဘူး။

"ဘာလဲ ငါ့ကို ဘာပြောလို့တုန်းဆိုတာ။ နင်နဲ့ငါ အဆက်ဖြတ်တော့မယ်လို့ ခုနကလေးတင် ငါပြောခဲ့တာ"

အဲဒီတုန်းမှာပဲ ကောင်မကလေးရဲ့ နောက်ခပ်လှမ်းလှမ်း မိုးရေတွေထဲမှာ အဖေ့လျှာပန်းချုံတွေ၊ နီညိုရောင် ပန်းပွင့်ခပ်သေးသေးတွေ ပွင့်နေတယ်။ မြက်ခင်းပေါ်မှာ ဟိုမှာ. . . ဒီမှာ။

"တကယ်ပဲ နင်ပြောလိုက်သလား။ ငါတော့ မကြားမိ ပေါင်" လို့ ကောင်မလေးက ပြန်ပြောတယ်။ ကောင်မကလေး အသံက ပုံမှန်ပဲ။

ကောင်ကလေးကတော့ အံ့အားသင့်လို့ကို မဆုံးနိုင်ဘူး။ လေးငါးလှမ်းလောက် ကြိုးစားပြီး လျှောက်လိုက်ရင်း မေးလိုက်ပြန်တယ်။

"ဒါဖြင့် ဘာလို့ငိုနေတာတုန်း။ ငါတော့ နားကိုမလည်နိုင်ဘူး"

ကောင်မကလေးက ချက်ချင်းမဖြေဘူး။ ရေတွေစိုနေတဲ့ သူ့လက်ကလေးနဲ့ ထီးလက်ကိုင်ကိုပဲ ကျစ်ကျစ်ပါအောင် ကိုင်ထားတယ်။

"မျက်ရည်တွေက သူ့ဘာသာကျလာတာပဲ။ ဘာရယ်မဟုတ်ဘူး"

ကောင်ကလေး ဒေါသအကြီးအကျယ်ထွက်လာပြီး ကောင်မကလေးကို အော်ပစ်လိုက်ချင်တယ်။ အဲဒီလို ဖြစ်နေတုန်းမှာ ပြုန်းခနဲ နှာခေါင်းထဲမှာ ယားလာလို့ အားရပါးရ ချေလိုက်တယ်။

အင်း. . . ငါ့ကိုယ်ငါ ဂရုမစိုက်ရင်တော့ အအေးတော့ မိတော့မှာပဲလို့လည်း သူက တွေးလိုက်မိတယ်။

**မြင့်သန်း**

■


www.burmeseclassic.com

www.burmeseclassic.com




# သတ္တုတွင်းသို့အလည်သွားခြင်း

အောင်(ဆေး-၁)

နေမျိုးစာပဒေသာ

www.burmeseclassic.com

www.burmeseclassic.com


မျိုးနှင့် ပတ်သက်၍ အရည်အချင်းကို ပြသခြင်းမျိုးလည်းဖြစ်နိုင်၏။ နောက်ထပ် ဖြစ်နိုင်ဖွယ်ရှိသော အကြောင်းအရာမှာ ထိုလူနှစ်ဦးသည် ရယ်မောနေခြင်းသာရှိပြီး သေချာကျနစွာ ဂရုတစိုက် စစ်ဆေးခြင်းမရှိသဖြင့် လှည့်လည်စစ်ဆေးနေသော်လည်း လိုအပ်ချက်ကို ရှာမတွေ့ဘဲ မျက်စိလျှံသွားခြင်းမျိုး ဖြစ်နိုင်၏။ တစ်စုံတစ်ဦးအနေဖြင့် ထိုပုဂ္ဂိုလ်နှစ်ဦး၏အကြောင်းအရာကို တိကျစွာ မှတ်ချက်ပေးရန် အခက်အခဲရှိနေမည်ဖြစ်၏။

အငှမပြောက်လူက ထိုနှစ်ဦးနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ အငှမပြောက်လူသည် အလုပ်ကို စိတ်ဝင်စားသူဖြစ်၏။ ထိုလူနှစ်ဦးထက်ပို၍ စိတ်ဝင်စားမှုရှိ၏။ ထိုအချက်ကို သံသယဖြစ်ရန် မလိုပေ။ စစ်ဆေးစဉ်တွေ့ရှိသမျှကို စိတ်ဝင်စားစွာ လေ့လာတတ်၏။ တွေ့သမျှ အရာဝတ္ထုများကို တူအငယ်စားကလေးဖြင့် ထုတ်၍ ခေါက်ကြည့်လိုက်၊ အိတ်အတွင်း ပြန်ထည့်လိုက်နှင့် တစ်ချိန်လုံး အလုပ်ရှုပ်နေ၏။ တစ်ခါတစ်ရံ သူ၏သန့်ရှင်းသပ်ရပ်သော ဝတ်စုံကိုပင် ဂရုမပြုဘဲ ပေရေနေသော အမှိုက်များကြားတွင်ဒူးထောက်၍ မြေကြီးကိုတူဖြင့် ခေါက်ကြည့်တတ်၏။ ၎င်းနောက်လမ်းလျှောက်နေရင်း သူ၏ဦးခေါင်းပေါ်မှ မျက်နှာကြက်ကို တူဖြင့် ခေါက်ကြည့်ပြန်၏။ တစ်နေရာတွင် သူသည် မြေကြီးပေါ်တွင် လဲလျောင်းလိုက်ပြီး တိတ်ဆိတ်စွာ ငေးကြည့်နေ၏။ ထိုအခါ ကျွန်ုပ်တို့သည် မတော်တဆ ထိခိုက်ဒဏ်ရာရမှု တစ်ခုခုဖြစ်သွားပြီဟု ယူဆကြ၏။ သို့သော် ခဏခန့်အကြာ သူသည် လဲလျောင်းရာမှ ခုန်၍ ထလိုက်၏။ သူ၏ခန္ဓာကိုယ်က အနည်းငယ်ယိမ်းယိုင်နေ၏။ ထိုသူသည်တစ်စုံတစ်ရာကို သေချာစွာ စမ်းသပ်နေခြင်းသာဖြစ်ကြောင်း နောက်မှသိရ၏။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်တို့သည် မိမိတို့၏ ကျောက်မီးသွေးတွင်းအကြောင်း သေချာစွာ သိရှိထားသည်ဟု မိမိတို့ဘာသာ ယူဆထား၏။ ကျောက်မီး သွေးတွင်း၏ မြေသားဖွဲ့စည်းပုံကိုလည်း နားလည်ထားသည်ဟု ယူဆ ထား၏။ သို့သော် အငြမမြောက် အင်ဂျင်နီယာ၏ လေ့လာစူးစမ်းပုံကို ကျွန်ုပ်တို့ဉာဏ်မမီကြပေ။ သူ၏ လေ့လာစူးစမ်းပုံမှာ အဆင့်မြင့်လှ၍ ကျွန်ုပ်တို့ လိုက်မမီပေ။

နဝမမြောက် အင်ဂျင်နီယာသည် တိုင်းထွာရန် အသုံးပြုသော ကိရိယာများတင်ဆောင်ထားသည့် လက်တွန်းလှည်း အသေးစား ကလေးတစ်ခုကို တွန်း၍ ယူဆောင်လာ၏။ ထိုကိရိယာများမှာ လွန်စွာ တန်ဖိုးကြီးသော ကိရိယာများဖြစ်၍ အနူးညံ့ဆုံး ချည်ထည်ဖြင့် ဂရု တစိုက် ထုပ်ပိုးထား၏။ ထိုလက်တွန်းလှည်းကလေးကို အမှန်တကယ် တွန်းရမည့်သူမှာ စာရေးတစ်ဦးသာ ဖြစ်၏။ သို့သော် ထိုစာရေးကို ယုံကြည်စိတ်ချခြင်း မရှိသဖြင့် အင်ဂျင်နီယာတစ်ဦး ကိုယ်တိုင်တွန်းရန် တာဝန်ပေးထား၏။ ထိုအင်ဂျင်နီယာကလည်း လှည်းတွန်းရသော အလုပ်ကိုနှစ်ခြိုက်ပျော်ရွှင်နေကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရ၏။ ထိုနဝမ မြောက် အင်ဂျင်နီယာသည် အုပ်စုတွင် အငယ်ဆုံးဖြစ်ဖွယ်ရှိ၏။ အဘယ် ကြောင့်ဆိုသော် သူသည် ကိရိယာတန်ဆာပလာအားလုံးကို စုံစုံစေ့စေ့ မသိရှိသေးသည့် အကြောင်းကြောင့်ဖြစ်၏။ သို့သော် သူသည် ကိရိယာ တန်ဆာပလာများကို မျက်တောင်မခတ်စိုက်ကြည့်ရင်း လှည်းကိုတွန်း လာ၏။ ဘေးပတ်ဝန်းကျင်သို့ မကြည့်ဘဲ ကိရိယာများကိုသာ စိုက် ကြည့်နေသဖြင့် တစ်ခါတစ်ရံ လှည်းသည် နံရံနှင့် တိုက်မိလုမတတ်ဖြစ် သွားရ၏။

သို့သော် တွန်းလှည်းနှင့် ကပ်လျက် လျှောက်နေသော အခြား အင်ဂျင်နီယာတစ်ဦး ရှိနေသေးရာ ၎င်းအင်ဂျင်နီယာက တွန်းလှည်းကို တိုက်ခိုက်မှုမရှိအောင် ဝိုင်းဝန်း ထိန်းသိမ်းပေး၏။ ထိုပုဂ္ဂိုလ်သည် တွန်း လှည်းပေါ်မှ ကိရိယာများကို ခြေခြေမြစ်မြစ် နားလည်ပုံရ၏။ ၎င်း ကိရိယာများကို အမှန်တကယ် ထိန်းသိမ်း စောင့်ရှောက်ရသည့် တာဝန်ရှိ


www.burmeseclassic.com

www.burmeseclassic.com


ပုဂ္ဂိုလ်ဖြစ်ဖွယ်ရာရှိ၏။ တွန်းလှည်းကိုတွန်းလျက် သွားနေစဉ် အတွင်း၌ မကြာခဏဆိုသလိုပင် ထိုပုဂ္ဂိုလ်သည် ကိရိယာတချို့ကို ထုတ်ယူပြီး ထောင်ကြည့်လိုက် အနီးကပ်ကြည့်လိုက်နှင့် ပြုလုပ်တတ်၏။ မကြာခဏဆိုသလိုပင် ဝက်အူများကို ဖြုတ်ကြည့်လိုက် ပြန်တပ်ကြည့်လိုက်နှင့် ပြုလုပ်တတ်၏။ အချို့အကြိမ်များတွင် ကိရိယာကို လှုပ်ခါကြည့်လိုက်၊ ခေါက်ကြည့်လိုက် ပြုလုပ်နေ၏။ အချို့အကြိမ်များတွင် သူ၏နားအနီးသို့ တိုးကပ်ထား၍ နားထောင်နေတတ်၏။ နောက်ဆုံး အကြိမ်တွင် မူလလှည်းတွန်းသူက ငြိမ်သက်စွာ ရပ်နေလိုက်သောအခါ ထိုပုဂ္ဂိုလ်သည် သေးငယ်သော ကိရိယာတစ်ခုကို လှည်းအတွင်းသို့ ပြန်ထည့်လိုက်၏။ ထိုကိရိယာမှာသေးငယ်လှ၍ အဝေးမှမမြင်သာပေ။ ထိုကိရိယာလေးကို တယုတယ ပြန်ကြည့်နေခြင်းကိုသာ မြင်လိုက်ရ၏။

ထိုပုဂ္ဂိုလ်သည် ကိရိယာသုံးစွဲပုံနှင့် ပတ်သက်၍ ကျွမ်းကျင်မှုရှိသလို အုပ်စုအပေါ်တွင်လည်း ကိရိယာနှင့် ပတ်သက်လာလျှင် ပြောရေးဆိုခွင့်ရှိပုံရ၏။ ထိုနောက်ဆုံး ပုဂ္ဂိုလ်သည် စကားမပြောဘဲ လက်ညှိုးဖြင့်သာ ကျွန်ုပ်တို့ကို ဘေးမှရံလျက် လိုက်ပါရန် ညွှန်ကြားနေ၏။ ထိုညွှန်ကြားချက်ကို လိုက်နာလိုသော်လည်း ဥမင်လိုဏ်ခေါင်းက ကျဉ်းလွန်း၍ နံဘေးမှလိုက်ရန် နေရာကျယ်ကျယ် မရှိပါပေ။

တွန်းလှည်းအနီးမှ အင်ဂျင်နီယာနှစ်ဦးနားမှ ကပ်လျက်လိုက်နေသော ပုဂ္ဂိုလ်မှာ မည်သည့်တာဝန်မှမရှိဘဲ အားလပ်နေသော စာရေးတစ်ဦးဖြစ်၏။ စာရေးသည် စကားတစ်ခွန်းမျှ မပြောဘဲ လမ်းလျှောက်နေ၏။ အင်ဂျင်နီယာများသည် ဗဟုသုတကြွယ်ဝကြသူများဖြစ်ရာ မိမိကိုယ်မိမိ အထင်ကြီးပြီး သူတစ်ပါးအား နှိမ့်ချမှုကို ကာလကြာမြင့်စွာကပင် စွန့်လွှတ်ခဲ့ပြီဖြစ်၏။ မိမိကိုယ်မိမိ အထင်ကြီးပြီး သူတစ်ပါးကို နှိမ့်ချလိုသူဖြစ်၏။ စာရေးသည် လက်တစ်ဖက်ကို နောက်ပစ်ထား၏။ ကျန်တစ်ဖက်က ရှေ့တွင်ရှိနေပြီး တောက်ပြောင်နေသော အင်္ကျီကြယ်သီးကို ပွတ်သပ်နေတတ်၏။ သို့တည်းမဟုတ် အပေါ်အင်္ကျီမှ နူးညံ့သော အဝတ်အစိတ်အပိုင်းကို ပွတ်သပ်နေတတ်၏။ သူသည် လက်ဝဲဘက်သို့


www.burmeseclassic.com

www.burmeseclassic.com


လည်းကောင်း၊ လက်ယာဘက်သို့လည်းကောင်း လှည့်၍ ခေါင်းညိတ်နေတတ်၏။ ကျွန်ုပ်တို့က သူ့အားနှုတ်ဆက်နေသယောင် ထင်ရ၏။ သို့သော် သူ့အား နှုတ်ဆက်သူ မရှိပါ။ သူ၏မြင့်မားသော အရပ်အမောင်းကြောင့် ကျွန်ုပ်တို့က သူ့အားနှုတ်ဆက်သည်ကို မမြင်ရဟု သူက ယူဆထား၏။

သဘာဝကျစွာပင် ကျွန်ုပ်တို့က ထိုသူအား မနှုတ်ဆက်ပါ။ သို့သော် တစ်စုံတစ်ဦးက သူ့ကို တွေ့မြင်လိုက်ပါက မြင်တွေ့လိုက်ရသူသည် ထိုစာရေးအား သတ္တုတွင်းအုပ်ချုပ်မှုနှင့် ပတ်သက်၍ စာရေးဖြစ်ရခြင်းမှာ တစ်စုံတစ်ခုသော ထူးခြားသော အရည်အချင်းတစ်ရပ်သည် သူ့၌ရှိနေသည်ဟု ထင်မြင်သွားဖွယ်ရာဖြစ်၏။ သူ၏ နောက်ကွယ်တွင် သူ့အား ကျွန်ုပ်တို့ ရယ်သွမ်းသွေးကြသည်ကို ကျွန်ုပ်တို့ ဝန်ခံလိုက်ရသည်။ ရှေ့ကိုအာရုံပြုနေ၍ ရုတ်တရက် သူ့အနီးသို့ မိုးကြိုးပစ်ချလိုက်လျှင် သူသည် နောက်လှည့်ကြည့်မည် မဟုတ်ပေ။ ထိုသူအား ကျွန်ုပ်တို့ နားမလည်နိုင်သော သတ္တဝါကဲ့သို့ သဘောထားလိုက်၏။

ယနေ့သည် ခါတိုင်းထက် အနည်းငယ် အလုပ်ပိုများဖွယ်ရှိ၏။ အလုပ်ကို ခေတ္တရပ်နားပါက ဆုံးရှုံးမှုမှာ များပြားလွန်းလှ၏။ ယခုကဲ့သို့ အင်ဂျင်နီယာအုပ်စု လှည့်လည်စစ်ဆေးခြင်းသည် ကျန်အလုပ်သမားအားလုံးအား အလုပ်လုပ်လိုစိတ် လျော့နည်းသွားစေ၏။ အစမ်းသဘောတူးဖော်ထားသော ဥမင်လိုဏ်ခေါင်းသည် မည်းမှောင်နေ၏။ ထိုအမှောင်ထဲသို့ ချောင်းကြည့်၍ အင်ဂျင်နီယာအုပ်စုကို မျက်ခြည်မပြတ် လိုက်လံကြည့်ရှုလိုစိတ်က ကျွန်ုပ်တို့တွင် ဖြစ်ပေါ်လာ၏။ ယခုအခါ ထိုအမှောင်ထုထဲတွင် တစ်အုပ်စုလုံး တိုးဝင်ပျောက်ကွယ်သွားပြီဖြစ်၏။ ၎င်းပြင် ကျွန်ုပ်တို့၏ လုပ်ငန်းခွင်တာဝန်ချိန်က ကုန်ဆုံးလုနီးနေပြီဖြစ်၏။ ထိုအင်ဂျင်နီယာအုပ်စု ပြန်ထွက်လာပုံကို ကျွန်ုပ်တို့တွေ့မြင်ရန် အခွင့်အရေးမရှိတော့ပေ။

**အောင် (ဆေး-၁)**

**မူရင်းဝတ္ထု** - A visit to the mine, **မူရင်း စာရေးဆရာ** - Frang Kafka
**မူရင်းစာအုပ်** - The great shavt works of Frang Kafka


www.burmeseclassic.com

www.burmeseclassic.com




# အရောင်နှင့်လူ

## သစ္စာနီ

www.burmeseclassic.com

www.burmeseclassic.com

**JOHN HENRIK CLARK**

ချန်ဟင်းရစ် ကလပ်ကို ဂျော်ဂျီယာပြည်နယ်တွင် ၁၉၁၅ ခုနှစ်က မွေးဖွားခဲ့၏။ ၁၈ နှစ်အရွယ်တွင် စာရေးဆရာဖြစ်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် နယူးရော့ခ်သို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်ကစ၍ ကဗျာ၊ ဝတ္ထုတိုနှင့် ဆောင်းပါးများကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားခဲ့သည်။ အမေရိကန်ဖွား လူမည်း စာရေးဆရာများတွင် ထင်ရှားသူတစ်ဦး ဖြစ်လာကာ Harlem Quarterly လူမည်းမဂ္ဂဇင်းတွင် အမာခံ စာတည်းတစ်ဦး အဖြစ် လည်းကောင်း၊ Freedomways မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ်လည်းကောင်း၊ ဆောင်ရွက်လျက်ရှိသည်။

Muskogee မတ်စ်ကိုဂီ (အမေရိကန်အင်ဒီးယန်း စကားသည်) အိုကလာဟားမား ဒေသအတွင်းရှိ ကျေးလက်မြို့လေးအမည်။

www.burmeseclassic.com

www.burmeseclassic.com


လူမည်းကလေးများအတွက် ဖွင့်လှစ်ထားသော မတ်စ်ကိုဂီ ကျေးလက်ကျောင်းလေးတွင် သူသည် စမတ်အကျဆုံး ကောင်လေး တစ်ယောက်ဖြစ်သည်။ ထိုကျောင်းနှင့် သိပ်အဆက်အဆံမရှိသော သူ များပင် ဤအကြောင်းကိုသိကြ၏။ ဆရာမသည် သူ့နာမည်ကို လေးလေး နက်နက် စိတ်ပါလက်ပါလေသံဖြင့် စံပြကျောင်းသားအဖြစ် ညွှန်ပြ ပြောဆိုတတ်၏။ တစ်ကြိမ်ကမူ 'အကယ်၍ သူသာ အသားဖြူခဲ့လျှင် တစ်နေ့တွင် သမ္မတဖြစ်လာနိုင်သည်'ဟုပင် ဆရာမ ပြောတာ ကျွန်ုပ် ကြားခဲ့ဖူး၏။ အေရွန်ကရောဖို့သည် အသားမဖြူတာတစ်ခုသာ အဆိုး ဆိုစရာရှိသည်။ သူ့အရည်ပြားမှာ အရောင်ထွက်လုမတတ် မည်းနက် နေ၏။ ထိုထူးဆန်းမှုမှာ အတွင်းသန္တာန်မှ ကောင်းမြတ်ခြင်း ဂုဏ်အင်္ဂါ၏ ရောင်ပြန်ဟပ်နေခြင်းဖြစ်ကြောင်း၊ ကျွန်ုပ်၏စာကိုဖတ်ပြီးလျှင် နားလည် လာပေလိမ့်မည်။

နေရာများစွာ၌ သူသည် အခြားသူများနှင့် မကွဲပြားလှချေ။ သူ့နှာခေါင်းရော နှုတ်ခမ်းပါ ကြည့်ရသည်မှာ သူ့မျက်နှာထက် စာလျှင် အတန်ငယ်ကြီးနေလေသည်။ သူ့ကို အရုပ်ဆိုးသည်ဟု မပြောနိုင်သလို ဆွဲဆောင်မှု ရှိသည်။ ကြည့်ကောင်းသည်ဟု ပြောလျှင်လည်း ချဲ့ကား ပြောရာကျပေမည်။ သူ၏ကြီးကျယ်သော ပင်ကိုယ်စွမ်းရည် အမျိုးမျိုး မှာ မကြာခဏ သူ့ဆရာသမားများကိုပင် လန့်ဖျပ်သွားစေတတ်သည်။ ဤအကြောင်းအချက်က သူ၏အတန်းဖော်များ သူ့အပေါ် ကြည့်မြင်


www.burmeseclassic.com

www.burmeseclassic.com


ရာ၌ ရိုသေစိုးရွံ့စိတ်နှင့် အားကျမနာလိုစိတ်များကို ရောယှက်ခံစားမိစေ၏။

ကျေးဇူးတော်နေ့မတိုင်မီ သူသည် ဘလက်ဘုတ်ပေါ်တွင် ကြက်ဆင်များနှင့် ရွှေဖယုံသီးများပုံကို အမြဲရေးဆွဲလေ့ရှိ၏။ ဂျော့ဝါရှင်တန် မွေးနေ့တွင်တော့ သူသည် ပုဆိန်တိုလေးများ ဝိုင်းရံထားသော အမေရိကန်အလံကြီး ရေးဆွဲတတ်၏။ ဤကိစ္စများမှာ ဂျော်ဂျီယာပြည်နယ်ထဲက လူပြောများလှသည့် အသားမည်းလူငယ်လေး၏ အသေးအဖွဲ လက်စွမ်းပြမှုမျှသာ ဖြစ်၏။ သူတို့ကျောင်းမှ လူမည်းကျောင်းအုပ်ဆရာကြီးကတော့ ဤကလေးသည် တစ်နေ့တွင် "ဟင်နရီအိုတန်နာ" ကဲ့သို့ ကြီးကျယ်သော ပန်းချီဆရာတစ်ဦး ဖြစ်လာလိမ့်မည်ဟု ပြောဆိုခဲ့၏။

ကျောင်းမိတ်ဆုံပွဲမတိုင်မီ တစ်ပတ်လောက်အလိုတွင် ကျရောက်သော ဆရာမ၏မွေးနေ့အတွက် အာဂွန်ကရောဖိုသည် ပန်းချီကားတစ်ချပ်ရေးဆွဲလာ၏။ ထိုအကြောင်းမှာ မတ်စ်ကိုဂီ ကျေးလက်ကျောင်းတွင် အပြောင်းအလဲတစ်ခုအဖြစ် ရုတ်ရုတ်သဲသဲဖြစ်ခဲ့ရသော အကြောင်းပင်ဖြစ်လေသည်။ သူ အတန်းထဲကို ဝင်လာသော ထိုမနက်က မျက်လုံးများအားလုံး သူ့အပေါ်တွင်ကျရောက်နေကြသည်။ သူသည် သတင်းစာစက္ကူဟောင်းများဖြင့် ဂရုတစိုက်ထုပ်ပိုးထားသော ကြီးမားသည့်ဘောင်ကြီးတစ်ခုကိုကိုင်ဆောင်လာ၏။ သူက သူ့ထိုင်ခုံရှိရာသို့ လျှောက်သွားသည်။ ဆရာမက သူ့လှုပ်ရှားမှုမှန်သမျှကို မျက်ခြည်မပြတ် လိုက်လံကြည့်ရှုနေ၏။ သူတို့ထံတွင်ရှိနေသော စပ်စုလိုဟန်အမူအရာများနှင့် ဆန့်ကျင်စွာ သူမမျက်နှာမှာ အပြုံးတစ်ဝက်နှင့် မာန်တစ်ဝက် ရောယှက်နေ၏။

အာရွန်က သူ့စာအုပ်တွေကို ချထားလိုက်သည်။ ပြီးတော့ နှစ်ခြိုက်စွာ ပြုံးရင်း ဆရာမစားပွဲဆီသို့ လျှောက်သွား၏။ သူတို့အားလုံးကို ထိတ်လန့်စေတတ်သော နိုးကြားသည့် သူ့မျက်လုံးများမှာ ပျော်ရွှင်မှုဖြင့် တောက်ပနေသည်။ ကလေးအားလုံးသည် သူတို့ထိုင်ခုံများတွင်ထိုင်ရင်း ဘာတွေ ဖြစ်သလဲဟု အာရုံညွတ်လျက် ရှိ၏။


www.burmeseclassic.com

www.burmeseclassic.com


အာရွှန်ထဲတွင် သူမအတွက် လက်ဆောင်ပါလာကြောင်း ဆရာမက သိလျက်ရှိသည်။ အာရွှန်က အပြုံးဖြင့်ပင် ထိုအရာကို ဆရာမ စားပွဲပေါ် တင်ပေးလိုက်သည်။ ပြီးတော့ ထုပ်ပိုးထားသည်ကို ဆရာမ ဖြည်ရာ၌ အကူအညီပေးနေသည်။ နောက်ဆုံး ဖုံးအုပ်ထားသော စက္ကူစများ ဘောင်ပေါ်မှ ကွာကျသွားသောအခါ ဆရာမသည် ကိုင်ထားသော သူမ၏လက်များကို ပုတ်ခတ်လိုက်သည်။ သူမ၏ သက်ပြင်းချသံသည် ချောက်ချားဖွယ် ထွက်ပေါ်လာ၏။ ထိုအခိုက်အတန့်အားဖြင့် ထိုအသံမှလွဲ၍ အခန်းတစ်ခုလုံးမှာ ခြောက်ကပ် တိတ်ဆိတ်နေလေသည်။

အာရွှန်က ပြုံးတူးပြတဲ မျက်လုံးဖြင့် သူမကို မေးခွန်းထုတ်သလို ကြည့်လိုက်သည်။ သူမက သတိကြီးစွာဖြင့် သူမ၏လက်တွေကို လက်ဆောင်ပစ္စည်းဆီမှ ပြန်လည် ရုတ်လိုက်၏။ ပြီးတော့ အတန်းသားများဆီသို့ မျက်နှာလှည့်ကာ၊ အပြစ်ကင်းသောအကြည့်ဖြင့် ကြည့်၏။ တစ်တန်းလုံး၏ မျက်လုံးများကတော့ ဆရာမအတွက် အာရွှန် ယူဆောင်လာသော လက်ဆောင်ပစ္စည်း အပေါ်မှ မရွေ့လျားဘဲရှိ၏။ ထိုအရာမှာ ကြီးမားသော ခရစ်တော်ပုံပန်းချီကား ဖြစ်လေသည်။ ထိုပုံထဲတွင် ခရစ်တော်ကို လူမည်းတစ်ဦးအဖြစ် ရေးဆွဲထားလေသည်။

အာရွှန်က ရေးဖို့ သူ့ခုံရှိရာသို့ ပြန်သွားသည်။ သူ့လှုပ်ရှားမှုတိုင်းမှာ ကြီးကျယ်သော အောင်နိုင်ခြင်းကို ခံစားနေရသကဲ့သို့ အရိပ်အယောင်များ ထင်ဟပ်နေ၏။

ဆရာမက ကျွန်ုပ်တို့ကို မျက်နှာချင်းဆိုင်လာထိုင်သည်။ သူမ၏ စားပွဲပေါ်တွင် တင်ထားဆဲရှိသော ပန်းချီကားကို မသိမသာ ခိုးငဲ့ကြည့်ကာ. . .

အာရွှန်. . . နောက်ဆုံးတော့ သူမစကား ဖွင့်ဟပြောလာ၏။ နွမ်းယဲ့သော လေသံဖြင့် "ဒါဟာ အကောင်းဆုံး လက်ရာတစ်ခုပဲ၊ ကျေးဇူးတင်ပါတယ်။ တန်ဖိုးလည်း ထားပါတယ်" ခေတ္တဆိုင်းငံ့နေပြီးမှ ဆက်ပြော၏။

ခုနပြောစဉ်ကထက် ပို၍ ပျော့ဆသော လေသံဖြင့်. . .


www.burmeseclassic.com

www.burmeseclassic.com


"မင်းကို ကြည့်ရတာ ပီဘိ ပန်းချီဆရာတစ်ယောက်လိုပါပဲ။ ဒီမှတ်သားလောက်ဖွယ် ပန်းချီကားကို မင်းဘယ်လို ဆွဲခဲ့တယ်ဆိုတာ အတန်းရှေ့ကို ထွက်လာပြီး ပြောပြလှည့်ပါ"

ပန်းချီကားအကြောင်းကို ပြောပြဖို့ သူဟန်ပြင်လိုက်သည်။ တစ်ခန်းလုံးတွင် တိတ်ဆိတ်ခြင်း မင်းမူနေ၏။ တစ်တန်းလုံး၏ အာရုံက သူ့အပေါ် ကျရောက်နေသည်။ အတန်းရှေ့မှာ သူရပ်လိုက်သော်လည်း စကားမပြောသေး။ ဂီတဖျော်ဖြေပွဲတစ်ခုမှ စီစဉ်ညွှန်ပြသူပမာ သူ့လက်များကို ဝှေ့ယမ်းကာ. . .

"ဒါက ဒီလိုရှိတယ်၊ စကားလုံးတိုင်းအပေါ် လေးနက်မှု အပြည့်အဝဖြင့် 'မင်းတို့သိပါတယ်၊ နယူးရော့ခ်မှာနေတဲ့ ငါ့ဦးလေး၊ ဝိုင်အမ်စီအေမှာ နီးဂရိုးသမိုင်းသင်တဲ့လူလေ၊ မနှစ်က တို့ဆီလာလည်ရင်းနဲ့ နီဂရိုးရာဇဝင်မှာ စာတင်ထိုက်တဲ့ လူမျိုးစုတွေအကြောင်း ငါ့ကို ပြောပြသွားတယ်။ ဒီလူတွေဟာ တစ်ချိန်တုန်းက ကမ္ဘာမြေပေါ်မှာ စွမ်းအင်အပြည့်ဝဆုံး လူတွေဖြစ်ခဲ့တယ်တဲ့။ ငါက ခရစ်တော်အကြောင်း သူ့ကို မေးတော့ ခရစ်တော်ဟာ လူဖြူ သို့မဟုတ် လူမည်းဖြစ်တယ်ဆိုတာကို သက်သေပြဖို့ အချက်တစ်ချက်မှ မရှိဘူးတဲ့။ ဒီလိုနဲ့ ခရစ်တော်ဟာ လူမည်းတစ်ယောက် ဖြစ်ရမယ်ဆိုတဲ့ခံစားချက် ငါ့မှာ ဖြစ်ပေါ်သေးတယ်။ အကြောင်းကတော့ သူဟာ အင်မတန် ကြင်နာတတ်တဲ့သူ၊ ခွင့်လွှတ်တတ်တဲ့သူ တစ်ယောက်ဖြစ်လို့ပဲ။ ခရစ်တော်ဟာ ငါကြုံခဲ့ဖူးသမျှ လူဖြူတွေထက် ပိုပြီး ကြင်နာတတ်တယ်။ ဒါကြောင့် သူ့ပုံကို ငါရေးတဲ့ အခါ ငါတွေးတောမိသလို ရေးခဲ့တာပါပဲ"

စကားပြောပြီးနောက် ပန်းချီဆရာလေး ထိုင်သွားသည်။ ကလေးများသည် သူတို့ထိုင်ခုံများမှထကာ ထူးကဲလှသော အာရွန်၏ ပန်းချီကားကို အသေအချာ ကြည့်ရှုနိုင်ရန် ပန်းချီကား ရှိရာသို့ တိုးလာကြသည်။ လွှမ်းမိုးနေသော အခြေအနေအောက်မှာ ဆရာမကိုယ်တိုင် ဘာလုပ်ရမည်ကို ဝေခွဲမရဘဲ ရှိနေ၏။

ပန်းချီကားကို ကျွန်ုပ်သိမ်းဆည်းရသောအခါ ဤပန်းချီကား


www.burmeseclassic.com

www.burmeseclassic.com


ကို ရေးခြယ်ထားသောဆေးမှာ ရေးဆင့် ဆယ်ဆင့်မျှနှင့် စတိုးဆိုင်များတွင်ဝယ်၍ရနိုင်သောဆေးဖြစ်ကြောင်း သတိပြုလိုက်မိ၏။ ထိုပန်းချီကားမှာ မဆိုစလောက်ပုံပန်းပျက်နေသည်။ ပန်းချီကားမခြောက်သွေ့ခင် တစ်စုံတစ်ယောက်က ဘောင်သွင်းလိုက်သောကြောင့်ဖြစ်သည်။ ခရစ်တော်၏မျက်လုံးများမှာ ကြေကွဲဆွေးမြေ့မှုတွေကိန်းဝပ်နေ၏။ ရပ်ကွက်ဘက်တစ်ဘုရားရှိခိုးကျောင်းမှာ ဝတ်ပြုဆရာလုပ်နေသော အာရွှန်၏အဖေနှင့် အတော်ပင်တူနေ၏။ ဤပန်းချီကားထဲမှ ခရစ်တော်မှာ တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်းနံရံများတွင် ကျွန်ုပ်တွေ့ရှိရသော ခရစ်တော်ပုံများနှင့် များစွာပင် ခြားနားနေပေသည်။ ထိုပုံကို ကြည့်ရသည်မှာ စာနာသနားမှုအတွက် တိတ်ဆိတ်စွာ လျှောက်လဲချက်ပေးနေသော ကယ်သူကင်းဝေးသည့် နီဂရိုးတစ်ယောက်ကို မြင်လိုက်ရသလိုရှိသည်။

ရက်အနည်းငယ်ကြာသည့်အထိပင် အာရွှန်၏ ပန်းချီကားအကြောင်းကို ပြောဆိုနေကြသည်။

ကျောင်းပိတ်ချိန်ကာလ နီးကပ်လာသည်။ ထိုနှစ်တစ်လျှောက်လုံး ပြုလုပ်ခဲ့ကြသော ကျောင်းသားများ၏ အကောင်းဆုံး လက်ဖြစ်ပစ္စည်းများကို ခန်းမဆောင်ထဲတွင် စုစည်းပြသထား၏။ သဘာဝအတိုင်းပင် အာရွှန်၏ပန်းချီကားလည်း ထိုက်တန်စွာ ပါဝင်လေသည်။

ထိုနေ့များမှာ စာမသင်ရသောနေ့များဖြစ်သဖြင့် ကျောင်းသားကျောင်းသူများမှာ ပျော်ရွှင်မြူးတူးနေကြ၏။ အလယ်နေ့တွင် ကျောင်းသား ကျောင်းသူများကို ခန်းမဆောင်ထဲတွင် စုဝေးစေ၏။ ဆရာမတိုင်းစိုးရွံ့လေးစားစွာ ပြောလေ့ရှိသော ပါမောက္ခဒန်ချရဝယ် ဆိုသူ ကျောင်းကို လာရောက်လည်ပတ်မည်ဖြစ်၏။ သူသည် တစ်မြို့လုံးရှိကျောင်းများအားလုံး၏ ကြီးကြပ်ရေးမ-းဖြစ်လေသည်။ ပါမောက္ခဒန်ချရဝယ် အခန်းထဲ ဝင်လာသည်ကိုမြင်သောအခါ ကျောင်းသားအားလုံး ထိုင်ရာမှထကာဦးညွှတ်အလေးပြုကြရ၏။

ပြီးလျှင် ပြန်ထိုင်ကြပြီး 'သူ့ကို ဆပ်ကပ်ထဲမှ လူပျက်တစ်ယောက်လို ငေးကြည့်နေကြလေသည်။ သူသည် ပျစ်ခဲခဲ ခပ်မှိုင်းမှိုင်း


www.burmeseclassic.com

www.burmeseclassic.com


ဆံပင်များနှင့် အရပ်ရှည်သော လူဖြူတစ်ယောက်ဖြစ်သည်။ ကြံ့လို ဖြူဖျော့သောမျက်နှာရှိ၍ သူ့မျက်လုံးများသည် ကျွန်ုပ်မြင်ဖူးသမျှထဲတွင် အပြာစင်ဆုံးဖြစ်၏။

နီးဂရိုးကျောင်းအုပ်နှင့်အတူ သူသည် ခန်းမရှေ့တွင် လမ်းလျှောက်ထွက်လျက်ရှိသည်။ သူတို့ လမ်းတွင် တစ်စုံတစ်ခု ကာဆီးဟန့်တားမှုနှင့် ကြုံတွေ့ရမည့်အလား နီဂရိုးကျောင်းအုပ်သည် သူ့ရှေ့မှ ကြီးစွာသော သတိဖြင့်လျှောက်လျက်ရှိ၏။ သူသည် ကျွန်ုပ်တို့ကို ကျော်လွန်သွားသည်။ ဆရာဆရာမများ၏ စိုးရွံ့လေးလံသော အသက်ရှူသံကို ကြားနေရ၏။

ခန်းမလယ် စင်မြင့်ပေါ်တွင် ပြောင်လက်စွာ အရောင်တင်ထားသော ကုလားထိုင်ကြီးတစ်လုံး ရှိသည်။ ကြီးကြပ်ရေးမ-းသည် ထိုမြင့်မြတ်သောနေရာမှာ သူ့အတွက် သီးသန့်သတ်မှတ်ထားသော နေရာဖြစ်သည်ဆိုသောအချက်ကို သိနေသည့်အလား၊ ကုလားထိုင်ကြီး ရှိရာသို့ မည်သူမှလမ်းညွှန်မနေရဘဲ ဖြောင့်ဖြောင့်တန်းတန်း လျှောက်၍ သွား၏။

ထိုအခါကျမှ နီးဂရိုးကျောင်းအုပ်က ထင်ရှားကျော်စောသော ဧည့်သည်တော်နှင့် မိတ်ဆက်ပေး၏။ သူက ကျွန်ုပ်တို့ကို အခွင့်အရေးပေးသည့်သဘောဖြင့် မိန့်ခွန်းတစ်ခု ချွေသည်။ သိပ် အရေးမပါလှသော မိန့်ခွန်းဖြစ်၏။ ထိုမိန့်ခွန်းတစ်ခုလုံးတွင် ကျွန်ုပ် မှတ်မိသမျှမှာ. . . ကျွန်ုပ်တို့ ကျောင်းသားများထဲမှ တစ်ယောက်ယောက်ဟာ ကြီးကျယ်ထင်ရှားတဲ့ ဘွတ်ကာတီဝါရှင်တန်လိုလူမျိုး ထွန်းပေါက်လာမယ်ဆိုရင် သူ့အံ့ဩမိမှာ မဟုတ်ကြောင်းသာ ဖြစ်သည်။

သူ ထိုင်လိုက်သောအခါ ကျောင်းတီးဝိုင်းက သံပြိုင်သီချင်းဆိုကာ လေးတန်းမှမိန်းကလေးများက အင်ဒီးယန်းကျေးလက်အကကို ကပြဖျော်ဖြေကြ၏။ အခမ်းအနား၏ နောက်ဆုံးအစီအစဉ်ဖြစ်သည်။

ထိုနောက်တွင်မူ ကြီးကြပ်ရေးမ-းသည် စင်မြင့်ပေါ်မှဆင်းလာကာ စူးစမ်းရောင်သမ်းသော မျက်လုံးများဖြင့် နံရံတွင် ခင်းကျင်းပြသ


www.burmeseclassic.com

www.burmeseclassic.com


ထားသော ကျောင်းသားတို့၏ လက်ရာပန်းချီကားများကို စတင်ကြည့်ရှု လေတော့သည်။ ရုတ်တရက် သူ့မျက်နှာသည် ငယ်မူပြန်၍ သွားသည်။ မျက်လုံးပြာများကို တဖျပ်ဖျပ်ခတ်ကာ အံ့အားသင့်၍နေသည်။ သူသည် အာရွှန်၏ခရစ်တော်ပုံကို ကြည့်ရှုလျက်ရှိသည်။ အလိုအလျောက် သူ နေရာမှ ပန်းချီကားနှင့်နီးရာသို့ တိုးကပ်သွားကာ။ စူးစိုက်စွဲမြဲစွာကြည့် လျက်ရှိသည်။

သူဘာလုပ်မည်ကို ကျွန်ုပ်ရင်တမမ စောင့်စားနေရ၏။ ထိတ် လန့်မှုမှာ မွန်းကျပ်လုမတတ်ဖြစ်၏။ နောက်ဆုံး သူ့ကိုယ်သူလှည့်လိုက် ပြီး သူ့ရှေ့မှ တင်းကျပ်နေသော မျက်နှာကို စေ့ငုစွာ ကြည့်လိုက်၏။ ပြီးတော့ အရောင်မှိန်ဖျော့သော သူ့မျက်လုံးများသည် နီဂရိုးကျောင်းအုပ် ဆီသို့ ရောက်ရှိသွားကာ လေးနက်စွာ မေးလိုက်သည်။

"ဒီ အဓိပ္ပာယ်မရှိတဲ့ ပန်းချီကားကို ဘယ်သူ ရေးတာလဲ"

"ကျွန်တော် ရေးတာပါ ခင်ဗျာ" ခပ်ဆိုင်းဆိုင်း ခပ်တွတ္တွ ထွက် ပေါ်လာသော အာရွှန်၏စကားသံဖြစ်သည်။ သူ့နှုတ်ခမ်းများသည် စိုးရွံ့ ခြင်းဖြင့် စွတ်စိုနေကာ ကြီးကြပ်ရေးမ-းကို ကြည့်လိုက်သော သူ့မျက်လုံး များကတော့ နားလည်မှုကို ဝမ်းနည်းကြေကွဲစွာ တောင်းခံနေသလိုရှိ၏။

သူ စကားထပ်ပြောပြန်သည်။ ဒီတစ်ခါတော့ ပို၍ ပြေပြေ ပြစ်ပြစ် ပြောနိုင်၏။ "ကျွန်တော်တို့ ကျောင်းအုပ်ကြီးက ပြောပါတယ်။ လူမည်းတစ်ယောက်ဟာ လင်းယုန်ဖမ်းတဲ့ကိစ္စလိုပဲ၊ လူမည်းခရစ်တော် ရဲ့ ပုံကိုရေးဆွဲနိုင်ခွင့်ရှိတယ်။ အဲသလိုပဲ လူဖြူတစ်ယောက်ဟာလည်း လူဖြူခရစ်တော်ရဲ့ပုံကို ရေးဆွဲနိုင်တာပဲ၊ ပြီးတော့ သူက ပြောတယ်။

ဤနေရာတွင် အာရွှန်၏ စကားသံက ရပ်တန့်သွားသည်။ ဆက်ပြောရန် စကားရှာမတွေ့သလို နက်ပြောင်သော သူ့မျက်နှာတွင် ချွေးစို့သီးလာ၏။

ကြီးကြပ်ရေးမ-းက တစ်လှမ်းချင်း သူ့ဆီသို့ တိုးကပ်လာကား စိတ်ဆိုးမာန်ဆိုး ပြောလိုက်သည်။

"ဟုတ်ပြီ ဆက်ပြောစမ်းပါဦး၊ ငါ နားထောင်နေတယ်"


www.burmeseclassic.com

www.burmeseclassic.com


အာရွန်က သူ့နှုတ်ခမ်းတွေကို လှုပ်ရှားဖို့ ကြိုးစားသော်လည်း စကားတစ်လုံးမှ ထွက်ပေါ်မလာတော့ သူက အခန်းကိုလှည့်ပတ်ကြည့် လိုက်၏။ နောက်ဆုံးတွင် သူ့မျက်လုံးများက အကူအညီတောင်းခံနေ သလို နီဂရိုးကျောင်းအုပ်ကြီး မျက်နှာပေါ်သို့ ကျရောက်ရပ်တန့်သွား သည်။ နောက်တစ်ခဏတွင် သူ့မျက်နှာကို နောင်တရပူပန်စွာ တခြား ဘက်သို့ လွှဲလိုက်၏။ ထိုအမူအရာမှာ သူ့တွင် အပြစ်ရှိကြောင်း၊ သူနှင့် ကျောင်းအုပ်ကြီးတို့သာ နားလည်နိုင်သောနည်းဖြင့် ထုတ်ဖော်ပြလိုက် သလို ရှိ၏။

အခုတော့ ကျောင်းအုပ်ကြီးသည် ကျောင်း၏ ဂုဏ်ထူးဆောင် ကျောင်းသားကို အကာအကွယ်ပေးဖို့ စတင်ပြင်ဆင်လိုက်လေသည်။

"ဒီပန်းချီကားကို ရေးဖို့အတွက် ဒီကလေးကို အားပေး အားမြှောက်ပြုခဲ့တာပါ" သူက ခိုင်မာမြဲမြံစွာ ပြောလိုက်၏။

"ဒီ ပန်းချီကားကို ဒီကျောင်းကို ယူလာတာလည်း ကျွန်တော့် ခွင့်ပြုချက်နဲ့ပါ၊ ဒီကလေး လူမည်းခရစ်တော်ရဲ့ ပုံကို ရေးတာဟာ အပြစ် ကြီးတစ်ခုလို့ ကျွန်တော် မမြင်ဘူး၊ လူမျိုးပေါင်းစုံ ပန်းချီဆရာတိုင်းဟာ သူတို့ကိုးကွယ်တဲ့ သူတို့နဲ့တူတဲ့ ဘယ်ဘုရားကိုပဲဖြစ်ဖြစ် ရေးဆွဲနိုင်တာ ပဲ။ ဒီအထူးအခွင့်အရေးက ကျွန်တော်တို့ကျမှ ဘာကြောင့် ကင်းလွတ် နေရသလဲဆိုတာ အကြောင်းရှာလို့မရဘူး၊ နောက်ဆုံးမှာတော့ ခရစ် တော်ဟာ လူမည်းအများစု လွန်လွန်ကဲကဲ နေထိုင်တဲ့ ကမ္ဘာတစ်ခုမှာ မွေးဖွားခဲ့တယ်ဆိုပါတော့ သူဟာ နီဂရိုးတစ်ယောက် ဖြစ်ဖို့ပါပဲ"။

သူ့စကားလုံးများမှာ အခန်းထဲရှိ လူများကို အေးခဲသွားစေ သည်။ ဖြူဖြူမည်းမည်း ဘယ်သူ့ကိုမဆို ကြောက်ရွံ့ခြင်းကင်းစွာ ပြော လိုက်သော ကျောင်းအုပ်ကြီး၏စကားမျိုးအား ကျွန်ုပ် တစ်ကြိမ်တစ်ခါမှ မကြားဘူးခဲ့ချေ။

ကြီးကြပ်ရေးမ-းမှာ မင်သက်မိစွာ တံတွေး မျိုသိပ်လိုက်သည်။ သူ့မျက်နှာမှာ တိတ်ဆိတ်သော ဒေါသဖြင့် တောက်ပနေ၏။

"ကလေးတွေကို ခင်ဗျား ဒီလိုပဲ သင်ကြားနေသလား"



www.burmeseclassic.com

www.burmeseclassic.com


သူက တင်းမာသောလေသံဖြင့် မေးလိုက်သည်။

"သူတို့ လူမျိုးတွေထဲက အစေခံတွေ ကျေးကျွန်တွေ ထွက်သလိုပဲ၊ ဘုရင်နဲ့ ဘုရင်မတွေလည်း ထွက်ပေါ်ပါတယ်လို့ ကျွန်တော်သူတို့ကို သင်ကြားပေးပါတယ်" နီဂရိုးကျောင်းအုပ်က ပြော၏။

"ဥရောပကလူတွေ စာအရေးအသား မတတ်ခင်ကတည်းက ကျွန်တော်တို့ဟာ ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ပြီး ခံစားပျော်ရွှင်ခဲ့တယ်။ အခုတော့ ဒီကာလတွေဟာ နှောင်းခဲ့ လွန်ခဲ့ပါပြီ။"

ကြီးကြပ်ရေးမ-းက ချောင်းဟန့်လိုက်သည်။ သူ့မျက်လုံးများကို ခြိမ်းခြောက်သလို ပြူးကြည့်ပြီး. .

"ဒီအတိုင်းဆို ခင်ဗျား ဒီကျောင်းမှာ ဆက်ပြီး စာမသင်ကြားသင့်တော့ဘူး၊ ကျောင်းအုပ်တစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်ထက် ကျော်ပြီး ဆောင်ရွက်ခဲ့တဲ့အတွက် နုတ်ထွက်စာသာ တင်ပေတော့"

ကျောင်းအုပ်က ဘာမှပြန်မပြောပါ။ မှိုင်းပျသော သူ့မျက်နှာပေါ်တွင် ပြင်းထန်သော တုန်ရီမှုတစ်ခု ပျံ့နှံ့သွား၏။ ပြီးတော့ သူသည်တစ်ကိုယ်တည်း ခန်းမမှထွက်ကာ လေးကန်သော ခြေလှမ်းများဖြင့် သူ့ရုံးခန်းရှိရာသို့ လျှောက်သွားလေသည်။ ကြီးကြပ်ရေးမ-း၏ မျက်လုံးများက သူမြင်ကွင်းမှပျောက်သွားသည်အထိ လိုက်လံကြည့်ရှုနေသည်။ ပြီးတော့ ညည်းသံပြုကာ. . .

"အင်း. . . မင်းတို့တွေ တွေးသလိုသာ ခရစ်တော်ဟာ ကပ္ပလီတစ်ယောက်လို့ တွေးခဲ့ကြရင် ကမ္ဘာကြီးတစ်ခုလုံး ပျာယာခတ်ကုန်ကြတော့မှာပဲ။"

ဆရာတချို့က ကျောင်းအုပ်ကြီး ထွက်သွားရာနောက် လိုက်သွားကြသည်။ ရှုပ်ထွေးသောဖြစ်ရပ်ထဲမှာ အနှိမ်ခံကျောင်းသားလေးများသည်လည်း ဘာလုပ်ရမှန်းမသိဘဲ ဂနာမငြိမ် ထွက်ခွာသွားကြ၏။

နောက်ဆုံးတော့ ကျွန်ုပ်တို့အားလုံး ကိုယ့်အခန်း ကိုယ်ပြန်ရောက်လာကြသည်။ ကြီးကြပ်ရေးမ-းသည် ကျွန်ုပ်တို့နောက်တွင် ကျွန်


www.burmeseclassic.com

www.burmeseclassic.com


ရစ်ခဲ့လေသည်။

နောက် ရက်အနည်းငယ် ကြာသောအခါ ကျောင်းအုပ်ကြီးသည် ဂျော်ဂျီယာတောင်ပိုင်းရှိ အထက်တန်းငယ် တစ်ကျောင်းတွင် နွေရာသီ ပန်းချီနည်းပြဆရာအလုပ်ကို ရသွားကြောင်း ကျွန်ုပ် ကြားသိရ၏။ အာရွန်မိဘများက ထိုအလုပ်တွင် ဆက်ပြီးလုပ်ကိုင်နိုင်ရန်၊ ကူညီဆောင်ရွက်ပေးမည့်အကြောင်း အားပေးပြောကြသည်ဆို၏။

ကျွန်ုပ်အိမ်ပြန်သော လမ်းတွင် သူရုံးခန်းထဲက ထွက်လာတာမြင်ရ၏။ စာအုပ်တချို့ကို ချိုင်းအောက်တွင် လျှိုညှပ်ကာ သယ်ရင်း၊ ကြီးမားသော သေတ္တာတစ်လုံးကို ဆွဲလာ၏။ သူက ဆရာ ဆရာမတိုင်းကို နှုတ်ဆက်သည်။ အသည်းကွဲစရာမြင်ကွင်းကို ကျွန်ုပ်မကြည့်လိုပါ။ သူသည် လူသာမန်တို့ပြုနိုင်ခဲ့သော ကြီးကျယ်မွန်မြတ်သော ကိစ္စတစ်ခုကို ဆောင်ရွက်ခဲ့သူဖြစ်၏။

အာရွန်သည် သူ့ကို အပြင်ဘက်က စောင့်ကြိုနေသောသူတို့သည် လမ်းမအတိုင်း အတူတူလျှောက်သွားကြသည်။ သူက သူ့လက်များကို အာရွန်၏ပခုံးပေါ်သို့ မြတ်နိုးစွာ တင်ထားသည်။ သူသည် အာရွန်အား အကြောင်းမျိုး တစ်စုံတစ်ရာကို ချစ်ခင် ရင်းနှီးစွာပြောလျက်ရှိ၏။ အာရွန်ကလည်း လေးနက်စွာ နားစိုက်ထောင်လျက်ရှိသည်။

သူတို့သည် ဝေးကွာသော လမ်းမအောက်သို့ လျှောက်သွားကာ သူတို့ပုံသဏ္ဌာန်များ မှေးမှိန်သွားသည်အထိ ကျွန်ုပ် စောင့်ကြည့်နေမိ၏။ အောင်ပွဲအမျိုးမျိုးရခဲ့သော လူသားနှစ်ဦးကဲ့သို့ ဂုဏ်သိက္ခာရှိသော ခြေလှမ်းကျယ်ကျယ်များဖြင့် သွက်လက်လျင်မြန်စွာ သူတို့လျှောက်သွားနေပုံကို ကျွန်ုပ်မြင်နိုင်လောက်သော အကွာအဝေးရောက်သည်အထိပေါ့။

ပြန်ဆိုသူ

**သစ္စာနီ**

The boy who painted christ black by John Henrick Clark.

■


www.burmeseclassic.com

www.burmeseclassic.com




# ကောင်းကင်တေးသံ

## မြေချစ်သူ

www.burmeseclassic.com

www.burmeseclassic.com


မဟူရာကျောက်မျက် ထင်းရှူးပင်သွယ်နွဲ့နဲ့ ကြေးသွန်းလှေငယ်တွေကို ငြိမ်သက်နေတဲ့ရေပြင်ပေါ် လျှောချလိုက်ရဲ့။ ဒီ အရာဝတ္ထုတွေဟာ ကျွန်တော်ရဲ့ ကမ်းလှမ်းမှုတွေ။ သလင်း ကျောက်နီ၊ ကျွန်းသား စံပယ်ပွင့်နဲ့ နံ့သာခဲ။ အဲဒါတွေက ကျွန်တော့်လက်ဆောင်တွေ။ တောက်ပြောင်တဲ့ ကျွန်တော့်ခြေနင်းအစုံဟာ လေးညှင်းပွင့်နဲ့ထုံတဲ့ ဖုန်မှုန့်တွေနဲ့ ငြိကပ်လျော့မှိန်နေပြီ။ ကျွန်တော့်အတောင်ပံတွေဟာလည်း ပန်းဝတ်ရည်ချိုတွေ စေးထန်းထန်းနဲ့ ကျွန်တော့်မျက်လုံးတွေက စိန်တွေပေါ့။ အဲဒီစိန်တွေရဲ့အနားရေးတွေမှာ အနီရောင်ရွှေကွပ်ထားပြီး စူးရှတောက်ပနေတယ်။ ကျွန်တော့်မျက်နှာကတော့ ဆင်စွယ်မျက်နှာဖုံး။ ကျွန်တော့်ကိုချစ်ပါ။ ကျွန်တော့်ကတိစကားတွေကို နားဆင်ကြည့်ကြစမ်းပါ။

အေးမြတဲ့ရေဟာ ခြူးပွင့်နွယ်လိမ် ဒီဇိုင်းတွေနဲ့ အဲဒီကြေးသွန်းလှေတွေဆီကနေ စိမ့်ယိုကျနေလိမ့်မယ်။ ရန့်သင်းမြတဲ့ ယမကာ လှောင်ခန်းတွေထဲက နှုတ်ခမ်းသားထူထူနဲ့ မြူအိုးလုံးလုံးကြီးတွေမှာ ငွေ့ရည်ပါးပါး မှိုင်းလို့ စိုထိုင်းနေတယ်။ ဥယျာဉ်ပန်းမာန်တွေဟာ ကျွန်တော့်ကျွန်းများပေါ်မှာ ဖူးပွင့်ဝေဆာဖို့ ဘယ်အခါမှ နှောင့်နှေးလေ့မရှိဘူး။ စိမ်းမြဖားလျားတဲ့ သစ်ရွက်တွေက ဝလင်တဲ့ ဩဇာခါတ်ကိန်းဝပ်နေတယ်။ အစီအရီနဲ့ ပင်စည်တွေကလည်း သွားစရာ လမ်းကလေးတွေကို


www.burmeseclassic.com

www.burmeseclassic.com


ဘယ်တော့မှ ပြွတ်သိပ် ပိတ်ဆို့မနေဘူး။ စပျစ်နွယ်ခက်တွေကလည်း လွတ်လပ်ချောင်ချိစွာ လူးလွန့်ထိုးထွက်လာမယ်။ ဘယ်ရီသီး အစေ့ ထွားထွားတွေဟာ ချိုမွှေးတဲ့ အခွံမာသီးများ ဖြစ်ကြတယ်။ ခင်ဗျား ဘာလို့ ပြုံးနေတာလဲ။ ခင်ဗျားမှာ တစ်ခါမှ ဆာလောင်မှုဆိုတာ မရှိခဲ့ဘူး လို့လား။

ကနုတ်ခြူးနွယ် ယက်ယှက်မွမ်းမံ ဆင်ယင်ထားပုံဟာလည်း စက္ခုပသာဒမှာ အကြည်လင်ဆုံး ပီတိရသကို ဖြစ်စေလိမ့်မယ်။ ဒြပ်သား တစ်ခုနဲ့တစ်ခု ထိစပ်တဲ့အမှတ်တိုင်းမှာ အကြားအလပ်မရှိသမို့ အပါး လွှာဆုံး လေသံသဲ့သဲ့ရဲ့ ချွန်မြတဲ့အသွားတောင် ဖောက်ထွက်သွားစရာ မရှိ။ ပကတိ ပိရိသေသပ်ရဲ့။ အလင်းရောင်တွေ ဖြာဆင်းလာရင်လည်း အလင်းတန်းအားလုံးရဲ့ ဖြောင့်တန်းမှုဟာ တစ်ပြေးတည်း စီးဆင်း နေမယ်။ နံရံသစ်သားတွေမှာ ပိတ်ဆို့ဖို့လိုရင် အမှုန်ဒြပ်သားမဲ့ 'သပ်'တွေ ကို ရိုက်ဆို့ထားပေးတယ်။ လှေ့ရဲ့ခေါင်တွေကတော့ မြင့်တယ်။ အေးမြမှု ရှိစေဖို့ပါ။ ဟင်းလင်းပြန့်ကျယ်တဲ့ အုတ်ကျွတ်ပြားတွေပေါ်မှာတော့ အလတ်ဆတ်ဆုံး မြူငွေ့ဇာပါးတွေနဲ့ ဆိုင်းနေလိမ့်မယ်။ ပြတင်းပေါက် တွေ ဖွင့်ထားဦးတော့ ခေါင်မိုးနဲ့ အခြင်တန်းတွေက ကျယ်ဝန်းလှသမို့ ဘယ်မိုးပေါက်မှ အခန်းတွေထဲကို မရောက်နိုင်ဘူး။ မိုးရနံ့ မြေ့မြေ့လေး ကိုတော့ ခံစားနိုင်ပါတယ်။ အလုံးစုံသန့်ရှင်းမှုရှိလှတဲ့ ဖျာချပ်တွေ ကြမ်းပြင်ပေါ်မှာ ခင်းထားတယ်။ အနက်ရောင် ကျောက်သားလိုဏ်လေး ထဲမှာ မီးဖိုထားပြီး နုညက်တဲ့ပြာမှုန်တွေထဲမှာ အနွေးဓာတ် ငွေ့ငွေ့ လေးနဲ့ အေးဆေးစွာ ရှင်သန်နေတယ်။ ကဲ ခင်ဗျားမှာ တစ်ခါမှ ခိုနားစရာ မကောင်းမဲ့ခဲ့ဖူးဘူးလား။

ဒါဖြင့် ခင်ဗျားဘဝဟာ ဘယ်နေရာမှ အပွတ်သပ်ခံခဲ့ရဖူးပါ သလဲ။ ကျွန်တော့်ပျော်ရွှင်မှုတွေကတော့ ထာဝရသန်စွမ်းနေမှာဖြစ်သလို ပြတ်သား ပီပြင်မှုလည်း ရှိပြီးသား။ ပိရိကျနစွာ ခေါက်ထားတဲ့ ဖြူဆွတ် သော စက္ကူချပ်တစ်ခုရဲ့ ဖြတ်သားများလို တိကျပီပြင်တယ်။ 'မလိုင်'


www.burmeseclassic.com

www.burmeseclassic.com


လို၊ တောင့်တင်းတဲ့ ကော်ကပ်သားလို ဒါမှမဟုတ် အဝတ်စုတ်တစ်ခုလို၊ အများနဲ့ ကွဲပြားထင်ရှားမှုဟာ သိသာတယ်၊ မျက်စိမှိတ်ထားတဲ့ မိန်းမတစ်ဦးရဲ့ မျက်ခွံပေါ်က အစက်အပြောက်ကလေးတွေဟာ မနက်ခင်း အရုဏ်ရဲ့ ဖြူသန့်တဲ့ အလင်းထဲမှာတော့ ပေါ်လွင်ရသလိုပါပဲ။ 'အန်း' ပင်လယ်အငူက စိမ်းမြကျယ်ပြောလှတဲ့ ဘူမိလည်ချောင်းပေါက်ကြီး ထဲမှာတော့ ဘောလုံးဟာ အသေအချာ သေးသိမ်နစ်မြုပ်သွားရရှာတယ်။ ချိုရွှန်းအားပြည့်လှတဲ့ နေမင်းဟာ အရောင်ချွတ်သူတွေကို ရိုက်ပုတ်နေတယ်။ သိပ်ကောင်းတဲ့ ကြုံကြိုက်မှုတစ်ရပ်ပါပဲ။ ကွယ်ပျောက်ခဲ့တဲ့ အိမ်အိုထဲက ကပွဲတစ်ခု။ မိန်းမငယ်တွေရဲ့ လက်မောင်းဖြူဖြူတွေကနေကြရဲ့။ သိုးမွေးနဲ့ ချည်ထည်စပ် အဝတ်တွေ ကကြ။ လေးလေးမှန်မှန် ဂီတသံထဲမှာ အဖြူရောင်လက်မောင်းများ မရမ်းရောင် ထနေကြပြီ။ ဂီတသံရဲ့ ပီတိတရားက ဖြူဖွေးတဲ့ လက်ကောက်ဝတ်တွေကို ဖွဲ့နွဲ့လို့၊ ပြီး. . . အဖြူရောင် ဒီစက္ကူဟာ ပိုက်သာဂိုးရပ်သီအိုရမ်အတွက် ဂျီဩမေတြီ သက်သေပြချက်ကို တိကျအောင် စီစဉ်ခင်းကျင်းပေးထားရဲ့။ အဲဒါရဲ့ တုပ်နှောင်ထားတဲ့ အလှတရားဟာ ဆားခါတ်ပါ။ သဲမြေထဲမှာ တွေ့ရတဲ့ ရှေးဟောင်းကြေးနီပြားတစ်ခုထဲကနေ လင်းဖြာထွက်နေတယ်။ စကားလုံးဝါကျတွေကိုရေးတဲ့ မင်ထဲမှာလည်း အဏုကြည့်မှန်ပြောင်းနဲ့မှ မြင်သာတဲ့ ပြိုးပြက်မှုတွေ ရှိနေတယ်။ အဲဒါတွေဟာ ခင်ဗျားရဲ့ကိုယ်ပိုင်တွေပဲ၊ သတိရလို့ဖြစ်ဖြစ်၊ စိတ်ကူးပုံဖော်ပြီး ပြန်ကြည့်လို့ပဲဖြစ်ဖြစ်၊ သေချာတာကတော့ ခင်ဗျားတို့ရဲ့ အချိန်ကာလ တစ်စုံတစ်ရာများဟာ ကလေးဘဝပဲဖြစ်မယ်။ သံချေးကိုက်နေတဲ့ ဖန်မီးအိမ်ရဲ့ ညိုဖျော့ဖျော့ မီးမှိန်မှိန်နားမှာ သုံးချောင်းထောက် ကျမ်းစာဖတ်ခုံရှိမယ်။ ခင်ဗျား မိဘတွေဟာ ဘုရားကို သူတို့ရဲ့ယုံကြည်ကိုးကွယ်စိတ် သန့်သန့်ရှင်းရှင်းနဲ့ ခင်ဗျား အစစအောင်မြင်ချောမောပါစေကြောင်း ငြိမ်သက်စွာ ဆုတောင်းနေခဲ့ကြလိမ့်မယ်။ ပန်းပုဆရာကျော် ဘရမ်ကူစီရဲ့ဒီဇိုင်းလက်ရာဆန်ဆန် အဲဒီအခန်းဟာ ဆိတ်ငြိမ်နေတယ်။ အာရုံမြင်ဝါဒ ပန်းချီဆရာ စေဇန်းရဲ့


www.burmeseclassic.com

www.burmeseclassic.com


လက်ရာ 'ထင်းရှူးပင်များနဲ့ ကျောက်တုံးများ' ပန်းချီကား၊ ပြီးတော့ လုမ်ပြတိုက်ကြီးထဲက 'ဇာထိုးသူ' ပန်းချီကားတွေဟာ အဲဒီအချိန်မှာ ခင်ဗျားရဲ့ ကျယ်ပြန့်လှတဲ့လက်လောက် ကြီးကျယ်နိုင်လိမ့်မယ် မထင်ဘူး။

အဲသလို မှိန်ဖျော့ဖျော့ အလင်းအားများနဲ့ပဲ ကျွန်တော်ဟာ မြစ်တွေကို ဆန့်ထုတ်နိုင်ပါလိမ့်မယ်။ ဘာကမှ မဆုံးရှုံးစေရပါဘူး။ ခင်ဗျား မှတ်မိနေတဲ့ သဲမှုန်စုထဲက တစ်ပွင့်တလေမှကို အလေအလွင့် မဖြစ်စေရဘူး။ အဲဒါတွေအားလုံး အဆအရာ အထောင်အသောင်းအထိကို တိုးပွားလာစေရမယ်။ ကျွန်တော့်ကို ချစ်ကြစမ်းပါ။ နွေးထွေးမှုပေးပါ။ လာပါ။ ကျွန်တော့်ကိုယ်ကို တွဲထားပါ။ ပျားရည်တွေ စီးဆင်းနေပါတယ်။ မကြောက်ပါနဲ့ဗျ။ ကျွန်တော်ပြောခဲ့တဲ့ ကတိစကားတွေဟာ ဘာလို့ မအောင်မြင်ဘဲရှိရမှာလဲ။ ကျောက်စိမ်းနဲ့ သစ်ဂျပိုးခေါက်။ အဲဒီအရာတွေ ဒီကမ္ဘာမှာ တည်ရှိနေတယ်ဆိုတာ ခင်ဗျား ငြင်းမလား။ ဘာဖြစ်လို့ ခင်ဗျား လှည့်သွားရပြန်တာလဲ။ ကျွန်တော့်ရဲ့ သီချင်းဟာ သင်းပျံ့မွှေးလှိုင်တဲ့ စီးဆင်းမှုတစ်ခု မဟုတ်ဘူးလား။ ကျွန်တော့်လက်မောင်းတွေဟာ ပန်းသီးများ၊ ရှေးဟောင်းစာအုပ်များနဲ့ ဖွဲ့တည်စုစည်းထားတာပါ။ ကျွန်တော်ဟာ ဘာအန္တရာယ်မှ မရှိပါဘူး။ မရှိကို မရှိပါဘူး။ နေမြဲနေစမ်းပါ။ ကျွန်တော့်ကို ချီးမွမ်းထောပနာ ပြုပေးပါ။ ခင်ဗျားနဲ့ ကျွန်တော့်အပေါ် ချီးမွမ်းထောပနာပြုခြင်းဟာ ခင်ဗျားကိုယ် ခင်ဗျား ချီးမွမ်းထောပနာပြုခြင်းလည်း ဖြစ်ပါတယ်။ မိတ်ဆွေ နေပါဦး။ နားထောင်စမ်းပါဦး။ ကျွန်တော် အစကနေ ပြန်ပြောပါရစေဦး။

**မြေချစ်သူ**


(John Updike ၏ Archangel)

■



www.burmeseclassic.com

www.burmeseclassic.com




# နိမိတ်များ

ဇေယျာလင်း

www.burmeseclassic.com

www.burmeseclassic.com


မည်သို့မှ ကုသလို့မရအောင် စိတ်ဖောက်ပြန်နေသော လူငယ်ကလေးတစ်ဦးအား သူ၏မွေးနေ့အတွက် မည်သည့် လက်ဆောင်ပေးရမည်ဆိုသည့်ပြဿနာကို ယခု ကျွန်ုပ်တို့ ကြုံရသည်မှာ လေးနှစ်မြောက်၊ လေးကြိမ်တိတိပင်ဖြစ်သည်။ ထိုလူငယ်လေးမှာ ဘာတပ်မက်မှုမှ မရှိ။ လူလုပ်ပစ္စည်းများသည် သူတစ်ဦးတည်း သိမြင်နိုင်သော ရန်ငြိုးကြီးသည် မိစ္ဆာအုံများဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် သူ၏လျှို့ဝှက်နက်နဲသော ကမ္ဘာလောကတွင် အသုံးမဝင်သော ဇိမ်ခံပစ္စည်းများသာ ဖြစ်ကြသည်။ သူ့အား စိတ်ဆိုးစေမည့် သို့မဟုတ် ထိတ်လန့်စေမည့် ပစ္စည်းများကို ဖယ်ရှားပြီးနောက် သူ၏မိဘနှစ်ပါးသည်အတွက် အန္တရာယ်လည်းကင်း၊ ရိုးလည်းရိုးစင်းသည့် အသေးအဖွဲပစ္စည်းလေးတစ်ခုကို ရွေးချယ်လိုက်ကြသည်။ ၎င်းမှာ သစ်သီးယိုဆယ်မျိုးကို ပုလင်းဆယ်လုံးထဲထည့်ထားပြီး ထိုပုလင်းဆယ်လုံးထည့်ထားသည့် ခြင်းကလေးတစ်လုံးပင်ဖြစ်သည်။

သူ့ကိုမွေးစဉ်က သူတို့နှစ်ဦးသည် အိမ်ထောင်သက် အတော်ရပြီးနေချေပြီ။ နှစ်ပေါင်းများစွာ ကုန်လွန်ခဲ့ပြီးနောက် ယခု သူတို့နှစ်ဦးစလုံး အိုမင်းနေကြပြီ။ သူမ၏ မီးခိုးရောင်ဆံပင်နွမ်းနွမ်းကို ဖြစ်သလို ထုံးထားသည်။ သူမသည် အနက်ရောင်အကျီအပေါ်စားများကို ကော်



www.burmeseclassic.com

www.burmeseclassic.com


သည်။ သူမအရွယ် အခြားအမျိုးသမီးများကဲ့သို့ မျက်နှာကို ဆေးလည်း မခြယ်။ အလှလည်းမပြင်။ သူမ၏လင်ယောက်ျားသည် ယခင်တိုင်းပြည်၌ အတန်အသင့်အောင်မြင်သော စီးပွားရေးသမားတစ်ဦး ဖြစ်ခဲ့ပေမည်။ ယခု အမေရိကန်နိုင်ငံတွင်မူ ၎င်း၏အနှစ်လေးဆယ်နီးပါး အမေရိကန် စစ်စစ်ကြီးဖြစ်နေသူ အစ်ကိုကြီး အိုင်းဇက်ပေါ် လုံးဝမှီခိုနေရသည့်ဘဝ ရောက်နေလေသည်။ ('မင်းသား'ဟု သူတို့ ခေါ်ဝေါ်ကြသည့်) အိုင်းဇက် ကို သူတို့တွေ့ခဲ့ကြသည်။

ထိုသောကြာနေ့က အကုန်လုံး အမှားမှားအယွင်းယွင်းဖြစ်ခဲ့ သည်။ သူတို့ စီးနင်းလိုက်ပါလာကြသော မြေအောက်ရထားသည် ဘူတာနှစ်ခုကြား ခဏတ်အားပြတ်သွားလေသည်။ ဆယ့်ငါးမိနစ်လုံးလုံး တာဝန်ကျေ တဒုတ်ဒုတ်ခုန်နေသော နှလုံးခုန်သံနှင့် သတင်းစာလှန်လှော သံမှလွဲ၍ ဘာသံမှမကြား။ ထို့နောက် ဘတ်(စ်)ကားပြောင်းစီးရာတွင် အချိန်အကြာကြီးစောင့်ရပြီးမှ ရောက်လာခဲ့သည်။ ရောက်လာတော့ လည်း စကားများဆူညံနေကြသည့် ကျောင်းသူကျောင်းသားများပြည့် နှက်ပါလာသည်။ ဆေးရုံသို့သွားရာ လူသွားလမ်း ညိုညိုလေးပေါ် လျှောက်သွားကြရင်း မိုးသည်းထန်စွာ ရွာခဲ့သည်။ ဆေးရုံရောက်တော့ လည်း အကြာကြီးစောင့်ရပြန်သည်။ ခါတိုင်းကဲ့သို့ မျက်နှာတွင် ဝက်ခြံ ဗလပွ၊ နှုတ်ခမ်းမွေးမရိတ်၊ မျက်နှာစူပုပ်သိုးပြီး စိတ်ရှုပ်ထွေးနေတတ် သော ၎င်းတို့သားသည် ခါတိုင်းကဲ့သို့ ခြေရှုပ်တိုက်ပြီး ထွက်မလာဘဲ ၎င်းတို့ရင်းနှီးကြသည့် သူနာပြုဆရာမ ရောက်လာသည်။ သူတို့သားသည် သေကြောင်းကြံစည်ပြန်သည်ဟု ပြုံးပြုံးရွှင်ရွှင်နှင့် ပြောသည်။ ဘာမှ စိုးရိမ်စရာမရှိသော်လည်း ဧည့်သည်လာလျှင် စိတ်အနှောင့်အယှက် ဖြစ် သွားနိုင်သည်ဟု ပြောသည်။ ထိုဆေးရုံသည် အလုပ်သမားဦးရေနည်းပြီး ပစ္စည်းများ အထားမှား ပျောက်တတ်လွန်းသဖြင့် သူတို့ပါလာသော လက်ဆောင်ကို ရုံးခန်းတွင် ထားခဲ့ရသည်။ နောက်တစ်ခေါက်လာမှပဲ သူ့အားပေးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com


သူမ၏ခင်ပွန်း ထီးဖွင့်ပြီးရန်စောင့်ပြီး သူ့လက်မောင်းကို ကိုင်လိုက်သည်။ သူစိတ်ထိခိုက်တိုင်း လုပ်တတ်သည့် ခံတွင်းရှင်းပုံမျိုးဖြင့် ခဏခဏ ခံတွင်းရှင်းနေသည်။ ဘတ်စ်မှတ်တိုင်၏ အမိုးအောက် ရောက်သောအခါ သူ့ထီးကိုပိတ်လိုက်သည်။ မလှမ်းမကမ်းတွင် လေထဲ ယိမ်းလှုပ်ပြီး မိုးရေများစီးကျနေသော သစ်ပင်အောက်ရှိ ရေအိုင်လေး ထဲတွင် မပျံတတ်သေးသည့် မသေမရှင်ငှက်ပေါက်စလေး တစ်ကောင် အားကိုးရာမဲ့စွာ အကြောဆွဲနေသည်။

မြေအောက်ဘူတာရုံသို့ သွားသည့် ခရီးလမ်းတစ်လျှောက်လုံး တွင် သူတို့နှစ်ဦး စကားတစ်ခွန်းမှ မဟခဲ့ကြ။ သူ၏ ထီးလက်ကိုင်ကို တုန်တုန်ယင်ယင် ဆုပ်ကိုင်ထားသော အကြောထောင်တက်နေပြီး အညို ကွက်များ ထင်နေသော သူ၏အိုမင်းနေသည့်လက်ကို သူမကြည့်မိပြီး သူမရင်ထဲက တဖြည်းဖြည်းလေးလံစွာ တက်လာနေကြသည်။ မျက် ရည်တို့ကို တင်းကျပ်စွာ ခံစားရလေသည်။ စိတ်ကို တစ်နေရာရာသို့ အာရုံပြုလိုပြုငြား ဟိုဒီလှည့်ကြည့်စဉ် အသက်ကြီးသော မိန်းမတစ်ယောက် ၏ ပခုံးပေါ် ရှိုက်ငိုနေသော ညစ်ညစ်ပတ်ပတ် ခြေသည်းများနှင့် ဆံပင် နက်သော ကောင်မလေးကိုတွေ့လိုက်၍ နုနုလေးအံ့ဩရပြီး ကရုဏာ နှင့် စူးစမ်းလိုစိတ်တို့ တစ်ပြိုင်နက် ဖြစ်ပေါ်လာကြသည်။ ထိုမိန်းမကြီး သည် မည်သူနှင့်တူပါလိမ့်။ သိပြီ။ ဟိုး နှစ်ပေါင်းများစွာက မင့်(စ်)(က) မြို့မှာ ဆိုလိုဗီချစ်(က)၏ သားနှင့် အိမ်ထောင်ကျခဲ့သည့် ကောင်မလေး ၏ အမေ။

ဆရာဝန်၏အဆိုအရ သူ့ကိုယ်သူ နောက်ဆုံးအခေါက်က သေကြောင်းကြံစည်သည့် နည်းသည် အင်မတန်ပင် စိတ်ကူးဉာဏ် ကောင်းပြီး အကယ်၍သာ သူသည် ပျံသန်းရန် သင်ယူနေသည်ဟု အခြား လူနာတစ်ဦးက မနာလိုစိတ်နှင့် သူ့အား မတားဆီးခဲ့လျှင် သူ၏ ကြံစည် မှုသည် မုချမလွဲအောင်မြင်ခဲ့မည်ဖြစ်သည်။

သူ၏ယောင်မှားခြင်းသည် စနစ်ကျပြီး ဂင်းရောဂါကို သိပ္ပံ


www.burmeseclassic.com

www.burmeseclassic.com


မဂ္ဂဇင်းတစ်စောင်တွင် တခမ်းတနား ရေးသားဖော်ပြခဲ့ဖူးသည်။ ထို ဆောင်းပါးကို မဖတ်ဖူးခင်ကတည်းက သူတို့သား၏ရောဂါကို မိဘ နှစ်ပါးက စိတ်အရှုပ်ခံစဉ်းစားပြီး အဖြေကိုသိပြီးဖြစ်ကြသည်။ 'အညွှန်းခံ စိတ်ရောဂါ' ဟု ဟာမန်ဘရင့်(က်)က အမည်ပေးခဲ့သည်။ ဤရောဂါ သည် လွန်စွာရှားပါးပြီး စိတ်ရောဂါရှင်သည် ၎င်း၏ ပတ်ပတ်လည်တွင် ဖြစ်ပျက်နေသော အရာဟူသမျှသည် ၎င်း၏ ကိုယ်ရည်ကိုယ်သွေးနှင့် ၎င်း၏ တည်လိုမှုကို သွယ်ဝိုက်စွာ ညွှန်းဆိုနေကြခြင်း ဖြစ်သည်ဟု စွဲလန်းနေတတ်သည်။ ၎င်းဝေဒနာရှင်သည် ၎င်းကို၎င်း အခြားလူများ ထက် ပို၍ဉာဏ်ရည်မြင့်သည်ဟုယူဆ၍ သူ့အား ဝိုင်းဝန်းလုပ်ကြံနေမှု ကြီးထဲမှ တကယ့်လူများကို ဖယ်ထုတ်တတ်သည်။ သူသွားလေရာ နောက်သို့ သဘာဝတရားသည် အရိပ်သဖွယ်လိုက်တတ်သည်။ စိုက် ကြည့်နေသော ကောင်းကင်ရှိ မိုးတိမ်များသည် သူနှင့် ပတ်သက်သည့် အင်မတန်မှပင် အနုစိတ်ကျသည့် အချက်အလက်များကို နှေးကွေးသော အမှတ်အသားများဖြင့် အချင်းချင်း ဆက်သွယ် သတင်းပို့ကြသည်။ သူ၏ စိတ်အတွင်း အနက်ရှိုင်းဆုံးရှိ ထိုအတွေးများကို လက်ဟန်ခြေဟန်ပြ နေသော သစ်ပင်များက ညအခါတွင် ဆို့အနားမကြားသူများသုံးကြ သည့် လက်ဟန်ခြေဟန် အမှတ်အသားများနှင့် အချင်းချင်းဆွေးနွေး ကြသည်။ ကျောက်စရစ်တို့သည်လည်းကောင်း၊ အစွန်းအကွက်တို့သည် လည်းကောင်း၊ နေရောင်အကွက်ကလေး တို့သည်လည်းကောင်း ကြောက်မက်ဖွယ်ရာနည်း တစ်မျိုးမဟုတ် တစ်နည်းဖြင့် သတင်းပို့နေ ကြသည်ကို သူ ကြားဖြတ်ဝင်ဖျက်ရသည်။ အရာခပ်သိမ်းသည် အက္ခရာ ဝှက်ရေးသောစာဖြစ်ကြပြီး သူသည် အရာခပ်သိမ်း၏ အာဘော်ဖြစ် သည်။ အရာခပ်သိမ်းသည် သူ့အကြောင်းရေးသော စာဝှက်များဖြစ်ကြ သည်။ အချို့သူလျှိုများ၊ ဥပမာ မှန်မျက်နှာပြင်များနှင့် ရေငြိမ်ကန် များသည် စိတ်ပါဝင်စားခြင်းမရှိကြသော လေ့လာသူများ အဆင့်သာ ရှိကြပြီး အချို့မှာမူ ဥပမာ စတိုးဆိုင်များအတွင်းရှိ ကုတ်အင်္ကျီများသည်


www.burmeseclassic.com

www.burmeseclassic.com


အစွဲအလန်းကြီးသော သက်သေများ၊ ပါးကွက်အာဏာသားများ ဖြစ်ကြသည်။ ရေစီး၊ လေမုန်တိုင်း စသည်တို့မှာမူ ရှုးမလောက်အောင် ခံစားချက်များ အလွန်အကျွံ ပေါက်ကွဲတတ်ကြပြီး သူ့အပေါ်တလွဲမြင်တတ်ကာ သူ့လုပ်ရပ်အားလုံးကိုလည်း ကိုးရိုးကားရား အဓိပ္ပာယ်ကောက်တတ်ကြသည်။ မိနစ်တိုင်း၊ အချိန်တိုင်းတွင် သူသည် အသိသတိရှိနေရပြီး အရာဝတ္ထုများ၏ ရေလှိုင်းများကို မြင့်ချည်နိမ့်ချည်ဖြစ်ခြင်းတိုင်းကို ဘာသာပြန်နေရသည်။ သူရှုထုတ်လိုက်သော လေကိုပင် ဂဏန်းတစ်ခုပေးပြီး ဖိုင်တွဲထဲထည့်ထားလိုက်သည်။ ထိုကဲ့သို့ သူ့အား နှောင့်ယှက်သော အရာများသည် သူ၏အနီးတစ်ဝိုက်တွင်သာ ရှိကြသည်ဆိုလျှင် ဤမျှ ဆိုးလိမ့်မည်မဟုတ်။ သူနှင့် ဝေးလေ ရောဂါဆိုးလေပင် ဖြစ်သည်။ အဆပေါင်းများစွာ ချဲ့လိုက်သည့် သူ၏သွေးခြည်ဥ၏ အရိပ်များသည် ကျယ်ပြန့်သော လွင်ပြင်ကြီးများအထိ ပျံ့သန်းရောက်ရှိပြီး မဟာမြင့်မိုရ်တောင်ကြီးများက ၎င်းတို့၏ နှမ်းဖတ်ကျောက်နှင့် လေထဲ ညည်းတွားကြသော ထင်းရှူးပင်များအားဖြင့် သူ၏ဖြစ်တည်မှုနှင့် ပတ်သက်သော နောက်ဆုံး သစ္စာတရားကို အနှစ်ချုပ်ပြောဆိုလျက် ရှိကြလေသည်။

မြေအောက်ဘူတာ၏မိုးခြိမ်းသံနှင့် လေသေနံ့တို့မှ ထွက်လာကြသောအခါ နေ့တစ်နေ့၏ နောက်ဆုံးလက်ကျန် အလင်းအနည်းတို့နှင့် ဓာတ်တိုင်မီးတို့ ရောထွေးနေကြလေပြီ။ ညစာအတွက် ငါးနည်းနည်း ဝယ်ချင်စိတ်ပေါက်၍ သူမကိုင်ထားသော ခြင်းတောင်းကို သူ့အားပေးလိုက်ပြီး အိမ်ပြန်နှင့်ခိုင်းလိုက်သည်။ တတိယထပ်ရောက်မှ သူ့သော့ကို သူမအားပေးလိုက်သည်ကို သတိရလိုက်သည်။

တိတ်ဆိတ်စွာနှင့်ပင် လှေကားပေါ်ထိုင်ချပြီး ဆယ်မိနစ်အကြာတွင် သူမ ရောက်လာသောအခါ တိတ်ဆိတ်စွာပင် မတ်တတ်ထလိုက်သည်။ သူမသည် သူ့အား သော့မပေးဘဲနှင့် အိမ်ပြန်ခိုင်းလိုက်သည်ကို တွေးမိပြီး ခေါင်းတခါခါနှင့် ရောက်လာခြင်းဖြစ်သည်။ သူတို့၏နှစ်ခန်းတည်းရှိသော တိုက်ခန်းလေးထဲကို ဝင်လိုက်သည်နှင့် သူသည် မှန်ရှေ့သို့


www.burmeseclassic.com

www.burmeseclassic.com


ရောက်သွားသည်။ မှန်ရှေ့တွင်ရပ်ပြီး သူ၏ အောက်နှုတ်ခမ်းထောင့် နှစ်ဘက်ကို လက်မနှစ်ဘက်နှင့် တစ်ဘက်စီဆွဲချ ပါးစပ်ဖွင့်ပြီး ရွံရှာ ကြောက်မက်ဖွယ် မျက်နှာဖုံးစွပ်နှင့်တူသော ရှုံ့မဲ့နေသည့်မျက်နှာ ပေါ် လာသောအခါ သူ၏သွားတုများ စိုက်ထားသော ပလတ်စတစ်သွားတုကို ဖြုတ်လိုက်သည်။ ထိုသွားဖုံးတုသည် အသစ်စက်စက်ဖြစ်သောကြောင့် အသားမကျသေးဘဲ သူ့သွားဖုံးကို မခံရပ်နိုင်အောင် နာကျင်စေသည်။ ထိုသွားဖုံးတုကိုဖြုတ်ပြီး ၎င်းသွားဖုံးတုနှင့် ပါလာသော သွားရည် အတန်းလိုက်ကြီးလည်း ဖြတ်လိုက်ရသည်။ သူမသည် ညစာပြင်နေစဉ် သူသည် ရုရှားဘာသာစကားနှင့် ရေးသားထုတ်ဝေသော သတင်းစာကို ဖတ်သည်။ ဖတ်ရင်းနှင့်ပင် သွားနှင့်ဝါးချေစရာ မလိုအပ်သော ပျော့ ဖတ်ဖတ်အစာများကိုစားသည်။ သူ၏စိတ်ကို ကောင်းကောင်းသိသော ကြောင့် သူမလည်း ဘာစကားမှမပြောဘဲ တိတ်တဆိတ်သာနေလေ သည်။

သူအိပ်ရာဝင်သွားမှ အိမ်ရှေ့ခန်းထဲတွင် သူမတစ်ယောက် တည်း ကျန်ခဲ့သည်။ လက်တစ်ဘက်တွင် ကျိုးကြေနေသော ဖဲချပ်များ။ အခြားတစ်ဘက်တွင် ဓာတ်ပုံအယ်လ်ဘမ်ဟောင်းများ။ အမှောင်ထဲတွင် အမှိုက်ပုံးများပေါ် မိုးကျသံကိုကြားရသည်။ လမ်းကြားလေး၏ တစ် ဘက်တွင် မီးထွန်းထားသော ပြတင်းပေါက်များရှိပြီး ပြတင်းတစ်ပေါက် တွင် အနက်ရောင်ဘောင်းဘီရှည် ဝတ်ထားသော လူတစ်ယောက် ရှုပ်ပွ နေသော အိပ်ရာပေါ် အိပ်စက်နေသည်ကို မြင်ရသည်။ သူမသည် ပြတင်းလိုက်ကာကို ဆွဲပိတ်ချလိုက်ပြီး ဓာတ်ပုံတွေကို ထိုင်ကြည့်သည်။ သူတို့၏သားသည် ကလေးလေးတုန်းက အခြားကလေးများထက် ပိုပြီး အံ့သြနေတတ်ပုံရသည်။ အက်လ်ဘမ်ထဲမှ လိုက်ပဇစ်(ဂ)မြို့တွင် နေစဉ်က ငှားရမ်းခဲ့သော ဂျာမန်အိမ်ဖော်မလေးနှင့် သူမ၏ မျက်နှာ ဝအစ်အစ် ရည်းစားပုံထွက်ကျလာသည်။ မင့်(စ်)ကမြို့၊ တော်လှန်ရေး (ဘော်လရှီဗစ်တော်လှန်ရေး)၊ လိုက်ပဇစ်(ဂ)၊ ဘာလင်၊ လိုက်ပဇစ်(ဂ)


www.burmeseclassic.com

www.burmeseclassic.com


စောင်းနေပြီး ကင်မရာအချိန် ဆိုးဆိုးဝါးဝါး လွဲနေသော အိမ်ရှေ့မျက်နှာစာတစ်ခု။ သား၊ လေးနှစ်အရွယ်၊ ပန်းခြံမှာ။ စိတ်အပြောင်းအလဲမြန်သော၊ ရှက်တတ်သော၊ အကြောများကိုတွန့်ထားသောနဖူးနှင့် ရှဉ့်ကလေးတစ်ကောင်ကို အခြားသူစိမ်းများအပေါ် ဆက်ဆံသလို မျက်နှာလွှဲထားသည့်ပုံ။ ဒေါ်ကြီးရိုဇာ၊ ဇီဇာကြောင်၊ ရိုးကြီးဂေါင်ဂင်၊ အရိုင်းမျက်လုံးစုံရှိသော အဘွားကြီး။ သတင်းဆိုးများ၊ ဒေဝါလီခံသွားမှုများ၊ မီးရထားအချင်းချင်း၊ မတော်တဆဝင်တိုက်မှုများတို့နှင့် ရောပြွမ်းနေသော တစ်ချိန်လုံး နှလုံးတုန်နေရသည့် လောကထဲနေခဲ့ဖူးသည့် ဒေါ်ကြီးရိုဇာ။ သူမပူပင်သောကရောက်ခဲ့ရသော လူသားအားလုံးနှင့်အတူတကွ သူမပါမကျန် ဂျာမန်တို့၏ ဓာတ်ငွေ့ရုံထဲ ပို့ခံခဲ့ရပြီး ဆုံးသွားရှာသည့် ဒေါ်ကြီးရိုဇာ။ အသက်ခြောက်နှစ်၊ လှူလက်လှူခြေနှင့် ထူးဆန်းသည့်ငှက်ပုံများကို ဆွဲခဲ့စဉ်က လူကြီးတစ်ယောက်လို အိပ်မပျော်သည့် ရောဂါစွဲကပ်ခဲ့သည့်သားပုံ။ သူ့အစ်ကိုဝမ်းကွဲ အခုနာမည်ကြီး စစ်တုရင်ချန်ပီယံ။ အသက်ရှစ်နှစ် နားလည်ရခက်စပြုသော အရွယ်။ စင်္ကြံနံရံပေါ် ကပ်ထားသောနံရံကပ်စက္ကူကို ကြောက်တတ်သူ။ သာမန်ကျေးလက်ရှုခင်းလေးတစ်ခုကို စာအုပ်တစ်အုပ်ထဲတွေ့မိပြီး ကြောက်လန့်နေသူ။ ဆယ်နှစ်အရွယ် ဥရောပတိုက်မှ စွန့်ခွာပြီး အမေရိကန်သို့ ရောက်လာခဲ့သောနှစ်။ အရှက်တကွဲဖြစ်ရမှုများ၊ ကြေကွဲဝမ်းနည်းရမှုများ၊ သိက္ခာကို ချိုးနှိမ်သည့် အခက်အခဲများ။ ထိုအထူးကျောင်းတွင် သူပေါင်းသင်းရသည့် ရုပ်ဆိုးဆိုး၊ စိတ်ကြမ်းကြမ်း၊ ဉာဏ်ရည်နိမ့်ကလေးများ။ ထို့နောက် နမိုးနီးယားဖြစ်ပြီး အချိန်ကြာမြင့်စွာ ပြန်လည်ကုသ အားမွေးနေသည့် ကာလနှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် ထူးခြားထက်မြက်သည့် သားလေး၏ ထူးခြားသော စိတ်ကလေးများဟု ထင်ခဲ့ကြသည့် သဘာဝမကျမှုလေးများသည် မာခဲလာကြပြီး ယုတ္တိဆက်နွယ်နေသော စိတ်ထင်ယောင်ထင်မှား ဖြစ်မှုများအဖြစ် အထွေးအလုံးကြီးဖြစ်သွားကာ နောက်ဆုံး သာမန်စိတ်၊ သာမန်ဦးနှောက်တို့ မထိုးဖောက်၊ မဝင်ရောက်နိုင်တော့အောင် အခိုင်



www.burmeseclassic.com

www.burmeseclassic.com


အခဲကြီး ဖြစ်သွားခဲ့လေသည်။

ဤကြေကွဲဖွယ်ကိစ္စအပြင် အခြားအခြားသော အလားတူကိစ္စများစွာကို သူမ လက်ခံနိုင်ခဲ့သည်။ အသက်ရှင်သန်ရခြင်းသည် ပျော်ရွှင်မှုများ တစ်ခုပြီးတစ်ခု လက်လွတ်ဆုံးရှုံးသွားခြင်းကို လက်ခံရခြင်းပင် မဟုတ်လား။ သူမဘဝတွင် ပျော်ရွှင်မှုဟု မယ်မယ်ရရ ခေါ်စရာဘာမှမရှိရှာခဲ့ပေ။ လင်မယားနှစ်ဦးစလုံး အကြောင်းပြချက်တိတိကျကျမရှိဘဲ ခံနေရသော အဆုံးမဲ့နာကျင်မှု ဝေဒနာများကို သူမ တွေးကြည့်သည်။ မည်သို့မှ စိတ်ကူး၍မရနိုင်သောနည်းဖြင့် မည်သို့မှ မမြင်နိုင်သော ဘီလူးကြီးများက သူတို့၏သား လူကလေးကို နှိပ်စက်နေကြခြင်း။ လောကတွင် တွက်ချက်၍မရသော ချစ်ခြင်းမေတ္တာ။ ဤချစ်ခြင်းမေတ္တာ၏ ကံကြမ္မာ(ဖျက်ဆီးခံရ သို့မဟုတ် အလဟဿဖြစ်ရ သို့မဟုတ် ရှုံးသွပ်မှုအဖြစ် အသွင်ပြောင်းသွားတတ်သည့် ချစ်ခြင်းမေတ္တာ)။ တံမြက်စည်း မလှည်းရသေးသော အခန်းထောင့်များတွင် ၎င်းတို့ကိုယ်၎င်းတို့ သီချင်းညည်းနေကြသော အုပ်ထိန်းသူမဲ့ အပစ်ပယ်ခံကလေးသူငယ်များ စသည်တို့ကို သူမ တွေးတောမိသည်။ ထို့နောက် သူမ ဆက်လက်တွေးတောမိသည်မှာ ကြီးမားသော အမှောင်ထုကြီး လွှမ်းလာနေစဉ် လယ်သမား မမြင်မိစေရန် ရှောင်ပုန်းခြင်းငှာ မစွမ်းသာသော လှပသည့် မြက်ဖုတ်ပင်များ၊ ၎င်း လယ်သမား၏ လူဝံတစ်ကောင်လို ခါးကုန်းကုန်း အရိပ်ကြီးဖြတ်အသွားတွင် ပန်းကလေးများ ကြေမွသွားကြရသည်ကို ကြည့်နေရုံမှလွဲ၍ ဘာမှမတတ်နိုင်ရှာကြသော မြက်ဖုတ်ပင်များတို့ အကြောင်းဖြစ်သည်။

အိမ်ရှေ့ခန်းတွင် ထိုင်နေစဉ် သူမ၏ခင်ပွန်း ညည်းသံကို ကြားလိုက်သောအခါ သန်းခေါင်ကျော်နေပြီဖြစ်သည်။ ခဏအကြာတွင် သူသည် ဒယီးဒယိုင်နှင့် ရောက်လာသည်။ ညဝတ်အင်္ကျီအပေါ်တွင် သူ ကြိုက်နှစ်သက်သော အပ်(စ်)ထရာခန်သိုးမွေးလည်ပတ်ရှိသည့် အပေါ်ကုတ်အင်္ကျီဟောင်းကြီးကို ဝတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကိုယ် အိပ်လို့မရဘူး" ဟု သူပြောသည်။

"ဘာဖြစ်လို့လဲ ရှင်အရမ်းပင်ပန်းနေတာပဲ ဘာလို့ အိပ်လို့မရရမှာလဲ"

"ကိုယ်သေတော့မှာမို့လို့ အိပ်လို့မရတာကွ" ပြောပြောဆိုဆိုနှင့် ဆိုင်ခုံပေါ် ထိုင်ချလိုက်သည်။

"ဗိုက်နာလို့လား ဒေါက်ဆာဆို လော့(ဗ)ကို သွားခေါ်ပေးရမလား"

"ဟင့်အင်း . . ဘယ်ဆရာဝန်မှ မခေါ်နဲ့ ဆရာဝန်တွေမခေါ်နဲ့" သူ ညည်းတွားလိုက်သည်။ "ဆရာဝန်တွေ ငရဲသွားကြပါစေ။ သူ့ကို အဲဒီဆေးရုံကနေ အမြန်ဆုံးထုတ်မှဖြစ်မယ်။ နို့မို့ဆိုရင် ကိုယ်တို့တာဝန်ဖြစ်လိမ့်မယ်" သူသည်ထထိုင်ပြီး ခြေနှစ်ဘက်စလုံး ကြမ်းပြင်ပေါ် ချထားကာ ဆုပ်ထားသောလက်သီးနှင့် သူ့နဖူးကို သူထိုးနေသည်။

"ဒါဆိုလည်း မနက်ဖြန် မနက်ပဲ သွားခေါ်ကြတာပေါ့" ဟု သူမ ဖြည်းညင်းသက်သာစွာ ပြောလိုက်သည်။

"လက်ဖက်ရည်သောက်ချင်တယ်" ဟု သူပြောပြီး ရေချိုးခန်းထဲ ဝင်လိုက်သည်။

သူမသည် ခက်ခက်ခဲခဲ ခါးကုန်းပြီး ကြမ်းပြင်ပေါ် ကျသွားသော ဖဲချပ်အချို့နှင့် ဓာတ်ပုံတစ်ပုံ နှစ်ပုံတို့ကို ကောက်ယူလိုက်သည်။ ဟာပ်(ဂ)ဂျက်၊ စပိတ်ကိုး၊ စပိတ်အေ့(စ်)၊ အယ်လ်ဆာနှင့် သူမ၏တိရစ္ဆာန်နှင့်တူသော ရည်းစား။

သူ ပြန်ရောက်လာတော့ စိတ်ထက်ကြွနေပြီး အော်ပြောသည်။

"ကိုယ် ဒီလိုစဉ်းထားထားတယ်။ ကိုယ်တို့အိပ်ခန်းကို သူ့ကို ပေးလိုက်မယ်။ ကိုယ်တို့နှစ်ယောက်က သူ့အနားမှာ တစ်လှည့်စီအိပ်ကြမယ်။ ဆရာဝန်ကို တစ်ပတ်နှစ်ခါ ခေါ်ကြည့်ခိုင်းမယ်။ ဟိုမင်းသားဆိုတဲ့ အကောင်လည်း ပြောချင်ရာပြောပလေ့စေ။ ဒါပေမဲ့ ပြောမယ်မထင်ပါဘူး။ အခု အစီအစဉ်က ပိုပြီးတော့တောင် စျေးသက်သာသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com


တယ်လီဖုန်းသံ မြည်သွားသည်။ ဤအချိန်တွင် သူတို့အား ဆက်မည့်သူမရှိသဖြင့် ထူးဆန်းသည်။ သူ၏ ဘယ်ဘက်ဖိနပ်သည် ကျွတ်သွားပြီး သူ၏ဖနောင့်နှင့် ခြေချောင်းနှင့် စမ်းရင်း အခန်းအလယ် တွင် ရပ်ကာ ကလေးလေးတစ်ယောက်လို သွားမရှိသော ပါးစပ် အဟောင်းသားနှင့် သူ့မိန်းမကို ကြည့်လိုက်သည်။ သူမသည် သူ့ထက် အင်္ဂလိပ်စကားကို ပိုတတ်ကျွမ်း၍ ဖုန်းလာလျှင် သူမပဲ ကိုင်သည်။

"ချာလီနဲ့ စကားပြောချင်လို့ပါရှင်" မိန်းကလေးတစ်ယောက် ၏ အသံ ထုံထုံအအဖြစ်သည်။

"ဘယ်ကို ဆက်နေတာလဲ။ ဟင့်အင်း မဟုတ်ဘူး။ ဖုန်းမှား နေတယ်"

ဖုန်းကို နေရာတကျပြန်ထားလိုက်သည်။ သူမ၏ လက် တစ်ဖက်နှင့် သူမ၏ အိုမင်းနွမ်းလျနေသောနှလုံးကို ဖိထားလိုက်သည်။

"ကျွန်မ လန့်သွားတာပဲ"

သူသည် လျှင်မြန်စွာပြုံးလိုက်ပြီး စကားကို ဆက်ပြောသည်။ မနက်ရောက်သည်နှင့် သားကိုသွားခေါ်မည်။ ဓားများကို အံဆွဲထဲထည့် သော့ခတ်ရမည်။ သူ၏ အဆိုးဆုံးအခြေအနေမျိုး၌ပင် သူသည် မည်သူ့ ကိုမှ အန္တရာယ်မပြုတတ်ပေ။

ဒုတိယအကြိမ် ဖုန်းမြည်သည်။ ချာလီနှင့် စကားပြောချင်သူ ဖြစ်နေပြန်သည်။

"မင်းဖုန်းမှားနေတယ်ကွဲ့။ မင်းဟာ သုညနံပါတ်ကိုမလှည့်ဘဲ 'အို'အက္ခရာကို လှည့်နေလို့ ဖြစ်ရမယ်"

ပွဲလမ်းသဘင်လို မမျှော်လင့်ဘဲ ပျော်ရွှင်စရာ ကောင်းသွား သော သန်းခေါင်ကျော်လက်ဖက်ရည်ကို သူတို့လင်မယားထိုင်သောက် ကြသည်။ သူသည် ဆူဆူညံညံ စုပ်သောက်သည်။ သူ၏မျက်နှာသည် နီမြန်းနေသည်။ မကြာခဏဆိုသလို သကြားအရည်ပျော်စေရန် ဖန်ခွက် ကို လှုပ်ပေးသည်။ သူ၏ခေါင်းတုံးပေါ်ရှိ မွေးရာပါအမှတ်ကြီးရှိသည့်



www.burmeseclassic.com

www.burmeseclassic.com


နေရာတွင် သွေးကြောကြီးတစ်ချောင်းသည် သိသိသာသာ ဖောင်းကြွနေသည်။ မနက်က မုတ်ဆိတ်ရိတ်ထားသော်လည်း မေးစေ့တွင် အမွေးအမှင်တို့ ထိုးထိုးထောင်ထောင် ထွက်စပြုနေပြီ။ လက်ဖက်ရည် နောက်တစ်ခွက် ငှဲ့ပေးစဉ် သူသည် မျက်မှန်ကောက်တပ်ပြီး အရောင်လက်နေသော အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် ပုလင်းများကို သူကြည်နူးစွာနှင့် ထပ်မံကြည့်ရှုနေသည်။ သူ၏နှုတ်ခမ်းစိုစိုနှင့် ထိုပုလင်းများပေါ်ရှိ စာတန်းများကို ကိုးရိုးကားရားလိုက်ဖတ် ကြည့်နေသည်။ ဆီးယို၊ သပျစ်ယို၊ ဘိ(ချ)ဆီးယို၊ ဥသျှစ်ယို. . . ။ သူသည် တောပန်းသီးယို ဖတ်နေစဉ်တွင် တယ်လီဖုန်း မြည်ပြန်သည်။

**ရုရှားပြည်ပြေး၊အမေရိကန်နိုင်ငံသား Vladimir Nabokov ၏**
**"Signs and Symbols"**
**'Nabokov's Dozen' (၁၉၄၈)**

**ဇေယျာလင်း**

■


www.burmeseclassic.com

www.burmeseclassic.com

# အဘိုးအိုနှင့်မြေနေရာ

မောင်ညီညွတ်

www.burmeseclassic.com

www.burmeseclassic.com


'နာဂ္ဂိမားဖု' ကို ၁၉၁၁ ခုနှစ်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ မွေးဖွားခဲ့သည်။ ၁၉၂၈ ခုနှစ် အလယ်တန်းကျောင်းသားဘဝကတည်းက စာစရေးခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် James Becky ၏ Ancient Egypt ကို ဘာသာပြန်ဆိုခဲ့၏။ သူ၏ ပထမဆုံး ဝတ္ထုကို The Price Of Weakness ကို ၁၉၃၄ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့၏။ ထိုနှစ်မှာပင် B.A ဘွဲ့ကို Philosophy ဖြင့် ရရှိ၏။ ၁၉၅၄ ခုနှစ်တွင် အိမ်ထောင်ကျပြီး သမီးနှစ်ယောက် ရရှိခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ယဉ်ကျေးမှု ဝန်ကြီးဌာန အတိုင်ပင်ခံအရာရှိ ဖြစ်လာခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် အလုပ်မှ အငြိမ်းစားယူခဲ့သည်။ လုံးချင်းဝတ္ထုပေါင်း ၃၈ အုပ်၊ ဝတ္ထုတိုပေါင်းချုပ်စာအုပ် ၁၂ အုပ် ထုတ်ဝေခဲ့သည်။ ပြဇာတ်များလည်း ရေးသားခဲ့၏။ သူ့နိုင်ငံအစိုးရဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ပေးသောဆုများ အကြိမ်ကြိမ် ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ဆွီဒင်အကယ်ဒမီအဖွဲ့မှ ချီးမြှင့်သော ကမ္ဘာ့စာပေဆုကို ရရှိခဲ့၏။

**ဘာသာပြန်သူ**


www.burmeseclassic.com

www.burmeseclassic.com


နိုင်းလ်မြစ်ကမ်းဘေးတစ်လျှောက် ဂါဘာလာယာလမ်းပေါ်မှာ နေ့စဉ်လမ်းလျှောက်နေကျအတိုင်း ကျွန်တော် လမ်းလျှောက်နေတာ ထူးဆန်းတဲ့ အမြင်တစ်ခုက ကျွန်တော့်အာရုံကို ဆွဲယူလိုက်ပါတယ်။ နွေဦးစောစောပိုင်း နေ့တစ်နေ့ တစ်မနက်ခင်း ၇ နာရီအချိန် ဖြစ်ပါတယ်။ လမ်းပေါ်မှာ လူသူမရှိသလောက်ပါပဲ။ မြစ်ကမ်းရဲ့ အောက်ခြေနားမှာ လူတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကို တွေ့ရတယ်။

အဲဒီလူဟာ အသက် ၈၀ နီးပါး ရှိပုံပါပဲ။ အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်း၊ ဆံပင်ဖြူ ခပ်ပါးပါး၊ ရှုံ့တွတွ သွင်ပြင်နဲ့ မွဲပြာပြာ အရောင်ပိတ်အင်္ကျီ အရှည်ပွပွကြီး ဝတ်ဆင်ထားတယ်။ မိန်းမကြီးကတော့ ၆၀ ကျော်လို့ထင်ရတယ်။ မိန်းမသားတစ်ယောက်ရဲ့ သွင်ပြင်လက္ခဏာတွေ အားလုံးမရှိတော့ဘဲ အသားအရေခြောက်ခန်းပြီး ရင့်ရော်ကြမ်းတမ်းလို့ နေပါတယ်။

သူတို့နှစ်ယောက်သားရဲ့ကြား မြေပြင်ပေါ်မှာတော့ ခေါက်လျက်သား ရွက်ဖျင်တဲကလေး လဲကျနေပြီး ထမင်းအိုး ဟင်းအိုးတွေ လက်ဖက်ရည်အိုးတွေနဲ့ မီးဖိုတစ်လုံးဟာ ပြန့်ကျဲလို့ နေလေတယ်။

သူတို့ဟာ ဇရာအရွယ်ရဲ့ အထီးကျန်မှုကို အပျင်းပြေကုန်လွန်စေဖို့ နိုင်းလ်မြစ်ကမ်းဘေးမှာ တစ်နေ့တာ လာရောက် အပန်းဖြေကြ


www.burmeseclassic.com

www.burmeseclassic.com


တာပဲလို့ ကျွန်တော် ထင်မြင်လိုက်မိပါတယ်။ မြစ်ကမ်းက ကျောက်တုံးတွေ ထူထပ်ပေါများတာ၊ အမှိုက်သရိုက်တွေ မြေပြင်ပေါ် ကျဲပြန့်နေတာတွေဟာ သူတို့ရဲ့စိတ်ချမ်းသာမှုအတွက် ကျွန်တော့်ကို အကောင်းမြင်မဖြစ်စေပါ။

နောက်တစ်နေ့မှာ သူတို့ စုံတွဲကို အဲဒီနေရာမှာပဲ တွေ့ရတော့ ကျွန်တော် အံ့သြရပြန်ပါတယ်။

ကျောက်တုံးတွေကိုရွှေ့ပြောင်းနေတာ၊ကမ်းကျယ်တစ်လျှောက် အမှိုက်သရိုက်တွေ လှည်းကျင်းနေတာ စတဲ့အလုပ်တွေ စိတ်ပါလက်ပါ လုပ်နေကြတာ မြင်ရတော့ ပိုပြီး အံ့အားသင့်ရပါတယ်။

"သူတို့ ဘာဖြစ်ခဲ့ကြလို့လဲ၊ အဲဒီမှာ အကြာကြီးနေဖို့ သူတို့ စီစဉ်နေကြတာလား"

ခြေလှမ်းကို ဖြည်းဖြည်းလေး လျှောက်ရင်း ကျွန်တော် တွေးတောနေမိတယ်။

သူတို့ကျွန်တော့်ကို သတိပြုမိသွားပြီး၊ သံသယရှိရှိနဲ့ ကျွန်တော့်ကို ကြည့်ကြတယ်။ ဘာအနှောင့်အယှက် တစ်ခုမှမဖြစ်အောင် အမြန်ဆုံး ရှောင်ကြဉ်ဖို့လိုအပ်ကြောင်း ကျွန်တော် တွေ့မြင်လိုက်ပါတယ်။

ကျွန်တော့် အာရုံစူးစိုက်မှုကို သူတို့ သံသယ ဝင်သွားလေသလား။

မြစ်ကမ်းမှာတာဝန်ရှိတဲ့ အရာရှိတစ်ဦးအနေနဲ့ သူတို့ကို ကြည့်နေတာလို့ သူတို့ ထင်မှတ်သွားလေသလား။

ကျွန်တော် သူတို့ကို သနားကရုဏာ သက်သွားပါတယ်။ အာလာက သူတို့ကို စောင်မပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

တတိယနေ့ မနက်ခင်းမှာ အဲဒီက မြေကြီးကို ထွန်ယက်ထားတာတွေ့ရတယ်။ မြေပြင်ဟာ ဆက်တိုက်ဖြစ်နေတဲ့ ရှည်မျှောမျှော ရေပြင် ချိုင့်ဝှမ်းလေးတွေ ဖြစ်နေတာလည်း တွေ့ရတယ်။

မြစ်ကမ်းနဖူးရဲ့ အဖျားမှာ ပျိုးပင်လေးတွေ စိုက်ထားပေါ်


www.burmeseclassic.com

www.burmeseclassic.com


တယ်။ မလှမ်းမကမ်းမှာ သူတို့လင်မယား လက်ဖက်ရည် သောက်နေကြတယ်။ ကျွန်တော် လာနေတာမြင်တော့ သူတို့လက်ဖက်ရည်ငုံ့သောက်နေတဲ့ ခေါင်းတွေ မော့လာကြပြီး မနေ့ကထက်ပိုပြီး စိုးရိမ်သောကကြီးစွာနဲ့ ကျွန်တော့်ကို ကြည့်ကြပါတယ်။ ကျွန်တော် သနားသွားပြီး မြန်မြန်လျှောက်လိုက်တယ်။ ဘယ်လို မျက်လုံးမျိုးတွေနဲ့မှ မဆုံချင်ဘဲ ရှောင်ပြီး လျှောက်လိုက်တယ်။ သူတို့ ပြောင်းရွှေ့နေထိုင်တဲ့နေရာသစ်မှာ သူတို့ရဲ့ စိုးရိမ်ထိတ်လန့်မှု ထပ်ချပ်မကွာ လိုက်လံလို့ နေပါရောလား။ ထိုအဖြစ်သနစ်မှာ ကျွန်တော်ဟာ ဒုက္ခပေးမည့်သူတစ်ယောက် မဟုတ်သော်လည်း အကျိုးအကြောင်းကို ဆင်ခြင်စဉ်းစားနိုင်ပါတယ်။

မနက်တိုင်း လမ်းလျှောက်တဲ့အပေါ်မှာ သူတို့ ကျွန်တော့်ကို သံသယဝင်တယ်။ ကျွန်တော် လမ်းလျှောက်တာဟာ သူတို့ကို ထောက်လှမ်းဖို့ကိစ္စအတွက်ပဲလို့ ထင်ကြတယ်။

မနက်တိုင်း သူတို့ကို ကျွန်တော် ဒုက္ခပေးတဲ့ စိတ်လက် မအီမသာဖြစ်မှုကို ကျွန်တော် ဘယ်လိုတတ်နိုင်မှာလဲ။

ကျွန်တော့်လမ်းကြောင်းကို မစွန့်ပယ်နိုင်ပါ။ သူတို့ကို ဂရုမထားဘဲ နေချင်နေ။ ဒါမှမဟုတ် ကျွန်တော်ဟာ သူတို့ကို ဒုက္ခပေးမယ့်သူ မဟုတ်ကြောင်း ယုံကြည်အောင်လုပ်ဖို့ပဲ ရှိတော့တယ်။

ရက်များစွာ ကြာပြီးနောက်မှာ ရွက်ဖျင်တဲလေး ခံ့ညားစွာတည်ရှိနေတဲ့နေရာမှာ ရေတွေလွှမ်းနေတဲ့ စိုက်ခင်းငယ် ဥယျာဉ်ကလေးတစ်ခုကို ကျွန်တော် လှမ်းတွေ့ရတယ်။ တစ်နေ့တခြား အဲဒီမြေကလေးဟာ ဘဝသစ်တစ်ခုကို မွေးဖွားဖို့ ပြောင်းလဲလို့ လာနေကပါတော့တယ်။ ဝင်းလက်တဲ့ ကြည်နူးမှုကို ပြသရင်း စိမ်းလန်းတဲ့ အဖူးအညှောက်တွေဟာ ငြိမ်သက်တဲ့ ငှက်တေးသံကို ထွက်ပေါ်လာနေလေတယ်။

သက်ကြီးရွယ်အို နှစ်ဦးဟာ မြစ်ကမ်းတစ်လျှောက် သူတို့ရဲ့ ထွန်ယက်စိုက်ပျိုးမှုတွေ တိုးချဲ့လုပ်ကိုင်နိုင်ပြီး ရှုမြင်မကောင်းတာတွေ လျော့နည်းသွားပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ရဲ့ စိတ်ချမ်းသာမှုကို နှောင့်ယှက်နေတာက သူတို့ရဲ့ စိုးရိမ်မကင်းဖြစ်နေမှုပဲ ဖြစ်ပါတယ်။

တစ်နေ့တော့ လက်ပြနှုတ်ဆက်ပြီး ပြုံးပြဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ကျွန်တော့် ဆုံးဖြတ်ချက်ကို ခက်ခက်ခဲခဲနဲ့လုပ် လိုက်တဲ့အခါမှာ အဘိုးကြီးက ကျွန်တော့်ကို လက်ပြန်ဝှေ့ယမ်းပြပါ တယ်။ ဒါနဲ့ ကျွန်တော်လည်း သူနဲ့ မျက်နှာချင်းဆိုင် ရပ်နိုင်တဲ့အထိ မြစ်ကမ်းပေါ် တက်လိုက်ပါတယ်။

"လူကြီးမင်း ခင်ဗျားအရာရှိလား"

သူကမေးတယ်။ ဟုတ်ပါကြောင်း ကျွန်တော် ဖြေလိုက်တယ်။ ဘယ်ဌာနနဲ့မှ မသက်ဆိုင်တော့ကြောင်း ကျွန်တော် သေသေချာချာ ပြောပြတယ်။

သူက နားလည်ရခက်ခက်နဲ့ ငြိမ်သက်သွားတယ်။

ကျွန်တော်ကရယ်မောပြီး"ဘာဖြစ်လို့ ကျွန်တော့်ကို သံသယ နဲ့ အဘက ကြည့်ရတာလဲခင်ဗျာ"

"ကျုပ်က ပင်စင်စားကြီးပါ၊ အလုပ်သမားတစ်ယောက်ပါဗျာ၊ လဲပြိုကျသွားနိုင်တဲ့ ကျွန်တော်တို့အိမ်ကနေ သက်ဆိုင်ရာက နှင်ပစ်ခဲ့ကြ တယ်၊ သချိုင်းဂူတွေကြားနေမယ့်အစား မြစ်ကမ်းမှာနေဖို့ပဲ ကျုပ် စိတ် ရှိတယ်"

သူက ကျွန်တော့်ကို ရင်ဖွင့်ပြပါတယ်။

"အကြံကောင်းပဲ"

"ပင်စင်လစာက နည်းပါတယ်၊ တစ်ခုခု စိုက်ပျိုးဖို့ ကျွန်တော် စဉ်းစားခဲ့တယ်၊ စားဖို့ပါ၊ ရောင်းဖို့ မဟုတ်ပါဘူး။ ပရိဘောဂ အဟောင်း တွေရောင်းပစ်ခဲ့ပြီး လိုအပ်တဲ့ရွက်ဖျင်တဲရယ် ပျိုးပင်တွေရယ် ဝယ်ခဲ့တယ်"

"အဘ အတွေးကောင်းခဲ့တာပဲ"

သူက ခဏလောက် တုံ့ဆိုင်းနေပြီးတော့မှ "အဲဒါ ဘယ်သူ့ ကိုမှ အနှောင့်အယှက်မဖြစ်ဘူးလို့ ကျုပ်ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


“ညစ်ပတ်နေတဲ့ မြစ်ကမ်းခြေ ဒီနေရာကို အဘက အလှဆင်လိုက်တာပါပဲ”

“ဒါပေမဲ့ တစ်ခုခု ဖြစ်လာမှာတော့ ကြောက်တယ်”

“ဒီကိစ္စတွေနဲ့ ပတ်သက်လို့ ကျွန်တော် တကယ် ဘာမှမသိပါဘူးခင်ဗျာ”

ကျွန်တော် မှန်မှန်ကန်ကန် ပြောလိုက်ပါတယ်။ သူ့ကို စိတ်ချမ်းသာစေချင်ပါတယ်။ သူ့ကို လက်ဆွဲနှုတ်ဆက်ပြီး ကျွန်တော်လည်း လမ်းလျှောက် ထွက်သွားတော့တယ်။

နွေရာသီရောက်တော့ နှစ်စဉ်ယူနေကျ ခွင့်ရက်ရှည်ကို ကျွန်တော် ယူပါတယ်။ တစ်လ၊ တစ်လခွဲလောက်နေပြီးမှ နွေရာသီ အပန်းဖြေစခန်းက ပြန်လာပြီး ကျွန်တော့်ရဲ့သာမန်ဘဝမှာ ဆက်လက်နေထိုင်ပါတယ်။ နံနက်ခင်း လမ်းလျှောက်နေကျကိုလည်း ဆက်လုပ်ပါတယ်။ ဂါဘာလာရာလမ်းကိုရောက်တော့ အဘိုးအိုနဲ့ အဘွားအိုကို ဦးဆုံးသတိရမိတယ်။ သူတို့ ဘာဖြစ်နေကြသလဲဆိုတဲ့ သိချင်ဇောနဲ့ ခပ်သွက်သွက် အဲဒီနေရာကို လျှောက်သွားတယ်။ သူတို့ကိုရော ဥယျာဉ်စိုက်ခင်းကလေးကိုပါ ဘာအစအနမှ ကျွန်တော် မတွေ့ရ။

မြစ်ကမ်းခြေဟာ မြင်မကောင်း ရှုမကောင်း အလဟဿမြေအဖြစ် ပြောင်းလဲလို့နေခဲ့ပါပြီ။ အဘိုးအိုရဲ့ စိုးရိမ်ကြောက်လန့်မှု တကယ်ဖြစ်ခဲ့ပြီဆိုတာ ရှင်းလင်းပြနေစရာ မလိုတော့ပါ။ သူတို့နှစ်ယောက် ဘာဖြစ်သွားကြပြီဆိုတဲ့ သိချင်စိတ်နဲ့ ကျွန်တော့်ရင်ထဲ ဝမ်းနည်းကြေကွဲသွားတယ်။ မလှမ်းမကမ်းမှာ ကျွန်တော်နဲ့ ရင်းနှီးနေတဲ့ လမ်းပြရဲသားတစ်ဦးကိုမြင်တွေ့လို့ သူ့ဆီကို ကျွန်တော် လျှောက်သွားတယ်။ နှစ်များစွာကြာ ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး နှုတ်ဆက်နေကျအတိုင်း နှုတ်ဆက်လိုက်ကြပြီးမှ ကျွန်တော်က သူ့ကို မေးလိုက်တယ်။

“လူကြီးတစ်ယောက်နဲ့ မိန်းမကြီးတစ်ယောက် အဲဒီမှာ ရှိခဲ့တာ..’


www.burmeseclassic.com

www.burmeseclassic.com


သူက ရယ်တယ်။

“အဲဒီ အခြေအနေက မတည်မြဲဘူးဗျ၊ အာလာ အရှင်မြတ်ကို ရှိခိုးလို့လည်းမရဘူးလေ၊ တစ်နေ့ ရဲသားတစ်ယောက် စစ်ဆေးဖို့ ရောက်လာတယ်၊ တိုင်တန်းချက်ကိုဖြေဆိုဖို့ အဘိုးကြီးကို ရဲစခန်း ခေါ်သွားတယ်”

စိုးရိမ်သောကများနဲ့ ကျွန်တော် ငြိမ်ပြီး အတွေးထဲ မြုပ်နေတယ်။

“နိုင်ငံပိုင်မြေဆိုတာ လူတကာအတွက်မှ မဟုတ်တာဗျ၊ အလုပ်သမားတွေလာပြီး မမှည့်သေးတဲ့ အပင်တွေကို နှုတ်ပစ်တယ်၊ အဲဒီနောက်တော့ အဘိုးကြီး ဘာဖြစ်တယ်ဆိုတာ ကျွန်တော် မသိဘူး”

အာဒံနဲ့ ဧဝအတွက်ရော၊ သူတို့ရဲ့ ဥယျာဉ်ကလေးအတွက်ပါ စိတ်မကောင်းဖြစ်ပြီး၊ ကျွန်တော့်ရင်ထဲ နင့်သွားပါတယ်။

သူတို့ဟာ အာရုံထဲမှာ အချိန်အတော်ကြာ ကျွန်တော်နဲ့ အတူရှိနေပြီး နေ့စဉ်ဘဝရဲ့ ပင်လယ်ကြီးထဲ နစ်မြုပ်ပျော်ဝင်သွားလေတော့တယ်။

နှစ်ပေါင်း နှစ်ဆယ်ကျော်ကြာပြီး ယနေ့မှာလည်း တစ်ခါတစ်ရံ အဲဒီနေရာကို ဖြတ်သွားတိုင်း ကျွန်တော် သတိရမိတယ်။


ဘုရားသခင်ရဲ့ စုံစမ်းတွေ့ရှိချက်အရ ဖျက်ဆီးခံလိုက်ရလေသလား။ မသိတဲ့ စိမ်းလန်းစိုပြည်တဲ့ ဥယျာဉ်စိုက်ခင်းလေးရယ်၊ အဘိုးအိုနဲ့ အဘွားအိုရယ်ကို ကျွန်တော် သတိရမိပါတယ်။

**မောင်ညီညွတ်**

■

www.burmeseclassic.com

www.burmeseclassic.com



# နောက်ဆုံးအချိန်

ညီသစ်

www.burmeseclassic.com

www.burmeseclassic.com


## (၁) အိပ်ပျော်ခြင်း

စကြဝဠာတစ်နံတစ်လျားရဲ့အလယ်မှာညီညာဖြောင့်တန်းစွာနဲ့ပဲ နိုးထရယ်မောမှု၊ ပျော်ရွှင်မှု၊ သရော်မှုတွေ လေ့ကျင့်ယူကြ။ ရောမနဲ့ ဘောဘီလွန်ရဲ့ ခေါင်းညိတ်စကား၊ စေ့နေတဲ့ သွားများ၊ သတိရမှု၊ မီးတောင်နဲ့တူတဲ့ နွေးထွေးမှု အများအပြား၊ ပါရီကလမ်းတွေ၊ ဂျာရီချို ကွင်းပြင်တွေ၊ စိတ်ကူးယဉ်ထဲက တွားသွားသတ္တဝါတွေလို ဖြည်းဖြည်း ချင်းလျှောဆင်း၊ ရေဆေးပန်းချီကား ပြတိုက်တစ်ခု၊ ပင်လယ်နဲ့မျက်လုံး ပါတဲ့ ငါးတွေ၊ တူရိယာဝိုင်း၊ အီဖယ်မျှော်စင်ထောင့်က စားပွဲတစ်လုံး၊ ပြဇာတ်ရုံထဲက ဂျပ်ဇ်ဂီတ၊ နှိုးစက်ပါတဲ့ နာရီရဲ့ကမ္ဘာပျက်မယ့်နေ့ရဲ့ ကခုန်မှုတွေ၊ သစ်ပင်တစ်ပင်နဲ့ စကား ပြောလို့ နိုင်းမြစ်၊ ကင်းဆပ်ကို သွားတဲ့ ကယ်ဒီလက် အလုံပိတ်ရထား၊ ဒေ့စ်တွိုင်းယက်စကီရဲ့ ဟိန်း ဟောက်သံ၊ ပြီးတော့ အနက်ရောင် နေမင်းကြီး။

ဟောဒီကမ္ဘာမြေကြီး၊ သက်ရှိလူတစ်ယောက်ရဲ့မျက်နှာ၊ အလေးချိန်မရှိတဲ့ပုံသဏ္ဌာန်၊ နှင်းစက်တွေပေါ်မှာ ငိုကြွေး၊ အဖြူရောင် ဂီတ၊ စကြဝဠာထက် နှစ်ဆကြီးတဲ့ ပုံကြီးချဲ့ထားတဲ့ ပန်းတစ်ပွင့်၊ အနက် ရောင်မိုးတိမ်တွေ၊ လှောင်အိမ်ထဲက ကျားသစ်ခမျာ ဝေးကြောင်ကြောင်


www.burmeseclassic.com

www.burmeseclassic.com


ကြည့်လို့ အနိစ္စမရှိတဲ့ အာကာသ၊ မစ္စတာအီးလီးယော့ကတော အကျီ လက်ကိုခေါက်ပြီး ပေါင်မုန့်ဖုတ်လို့ ဖလော်ဘက်နဲ့ ဂီဒီမိုပါဆွန်း၊ ရှေးကျတဲ့ အဓိပ္ပာယ်တွေရဲ့ စကားလုံးမဲ့ကာရန်၊ ဖင်လနီဒီယာ၊ သချ်ာပညာရပ်ဟာအဆင့်မြင့်မြင့် တိုးတက်ထွန်းတောက်လာပြီး စားဖို့ပြင်နေတဲ့ အစိမ်းရောင်ကြက်သွန်တစ်ဥလို ပြောင်လက်နေလေရဲ့။ ဂျေရုဆလင်၊ အများနဲ့ ဆန့်ကျင်ဘက်ကို သွားရာလမ်း။

ယောက်ျားတစ်ယောက်ရဲ့ ဩဇာအပြည့်ပါတဲ့တေး၊ မမြင်ရတဲ့ တစ်စုံတစ်ယောက် တီးတိုးပြောသံ၊ ဒါပေမဲ့ ဝေဝေဝါးဝါးတော့ သိနိုင်ရဲ့။ ပြောင်းခင်းထဲက ဟာရီကိန်းမုန်တိုင်း၊ စစ်တုရင် -ပိုင်ပွဲတစ်ခု၊ ဘုရင်မကြီးကို မလှုပ်စေနဲ့။ ဘုရင်ကြီး ကားလ်ဖရန့်ဇ်၊ အနက်ရောင်တိုင်တန်နစ်၊ မစ္စတာချက်ပလင် ငိုနေတယ်။ စတာလင်းဟစ်တလာ၊ ဂျူးလူမျိုးအပုံအပင်၊ မနက်ဖြန်ဟာ တနင်္လာနေ့၊ လမ်းတွေထဲမှာ ကပွဲတွေ မရှိဘူး။

အို. . . ဘဝရဲ့ မြန်ဆန်လှတဲ့ အချိန်အပိုင်းအခြား ဒါဟာပြီး သွားခဲ့ပါပြီ။ ကမ္ဘာကြီးဟာ နောက်ထပ်တစ်ဖန် နိုးထပါပြီ။

## (၂) နိုးလာခြင်း

သူ(သက်ရှိ) အဝတ်အစားလဲပြီး မုတ်ဆိတ်ကျင်စွယ်တွေကို ရိတ်လိုက်သည်။ မှန်ထဲက သူ့ပုံသူကြည့်ပြီး -ပံ့နေ၏။ တကယ့်ကို အချိုးမကျတဲ့ပုံပဲဟု သူ့ဘာသာသူပြောလိုက်သည်။ ငါ့လည်စည်း ဘယ်နားမှာပါလိမ့်။ (သူ့မှာ လည်စည်းတစ်ခုတည်းသာ ရှိပါသည်) ကော်ဖီနှင့် အံ့ဆိုင်းဆိုင်းကောင်းကင်။ ပစိဖိတ်သမုဒ္ဒရာ မြူနှင်း၊ ဖြတ်သွားဖြတ်လာကားတွေရဲ့တဝီဝီမြည်သံ၊ -မိုးကြိုးပြကြီးဆီသွားနေတဲ့ လူတွေ။ အချိန်ကျပြန်ပြီ၊ နေ့ခင်း၊ စကားပြေနဲ့ကဗျာ။ သူ လျှောကားထစ်တွေကို မြန်မြန်ဆင်းသွားပြီး လမ်းအတိုင်းလျှောက်သွား၏။

ရုတ်တရက် သူ အတွေးပေါက်သွားသည်။ အိပ်ပျော်နေတော့


www.burmeseclassic.com

www.burmeseclassic.com


မှသာ ငါတို့ကိုယ်ငါတို့ အသက်ရှင်နေသေးပါလားလို့ သိခွင့်ရတာကိုး။ ရှင်လျက်နဲ့ ငါတို့သေကြမှသာ ငါတို့ဟာ ငါတို့ကိုယ်ငါတို့ တွေ့ကြရတယ်။ ကမ္ဘာ-ဂိုဟ်ကြီးကို တွေ့ကြရတယ်။ ဘုရားသခင်နဲ့ သူတော်စင်တွေကို တွေ့ကြရတယ်။ ငါတို့ဖခင်တွေရဲ့ နာမည်တွေကို သိကြရတယ်။ ရှည်ဝေးတဲ့ ကာလများရဲ့အချုပ်သဘော၊ ရာစု နှစ်ပေါင်းများစွာဟာ အဲဒီအချိန်ကာလနဲ့ ပူးပေါင်းသွားကြပေါ့။ အကြီးကြီးတွေဟာ အသေးလေးဖြစ်၊ အမတရဲ့အကောင်အထည်ရှိတဲ့ အက်တမ်တွေ။

သူသည် သွက်လက်ဖျက်လတ်စွာနှင့် လမ်းလျှောက်နေ၏။ သူ့ဖိနပ်သံမှာ တခွပ်ခွပ်နှင့် စည်းချက်ကျလှသည်။ စစ်မှန်သော အသေးအဖွဲ အမှန်တရား၊ လမ်းများနှင့် အဆောက်အအုံများ၏ အပေါ်ယံ အမှန်တရားများကို သူ့မျက်လုံးများနှင့် မြင်နေရသည်။ ခိုကိုးရာမဲ့စွာနှင့် သူ့စိတ်ထဲမှာ သီချင်းဆိုမိသည်။ သူဟာ လေထဲမှာ ပေါ့ပါးသွက်လက်စွာ ဝဲပျံကာ သတ္တိရှိတဲ့ ကောင်းကင်ဘားတန်းစီး လူငယ်လေးတစ်ဦးပါ။ ပြီးတော့ သူ အစွမ်းကုန် ရယ်မောလိုက်သည်။ ဟောဒီ မနက်ခင်းကတော့ တကယ့်ကို အသာယာဆုံး အလှပဆုံး မနက်ခင်းလေးတစ်ခုပါပဲ။ မှုန်မှိုင်း၊ အေးစက်၊ ပျော်ရွှင်မှုမဲ့၊ အတွင်းအားအတွက် နံနက်ခင်းတစ်ခု။ ဩော်. . . အက်ဒွဂါဂက်စ် တောင်းတနေတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ သူက ပြောလိုက်သည်။

ရေမြောင်းထဲမှာ ဒင်္ဂါးပြားတစ်ပြားကို သူတွေ့၏။ ၁၉၂၃ က ထုတ်သော ပိုက်ဆံဖြစ်ကြောင်း ထိုဒင်္ဂါးပြားက သက်သေပြနေသည်။ သူ ဒင်္ဂါးပြားကို သူ့လက်ဖဝါးထဲထည့်ပြီး အနီးကပ်ကြည့်လိုက်သည်။ ဒင်္ဂါးပြားပေါ်က ခုနှစ်ကို သူ မှတ်မိနေသည်။ ဒင်္ဂါးပြားပေါ်မှာ ပုံနှိပ်ထားသော လင်ကွန်း၏ဘေးတစောင်းပုံကို သူတွေးနေမိသည်။ လူတစ်ယောက်အတွက် ဒီငွေကလေး တစ်ပြားတစ်ချပ်က ဘာမှလုပ်လို့ရမည် မဟုတ်။ ငါ မော်တော်ကားတစ်စီး ဝယ်မယ်။ လူပေါ်ကြော့တွေဝတ်တဲ့ ဖက်ရှင်မျိုး ငါဝတ်ရမယ်။ ပြီးတော့ ဆောင် ကြာ-မိင်တွေကိုသွား၊ အရှေ့


www.burmeseclassic.com

www.burmeseclassic.com


သောက်၊ ညစာစား၊ ပြီးတော့ အေးအေးဆေးဆေးပြန်လာ။ ဒါမှမဟုတ် ပေါင်ချိန်စက်ထဲကို ဒီဒဂရီးစေ့ထည့်ပြီး ငါ့ကိုယ်ကိုပေါင်ချိန်ရမယ်ဟု သူ တွေးနေသည်။

ဆင်းရဲမွဲတေနေဖို့ပဲ ကောင်းတော့တယ်။ ပြီးတော့ ကွန်မြူနစ်တွေ၊ ဒါပေမဲ့ ဗိုက်ဟောင်းလောင်း နေရမယ်ဆိုလျှင်လည်း မတွေးဝံ့စရာ။ သူတို့မှာ ဘာကြောင့်များ တင်းတိမ်ရောင့်ရဲ့စိတ်တွေ ရှိနေရတာလဲ။ သူတို့အစာကို ဘယ်လိုများရှာကြပါလိမ့်။ အစာအိမ်ဟောင်းလောင်းနဲ့ ဗိုက်ထွေးသူ အစားအသောက်ကို အရူးအမူး လိုအပ်ခဲ့တာတွေကို သတိရလာသည်။ အစားအသောက် ဆိုတာကလည်း ပေါင်မုန့်ရယ်၊ ကော်ဖီရယ်၊ ပြီးတော့ စီးကရက်ရယ်ပါပဲ။

အခုတော့ သူ့မှာ ပေါင်မုန့်တောင် မရှိတော့ဘူး။ ပေါင်မုန့်မပါဘဲ ကော်ဖီကိုညစာအဖြစ်သောက်ဖို့ ဆိုတာကလည်း ကြာတော့ ခံနိုင်မှာမဟုတ်။ ပန်းခြံထဲမှာကလည်း ဟင်းသီးဟင်းရွက် ကြော်စားစရာ စားပင်သီးပင်လေးတောင် မရှိ။

အမှန်အတိုင်းဆိုရလျှင် သူ့ဗိုက်တစ်ခြမ်းမှာ ဟောင်းလောင်းဖြစ်နေပြီ။ သူ မသေခင်ဖတ်သင့်ဖတ်ထိုက်သည့် အဆုံးမပါသည့် စာအုပ်တွေကတော့ ရှိနေသေးသည်။ ဘရွတ်ကလင်ဆေးရုံမှာ တက်နေသည့် အီတာလျံလူမမာ စာရေးကလေး မော်လီကာ မျှော်လင့်ချက်မဲ့စွာ ပြောခဲ့သည့်စကားများကို သူ သတိရလာသည်။ ကျွန်တော် မသေခင်ကလေးမှာ ကယ်လီဖိုးနီးယားကိုတော့ တစ်ခေါက်လောက် ကြည့်လိုက်ချင်သေးတယ်တဲ့။ သူ စိတ်ပါလက်ပါတွေးနေမိသည်။ ငါ အနည်းဆုံး ဟဲမလက်ကို နောက်တစ်ခါထပ် ဖတ်လိုက်ရမလား။ ဒါမှမဟုတ် ဟက်က်လ်ဘယ်ရီဖင်းန်ကိုပဲ ဖတ်လိုက်ရမလား။

နောက်တော့ သေမယ့်အကြောင်းတွေးနေရာမှ ရုန်းထွက်လိုက်သည်။ သူ့အတွေးထဲက နိုးထလာသည်။ အခုတော့လည်း သူ့အတွေးထဲမှ နိုးလာခြင်းသည် ကြောက်ရွံ့စိတ်များကို ဖေးမထားသည့် သဘာဝ၏အခြေအနေတစ်ရပ် ဖြစ်နေလေသည်။ လူငယ်တစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com


ဟာလည်း လူမသိသူမသိ သေသွားနိုင်တာပဲဟု သူ တွေးမိသည်။ အခု သူသည် ငတ်မွတ်ခေါင်းပါးမှုတွင်းဝထဲ ကျလုဆဲဆဲပင် ဖြစ်နေသည် မဟုတ်ပါလား။ ရေနှင့် စကားပြောသည် ရုပ်နာမ်မရှိသော ဟင်းလင်းပြင်ကြီးကို အမြောက်အမြား ဖြည့်ဆည်းပေးသောကြောင့် ကောင်းမြတ်သည်ဟုဆိုသာသော်လည်း အားလုံးကိုမူ ပြည့်ပြည့်စုံစုံ မဖြည့်ဆည်းနိုင်ပေ။

ဟိုဟိုဒီဒီ ကူးသန်းရောင်းဝယ်ရမည့် စီးပွားရေးအလုပ်ရှိမယ်ဆိုလျှင်တော့ ငွေကလေး ဘာကလေးရအောင် သူ လုပ်လိုက်ချင်သေးသည်။ တကယ်လို့ လုပ်ငန်းရှင်တွေက သူ့ကို စားပွဲတစ်လုံးမှာ ထိုင်ခိုင်းပြီး ကုန်ဈေးနှုန်း ဂဏန်းတွေကို ပေါင်း နုတ် မြှောက် စား လုပ်ခိုင်းဖို့ အလုပ်ပေးမည်ဆိုလျှင်တော့ သူ့မှာသေချင်စိတ် ရှိချင်မှရှိပေမည်။ ထိုအလုပ်ရမည်ဆိုပါက သူ အစားအသောက်တွေကို ဝယ်ရမည်။ နော်ဝေ၊ အီတလီ၊ ပြင်သစ် အစရှိသော နိုင်ငံပေါင်းစုံမှ အမဲသား၊ သိုးသား၊ ငါး၊ ဒိန်ခဲ၊ စပျစ်သီး၊ သဖန်းသီး၊ သစ်တော် သီး၊ ပန်းသီး၊ ဖရဲသီး အစရှိသော အရသာမတူသည့် စားသောက်ဖွယ်ရာတွေကို ဝယ်မည်။ စားလို့ ဝပြီဆိုတော့မှ ထိုစားသောက်ဖွယ်ရာတွေကို ကိုးကွယ်ထားရမည်။ စပျစ်သီးခိုင်ကိုတော့ သဖန်းသီး နက်နက်နှစ်လုံး၊ ကြီးမားသော အဝါရောင် သစ်တော်သီးတစ်လုံး၊ ပန်းသီးစိမ်းစိမ်းတစ်လုံး ထည့်ထားသည့် ပန်းကန်ထဲတွင် ဘေးနားမှာ ထားချင်သည်။ ဖရဲသီးစိတ်ကိုတော့ သူ့နှာခေါင်းပေါက်နားမှာကပ်ပြီး အကြာကြီးကိုင်ထားချင်သည်။ အညိုရောင် ပြင်သစ်ပေါင်မုန့်လုံးကြီးတွေကို သူ ဝယ်ချင်သည်။ ဟင်းသီးဟင်းရွက်ပေါင်းစုံ၊ အသားပေါင်းစုံ သူ ဝယ်ချင်သည်။ ဘဝကို ဝယ်ချင်သည်။

တောင်ကုန်း၏ အရှေ့ဘက်မှာ မျှော်စင်များနှင့် ခံ့ခံ့ညားညား မားမားမတ်မတ် ရပ်တည်နေသည့်-မြို့ကို သူ တောင်ပေါ်မှလှမ်းမြင်နေရသည်။ သူသည် ရုတ်တရက်ဆိုသလိုပင် ထိုအရာအားလုံး၏ စည်းအပြင်ဘက်ကို ရောက်သွားသည်။ -မြို့ထဲသို့ ဝင်ခွင့်ရမှာ မဟုတ်တော့ဘူးဆိုတာ တိကျသေချာသလောက်ပင် ဖြစ်နေလေပြီ။ တစ်နည်း



www.burmeseclassic.com

www.burmeseclassic.com


မဟုတ်တစ်နည်း၊ အမှောက်မှောက်အမှားမှား ဖြစ်နေသော ကမ္ဘာကြီး ပေါ်မှာ သူ စွန့်စားခဲ့ရပြီဆိုတာကတော့ မြေကြီးလက်ခတ်မလွဲပေ။ ဒါမှ မဟုတ်လျှင်တော့ အမှောက်မှောက်အမှားမှားဖြစ်နေသော ဒီခေတ်ကြီး ထဲမှာ သူ စွန့်စားခဲ့ရပြီ။

အခုတော့ နှစ်ဆယ့်နှစ်နှစ်သားလူငယ်ကလေးတစ်ယောက် ဟောဒီကမ္ဘာကြီးထဲမှ ကြာမြင့်စွာ အထုတ်ပယ်ခံရဖို့ အကြောင်းဖန်လာ ခဲ့ပေပြီ။ အခုလို တွေးမိပေမဲ့ သူ ဝမ်းမနည်းပေ။ မကြာခင် တစ်ချိန်ချိန် မှာ ငါဟာ ရှင်သန်ခွင့်လျှောက်လွှာ တစ်စောင်ရေးရမည်ဟု သူ့ဘာသာသူ ပြောမိသည်။ သူ့ကိုယ်သူ သနားစိတ်မရှိဘဲ၊ လူတစ်ယောက်ကို သနား စိတ်မရှိဘဲနှင့် အနိစ္စရောက်ကြောင်း အတွေးများကို သူ တွေးဖြစ်ခဲ့ သည်။ နောက်ညတွေမှာ သူ ကောင်းကောင်းအိပ်ပျော်တော့မယ်ဆိုတာ ကိုတော့ သူ ယုံကြည်နေသည်။ နောက်တစ်နေ့အတွက် ငှားရမ်းခကို သူပေးပြီးပြီဖြစ်သော်လည်း နောက်ထပ် မနက်ဖြန်တွေက ရှိနေသေး သည်။ အခန်းငှားခ ကုန်သွားပြီဆိုလျှင်တော့ အိုးမဲ့အိမ်မဲ့တို့ သွားရာ လမ်းကို သူ လိုက်ရပေတော့မည်။ ကယ်တင်ခြင်းတပ်ကို သူ သွားလည် ချင်သည်။ ဘုရားသခင်နှင့် ယေရှုခရစ်တော် (ကျွန်တော့်ဝိညာဉ်၏ မချစ်မနှစ်သက်သူ)က စားဖို့၊ အိပ်ဖို့လောက်တော့ ကယ်တင်ပေလိမ့် မည်။ သူ သွားချင်စိတ်မရှိဘူးဆိုတာကိုလည်း သူ့ဘာသာသူ သိနေပြန် သည်။ သူ့ဘဝက တစ်ကိုယ်ရေ တစ်ကာယဘဝ၊ သူ့လက်ရှိအခြေအနေ ကို အခြေပျက်သွားအောင် သူ မလုပ်ချင်။ တခြားသော နည်းလမ်း ကောင်းတစ်ခုကိုသာ သူ ရွေးချယ်လိုက်ချင်သည်။

ကောင်းကင်ဘားတန်းပေါ်မှာ လေဟုန်စီး၍ သူ့စိတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ကောင်းကင်ဘားတန်းနှင့် လေဟုန် စီးရတာ ပျော်စရာကောင်းသည်။ အံ့သြစရာကောင်းလောက်အောင် ပျော်စရာကောင်းသည်။ ဘုရားသခင်ဆီသို့သွားသည့် ကောင်းကင် ဘားတန်း သို့မဟုတ် ဘာမှမရှိရာသို့သွားသည့် ကောင်းကင်ဘားတန်း၊ အဆုံးမဲ့လမ်း တစ်စိတ်တစ်ပိုင်းဆီသို့ ပျံ့ဝဲနေသည့် ကောင်းကင်ဘားတန်း။


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


သူသည်ကောင်းကင်ဘားတန်းကို ချောချောမွေ့မွေ့ စီးနိုင်သည့်အားအင် ရရှိပါစေဟု အရှိကိုအရှိအတိုင်း ဆုမွန်ကောင်းတောင်းမိသည်။

ငါ့မှာ ခြူးတစ်ပြားတော့ ရှိသေးတာပဲဟု သူ ပြောလိုက်သည်။ သူ့အကြွေစေ့မှာ အမေရိကန်သုံး ဒင်္ဂါးတစ်ပြားပင်ဖြစ်သည်။ ညနေခင်းလောက်မှာ ငါ ဒီဒင်္ဂါးစေ့ကို နေတစ်စင်းလို ပြောင်လက်နေအောင် ပွတ်တိုက်လိုက်လျှင် ငါစကားလုံးတွေကို လေ့လာနိုင်မှာပေါ့။

အခု သူ -မိ့ထဲက လူကြားသူကြားထဲမှာ လမ်းသလားနေသည်။ သူ့မှာ သွားစရာ တစ်နေရာနှစ်နေရာတော့ ရှိသည်။ စတိုးဆိုင်ပြတင်းပေါက် မှန်ချပ်များထဲတွင် သူ့ပုံရိပ်ပေါ်နေသည်ကို ကြည့်ပြီး ထိုင်ငိုချင်စိတ်ပင် ပေါက်သွားတော့သည်။ သူ အလူးအလဲ ခံစားနေရတာကို သူ ထိန်းထိန်းသိမ်းသိမ်း နေနိုင်ပုံရလေသည်။ သူ့တစ်ကိုယ်လုံးရှိ အကြောအခြင်များ ကတုန်ကယင်ဖြစ်နေပုံရ လေသည်။ လည်ပင်း၊ ပခုံး၊ လက်မောင်း၊ ကိုယ်လုံး၊ ဒူး အားလုံး ကတုန်ကယင် ဖြစ်နေပုံရလေသည်။ ဒီဝေဒနာမျိုး မနှိပ်စက်ဖူးဘူးဟု သူပြောမိသည်။ ကတုန်ကယင်ဖြစ်နေသော သူ့ခန္ဓာကိုယ်အစိတ်အပိုင်းများကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် သူ အားတင်းလိုက်သောအခါ တင်းတင်းကျပ်ကျပ်ကြီးဖြစ်လာသည်။ ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော တင်းကျပ်မှုမျိုးနှင့် တောင့်တောင့်ခဲခဲကြီးဖြစ်လာသည်။

သူ့စိတ်သူထိန်း၍ များပြားလှသော စားသောက်ဆိုင်များကို ဖြတ်ကျော်လာခဲ့သည်။ ဆိုင်ထဲကို တစ်ချက်ကလေးတောင် လှည့်မကြည့်မိဖို့ အားတင်းခဲ့ရသည်။ နောက်တော့ သူဝင်ရမည့် အဆောက်အအုံရှေ့ကို ရောက်လာခဲ့သည်။ သတ္တုမထပ်သို့ ဓာတ်လှေကားဖြင့်တက်ခဲ့သည်။ အခန်းကျယ်တစ်ခုကို ဖြတ်ကာ တံခါးတစ်ခုကို ဖွင့်လိုက်ပြီး လုပ်ငန်းဆိုင်ရာ ကိုယ်စားလှယ်လုပ်ငန်းရုံး ထဲသို့ သူ လျှောက်သွားသည်။ ထိုရုံးခန်းထဲမှာ လူငယ် နှစ်ဒါဇင်လောက် ရောက်နှင့်နေပြီးဖြစ်သည်။ သူ အင်တာဗျူး အလှည့်ကျရန် စောင့်ဆိုင်းနေရမည့် အခန်းထောင့်က နေရာတစ်နေရာကို သူ တွေ့ရသည်။ နောက်ဆုံးတော့ သူ့အတွက် မဟော့


www.burmeseclassic.com

www.burmeseclassic.com


မဟာ အထူးအခွင့်အရေးကြီးတစ်ခုကို ရရှိလိုက်လေသည်။ အသက်ငါးဆယ်လောက်ရှိမည့် ခပ်ပိန်ပိန်ခပ်တုံးတုံး အမျိုးသမီးကြီးတစ်ယောက် မေးမည့်အလှည့်နှင့် ကံကိုက်လိုက်သည် မဟုတ်ပါလား။

ကဲ. . . ဆိုစမ်းပါဦး။ မင်း ဘာတွေလုပ်နိုင်သလဲဟု သူမက မေးသည်။

သူ မျက်နှာမထားတတ်အောင် ဖြစ်သွားပြီး ကျွန်တော် စာရေးနိုင်ပါတယ်ဟု နှစ်လိုဖွယ်ရာ ပြန်ဖြေလိုက်သည်။

ဒါဆို မင်း စာရေးနိုင် မှတ်နိုင်တာက ကောင်းတယ်လို့ ဆိုလိုတာပေါ့။ ဒါတင်ပဲလားဟု အပျိုကြီးမမက မေးခွန်းထုတ်လိုက်လေသည်။

ဟာ. . . ဟုတ်ပါတယ် ခင်ဗျ။ ဒါပေမဲ့ ကျွန်တော် ပြောတာက စာရေးနိုင်ပါတယ်လို့ပဲ ပြောတာပါ ခင်ဗျဟု သူက ပြန်ဖြေလိုက်သည်။

ဘာရေးနိုင်တာလဲဟု အမျိုးသမီးကြီးက ဒေါသထွက်လုမတတ် ပြောလိုက်လေသည်။

စကားပြေပါဟု သူက ခပ်ရိုးရိုးပြန်ဖြေလိုက်၏။

ခဏလောက်နေပြီးမှ အမျိုးသမီးကြီးက မေးခွန်းထုတ်၏။

လက်နှိပ်စက်ကော ရိုက်တတ်ရဲ့လား။ ရိုက်တတ်ပါတယ် ဟု လူငယ်က ပြန်ဖြေလိုက်၏။

ကောင်းပြီလေ။ ငါတို့ဆီမှာ မင်းရဲ့လိပ်စာ ရှိတယ်။ ပြီးရင် မင်းနဲ့ဆက်သွယ်လိုက်မယ်။ ဒီမနက်ခင်းမှာတော့ လုပ်စရာဆိုလို့ ဘာဆိုဘာမှ မရှိသေးဘူး။

ဝက်တစ်ကောင်နှင့်တူသည့် ဘဝင်ခပ်မြင့်မြင့် လူငယ် တစ်ယောက် မေးသောမေးခွန်းများမှအပ အားလုံးသော ကိုယ်စားလှယ်လုပ်ငန်းများ၏ မေးခွန်းများမှာ ထိုနည်းလည်းကောင်းပင်ဖြစ်လေသည်။ ကိုယ်စားလှယ်ဌာနမှ ဌာနဆိုင်ရာစတိုထဲ သူဝင်ခဲ့သည်။ စတိုဌာနမှာ ပကာသနအဖုံဖုံနှင့် တင့်တယ်လွန်းနေလေသည်။ သူ သိမ်ငယ်ချင်သလိုလို ဖြစ်သွားလေသည်။ မထူးဇာတ်ပဲခင်းတော့မည်ဟု ဆုံးဖြတ်


www.burmeseclassic.com

www.burmeseclassic.com


ကာ ထိုအလုပ်ကို မလုပ်တော့ဘူးဆိုသည့်အကြောင်း သတင်းပို့လိုက်သည်။ သူ မကျေမနပ်လည်း မဖြစ်မိ။ သူ စိတ်ရှုပ်ပေါက်သလို ရှုပ်ရှုပ်ယှက်ယှက် ဟိုလုပ်ဒီလုပ် လုပ်ခဲ့သည်ဟုပင် မခံစားမိလောက်အောင်ဖြစ်နေသည်မှာ ထူးဆန်းလွန်းနေသည်။ အသက်ရှင်ဖို့ ငွေလိုအပ်နေသောလူငယ်တစ်ယောက်မှာ သူပင်ဖြစ်နေလေသည်။ ငွေဆိုတာကလည်း အလုပ်လုပ်ပြီးရှာရုံမှတစ်ပါး တခြားနည်းလမ်းမရှိ။ အလုပ်လုပ်ဖို့ဆိုတာကလည်း အလုပ်ကမရှိ။ ရေရေရာရာ မရှိလှသော လက်ငင်းပြဿနာကိုဖြေရှင်းရန် နောက်ဆုံးအနေနှင့် သူ ကိုးစားလိုက်ချင်သေးသည်။ ပြဿနာကို ဖြေရှင်းရတော့မည် ဖြစ်သောကြောင့် သူ့စိတ်လက်တွေပေါ့ပါးလာသည်။

သူ့ဘဝအခြေအနေ အရင်းအမှန်ကို သူ့စိတ်ထဲမှာ အလိုလိုပင်သိမြင်လာသည်။ ကာလအပိုင်းအခြား အနည်းငယ်မှအပ သူ့ဘဝသည်နည်းနည်းလေးမှ အနုပညာမဆန်ခဲ့။ ဒါပေမဲ့ အခုလို နောက်ဆုံးအချိန်မျိုးမှာ ဖြစ်နိုင်လျှင် မရေမရာတာ တစ်ခုခုတော့ လုပ်ရဦးမည်ဟု သူဆုံးဖြတ်ချက်ချထားသည်။ ဝိုင်-အမ်-စီ-အေသို့ သွားရာလမ်း တစ်လျှောက်တွင် မရေမတွက်နိုင်လောက်အောင် များပြားလှသော စတိုးဆိုင်များနှင့် စားသောက်ဆိုင်များကို သူ ဖြတ်ခဲ့ရသည်။

ဝိုင်-အမ်-စီ-အေကို ရောက်တော့မှ စက္ကူနှင့် မင်အိုးကိုရှာပြီးလျှောက်လွှာကို စတင်ရေးလေတော့သည်။ တစ်နာရီခန့် လျှောက်လွှာကိုအာရုံစိုက်ပြီး ရေးနေမိသည်။ အခန်းထဲက ညစ်ညမ်းသော လေများကိုရှူမိပြီး အသက်ရှူကျပ်လာသောကြောင့် သူ မူးဝေမှုန်မှိုင်းသွားသည်။ သူ ရုန်းရင်းဆန်ခတ်ဖြစ်ပြီး ထိုအဆောက်အအုံထဲမှ ကသောကမျောပြေးထွက်လာခဲ့သည်။ ပြည်သူ့စာကြည့်တိုက် အဆောက်အအုံကိုဖြတ်၍ -မို့ဗဟိုပန်းခြံထဲမှာ ရေတစ်ဂါလံနီးပါးလောက် သောက်ပစ်လိုက်ပြီးတော့မှ ပြန်လည်ပြီး လန်းလန်းဆန်းဆန်းဖြစ်လာသည်။ ပင်လယ်စင်ရော်များ၊ ခိုများ၊ သပိတ်လွယ်ငှက်များ ခိုနားနေသည့် အုတ်နီခဲခင်းဗူလေဗားလမ်းမကျယ်ကြီး၏ထောင့်တစ်နေရာတွင် အဘိုးအိုတစ်


www.burmeseclassic.com

www.burmeseclassic.com


ယောက် ရပ်နေသည်။ အဘိုးအိုသည် ရဲရင့်သော ကိုယ်ဟန်မူရာနှင့် ကြီးမားလှသော စက္ကူအိတ်ကြမ်းကြီးထဲက ပေါင်မုန့်အစအနများကို လက်နှင့်အပြည့်ကိုင်ပြီး ငှက်များဆီသို့ ပစ်မြှောက်ကာ အစာကျွေးနေလေသည်။

သူသည် သိမ်ငယ်စွာနှင့်ပင် အဘိုးအိုဆီမှ ပေါင်မုန့်အကြွင်းအကျန်ဝေစုကလေးများ သွားတောင်းရလျှင် ကောင်းမလားဟုပင် သို့လော. . . သို့လော ဖြစ်မိသည်။ သို့သော်လည်း ထိုအတွေးမျိုးကို စဉ်းစားမိဖို့တောင် လက်မခံချင်ပေ။ သူ ပြည်သူ့စာကြည့်တိုက်ထဲဝင်ပြီး ပရော့စ်၏ စာအုပ်တစ်အုပ်ကို တစ်နာရီလောက်ကြာအောင် ဖတ်နေမိသည်။ သူ ရေကူးနေရသလိုပင် ခံစားမိသည်။ သူ အပြင်လောကထဲသို့ တွန်းထိုးထွက်သွားသည်။ သူ ပန်းခြံထဲက စမ်းချောင်းကလေးမှာ ရေထပ်သောက်ပြီး သူ့အခန်းရှိရာသို့ ခြေကျင်ခရီးရှည် လျှောက်ရလေတော့သည်။

ဘာမှလုပ်စရာ ကိုင်စရာလည်း မရှိဘူး။ ငါ သွားအိပ်လျှင် ကောင်းမယ်ဟု သူတစ်ကိုယ်တည်း ပြောလိုက်လေသည်။ သူ အားနည်းကာ မောပန်းလာပြီ။ သူကိုယ်သူ မဟန်နိုင်တော့ပြီဖြစ်ကြောင်း သူသိသည်။ သူ့စိတ်ကတော့ ပျော့ပျောင်းပြီး ဖျတ်ဖျတ်လတ်လတ် ရှိနေသေးသည်။ သူ၏အမှန်တကယ် ခံစားနေရသော ရုပ်ပိုင်းဆိုင်ရာ ခံစားမှုဝေဒနာကို သူနှင့်မဆိုင်သလိုသဘောထားပြီး ဘာကိုမှ ဂရုမစိုက်သည့် သဘောမျိုးနှင့် ခပ်ပျော်ပျော်ပင် ကြွံ့ကြွံ့ခံခဲ့သည်။

သူ့အခန်းကို နေမမြင့်ခင် အချိန်မီရောက်ရှိခဲ့ပြီး ရောက်ရောက်ချင်းပင် ဓာတ်ငွေ့မီးဖိုငယ်ပေါ်တွင် ကော်ဖီအိုးကို ပြင်လိုက်သည်။ သံဘူးထဲမှာက နွားနို့မရှိတော့။ သူ့မှာ ပိုက်ဆံအတန်အသင့်ကပ်ခဲ့စဉ်ကတော့ တစ်ပတ်လျှင် သကြားပေါင်ဝက်ခန့်ဝယ် ဖြစ်ခဲ့သည်။ သူသည် ဘလက်ကော်ဖီပူပူတစ်ခွက်ကို သူ့အိပ်ရာပေါ်မှာ ထိုင်သောက်ရင်း-ပံ့နေလေသည်။

သူ ဝိုင်-အမ်-စီ-အေမှ စာရွက်ဆယ့်နှစ်ရွက် ခိုးယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုစာရွက်များနှင့် စာတစ်တန်ပေတစ်ဖွဲ့ ရေးဖြစ်ဦးမည်ဟု သူ မျှော်လင့်မိသေးသည်။ အခုတော့ သူ့မှာ စာရေးချင်စိတ် မရှိသည့်အပြင် စိတ်ပင်ညစ်မိသေးတော့သည်။ ရမည်ရှာစရာအကြောင်းကလည်း ရေရေရာရာ မရှိ။ သူ မနက်ခင်းကတွေ့ခဲ့သော ဒင်္ဂါးစေ့ကလေးကို ပြောင်လက်အောင် ပွတ်တိုက်နေမိသည်။

အခုလို ရယ်စရာကောင်းသော အ-ပအမှုကလေးကပင် သူ့အတွက် တစ်နည်းမဟုတ်တစ်နည်း ပျော်ရွှင်စရာကြီးဖြစ်နေ၏။ အမေရိကန်ဒင်္ဂါးစေ့တွေကတော့ ဘယ်လောက်ပဲ ပြောင်လက်နေအောင် လုပ်လုပ် ဒီတစ်ပြားတစ်ချပ်၏ တန်ဖိုးထက် ပိုပြီးအဖိုးတန်လာမှာ မဟုတ်။ သူ အသက်ဆက်ရှင်ဖို့ ဒင်္ဂါးစေ့တွေ ဘယ်လောက်များလိုမလဲ။ သူ့မှာ ရောင်းစရာပစ္စည်း တစ်ခုတလေ မရှိတော့ဘူးလား။

သူသည် ပြောင်တလင်းခါနေသည့် အခန်းထဲကို ကြည့်လိုက်သည်။ မရှိ။ သူ့မှာ နာရီမရှိတော့။ သူ့ရဲ့စာအုပ်တွေလည်း မရှိတော့။ သူ့စာအုပ်အကောင်းစားကိုးအုပ်ကိုမှ ရှစ်ဆယ့်ငါးဆင့်ပဲ ရသည်။ သူချစ်သော စာအုပ်များနှင့် ခွဲခွာရသောကြောင့် ရှက်လည်းရှက်။ စိတ်မကောင်းခြင်းကြီးစွာလည်း ခံစားရသည်။ သူ၏ အကောင်းဆုံးဝတ်စုံကို နှစ်ဒေါ်လာနှင့် ရောင်းစားခဲ့သည်။ ဒါကိုတော့ ဝမ်းမနည်းမိပေ။ သူ့အဝတ်အစားတွေကိုတော့ သူ မနှမြောပေ။ စာအုပ်တွေကိုတော့ နှမြောသည်။ တူမှ မတူတာကိုး။ စာရေးသူတွေအပေါ် မရိုမသေ၊ မလေးမစားလုပ်သည့်သဘောနှင့် သူ စာအုပ်တွေကို ရောင်းစားပစ်ခဲ့သောကြောင့် ထိုအကြောင်းကို တွေးမိလိုက်တိုင်း ဒေါသထွက်ရသည်။

သူ ဒင်္ဂါးစေ့လေးတွေကို စားပွဲပေါ်တင်လိုက်ကာ နှမြောတွန့်တိုတတ်သူတို့၏ သဘောကျမှုမျိုးနှင့် ကြည့်နေလေသည်။ ဒီအ-ပံးလေးတွေက ဘယ်လောက်လှလိုက်သလဲဟု သူက ပြောသည်။ သူသည် ဒင်္ဂါးစေ့ပေါ်က စာများကို မဖတ်ဘဲ ကြည့်နေလိုက်သည်။ ‘အီး၊ ပလူရီဘတ်စ်ယူနမ်၊ အမေရိကန်ပြည်ထောင်စုငွေ တစ်ဆင့်’ ထို့နောက် တစ်ဘက်သို့ လှန်လိုက်ရာ လင်ကွန်းပုံနှင့် ‘ကျွန်ုပ်တို့လွတ်လပ်ရေးကို ဘုရား



www.burmeseclassic.com

www.burmeseclassic.com


သခင်ထံ -မှပ်နှံထားတယ်။ ၁၉၂၃' စာကို တွေ့လိုက်ရသည်။ လှလိုက်တာကွာဟု သူပြောမိသည်။

သူ အိပ်ငိုက်လာပြီး သူ့သွေးထဲမှာ ကြောက်မယ်ဖွယ်ကောင်းသော အဖျားက ဆန္ဒပြနေသည်ဟု ခံစားမိသည်။ အော်ဂလီဆန်လာပြီး ဂလိုင်းဂလန် ဖြစ်လာသည်။ သူ စိတ်ရှုပ်ထွေးလာပြီး သူ့အိပ်ရာဘေးမှာ မတ်တတ်ရပ်နေသည်။ အိပ်ရုံမှလွဲပြီးဘာမှ လုပ်စရာမရှိတော့ဘူးဟု သူတွေးနေမိသည်။ အိပျော့နေသောကမ္ဘာမြေကြီးကို သူ ခြေလှမ်းကြဲကြီးများနှင့် ဖြတ်ကျော်ကာ အစပိုင်းဆီသို့ ကူးခတ်နေသည်ဟုသူ ခံစားနေရသည်။ သူ အိပ်ရာပေါ်သို့ လဲကျသွားသည်။ ဒီဒင်္ဂါးစေ့ကို ကလေးတစ်ယောက်ယောက်ကို ငါပေးရမယ်ဟု သူ ပြောလိုက်သည်။ ကလေးတစ်ယောက်အဖို့တော့ ဒီဒင်္ဂါးစေ့ကလေးနှင့် ကစားစရာ အနည်းငယ်တော့ ဝယ်လို့ရပေမည်။

သူသည် ကောင်းကင်ဘားတန်းစီးသော လူငယ်ကလေးတစ်ယောက်၏ ပြေပြစ်မှုမျိုးနှင့် သူ့ခန္ဓာကိုယ်မှ လျင်မြန်စွာ သေသပ်စွာ ထွက်သွားလေသည်။ သူသည် ထာဝရတည်နေသော အချိန်အတွင်း၌ ချက်ချင်းဆိုသလိုပင် ငှက်ဖြစ်သွားသည်။ ငါးဖြစ်သွားသည်။ ရှဥ့်ဖြစ်သွားသည်။ တွားသွားသတ္တဝါဖြစ်သွားသည်။ လူတစ်ယောက် ဖြစ်သွားသည်။ သူ့ရှေ့က ပုံနှိပ်စာလုံး သမုဒ္ဒရာတစ်စင်းမှာ အဆုံးမဲ့စွာ၊ နက်မှောင်စွာ လှိုင်းထသွားလေသည်။ -မိုးကြီး မီးလောင်သွားသည်။ လူအုပ်ကြီး ကသောင်းကနင်းဖြစ်သွားသည်။ ကမ္ဘာကြီး ချာချာလည်သွားပြီဆိုတာကို သူသိလိုက်ရသည်။ သူ၏အရှုံးမျက်နှာကို နတ္ထိကောင်းကင်ကြီးဆီသို့ မျက်နှာမူလိုက်သည်။ အိပ်မက် မရှိတော့။ ရှင်သန်မှုမရှိတော့။ ပြီးပြည့်စုံသွားလေပြီ။

Willian Saroyan၏ The Daring Young Man On The Flying Trapeze ဝတ္ထုတိုကို Contemporary Short Storeis Vol-1 မှ ပြန်ဆိုသည်။

ညီသစ်



www.burmeseclassic.com

www.burmeseclassic.com

JOHN CHEEVER



# မြေကမ္ဘာမြင်ကွင်း

**လေးကိုတင်**

www.burmeseclassic.com

www.burmeseclassic.com


ဂျွန်ချီးဗားကို ၁၉၁၂ ခုနှစ်တွင် မက်ဆက်ချူးဆက်ပြည်နယ်၊ ကွင်စီမြို့၌ မွေးဖွားခဲ့သည်။ ဘရိန်းသရီးတောင်ပိုင်း၊ သယာ အကယ်ဒမီတွင် ပညာသင်ခဲ့ပါသည်။ ၁၉၅၆ ခုနှစ်မှ ၁၉၅၇ခုနှစ်အထိ နယူးယောက်စီးတီး၊ ဘားနတ်ဒ်ကောလိပ်တွင် စာသင်ခဲ့ပြီး ၁၆၇၄ မှ ၁၉၇၅ ခုနှစ်အတွင်း ဘော်စတွန်တက္ကသိုလ်တွင် ဧည့်ပါမောက္ခအဖြစ် ဖန်တီးမှုပညာရပ်ကို သင်ကြားခဲ့သည်။ သူ၏စာပေလက်ရာများကို 'သည်တိုင်းမ်စ်' (The Times) မှ ဝေဖန်သုံးသပ်ခဲ့ရာ "ယနေ့ အင်္ဂလိပ်စာပေတွင် အကောင်းဆုံးဝတ္ထုတိုများကို ပြောပြနေသော စာရေးဆရာများထဲတွင် တစ်ယောက်အပါအဝင်" ဟူ၍ ဖော်ပြခဲ့သည်။ ပထမဦးဆုံး ဝတ္ထုလုံးချင်း The Wapshot Chronicle သည် ၁၉၅၈ ခုနှစ် အမေရိကန် အမျိုးသား စာအုပ်ဆုကို ရခဲ့သည်။ အခြားဝတ္ထုလုံးချင်းမှာ Bullet Park, (penguin 1983), Folconer (Penguin 1978) တို့ ဖြစ်ပါသည်။ အရောင်းရဆုံးဝတ္ထုလုံးချင်းမှာ The Stories of John Cheeyer (Penguin 1989) ဖြစ်သည်။ ယင်းစာအုပ်သည် သူ၏ စောစောပိုင်းကာလ ဝတ္ထုတိုလက်ရာများ စုစည်းထုတ်ဝေလာခြင်းပင်၊ ထင်ရှားသော ဝတ္ထုတိုများမှာ The Enormous Radio, The Housebreaker of Shady Hill, Some People, Places And Things That Will Not Appear In My Next Novel, The Brigadier And The Gold Window, Christmas Is A sad Season For The Poor, The Season Of Divorce, A Vision Of The World နှင့် The


www.burmeseclassic.com

www.burmeseclassic.com


World Of Apples တို့ ဖြစ်ကြပါသည်။ ၎င်းတို့သည် ဝတ္ထုတို အများအပြားထဲတွင် အရေးကြီးသော ဂွန်ချီးဗား၏စာပေ လက်ရာများ ဖြစ်ပါသည်။ သူ၏ နောက်ဆုံးလုံးချင်းစာအုပ်မှာ Oh What A Paradise It Seems ဖြစ်သည်။ ပူလစ်ဇာဆု အပါအဝင် အခြားဆုများလည်း အများအပြား ရရှိခဲ့သော ၂၀ ရာစုအလယ် အမေရိကန် ဝတ္ထုရေးဆရာတစ်ယောက်၊ အမေ ရိကန် စာပေလောကတွင် ထူးခြားပြောင်မြောက်သော ခေတ်သစ်ဝတ္ထုရေး ဆရာတစ်ယောက်၊ ၁၉၅၂ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ နာရေးကြော်ငြာတွင် The New York Times မှနေ၍ 'အမေရိကန်ချက်ကော့ဗ်စာရေးဆရာဟု ဝေဖန် သုံးသပ်သူများက ကောက်ချက်ချခံရသည်" ဟု ထည့်သွင်း ဖော်ပြထားသည်။ စင်စစ် သူသည် အစီအစဉ်မကျသော နေ့စဉ် တွေ့ကြုံနေရသော လူ့ဘဝအဖြစ်သနစ်များကို အတွင်းအဖွဲ့တွ ထဲမှ ပဲ့တင်ထပ်ကာ ဖွေရှာရေးသားနေခြင်း ဖြစ်ပါသည်။ သူ၏ စကားပြေအရေးအသားသည် ကျောက်သွေး ကျွမ်းကျင်သော လူတစ်ယောက်၏ စေ့စပ်သေချာသော၊ ခံစားရယူသော၊ အာရုံကျယ်ပြန့်သော စက်နှင့်တူသည်။ ပထမ သူ၏ဝတ္ထုတို များကို The New Yorker တွင် စတင်ဖော်ပြပါရှိခဲ့သည်။ နောက် အခြားမဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် ထပ်မံ ဖော်ပြခံရသည်။ ပြီးမှ လုံးချင်းဝတ္ထုများ ရေးသားခဲ့သည်။ သူနှင့် ခေတ်ပြိုင် စာရေး ဆရာများမှာ John Updike, Soul Bellow, Carson Mc Couller တို့ ဖြစ်ကြပါသည်။


www.burmeseclassic.com

www.burmeseclassic.com


တခြားပင်လယ်ကမ်းရိုးတန်းပေါ်ရှိ ပင်လယ်ဘေးက အိမ်ကလေးတစ်လုံးထဲမှာပဲ ဒါကို ရေးသားနေခဲ့သည်။ ကျွန်တော် ထိုင်နေတဲ့ စားပွဲမှာ ဂျင် နှင့် ဝီစကီအငွေ့အသက်တွေက ဝေ့ဝဲလှည့်ပတ်နေလျက်၊ အလင်းရောင်က ဖျော့တော့မှိန်ပျလျက်။ နံရံပေါ်မှာ ရောင်စုံရုပ်စုံ ရုပ်ကြွကြောင်ကလေးတစ်ကောင် ပန်းတွေနှင့်ဦးထုပ်ကို ဆောင်းထားပြီး၊ ပိုးသားဝတ်စုံတစ်စုံဝတ်ထားကာ လက်အိတ်အဖြူစွပ်ထားသေးသည်။ လေက အောက်သိုးသိုး၊ သို့သော် ဒီအနံ့မှာ နှစ်လိုဖွယ်ကောင်းသော အနံ့ဟု ကျွန်တော်ထင်သည်။ သဘော်ကြမ်းပြင်ပေါ်က ရေလိုမျိုး၊ မြေသင်းနံ့ ရှူလိုက်ရသလိုမျိုး၊ ခန္ဓာကိုယ်မှာ အားသစ်တွေရသွားသည်။ ဟော ဒီရေတွေတက်လာပြီ၊ ကမ်းပါးစောက်အောက်ရှိ ပင်လယ်ရေလှိုင်းတွေက သဘော်ရေလုံခန်းနှင့် တံခါးပေါက်တွေကို တဖျပ်ဖျပ်ရိုက်ခတ်နေပြီး၊ သံကြိုးတွေကို လှုပ်ခါလိုက်သဖြင့် ကျွန်တော့်စားပွဲပေါ်က ဖန်မီးအိမ်လွင့်ကျသွားနိုင်သော အရှိန်ရနေသည်။ ဒီမှာဖြင့် ကျွန်တော်တစ်ယောက်တည်း၊ တစ်ခုသော စနေနေ့ မွန်းတည့်ချိန်၊ ကျွန်တော်သည် ဥယျာဉ်ထဲတွင် မြေဆွနေခိုက် အစပြုခဲ့သော အဖြစ်အပျက်များကို ပြောင်းလွဲပစ်ရန်၊ ပြီးတော့ အနားယူရန် ဖြစ်ပါသည်။ မြေပြင်အောက် တစ်ပေ နှစ်ပေအနက်လောက်တွင် ဖိနပ်ဆေးများပါနိုင်သော သံဘူးဝိုင်းသေးသေးကလေးတစ်ဘူးကို ကျွန်တော်တွေ့ရှိခဲ့သည်။ ခါး


www.burmeseclassic.com

www.burmeseclassic.com


တစ်ချောင်းနှင့် သံဘူးကလေးကိုဖွင့်ပြီး ကျွန်တော် စပ်စုနေလိုက်သည်။ ဘူးအတွင်းမှာ ဆီစိမ် အဝတ်စတစ်စ၊ ထိုအထဲတွင် မျဉ်းကြောင်းပါ စက္ကူပေါ်၌ မှတ်စုတစ်ခု၊ ကျွန်တော်ဖတ်လိုက်တော့ "ကျွန်ုပ် နီးလ်စ် ဂျပ်စထရမ်းသည် အသက်(၂၅)နှစ်ပြည့်သည့် အချိန်တွင်မှ ကိုရီဘရုခ် ကျေးလက်အသင်းမှာ အသင်းဝင်တစ်ယောက်ဖြစ်မလာပါက ကိုယ့်ကို ကိုယ် ကြိုးဆွဲချသေမည်ဖြစ်ကြောင်း ကတိပေးသည်။" ကျွန်တော်သိပြီ၊ လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်က ကျွန်တော်နေခဲ့သော လယ်သမား အိမ်နီးနားချင်းတစ်ယောက်၊ သည့်နောက် ကျွန်တော်ခန့်မှန်းကြည့်မိသည့် တခြားလယ်သမားတစ်ယောက်ဖြစ်မည်။ ကိုရီဘရုခ်အသင်း၏ စိမ်းလန်းကျယ်ပြန့်သော မြေပြင်ကိုငေးကြည့်ရင်း သန္နိဋ္ဌာန်ချပြီးပြီမို့ ဘာမှမလုပ်တော့ပဲ ထိုသန္နိဋ္ဌာန်ကို မြေထဲမြှုပ်ပစ်လိုက်ပါတော့သည်။ ကျွန်တော်တို့၏ အစူးရှဆုံးခံစားမှုကို ဖေါ်ပြပေးနေသော တစ်ဝက် တစ်ပြက်စာကြောင်းများကို ဆက်စပ်ဖတ်ရှုပြီးသောကြောင့် အမြဲတစေ ကျွန်တော်ဖြစ်သည့်အတိုင်းပင် ဖြစ်ပါသည်။ ကျွန်တော်လည်း ရွှေ့ပြောင်းမှုတစ်ခု လုပ်လိုက်ရသည်။ မှတ်စုကို ဖတ်ကြည့်မိတော့ စိတ်ကူးယဉ်အချစ်တို့၏ စွမ်းရည်တချို့နှင့် တူပါသည်။ ညနေစောင်းလာတော့ ကျွန်တော့်မှာ ပိုနက်ရှိုင်းစွာ ခံစားရပါတော့သည်။

ကောင်းကင်ကပြာပြာ၊ တေးဂီတအလား ထင်မှတ်ရသည်။ ကျွန်တော်က မြက်တွေကို ဖြတ်ရုံမျှရှိသေးသည်။ လေထဲမှာ ဒီအနံ့တွေ လွင့်နေပါသည်။ ဤအရာသည် ကျွန်တော်တို့ ငယ်ငယ်က ကျွန်တော်တို့ သိခဲ့ကြသည့် အချစ်အပေါ် ကတိကဝတ်များ၊ နောက် စကားပလ္လင်များက ကျွန်တော့်ကို သတိပေးနှိုးဆော်နေပါသည်။ လမ်းလျှောက်ပြိုင်ပွဲကြီးအပြီး ပင့်သက်ရှူကာ မောပန်းစွာဖြင့် ပြေးလမ်းမြက်ခင်းများပေါ်တွင် သင်ကိုယ်တိုင် ပစ်လှဲချလိုက်၍ စိတ်အားထက်သန်မှုနှင့်အတူ ကျောင်းဆောင် မြက်ခင်းပြင်တွင် သင်ပွေ့ဖက်မိသောအရာသည် သင်၏ ဘဝတစ်လျှောက်လုံး နေ့တဓူဝများတွင် နောက်က လိုက်ပါလာမည့်


www.burmeseclassic.com

www.burmeseclassic.com


ကတိကဝတ်တစ်ခုဖြစ်ပါသည်။ စိတ်ငြိမ်းချမ်းစရာ အရာများကို စဉ်းစား ရင်း ကျွန်တော် သတိထားမိလိုက်သည်။ ပုရွက်ဆိတ်အနီကောင်တွေကို အနက်ကောင်တွေက အောင်မြင်သွားပုံ၊ နောက် ပုရွက်ဆိတ်အနက်တွေ ကပင် ရုပ်အလောင်းကို လယ်ကွင်းဆီထုတ်သွားကြပုံ စသဖြင့်။ ဗွတ် ကလုံငှက်နှစ်ကောင်လိုက်လံဖမ်းဆီးနေ၍ သပိတ်လွယ်ငှက်တစ်ကောင် က ထပျံပြေးရပြန်သည်။ ဟော ကြောင်တစ်ကောင်က လျှပ်စစ်လွှတ် ထားသော ခြံစည်းရိုးမှာ စာကလေးတစ်ကောင်ကို ချောင်းမြောင်းနေ သည်။ ငှက်ခါးမောင်နှံက တစ်ကောင်နှင့်တစ်ကောင် တို့ကာ ဆိတ်ကာ ဖြတ်ပျံသွားသည်။ ကျွန်တော် မြင်လိုက်ပါဘိ။ ကျွန်တော် ရပ်နေရာ တစ်ပေအကွာလောက်က ဖြစ်သည်။ ကြေးနီရောင် မြွေဆိုးတစ်ကောင် က မဲမှောင်သော ဆောင်းရာသီအရေခွံထဲမှ လွတ်မြောက်ရန် သူ့ကိုယ်သူ လုပ်ဆောင်နေပြန်သည်။ ကျွန်တော်တွေ့ကြုံရသည့် အရာမှာ ကြောက် လန့်ဖွယ်ရာသာမက လက်တစ်ကမ်းရောက်လာသော သေခြင်းတရား အတွက် ကြိုတင်ပြင်ဆင်မှုမရှိသည့် ကျွန်တော့်အဖို့ တုန်လှုပ်ချောက်ချား စရာပင်၊ သည်မှာ သေစေနိုင်သော အဆိပ်၊ ချောင်းကလေးထဲတွင် တသွင်သွင်စီးဆင်းနေသော ရေအလျင်လို ကမ္ဘာမြေနေရာ တော်တော် များများတွင် တွေ့ရသည်။ သို့ရာတွင် ကျွန်တော့် စဉ်းစားတွေးတော နေခြင်းထဲတွင် ဒါတွေအတွက် နေရာရှိပုံမပေါ်၊ ငှက်ပစ်သေနတ် တစ်လက်ယူဖို့ အိမ်သို့ပြန်လာခဲ့သည်။ ကံမကောင်းပြန်၊ သေနတ် ရှက်ရမည့် ခွေးမတစ်ကောင်နှင့် ကျွန်တော့် ခွေးအိုကြီးနှစ်ကောင်ကို ပက်ပင်းတိုးပါတော့သည်။ သေနတ်ကို မြင်သည်နှင့် ခွေးမက စတင် ဟောင်သည်၊ အူသည်၊ သူ၏ဗီဇစိတ်နှင့် စိုးရိမ်စိတ်တွေကြောင့် သွေးရူး သွေးတန်း ပြေးလွှားခုန်ပေါက်နေသည်။ ခွေးမဟောင်လိုက်သဖြင့် ဒုတိယ ခွေးတစ်ကောင်ကို လှမ်းခေါ်လိုက်သလိုပင်၊ ထိုခွေးသည် သဘာဝ တောလိုက်မုဆိုးလိုဖြစ်နေသည်။ ငှက်တစ်ကောင် ဒါမှမဟုတ် နှစ်ကောင် ကို ကောက်ယူဖို့ အဆင်သင့်အနေအထားဖြင့် ဒုတိယခွေးက လှေကားမှ


www.burmeseclassic.com

www.burmeseclassic.com


ခုန်ဆင်းလာခဲ့သည်။ နောက်မှာလည်း ခွေးနှစ်ကောင် ပါလာသည်။ တစ်ကောင်က အမြီးတနန့်နန့်၊ တစ်ကောင်က ကြောက်ကြောက် လန့်လန့်၊ ကျွန်တော်လည်း ခြံထဲကို အချိန်မီ ပြန်လာခဲ့သည်။ ကျောက်နံရံ တစ်ခုကြား ဝင်ရောက်ပျောက်ကွယ်သွားသော မြွေပွေးကို ရှာဖွေတွေ့ ဖို့ပင်။

ပြီးတော့မှ ရွာထဲလာခဲ့သည်။ မြက်မျိုးစေ့ နည်းနည်းဝယ် သည်။ နောက် ၂၇ လမ်းပေါ်ရှိ ကုန်တိုက်ကြီးဆီ ထွက်လာခဲ့သည်။ မိန်းမမှာလိုက်သည့် ကိတ်မုန့်ဝိုင်း ဝယ်ဖို့ဖြစ်ပါသည်။ စနေနေ့ မွန်း တည့်ချိန် ကုန်တိုက်ကြီးကို မှတ်တမ်းတင်ဖို့ ယခုလို ရက်များတွင် ကင်မရာတစ်လုံးလောက် သင့်မှာ လိုအပ်သည်ဟု ကျွန်တော် ထင်သည်။ ကျွန်တော်တို့ ဘာသာဗေဒမှာ ရာစုနှစ်များစွာ မိတ်ဖက်ဖြစ်လာသော၊ တိုးတက်ဖြစ်ထွန်းလာသော မိရိုးဖလာဘာသာစကား ဖြစ်သည်လေ။ အစာသွတ်မုန့်ဝိုင်း ပုံသဏ္ဌာန်မှတစ်ပါး ကျွန်တော် ထိုင်စောင့်နေသည့် ပေါင်မုန့်ရောင်းသည့်ကောင်တာမှာ တွေ့ရဖို့ ထုံးစံမရှိပေ။ ကျွန်တော်တို့ မှာ ၆ ယောက်၊ ၇ ယောက်ခန့် ရှိမည်။ ကုန်စုံဆိုင်မှာလည်း မှတ်ထား သော စာရွက်လိပ်တွင် ရှည်လျားသော စာရင်းဇယားနှင့် အဘိုးအို တစ်ယောက်ကြောင့် နှောင့်နှေးနေရလေသည်။ သူ့ပခုံးပေါ်မှ ကျော်ကာ ဖတ်မိလိုက်တော့. . .။

ကြက်ဉ ၆ လုံး

…………………

သူ့မှတ်တမ်းမှတ်ရာတွေ ကျွန်တော် ဖတ်နေတာကို သူသိ သွားသောအခါ သတိရှိသော ဖဲသမားတစ်ယောက်လို သူ့ဗိုက်မှာ ကပ်ပြီး ကွယ်ထားလိုက်သည်။ ရုတ်တရက် ပုလွေထဲက သံစဉ်ပြောင်းသွား သည်။ အချစ်သီချင်း မဟုတ်တော့၊ ချား ချား ချား သီချင်းဖြစ်သွားသည်။ ကျွန်တော့်ဘေးက မိန်းမတစ်ယောက်က ရှက်ရွံ့စွာ ပခုံးများကို လှုပ်ခါ လေသည်။ ခြေလှမ်းတွေက အနည်းငယ် ရောရောင်လှုပ်ရှားလာသည်။


www.burmeseclassic.com

www.burmeseclassic.com


(ခင်ဗျား. . . ကချင်ပြီလား. . . အမျိုးသမီးကြီးရဲ့)၊ ကျွန်တော်က မေးလိုက်ပါသည်။ ထိုမိန်းမမှာ အလွန်ရိုးသည်။ သို့သော် ကျွန်တော် လက်နှစ်ဖက်ကို ဆန့်တန်းပေးသောအခါ လှမ်းဝင်လာလေသည်။ ကျွန်တော်တို့ တစ်မိနစ်၊ နှစ်မိနစ်ခန့် ကလိုက်ကြသည်။ သူမ ကဖို့ သဘောကျတာကို သင်မြင်နိုင်သည်။ သို့သော်လည်း ထိုမျက်နှာပေးနှင့်မူ သူမတွင် အခွင့်အလန်းများစွာ မရနိုင်ပေ။ ထို့နောက် သူမသည် နီရဲအောင် ရှက်သွေးဖြာကာ ကျွန်တော့်လက်ထဲမှ ထွက်သွားခဲ့သည်။ ပြီးတော့ မှန်ဘီရိုရှိရာ ရောက်သွားသည်။ ဘော်စတွန်ယိုမုန့်ဝိုင်းတွေကို လေ့လာသလို ကြည့်နေသည်။ ကျွန်တော် သိနေသည်။ ကျွန်တော့် ခြေလှမ်းတစ်လှမ်းသည် ဦးတည်ရာတည့်တည့်သို့ လှမ်းနေပါသည်။ ကျွန်တော်က မုန့်တွေ ယူပြီး အိမ်ပြန်လာသည်။ ကျွန်တော့်မှာ စိတ်အားထက်သန်မှုတွေ အပြည့်နှင့်ပါလား။ အယ်လီဝိုက်ဖ် လမ်းသွယ်ထောင့်အရောက်တွင် ကျွန်တော့်ကို ရဲသားတစ်ယောက်က ရပ်ခိုင်းသည်။ ချီတက်ပွဲတစ်ခုကို အလျင်ဖြတ်သွားစေခြင်းပင်။ ပထမဦးဆုံး တွေ့ရသည်မှာ မိန်းမပျိုလေး တစ်ယောက်မှာ ဘောင်းဘီတိုကိုဝတ်ကာ ဒေါင့်မြင့်ဖိနပ်ကိုစီးထားလျက်၊ ပေါင်သားအလှမှာ ထူးခြားနေသည်။ နှာတံက ထူးထူးခြားခြား ကြီးနေသည်။ သားမွေးဦးထုပ်ပြားကို ဆောင်းထားသည်။ တီးဝိုင်းအချက်ပြ အလူမီနီယမ်တုတ်တိုကို ချိုင်းတွင် ညှပ်လျက်၊ အခြား မိန်းကလေးတစ်ယောက်က နောက်မှာကပ်ပါလာလျက်။ ထိုမိန်းကလေးမှာ ပိုပြီးဖွံ့ထွားသည့် ပေါင်တံရှိသူ၊ ကျန်ခန္ဓာကိုယ် အစိတ်အပိုင်းများသည် ကြီးထွားနေသော တင်သားကို လှုပ်ခါကာ လမ်းလျှောက်လာပါသည်။ ထိုအခါ သူမ၏အောက်ပိုင်းမှာ ဆန့်ဆန့်ပြားပြား တွန့်လိမ်လျက်ရှိပါသည်။ သူမက အနီးအဝေးမျက်မှန်တပ်ထားသည်။ သူမ၏ တင်သားများက ဤသို့ ရွေ့သို့ကော့သွားနေသောကြောင့် အလွန်အမင်း ကိုယ့်ဟို့ကားယားဖြစ်နေသည့်ပုံပင်။ ဘင်ခရာအဖွဲ့မှ ကောင်လေးတစ်သိုက်က ဟိုမှာသည်မှာ၊ ခေါင်းလောင်းသံပေးပြီး လိုက်လာသော လူကြီး အစ်


www.burmeseclassic.com

www.burmeseclassic.com


ယောက်လည်း ပါလာသည်။ သူတို့က နောက်ကနေ လှမ်းကြည့်ပြီး "ရေခဲသေတ္တာကြီး လိမ့်လာပြီ" ဟု နောက်ပြောင်ကြသည်။ သူတို့တွင် အလံတွေမပါ၊ ဦးတည်ရာလမ်းကြောင်း (သို့မဟုတ်) သိထားသည့် ရည်ရွယ်ချက်၊ ဘာမှမရှိပေ။ အရာအားလုံးက ကျွန်တော့်အတွက် အလွန်ပျော်စရာကောင်းနေသည်။ အိမ်အပြန်လမ်းတစ်လျှောက် ရယ်ပြီးပြန်လာခဲ့သည်လေ။

ကျွန်တော့်မိန်းမကတော့ ဝမ်းနည်းနေလေသည်။

"အချစ် . . ဘာဖြစ်လို့လဲဟင်"

ကျွန်တော်က မေးရသည်။

"ကျွန်မမှာ ဒီကြောက်စရာကောင်းတဲ့ ခံစားမှုကြီး ရှိနေတာ၊ တယ်လီဗေးရှင်းက ထုတ်လွှင့်တဲ့ ဟာသဇာတ်မြူးကြီးထဲမှာ ကျွန်မဟာ ဇာတ်ဆောင်တစ်ယောက် ဖြစ်နေတာကိုရှင့်" သူမက ပြောပြီး။ "ကျွန်မဆိုလိုတာက ကျွန်မဟာ ကြည့်ပျော်ရှုပျော်ရှိတဲ့ သူပါ။ ဝတ်ကောင်းစားလှဝတ်တဲ့သူပါ။ နောက် ကျွန်မမှာ ရယ်စရာကောင်းပြီး ဆွဲဆောင်မှုရှိတဲ့ ကလေးတွေလည်း ရှိတဲ့သူလေ၊ ဒါပေမဲ့ ကျွန်မမှာ အဖြူအမဲနဲ့ မှတ်တမ်းတင်ခံရတဲ့ အဲဒီ့ ကြောက်စရာကောင်းတဲ့ ခံစားမှုကြီးလေ" ကျွန်တော့်မိန်းမမှာ ခုလို မကြာခဏ ဝမ်းနည်းနေတတ်ပါသည်။ အဘယ်ကြောင့်နည်း၊ သူမ၏ ဝမ်းနည်းကြေကွဲစရာများသည် ဝမ်းနည်းကြေကွဲစရာ ကောင်းသော ဝမ်းနည်းမှု မဟုတ်သောကြောင့်ပင်။ သူမသည် ပူဆွေးသောက ဖြစ်ရပါသည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ ပူဆွေးသောကမှာ ပူဆွေးသောကရောက်စရာကောင်းသော ပူဆွေးသောက မဟုတ်သောကြောင့်ပင်။ နောက်တော့လည်း သူမကို ကျွန်တော် ပြောပါသည်။ ထိုဝမ်းနည်းမှုများ ကျော်လွန်သွားသော် သူမ၏ ဝမ်းနည်းမှုများခြင်းမှ ဖြစ်လာသော မပြည့်စုံမှုသည် လူသားဘဝ နာကြည်းဖွယ်ရာများ၏ ရောင်စဉ်တန်းတွင် အသွင်လက္ခဏာအသစ်ဖြစ်ကာ ပြလာနိုင်ပါသည်ဟု ပြောသောအခါ သူမခမျာ မဖြေဆည်နိုင်တော့ပေ။ တင်အခါ



www.burmeseclassic.com

www.burmeseclassic.com


တစ်ခါ ကျွန်တော် တွေးမိသည်။ အလို သူမအား စွန့်ခွာသွားရန်ပါလား။ သူမနှင့် ကလေးတွေမပါဘဲ ကျွန်တော်သည် ဘဝတစ်ခုကို သိမြင်နားလည်ဖို့ မဖြစ်နိုင်ပေ။ သူငယ်ချင်းတတွေနှင့် ပေါင်းသင်းဆက်ဆံမှုမရှိဘဲ ကျွန်တော်သည် ဘဝတစ်လျှောက်လုံး နေနိုင်သည်။ သို့သော် ကျွန်တော့်မြက်ခင်းကလေးနှင့် ဥယျာဉ်ကလေးကို ထားရစ်ကာ စွန့်ခွာသွားဖို့ကိုတော့ ကျွန်တော် မလုပ်ရက်ပါပေ။ ကျွန်တော် ကိုယ်တိုင်ပင်ပြင်ဆင်ပြီး ဆေးသုတ်ထားသည့် ဆင်ဝင်လိုက်ကာကလေးမှ ကျွန်တော် မခွဲနိုင်ပါပေ။ အိမ်ရှေ့တံခါးနှင့် နှင်းဆီဥယျာဉ်ကြား ကျွန်တော် ခင်းထားခဲ့သည့် ကွေးကွေးကောက်ကောက် လူသွားအုတ်လမ်းကလေးနှင့်လည်း ကျွန်တော် မကွာရှင်းမပြတ်စဲနိုင်ပါပေ။ ထို့ကြောင့် ကျွန်တော့်သံကြိုးကို ပန်းပဲဖိုမှာ ပြုလုပ်နေစဉ် အိမ်ကို ဆေးသုတ်ခဲ့ရသည်။ ကျွန်တော် မသေမချင်း သူတို့တစ်တွေက ကျွန်တော့်အား နှောင်ဖွဲ့ထားဆဲ၊ သို့သော် ကျွန်တော့်မိန်းမကို ကျေးဇူးတင်ရပေဦးမည်။ သူမက ပြောခဲ့သည်။ သူမဘဝ၏ ဗဟိဒ္ဓသဏ္ဍာန်တွင် အိပ်မက်တစ်ခု၏ အရည်အသွေးများ ရှိနေသည်ကို ထုတ်ဖော်ပြောပြခဲ့သည်လေ။ အခြေမအမြစ်မရှိသော စိတ်ကူးစွမ်းပကားတွေက ကုန်ပဒေသာတိုက်ကြီးကို ဖန်တီးသည်။ မြွေပွေးကို ဖန်တီးသည်။ ပြီးတော့ ဖိနပ်တိုက်ဆေးဘူးထဲက မှတ်တမ်းတွေကို ဖန်တီးသည်။ ထိုအရာတွေနှင့် နှိုင်းယှဉ်ပြီး ကျွန်တော်၏ အရိုင်းစိုင်းဆုံးတွေ့ဝေမှုများမှာ စာရင်းနှစ်ခုသွင်းနိုင်သည့် ငွေစာရင်းစာအုပ်ကဲ့သို့ပင် ပျင်းစရာကောင်းနေသည်။ ကျွန်တော်တို့၏ ဗဟိဒ္ဓဘဝများတွင် အိပ်မက်တစ်ခု၏ အရည်အသွေးများရှိနေကြောင်း စဉ်းစားဖို့ရန် ဤသို့သော ပျင်းစရာကောင်းမှုက ကျွန်တော့်ကို နှစ်သိမ့်ပျော်ရွှင်စေသည်။ ကျွန်တော်တို့ အိပ်မက်များတွင် ရှေးရိုးအယူဝါဒ၏ ကောင်းမြတ်မှုတရားကို ရှာဖွေတွေ့ရှိရပါသည်။ သို့နှင့် ကျွန်တော် အိမ်ထဲဝင်လာခဲ့သည်။ အမှိုက်ခြင်းထဲမှ စုတ်ပြဲနေသောစာများကို ပြန်လည်ဆက်စပ်ရင်း ခိုးယူထားသော အီဂျစ်စီးကရက်တစ်လိပ်ကို ဖွာရှိုက်နေသည်။ သန့်ရှင်းရေး အလုပ်


www.burmeseclassic.com

www.burmeseclassic.com


သမကို တွေ့လိုက်ရသည်။

ထိုညက ကျွန်တော်တို့သည် ညစာစားဖို့ ကိုရီဘရုစ်သို့ သွားခဲ့ကြသည်။ နိုလ်ဂျပ်စထရမ်းကို လိုက်ရှာရင်း လိုက်ပါမည့်သူစာရင်းကို ကျွန်တော် လိုက်စစ်ကြည့်သည်။ သို့သော် သူကသည်မှာ မရှိ၊ ကျွန်တော် အံ့သြသွားသည်။ သူ့ကိုယ်သူ ကြိုးဆွဲများ ချပစ်လိုက်ပြီလား။ ပြီးတော့. . . ဘာအတွက်လဲ။ ဒါက ထုံးစံလေ။ သန်းကြွယ်သူဌေး ဈာပနညွှန်ကြားရေးမ-း၏ တစ်ဦးတည်းသောဇနီး ဂရေ့မက်စတာက ပင်ကီတောင်စင်နှင့် တွဲကနေလို့များလား၊ ပင်ကီမှာ စတော့ဈေးကွက်တွင် လိမ်လည်မှုအတွက် အာမခံငွေ ဒေါ်လာငါးသိန်းဆုံးရှုံးခဲ့သူပင်၊ အာမခံစာချုပ်ချုပ်ပြီးမှပဲ ထိုငွေငါးသိန်းကို သူ၏ ပိုက်ဆံအိတ်ထဲမှ ထုတ်ခဲ့ရသည်ကိုး။ ကျွန်တော်နှင့် မီလီဆာကလစ်တို့က စုံတွဲ တွဲကကြသည်။ 'မိုး၊ ဂင်္ဂါမြစ်ပေါ်က လရောင်'သီချင်း၊ ဟရင်အုပ်နီ သပိတ်လွယ်ငှက်လာလျှင် ယက်ဖောက်ကလေးက ဟိုအဝေးမှာ' သီချင်း၊ 'ခြေချောင်း ၅ ချောင်းက နှစ်စုံ၊ မျက်လုံးတွေက အပြာရောင်' သီချင်း၊ 'ကာလိုရိုင်းနား မနက်ခင်း' သီချင်း၊ 'အာရဗီရှိတ်' သီချင်းတွေနှင့် ကနေကြပါသည်။ ကျွန်တော်တို့သည် လူမှုရေးရာသဟဇာတဖြစ်မှု သချိုင်းပေါ်တွင် ကခုန်နေကြသည့်ပုံပင်၊ သို့သော် မြင်ကွင်းက ရှင်းရှင်းလင်းလင်း တော်လှန်ရေးဆန်နေသေးသည်။ နေ့သစ်ဘယ်မှာလဲ။ ကမ္ဘာကြီး၊ ရောက်လာဖို့ပဲ။ နောက်ထပ် သီချင်းတွေထွက်လာသည်။ 'ပါလက် စတိုင်းကလီနာ'၊ 'ကျွန်တော် အမြဲတမ်း ပူဖောင်းတွေ မှုတ်နေကျ'။ 'လုစ်ဇီလီလု'၊ 'အပြုံးများ'၊ နောက် 'ရင်အုပ်နီသပိတ်လွယ်ငှက်' ထပ်လာသည်။ နောက်ဆုံးတစ်ပုဒ်က ကျွန်တော်တို့ကို တကယ်ကခုန်စေပါသည်။ တီးဝိုင်းအဖွဲ့က သူတို့၏ကိရိယာတွေမှ တံထွေးမြှုပ်များ မှုတ်ထုတ်နေစဉ် သူတို့ခေါင်းတွေလည်း ခါယမ်းနေသည်ကို ကျွန်တော် တွေ့ရသည်။ ကျွန်တော်တို့ ကိုးယိုးကားရားဖြစ်နေပုံကို မနှစ်ခြိုက်သည့်သဘောပင်။ မီလီက သူ့စားပွဲဆီ ပြန်သွားသည်။ ကျွန်တော်က တံခါးမှာသွားရပ်နေသည်။ အစီအစဉ်ပြီးသည့်


www.burmeseclassic.com

www.burmeseclassic.com


နောက် ကခုန်ရာကြမ်းပြင်မှ လူတွေ ထွက်ခွာသွားကြသည်ကို ကြည့်ရင်း ဘာကြောင့်များ ကျွန်တော် နှလုံးသားတွေ ခုန်နေရသည်ကို စဉ်းစား မိပြန်သည်။ ရင်ခုန်မိသည်။ ကျောက်ဆောင်အရိပ်ကြီးသည် ရေပြင်ပေါ် နှင့် သဲသောင်ပြင်ပေါ် ထိုးကျနေသလို၊ ဆိပ်ကမ်းတစ်ခုမှ ထွက်လာပြီး စုရုံးစုရုံးဖြစ်နေသော လူတစ်အုပ်ကို ကျွန်တော် မြင်လိုက်သည့်အခါ ရင်ခုန်မိပါသည်။ ဘဝကိုယ်တိုင်က အတွေးခေါ်မဲ့မှုနှင့် စွမ်းပကားများ ကို နူးညံ့စွာခွဲခွာသည်ကို ကျွန်တော် မြင်ရသကဲ့သို့ပင် ရင်ခုန်မိပါသည်။

အချိန်. . .၊ ရပ်ကြည့်နေသူ၏ အခွင့်ထူးများကို ကျွန်တော်တို့ ထံမှ ကြမ်းတမ်းစွာ လုယူနေသည်ဟု ကျွန်တော် စဉ်းစားမိသည်။ နောက်ဆုံးကျတော့ အေသင်၏အဝင်ဝအခန်းတွင် လေယူလေသိမ်း မမှန်သော ပြင်သစ်ဘာသာစကားဖြင့် တွတ်ထိုးနေသော စုံတွဲက ကျွန် တော်တို့ဆီ ရောနှောရန်ရောက်လာသည်။ အခြားတစ်စုံတစ်ယောက် က အလှစိုက်ပန်းအိုးကလေးဘေးမှ ကျွန်တော်တို့ နေရာကလေးကို ရောက်လာပြန်သည်။ ဘားခန်းအတွင်း ကျွန်တော်တို့၏ တိတ်ဆိတ် သော ထောင့်ကျဉ်းကလေး၊ ပြီးတော့မှ ထွက်ပေါ်လာသည်။ အခြား ပန်းခင်းလမ်းများကို စောင့်ကြည့်ဖို့အတွက်လည်း ကျွန်တော်တို့ မလွဲ မကင်းသာ ပါဝင်ခဲ့ပါသည်။ ကျွန်တော်တို့ ဖော်ထုတ်လိုသောအရာမှာ အချက်အလက်များ ဆက်စပ်ပါဝင်မှု မဟုတ်၊ အနှစ်သာရတစ်ခုသာ ဖြစ်သည်။ ဝမ်းသာကြည်နူးခြင်း (သို့မဟုတ်) စိတ်ညစ်ညူးခြင်းကို ဖြစ်ပွားစေသည့် ပေါ်ပေါက်လာနိုင်သော ကိစ္စရပ်များကို ဖော်ထုတ်မရ သော တိုက်ဆိုင်မှုကဲ့သို့သော တစ်စုံတစ်ရာကိစ္စမျိုးသာ ဖြစ်သည်။ ကျွန်တော် လုပ်ချင်သည့်အရာမှာ ကျွန်တော်တို့ အိပ်မက်များကိုခွင့်ပြုပါ။ မညီမညွတ်ဖြစ်သော ကမ္ဘာကြီးထဲက အိပ်မက်များ၊ ပြီးတော့ သူတို့၏ ကျိုးကြောင်းဆီလျော်မှုများ၊ ထိုအရာများထဲမှ ဘယ်အရာပင် ဖြစ်စေ ကျွန်တော်ကို စိတ်ဝင်စားအောင် မလုပ်နိုင်ပါ။ သို့ဖြင့် ကျွန်တော် ကခဲ့ပါ သည်။ အရက်လည်း သောက်ခဲ့ပါသည်။ ဘားခန်းထဲတွင် တစ်ယောက်မှ


www.burmeseclassic.com

www.burmeseclassic.com


မကျန်တော့သည်အထိ ဇာတ်လမ်းများလည်း ပြောခဲ့ပါသည်။ တစ်ယောက်မှ မကျန်တော့မှဘဲ ကျွန်တော်တို့ အိမ်ပြန်ခဲ့ကြပါသည်။ အလွန်ပျော်စရာကောင်းပုံပေါ်သော စီးပွားရေးကြော်ငြာများကို ကြည့်ဖို့ တယ်လီဗေးရှင်း အစီအစဉ်ကို ဖွင့်လိုက်သည်။ တစ်နေ့လုံး ကျွန်တော် ကြည့်ဖြစ်ခဲ့သည်မှာ သိပ်များလှပုံမပေါ်ပါ။ လေယာဉ်တက်ခွင့် လက်မှတ်ရသူတစ်ယောက်၏ လေယူလေသိမ်းဖြင့် အမျိုးသမီးတစ်ယောက်က မေးသည်။ "ရှင် . . . သားမွေးအကျႌနဲ့ကို ရှူရှိုက်ဖူးသလား"၊ နောက်. . . "မိုးရေထဲကနေလာရတဲ့ ဒေါ်လာငါးသိန်းပါတဲ့ မြွေပါအရေပြားအိတ်ဟာ ရွံ့တွေ ဗွက်တွေထဲမှာ မြေခွေးတစ်ကောင်က လိုက်ဖမ်းနေတဲ့ အမဲလိုက်ခွေးတစ်ကောင်ထက် အနံ့ဆိုးနိုင်တယ်။ အဲ. . . စိုစွတ်တဲ့ သားမွေးထက်ဆိုးတဲ့ အနံ့မရှိဘူး။ ခပ်ပါးပါး နှင်းမှုန်ကလေးကတောင် သိုးတွေ၊ သားပိုက်ကောင်တွေ၊ ကြောင်ကတိုးတွေ၊ မြွေပါတွေကို အနံ့ဆိုးအောင် လုပ်နိုင်ပါသေးတယ်။ ပြီးတော့ တန်ဖိုးနည်း သားမွေးတွေနဲ့ အသုံးပြုနေတဲ့အရာဟာ တိရစ္ဆာန်ရုံက ဆိုးဆိုးဝါးဝါး လေဝင်လေထွက်မကောင်းတဲ့ ခြင်္သေ့အိမ်လောက် အနံ့ဆိုးတယ်၊ ရှင့်သားမွေးတွေကို ရှင်မဝတ်ခင်မှာ အဲဒီသားမွေးတွေကို ခပ်ပေါ့ပေါ့ကလေး အသုံးပြုမိတာမျိုးကြောင့် စိတ်ပူပန်မှု၊ စိတ်ရှုပ်ထွေးမှုမဖြစ်ရအောင် ရှင့်ဖာသာရှင်ဂရုစိုက်ပြီး စောင့်ရှောက်နေပေါ့ရှင်" သူမက အိပ်မက်ကမ္ဘာကို ပိုင်ဆိုင်သူ၊ ပြီးတော့ သူမထံမှ ကျွန်တော်မခွဲခွာမီ သူမကို ပြောခဲ့သည်။ လရောင်ထဲတွင် ကျွန်တော် အိပ်ပျော်ရပြီ၊ ကျွန်းကလေးတစ်ကျွန်းကို အိပ်မက်မက်ပြီလေ။

ကျွန်တော်သည် တခြားလူတစ်ယောက်နှင့် ရှိနေပါသည်။ နောက် ရွက်လွှင့်မည့် လှေကလေးတစ်စင်းပေါ်မှာ နေရာကလေးတစ်ခုစီ ရောက်နေသည့်ပုံ၊ ကျွန်တော်က နေစာလှုံလျက်၊ ကျွန်တော် သတိရ၍ ကျွန်တော့်မေးရိုးများကို ထိမိတော့. . . သုံးလေးရက်ခန့် မရိတ်ဘဲထားသည့် မုတ်ဆိတ်မွေး ငုံးတိတိတွေကို စမ်းမိသည်။ ကျွန်းကလေးဟာ


www.burmeseclassic.com

www.burmeseclassic.com


ပစိဖိတ်သမုဒ္ဒရာထဲမှာပင်၊ လေထဲတွင် ဟင်းချက်ဆီနံ့တွေက ညှီစို့စို့ ပျံ့လွင့်လျက်၊ တရုတ်ကမ်းရိုးတန်း၏ လက္ခဏာမျိုး၊ မွန်းတည့်ချိန် တိတိတွင် ကျွန်တော်တို့ ကုန်းပေါ်တက်လာခဲ့ကြသည်။ ကျွန်တော် တို့တွင် လုပ်စရာကိုင်စရာများများ ရှိပုံမပေါ်ပေ။ ကျွန်တော်သာ လမ်း များအတိုင်း လျှောက်သွားနေမိသည်။ ဤနေရာက တပ်ကယူထား သည်။ ဒါမှမဟုတ် စစ်ကြောင်းကျရာစခန်းများအဖြစ် အသုံးပြုထား သည်။ အဘယ်ကြောင့်ဆိုသော် ပြတင်းပေါက်များတွင် ရေးသားထားခဲ့ သော အမှတ်အသားများမှာ အင်္ဂလိပ်စာဖြင့် ရေးသားထားသောကြောင့် ဖြစ်ပါသည်။ အရှေ့တိုင်း ဆံပင်ညှပ်ဆိုင်က ‘ကတုံးဆံတောက်’ ဆိုသော စကားလုံးများကို ကျွန်တော် ဖတ်နေမိသည်။ စတိုးဆိုင်များစွာတွင် အမေရိကန် ဝီစကီအတုတွေနှင့် ဝီစကီစာလုံးကို WHIKKY စာလုံး ပေါင်းထားသည်။ ပိုမိုကောင်းမွန်သည့် လုပ်စရာမရှိသောကြောင့် ကျွန် တော်တို့ ဒေသဆိုင်ရာပြခန်းဆီ သွားကြည့်ပါသည်။ လေးမြား၊ သမိုင်းဦး ခေတ် ငါးမျှားချိတ်၊ မျက်နှာဖုံးနှင့် ဗုံးများ။ ပြတိုက်မှ စားသောက် ဆိုင်ဆီရောက်သွားသည်။ စားစရာတွေမှာသည်။ ကျွန်တော်သည် ဒေသ ဆိုင်ရာဘာသာစကားဖြင့် အခက်တွေ့နေသည်။ သို့သော် ကျွန်တော် အံ့အားသင့်ရသည်မှာ သတင်းအချက်အလက်ပေးပို့ဖို့ အခက်အခဲဖြစ် နေပါသည်။ ကမ်းပေါ်သို့ တက်မလာခင်ကပင် ကျွန်တော်သည် ဘာသာ စကားကို လေ့လာခဲ့ပြီးဖြစ်သည်။ စားပွဲဆီ စားပွဲထိုးတစ်ယောက် ရောက်လာသောအခါ ကျွန်တော်က စကားစုများကို တပေါင်းတစည်း တည်း ပြောပြဖို့ ပြတ်သားစွာ သတိရလိုက်ပါသည်။ PORPOZEC, CIEPOBIE NIE PROSZE စသဖြင့်၊ စားပွဲထိုးက ပြုံးပြပြီး ကျွန်တော့်ကို ချီးကျူးကာ ဝမ်းမြောက်ကြောင်း ပြောလာသည်။ နောက် ကျွန်တော် သည် အိပ်မက်ထဲမှ နိုးထလာခဲ့သည်။ စကားလုံးတွေ ချက်ကျကျပြုလုပ် သွားရ၍ နေရောင်အောက်က ကျွန်းကလေးပြုလုပ်လိုက်သလို ဖြစ်သွား သည်။ ကျွန်းသူကျွန်းသားများ၊ ပြီးတော့ ကျွန်းပေါ်က တကယ့်ပြတိုက်


www.burmeseclassic.com

www.burmeseclassic.com


တို့ကို သိသာမြင်သာအောင် ပြုလုပ်လိုက်သလိုပင်။ ငြိမ်းချမ်းဖော်ရွေသော ဒေသခံတိုင်းရင်းသားများနှင့် သက်တောင့်သက်သာ သူတို့ နေထိုင်မှုကို တမ်းတရင်း ကျွန်တော်တွေးရင်း လွမ်းမိပါဘိ။

ကြက်မြီးပါတီနှင့်အတူ တနင်္ဂနွေနေ့သည် ပျော်ရွှင်စွာ အသာအယာကလေး ကုန်ဆုံးသွားခဲ့သည်။ သို့သော်လည်း ထိုညက ကျွန်တော် အိပ်မက်မက်သည်။ အိပ်မက်ထဲမှာ ကျွန်တော်သည် နန်တပ်ကက်ရှိ အိမ်ငယ်တစ်လုံး၏ အိမ်ခန်းပြတင်းပေါက်နားမှာ ရပ်နေသည်ဆိုပဲ။ တစ်ခါတစ်ရံ ကျွန်တော်တို့ ငှားရမ်းနေထိုင်ပါသည်။ ကျွန်တော်က ကမ်းခြေခပ်ပြေပြေ အကွေ့ကလေးတစ်လျှောက် တောင်ဘက်အတိုင်းလိုက်ကြည့်နေမိသည်။ ပိုမိုကောင်းမွန်သော၊ ပိုမိုဖြူဆွတ်သော၊ ပိုမိုအံ့သြဖွယ်ကောင်းသော ကမ်းခြေတစ်ခုကို ကျွန်တော် တွေ့သည်။ သို့သော် အဝါရောင် သဲသောင်ပြင်နှင့် စက်ဝိုင်းစိတ်ကွေးကွေး ကျွန်းတန်းကို ကြည့်လိုက်သောအခါ ခံစားမှုတစ်ခုကိုခံစားလာရသည်။ ပင်လယ်ကွေ့ကလေးကို ကြည့်လိုက်လျှင်လည်း ထိုပင်လယ်ကွေ့ကလေးက ကျွန်တော့်အား တစ်စုံတစ်ရာကို ဖော်ပြနေသည်ဟူသော ခံစားမှုပင်၊ ကောင်းကင်မှာ တိမ်တွေ ထူပါဘိ၊ ရေညှိုညှို၊ ယနေ့ တနင်္ဂနွေနေ့၊ သို့သော်ငြားလည်း ဘယ်ပုံဘယ်နည်းဖြင့် သိခဲ့သည်ကိုတော့ ကျွန်တော် မပြောနိုင်၊ အချိန်က နှောင်းသွားပြီလေ။ ထမင်းဆိုင်ကလေးအတွင်းမှ ဆေးကြောကိုင်တွယ်မှုကြောင့် ပေါ်ပေါက်လာသည့် ကြည်နူးစရာ ပန်းကန်ခွက်ယောက်သံများကို ကျွန်တော် ကြားနေလိုက်သည်။ ထိုစဉ် ရှေးရိုးဆန်ဆန်အခန်းတွင် မိသားစုများသည် သူတို့၏တနင်္ဂနွေနေ့ညစာကို စားသောက်နေကြပေလိမ့်မည်ပင်။ ထိုအချိန်တွင် ကမ်းခြေဆီ ဆင်းလာသော တစ်ကိုယ်တော် ရုပ်ပုံလွှာကို ကျွန်တော် မြင်လိုက်ရပြန်သည်။ ဘုန်းကြီးတစ်ပါးပါး၊ ဒါမှမဟုတ် ဂိုဏ်းအုပ်တစ်ပါးပါး၊ သူက ခရစ်ယာန်ဘုန်းတော်ကြီးများကိုင်ဆောင်တတ်သော တောင်ဝှေးကောက်ကို ကိုင်လျက်၊ ခရစ်ယာန်ဂိုဏ်းချုပ်ဘုန်းကြီးတွေသာ ဆောင်းရသော ထိပ်ပြားချွန် ဦးထုပ်ကို



www.burmeseclassic.com

www.burmeseclassic.com


ဆောင်းလျက်၊ မြင့်မြတ်သော ဘာသာရေးဆိုင်ရာ ကိစ္စရပ်များအတွက် အပေါ်ဝတ်ရုံ၊ အပေါ်ရုံသင်တိုင်းရှည်၊ လက်မပါသော ဝတ်ရုံပွ၊ သင်တိုင်းဖြူဖြူတို့ကို ဝတ်စားထားလျက်၊ သူ့ဝတ်စုံများကိုလည်း လေးလံအောင်ရွှေဖြင့် ကွပ်ထားသည်။ ခုလို အချိန်အခါတွင် ပင်လယ်လေပြင်းက အဝတ်စဖျား လွင့်နေအောင် ရိုက်ခတ်နေသည်။ သူ့မျက်နှာတော်တွင်မူ မုတ်ဆိတ်ကျင်စွယ်များကို သန့်စင်ထားသည်။ ဖျော့တော့သော အလင်းရောင်တွင် သူ့ပုံပန်းသဏ္ဌာန်ကို ကျွန်တော့်မှာ အတိအကျမဖော်နိုင်ပေ။ သူက ပြတင်းပေါက်မှနေနေသော ကျွန်တော့်ကို မြင်သွားသည်။ လက်မြှောက်ပြသည်။ ကျွန်တော့်ကို ခေါ်ခြင်းပင်။ PORPOZEC, CIEBIE, NIE, PROSZE စသဖြင့်၊ သူသည် သဲသောင်ပြင်တစ်လျှောက် ခပ်သုတ်သုတ် လျှောက်လာသည်။ လမ်းလျှောက်တုတ်ကောက်ကဲ့သို့ သူ့လက်ထဲမှ နှောင့်နှေးကြန့်ကြာနေရသည်။ ကျွန်တော်ရပ်နေသော ပြတင်းပေါက်ကို ဖြတ်ကျော်သွားသည်။ နောက်. . . ပျောက်သွားသည်။ ကျောက်ဆောင်အကွေးကလေး၊ သဲသောင်ပြင်အကွေးလေးထဲသို့ ထိုးထွက်နေသောနေရာ၌ သူ ပျောက်သွားပါသည်။

တနင်္လာနေ့ ကျွန်တော် အလုပ်ဆင်းသည်။ နောက် အင်္ဂါနေ့မနက် ၄ နာရီလောက်တွင် အိပ်မက်မက်ရာမှ နိုးလာခဲ့သည်။ အိပ်မက်ထဲတွင် ကျွန်တော်က ဘောလုံးကစားနေသည်ကို၊ ကျွန်တော်က အနိုင်ရသည့်အသင်းမှာ. . . တဲ့။ ဂိုးက ၆ ဂိုးက ၁၈ ဂိုးအထိ တဲ့။ ဘောလုံးပွဲကတစ်စုံတစ်ယောက်၏ ဖြတ်၍ညှိထားသော မြက်ခင်းပေါ်တွင် တနင်္ဂနွေနေ့ မွန်းတည့်ချိန်မှာ ကစားခဲ့သည်တဲ့။ ကျွန်တော်တို့ မိန်းမတွေ၊ သားသမီးတွေက မြက်ခင်းစပ်ကနေ ကြည့်နေသည်တဲ့။ အဲဒီမှာ စားပွဲတွေ၊ ကုလားထိုင်တွေ၊ သောက်စရာတွေရှိနေသည်တဲ့။ အနိုင်ရသော ပွဲမှာအဆုံးထိ အကြာကြီးပြေးလွှားကစားနေရသည်။ ဂိုးတစ်ဂိုး အနိုင်သွင်းယူလိုက်သောအခါတွင် 'ဟဲလင်ဖာမား' ဟုခေါ်သော ရွှေရောင်ဆံပင်နှင့် တုတ်တုတ်ခိုင်ခိုင် မိန်းကလေးကထရပ်ပြီး ဂုဏ်ပြုပွဲတွင် မိန်းမသားအွေ



www.burmeseclassic.com

www.burmeseclassic.com


ပါဝင်ဖို့ စည်းရုံးလှုံ့ဆော်နေပါသည်။ 'ရာ. . . ရာ. . . ရာ' ဟု ညာသံပေးကာ သူတို့ အော်ဟစ်နေကြပါတော့သည်။

ကျွန်တော်သည် ဤသို့ ကသိကအောက် ဘာမှမဖြစ်တာကို တွေ့ရပါသည်။ ဒါ. . . ကျွန်တော် ဖြစ်စေချင်တဲ့ အရာပဲ။ ကျွန်တော် ဖြစ်စေချင်တဲ့လမ်းပါပဲ။ အချစ်ကို ရှာဖွေတွေ့ရှိခဲ့သောလူမှာ ဆုံးရှုံးရသော အင်အားမရှိပေဘူးလား။ ထပ်ခါထပ်ခါ ရွတ်ဆိုနေရသော ဤဝါကျများသည် ကျွန်တော့်အတွက် စိတ်လှုပ်ရှားမှုကို ရှာဖွေတွေ့ရှိခဲ့ခြင်းများလား။ ကျွန်တော် အောင်ပွဲရအသင်းဝင် ဖြစ်ခဲ့သည့်အချက်က ကျွန်တော့်အား ပျော်ရွှင်စေခဲ့ပါသည်။ သို့နှင့် ကျွန်တော်သည် နံနက်စာကို ပျော်ရွှင်စွာ ဆင်းစားခဲ့သည်။ သို့သော် ကျွန်တော်တို့ မီးဖိုချောင်သည် 'အလိုအိပ်မက် တစ်ခု အစိတ်အပိုင်းဖြစ်နေပြန်ပေါ့။' အရောင်က ပန်းရောင်တဲ့၊ ရေစိုခံ နံရံများ၊ မှိန်ဖျော့ဖျော့အလင်းရောင်၊ သေသေချာချာ တပ်ဆင်ထားသော ရုပ်မြင် သံကြားစက် (ဝတ်ပြုဆုတောင်းသူများကို ပြောကြားသည့် နေရာ)၊ ပြီးတော့ အိုးစိုက်ပန်းအတု၊ ဒါတွေက ကျွန်တော့်ကို ကျွန်တော့် အိပ်မက်အတွက် အိမ်လွမ်းနာကျစေခဲ့ပါသည်။ ကျွန်တော်တို့ နံနက်စာကို စာရေးမှာစားနိုင်သော ထူးဆန်းလှသည့် စာရွက်နှင့် ကညစ်ရှိသည့် နေရာမှ ကျွန်တော့်မိန်းမဖြတ်သွားပြီး ကျွန်တော့်အား ပေးလာသောအခါ ကျွန်တော်က Propozec Ciebie Nie Prosze ဟု ရေးသားလိုက်ပါသည်။ သူမကရယ်ပြီး မေးပါတော့သည်။ ကျွန်တော်က ဘာအဓိပ္ပာယ်နဲ့ပြောသလဲပေါ့။ ဒါနဲ့ ကျွန်တော်က ဝါကျတွေကို ထပ်ခါထပ်ခါ ရွတ်ပြလိုက်သည်။ စင်စစ် ကျွန်တော် ပြောချင်သော တစ်ခုတည်းသော အရာဖြစ်ပါသည်။ အလို သူမ ငိုပြီ၊ သူမ မျက်ရည်တွေထဲက ခါးသည်းမှုတွေ ကျွန်တော်မြင်နေရပြီ။ ဒါနဲ့ အနားယူလျှင် ပိုကောင်းမည်ဆိုပြီး ကျွန်တော် နေလိုက်ပါသည်။ ဒေါက်တာဟောင်းလန်း ရောက်လာပြီး ကျွန်တော့်ကို စိတ်ငြိမ်ဆေးတွေ ပေးသွားခဲ့သည်။ ထိုနေ့ မွန်းတည့်ချိန်တွင် ကျွန်တော်သည် ဖလော်ရီဒါတို့ လေယာဉ်ဖြင့် ထွက်ခွာလာခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ခုတော့ ဒါတွေ နှောင်းခဲ့ပြီလေ။ ကျွန်တော် နွားနို့တစ်ဖန်ခွက် သောက်သည်။ အိပ်ဆေးတစ်ပြားလည်း သောက်သည်။ ဟော . . . ရှုခင်းထဲတွင် ဒူးထောက်နေသော လှပချောမောသည့် အမျိုးသမီးတစ်ယောက်ကို အိပ်မက်မက်ပြန်သည်။ အညိုရောင်သန်းနေသော ဆံပင်တွေက ထူထူပြစ်ပြစ်နှင့် သန်လွန်းလှသည်။ အဝတ်အစားမှာ စကပ်နှင့်၊ သူ့အဝတ်အစားများသည် ရှေးရိုးဆန်သည်။ ကျွန်တော်တို့ မမွေးမီကဖြစ်သည်။ ကျွန်တော် တွေးမိသည်။ ဘယ်လိုလုပ် ကျွန်တော် သိနိုင်မည်လဲ။ ပြီးတော့ ကျွန်တော့်အဘွား ဝတ်စားခဲ့သော အဝတ်အစားများကို ဝတ်စားထားသည့် မျက်နှာစိမ်းတစ်ဦးကြောင့် သိမ်မွေ့နူးညံ့စွာ ခံစားရပါသည်။ ဟုတ်ပ။ သူမက တကယ်ဝတ်စားထားသည်လေ။ အရှေ့ဘက် ၄ မိုင်အကွာက တမ်မီယာမီလမ်းကြောင်းသည် တကယ့်အစစ်အမှန်ဖြစ်ပါသည်။ ဆာရာဆိုတာလမ်းတွေ အနောက်ဘက်ကထက် တကယ့်ကို အစစ်အမှန်ဖြစ်ပါသည်။ သူမ ဘယ်မှာလဲ၊ ကျွန်တော် မမေးမိ၊ သူမ ဘာပြောမည်နည်း။ ကျွန်တော်သိ၏။ ထိုအချိန်မှာပင် သူမသည် ပြုံးလျှက်စကားစသည်။ ကျွန်တော် လှည့်မထွက်မီက ဖြစ်သည်။ Porpozec Ciebie . . .၊ သူမ စပြောလာသည်။ သို့နှင့် အုန်းပင်ပေါ် ကမိုးစက်သံကြောင့် ဒါမှမဟုတ် စိတ်ပျက်နေသောကြောင့် ကျွန်တော် နိုးလာပြန်သည်။ ကျွန်တော် လယ်သမားတချို့အကြောင်း စဉ်းစားမိသည်။ ခုလို မိုးသံရေသံတွေ ဆူညံနေသည်ကို နားထောင်ရင်း သူတို့သည် သူတို့၏ ခပ်ဆာဆာခြေထောက်များကို ရပ်တန့်ကာ ပြုံးနေကြပေလိမ့်မည်။ သူတို့၏ ဆလပ်ပင်တွေ၊ ဂေါ်ဖီပင်တွေ၊ ကောက်ရိုးတွေ၊ မြင်းစားဂျုံတွေ၊ ပြောင်းဖူးတွေပေါ် သို့ မိုးရေတွေ ကျနေမှာပဲဟု သူတို့ ခံစားနေကြပေလိမ့်မည်။ ရေပိုက်ပြင်သူတချို့အကြောင်း ကျွန်တော် စဉ်းစားကြည့်သည်။ မိုးရေကျသံများကြောင့် နိုးလာကာ သူတို့သည် မြေကမ္ဘာမြင်ကွင်းကို ကြည့်ပြီးပြုံးနေကြပေလိမ့်မည်ပင်။ နောက်မြင်ကွင်းထဲတွင် အားလုံးသော ရေဆင်းမြောင်းများသည် ထူးဆန်းစွာပင်


www.burmeseclassic.com

www.burmeseclassic.com


သန့်စင်လွတ်လပ်နေသည်။ ထောင့်မှန်ကျ ရေဆင်းမြောင်း၊ ကွေ့ကောက်နေသော ရေဆင်းမြောင်း၊ သစ်မြစ်တွေ တိုးဝင်နေသော မြောင်းဆွေး၊ မြောင်းပုတ်၊ အားလုံးသော မြောင်းပုတ်တွေပင် ပလုံစီထကာ ရေများကို ပင်လယ်ထဲသို့ စီးဆင်းသွားကြလေသည်တကား။ ကျွန်တော့်အထင် မိုးရေသံကြောင့် ထိုမိန်းမအိုကြီးတချို့ နိုးလာခဲ့ကြသည်။ အကယ်၍ မိန်းကလေးသည် ပန်းခြံထဲမှာ သားတော်မောင်နှင့် နွမ်းလျဘိ ပုံတူများ ထားခဲ့လျှင် မိန်းမကြီးတချို့ အံ့ဩကြပေဦးမည်။ ဘယ်မှာလဲ သူမရဲ့ ရှောစောင်၊ သူမ ကုလားထိုင်ကိုများ ဖုံးအုပ်ထားခဲ့သလား၊ နောက် ကျွန်တော် သိပြီ။ ခုလို မိုးရေစက်သံကြောင့် ချစ်သူတွေတချို့ နိုးလာခဲ့ကြမည်။ ထိုမိုးရေစက်များသည် သူတို့၏အသံကြောင့် ချစ်သူတွေ တစ်ယောက်ရင်ခွင်ထဲ တစ်ယောက်ဝင်သွားနိုင်သော အင်အားတစ်ရပ် ဖြစ်နေပါတော့သည်။ ထိုအခိုက် ကျွန်တော်သည် မွေ့ယာပေါ်တွင်ထိုင်နေပါသည်။ ပြီး ကိုယ့်ကိုယ်ကိုယ် ကျယ်လောင်စွာ ရေရွတ်နေလိုက်သည်။ “ရဲစွမ်းသတ္တိ၊ အချစ်၊ မွန်မြတ်မှု၊ ကရုဏာတရား၊ ကြီးကျယ်ခမ်းနားမှု၊ အကြင်နာ၊ ဉာဏ်ပညာ၊ အလှအပ၊ ဟော့ဒီ မြေကြီးပေါ်မှာ ရောင်စုံတွေ ဖြာနေတဲ့ စာလုံးတွေ၊ မြင်ရဲ့လား” ပြီးမှ . . . အဲဒီ စာလုံးတွေကို ကျွန်တော် ရွတ်ဆိုနေစဉ် တစ်ညတာ ငြိမ်းချမ်းစွာ ကျေနပ်ရောင့်ရဲမှု မရမချင်း ကျွန်တော်သည် မျှော်လင့်ချက်တွေ တသီကြီးနှင့် တောင်တန်းအဖြစ် ကိုယ့်ကိုယ်ကိုယ် ခံစားနေလိုက်ပါတော့သည်။

(The Stories of John Cheever အုပ်မှ A Vision of the World ကို ပြန်ဆိုပါသည်။)

**လေးကိုတင်**

■



www.burmeseclassic.com

www.burmeseclassic.com




# ကျားလက်သည်း

## မိုးကိုကို

www.burmeseclassic.com

www.burmeseclassic.com


"လူသားစား" ရဲ့ ဝိုးတဝါး ဘဝဖြစ်စဉ်တစ်ခု အဆုံးသတ်သွားပြီ။ သူ့ကို သုတ်သင်ဖယ်ရှားခဲ့တဲ့ သူတွေကတော့ သူ့ရဲကောင်းတွေပေ့ါ။ သူတို့ကို ဂန္ဓမာပန်းကုံးတွေ စွပ်လို့။ မြင့်မားသော နွားလှည်းရဲ့ မုခ်ဦးတွင် နေရာပေးကာ လမ်းထဲတွင် ဂုဏ်ပြုပြသသည်။ အခြားအမိုးဖွင့် နွားလှည်းတစ်စီးက သူတို့ လှည်းနောက်မှကပ်လျက်။ အဲဒီ အမိုးဖွင့်လှည်းပေါ်မှာတော့ သူတို့ရဲ့ အောင်ပွဲအထိမ်းအမှတ်သားကောင်။ မျက်လုံးနှစ်လုံးပွင့်ကာ အစန့်သား။ မျက်လုံးမှထွက်သော အရည်များက လှည်းပေါ်တွင် နေရာအနှံ့ စီးကျနေသည်။ သူ့အမြီးက မြေပြင်ကို ဒရွတ်တိုက်လျက်သား။

ဒီနေ့အတွက် ရွာလေးရဲ့ ပုံမှန်လုပ်ငန်းဆောင်တာတွေ ရပ်တန့်သွားပြီ။ ယောကျ်ားကြီးတွေ၊ မိန်းမကြီးတွေ၊ ပြီးတော့ ကလေးတွေ၊ အဝေးပြေးလမ်းမပေါ် စုပြုံရောက်ရှိလာကာ တိုးဝှေ့နေကြ၏။ လူတန်းကြီးဖြစ်လျက်။ စိတ်လှုပ်ရှားမှုတွေနဲ့ ကျားကြီးအကြောင်းပြောလျက်၊ ကျားကြီးက မန်ပီသစ်တောဖြင့် ဝိုင်းရံလျက်ရှိသော ဒီရွာကလေးတွင် ငါးနှစ်နီးပါးမျှ ကြောက်ရွံ့ထိတ်လန့်ဖွယ် မင်းမူခဲ့သည်။

ကျွန်တော်တို့က လူအုပ်ကြီးနဲ့အတူ မျောပါလျက် ညှို့ငင်ဖမ်းစားမှုရှိသော ဒီမြင်ကွင်းကို လိုက်ပါကြည့်ရှုနေမိသည်။ စကားများကိုလေအိုးက နောက်မှနေ၍ ကျွန်တော်တို့ကို ပုတ်လိုက်သည့်တိုင်ပင်။ ကိုလေအိုးက ကျွန်တော်တို့ကို နောက်မှပုတ်လျက်အော်ပြောလို့။


www.burmeseclassic.com

www.burmeseclassic.com


"သိပ်အံ့သြနေသလားဗျာ။ ဒီကျားသေကောင်ကြီးကို ခင်ဗျား မျက်လုံးက မခွာနိုင်ဖြစ်နေတယ်ဆိုရင် လာဗျာ. . . ကျွန်တော် ပြောတာ နားထောင်ပါဦး"

လူအုပ်ကြီးက လှိုင်းလုံးပမာ ကျွန်တော်တို့ ဖြတ်ကျော်သွားပြီးနောက် ကိုလေအိုးက သစ်ပင်တစ်ပင်အောက်ရှိ ကျောက်တုံးပေါ်တွင် ထိုင်ချလိုက်သည်။ ပြီးတော့ သူ့ဇာတ်လမ်းကို ပြောတော့၏။

"တစ်ခါတုန်းက ကျွန်တော် ကိုပေါလ်ကို ခဏတဖြုတ်ရောက်ခဲ့တယ်။ မန်ပီဒေသတစ်ဝိုက် ခပ်ကျဲကျဲတည်ရှိနေတဲ့ ရွာတွေထဲမှာ အခေါင်ဆုံး၊ ချောင်အကျဆုံး ရွာပေ့ါဗျာ။ ခင်ဗျားကတော့ အံ့သြနေမှာပဲ။ ကမ္ဘာမြေကြီးရဲ့ထောင့်စွန်း၊ ဒီဇနပုဒ်မှာ ကျွန်တော် ဘာလုပ်နေသလဲပေ့ါ။ ကျွန်တော် ခင်ဗျားကိုပြောပြမယ်။ မြေဆီသြဇာကုမ္ပဏီတစ်ခုရဲ့ ကိုယ်စားလှယ်အဖြစ် ကျွန်တော့်အလုပ်အကိုင်နဲ့ ပတ်သက်ပြီး ကျွန်တော် ခင်ဗျားကို မကြာခဏ ပြောခဲ့ဖူးတာ ခင်ဗျား သတိရမှာပါ။ ဒီအချိန်တုန်းက ကျွန်တော့်ဘဝဟာ အဆင်မပြေဆုံးကာလပေ့ါ။ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ စည်ကားလှတဲ့ မြို့ပြကနေဝေးရာ ချောင်ကြိုချောင်ကြားဒေသတွေမှာ လှည့်လည်ရင်း လမ်းပေါ်မှာပဲ အချိန်ကုန်ခဲ့ရတယ်ဗျာ။ ဒီလိုမျိုး ခရီးတစ်ခုမှာ ကျွန်တော် ကိုပေါလ်ကို ရောက်ခဲ့ရတယ်။"

ကိုပေါလ်ဟာ တကယ့်ရွာတစ်ရွာတော့ မဟုတ်ဘူးဗျ။ ဒါပေမဲ့ အိမ်ခြေလေးဆယ်၊ လမ်းနှစ်လမ်းလောက်သာရှိတဲ့ ခုတ်ထွင်ရှင်းလင်းထားတဲ့ မြေကွက်တစ်ကွက်မျှပါပဲဗျာ။ အဖက်ဖက်က တောဟောက်သံ၊ တောခြောက်သံတွေက ဆူညံလို့ပေ့ါ။ နေရာလေးက ညစ်ပတ်ပေရေနေပြီး နိမ့်ကျလှပါတယ်ဗျာ။ ကျွန်တော်တို့ ကုမ္ပဏီက သူတို့ ရုပ်ဝတ္ထုပစ္စည်းတွေအတွက် ဒီလိုဒီလိုနေရာမျိုးကို စေလွှတ်ဖို့ ဘာကြောင့်များ စုံစမ်းခဲ့ပါလိမ့်။ ကျွန်တော်ဖြင့် နားမလည်နိုင်ပေါင်ဗျာ။ သူတို့ကတော့ ဒီရွာကလေး ဖြစ်တည်မှုကို သိကြမှာမဟုတ်ဘူး။ ဒါပေမဲ့ ဒီရွာကလေးက ရထားလမ်းပေါ်မှာ ရှိတာဗျ။ ဟုတ်တယ်။ တကယ့်ကို ရထား လမ်းပေါ်


www.burmeseclassic.com

www.burmeseclassic.com


မှာ။ တချို့ချောင်ကျတဲ့ ရထားလမ်းခွဲတစ်ခု ဒီရွာကလေးကို ဖြတ်သွားတယ်လေ။ ရထားအများစုကတော့ ဒီနေရာမှာ မရပ်ပါဘူး။

"ဒီလူနေမှု အဖွဲ့အစည်းရဲ့ အလယ်ဗဟိုကတော့ အပြာဝတ် အလုပ်သမားတစ်ယောက်ရယ်၊ လုပ်သက်ရ ရုံပိုင်တစ်ယောက်ရယ်၊ အနီရောင်၊ အစိမ်းရောင် အလံနှစ်ခုကို အမြဲတမ်း ချိုင်းကြားညှပ်ပြီး အစိမ်းရောင်တစ်ဘက်ကို ခေါင်းမှာပတ်ထားတတ်ပြီး ပိန်ချုံးအိုမင်းနေတဲ့ လူတစ်ယောက်ရယ်၊ သူတို့ ကြီးမ-းအုပ်ချုပ်တဲ့ ဘူတာရုံကလေးပါပဲ။ ဘူတာရုံကလေးအကြောင်း ပြောပါရစေဦးဗျာ။ ဘူတာရုံကလေးဟာ အဆောက်အအုံကြီးတစ်ခုတော့ မဟုတ်ဘူး။ ရထားတွဲဟောင်းတစ်ခုပါ။ ဒီတွဲဟောင်းက ဘူတာအဖြစ် အမှုထမ်းနေလေရဲ့။ ဘီးတွေကို ဖြုတ်ထားပြီး ရထားလမ်းဘေးမှာတည်ထားတာဗျာ။ ဒီတွဲဟောင်းမှာ ပြတင်းပေါက်တစ်ပေါက် ဒါမှမဟုတ် နှစ်ပေါက်လောက်ရှိတယ်။ ဒီပြတင်းပေါက်ကနေ ရုံပိုင်က လက်မှတ်ရောင်းရတယ်။ ရုံပိုင်ခမျာ ဒီသစ်တောကြီးထဲမှာ လှည့်လည်သွားလာနေတဲ့ ဖြတ်သွားဖြတ်လာ ခရီးသည်တွေကို စကားစမြည်ပြောနေတယ်ဗျ။ ကန့်စွန်းနွယ်ပင်တစ်ပင်က အဝင်ပေါက်ကို နွယ်တက်လို့။ မီးရထားတွဲဟောင်းက အသုံးပြုဖို့ မကောင်းတော့ပါဘူးဗျာ။"

"တစ်ခုသော နိုဝင်ဘာ မနက်ခင်းမှာပေါ့။ ရထားတစ်စင်းက ကျွန်တော့်ကို ဒီဘူတာရုံကလေးမှာ ချထားပေးခဲ့ပြီး ရထားကတော့ မီးခိုးတွေမှုတ်ထုတ်ပြီ။ သစ်တောထဲ ဝင်သွားလေရဲ့။ အလံတွေကို သူ့ချိုင်းကြားမှာ ညှပ်ပေးထားတဲ့ ဘူတာရုံပိုင်ဟာ ကျွန်တော့်ကိုကြည့်ပြီး စိတ်လှုပ်ရှားလို့။ သူ့ခမျာ ရောက်လာတတ်တဲ့ ခရီးသွားနည်းနည်းလေးကိုပဲ မြင်ရ၊ တွေ့ရတာ မျက်နှာသစ်တွေ တွေ့နေရတာကိုပဲ သူ့အတွက် အဆုံးမဲ့ ပျော်စရာဖြစ်နေတာ။ ဘူတာရုံပိုင်ဟာ ချက်ချင်းပဲ သူ့ကိုယ်သူ ကျွန်တော့်ရဲ့အိမ်ရှင်အဖြစ် ခံယူလိုက်တာကိုးဗျ။ ပြီးတော့ ဘူတာရုံအဖြစ် လုပ်ထားတဲ့ ရထားတွဲဟောင်းထဲကို ကျွန်တော့်ကို ဖိတ်ခေါ်


www.burmeseclassic.com

www.burmeseclassic.com


တယ်။ ခွေးခြေတစ်လုံးပေါ်မှာ ထိုင်ခိုင်းတယ်။”

“ခဏလေးဗျာ. . . တစ်မိနစ်လောက်. . . ဒီစာလေးပြီးအောင် ရေးပါရစေဦး”လို့ ပြောပြီး စာရွက်ညိုတချို့ပေါ်မှာ သူခပ်မြန်မြန် ကလေးရေးတယ်ဗျ။ ပြီးတာနဲ့ ဒီစာရွက်တွေကိုထပ်ပြီး သိမ်းလိုက်ပါ တယ်။ နောက်ဘူတာရုံပိုင်ဟာ ဘူတာရုံကို ကြည့်ရှုစစ်ဆေးပြီး ကျွန် တော့်ကို သူ့အိမ်ခေါ်သွားတယ်။ သူ့အိမ်က အခန်းတစ်ခန်းသာပါတဲ့ ခပ် သေးသေး ကျောက်တုံးအိမ်ကလေးပါ။ မီးဖိုချောင်တစ်ခုနဲ့ နောက် ဘက်မှာ မြေကွက်လပ်တစ်ခုရှိသဗျ။ သူက ကျွန်တော့်ကို ကျွေးမွေး ဧည့်ခံပါတယ်။ ကျွန်တော့်အတွက်တော့ အပြောင်းအလဲတစ်ခုပေါ့။ ရုံပိုင် က သူ့အလုပ်သမားတစ်ယောက်နဲ့ ကျွန်တော့်ကို အတွင်းပိုင်း တစ်မိုင် လောက်မှာရှိတဲ့ ရွာကလေးကို ပို့ပေးပါတယ်”

“ကျွန်တော် ဒီအိမ်ခြေလေးဆယ်လောက်က လယ်သမားတွေ ကို ကျွန်တော့်အနားမှာ စုလိုက်တယ်။ သူကြီးအိမ် ဆင်ဝင်အောက်ကနေ သူတို့ကို ပြောရတာပေါ့ဗျာ။ သူတို့တစ်တွေ သည်းခံပြီး နားထောင်ကြ ပါတယ်။ သူတို့အသုံးပြုဖို့အတွက် ကျွန်တော်ရဲ့ အသေးစိတ်ညွှန်ကြား ချက်တွေနဲ့ နမူနာတွေကိုလည်း လက်ခံယူကြပါတယ်။ ပြီးတာနဲ့ သူတို့ လုပ်ငန်းခွင်သူတို့ ပြန်သွားကြတာပါပဲ။ နွားချေး၊ သစ်ရွက်ဆွေး မြေဩဇာ အသုံးပြုရမယ်ဆိုတဲ့ ကျွန်တော့်သဘောထားနဲ့ ပတ်သက်ပြီး သူတို့ အချင်းချင်း တီးတိုးပြောင်လှောင်လို့ပေါ့လေ။ ကျွန်တော် ထုပ်ပိုးသိမ်း ဆည်းပြီး မှောင်စပျိုးချိန်မှာ ရုံပိုင်အိမ်ဘက် ပြန်ခဲ့သဗျ။ ကျွန်တော့် လည်ချောင်းတွေဆို နာလို့ပေါ့။ ကိုယ့်စကားလုံးတွေကို ကိုယ်ပြန်ကြား နေတယ်ဗျို့။ ဒီအချိန်မှာ ရထားနှစ်စင်းလောက်ဖြတ်သွားပေမဲ့၊ ဒီဘူတာ ရပ်မယ့် ရထားက နောက်နေ့မနက် ငါးနာရီခွဲမှာမှ ဆိုက်မှာဗျ”

“ရုံပိုင်အိမ်မှာ ညစာစားပြီးတဲ့နောက် ကျွန်တော် ထွက်ခွာဖို့ အချိန်ရောက်ပြီလို့ သိလိုက်တယ်။ တစ်မိသားစုလုံးက အခန်းထဲမှာ အိပ်ရာတွေပြင်ပြီး စောင့်နေရတာ။ ကျွန်တော် နေမယ်ဆိုရင် ရိုင်းရာကျ



www.burmeseclassic.com

www.burmeseclassic.com


တော့မှာပေါ့နော်။ ကျွန်တော်စီးမယ့် ရထားလာတဲ့တိုင်အောင် ပလက် ဖောင်းပေါ်မှာ အိပ်မယ်လို့ ကျွန်တော် ပြောလိုက်တယ်။ ဒီအခါ ရုံပိုင်က လက်မခံဘူးဗျ”

“ဟာ မဟုတ်တာဗျာ ဒီနေရာက သိပ်ဆိုးတဲ့နေရာဗျ။ ခင်ဗျား တို့ မြို့လိုမဟုတ်ဘူး။ ကျားသိပ်ပေါတာ”လို့ ရုံပိုင်က ပြောတယ်။ သူက အထူးအခွင့်အရေးပေးတဲ့အနေနဲ့ ကျွန်တော့်ကို ဘူတာရုံထဲ အိပ်ခွင့်ပေး တယ်ဗျ။ ဘူတာရုံအခန်းထဲမှာက ကြီးမားတဲ့ စားပွဲတစ်လုံး၊ ကုလား ထိုင်တစ်လုံး၊ ခွေးခြေတစ်လုံးနဲ့ ပြည့်နေတာပဲကိုး။ ကျွန်တော် ဒီစားပွဲ၊ ကုလားထိုင်တွေကို တစ်ဖက်တွန်းဖယ်ပြီး ကျွန်တော်အိပ်ဖို့ နေရာတစ်ခု ရအောင် ရှင်းလိုက်တယ်။ ကျွန်တော် ရှင်းမပြီးခင်မှာ အနည်းဆုံး ည ရှစ်နာရီတော့ရှိပြီဗျ။ ပြီးတော့ ကျွန်တော် လှဲအိပ်လိုက်တယ်။ တစီစီ မြည်သံ၊ ချိုးချိုးချွတ်ချွတ်မြည်သံတွေက တိတ်ဆိတ်ညထဲမှာ ဆူညံလို့။ တယ်လီဖုန်းဓာတ်တိုင်၊ ဓာတ်ကြိုးနဲ့ ညအင်းဆက်အော်သံတွေကလည်း တစီစီ၊ တရှိုရှိုပေါ့။ ဝါးရုံပင်တွေကလည်း တစ်ပင်နဲ့တစ်ပင် ပွတ်တိုက်လို့ နေတာကိုး။ ကျွန်တော်ထပြီး ဘူတာရုံတံခါးကို မင်းတုန်းထိုးလိုက်ရ တယ်။ ပြီးမှ ပြန်အိပ်လိုက်တယ်။ အထီးကျန်ဆန် လိုက်တာဗျာ။ အရမ်း လည်း ပူတယ်ဗျ။ ဒါကြောင့် ကျွန်တော့်မှာ မအိပ်နိုင်ဘူး။ ကျွန်တော် တစ်ခါ ထပ်ပြီးထ၊ လေဝင်အောင် တံခါးပေါက်ကို ခပ်ဟဟလေးဖွင့် လိုက်တယ်။ တံခါးပေါက်ကို ကုလားထိုင်နဲ့ကန့်လန့်ခံထားပြီး ကျွန်တော် ပြန်အိပ်တယ်။”

“ကျွန်တော် အိပ်ပျော်ပြီး အိပ်မက်တွေတောင် မက်လို့။ ကျွန် တော်က တောင်ထိပ်ပေါ်မှာ မတ်တတ်ရပ်နေတယ်ဗျ။ လရောင်အောက် မှာ အနိမ့်ပိုင်းတောင်ကြားကို ကြည့်လို့ပေါ့။ ခပ်လှမ်းလှမ်းမှာတော့ ကြောင်လိုသတ္တဝါတွေ ဆင်ခြေလျှောကိုဖြတ်ပြီး ရွေ့လျားသွားလာနေ ကြတယ်ဗျ။ မှောင်ရိပ်တစ်ဝက်နဲ့ပေါ့။ နှစ်သက်သဘောကျမှုတွေနဲ့အတူ သူတို့ကိုကြည့်ရင်း ကျွန်တော် မတ်တတ်ရပ်နေမိတယ်။ သူတို့ကို ကြည့်ရ


www.burmeseclassic.com

www.burmeseclassic.com


တာ ကျက်သရေရှိလိုက်တာဗျာ။ ကျွန်တော် ဒီမြင်ကွင်းထဲကို မိန်းမောနေမိသဗျ။ ကျွန်တော့်နောက်တည့်တည့်ဆီ ကွေ့ကောက်လာတဲ့ လမ်းအတိုင်း ဒီသတ္တဝါတွေ တက်လာတယ်ဆိုတာကို သတိမထားမိနိုင်လောက်အောင်ပါပဲဗျာ။ ကျွန်တော် လှည့်ကြည့်လိုက်တော့ သူတို့ဟာ အရွယ်အစားအားဖြင့် ကြောင်လိုသတ္တဝါမဟုတ်ဘူးဆိုတာ သိလိုက်ရတယ်။ အားကောင်းမောင်းသန် ကျားကြီးတွေပဲဗျာ။ ကျွန်တော် အကာအကွယ်ရနိုင်တဲ့ ဘူတာရုံအခန်းထဲကိုသာ ပြေးခဲ့ရတာပေါ့"

"အဲဒီနေရာလည်းရောက်ရော တံခါးကို ကန့်လန့်ခံထားတဲ့ ကုလားထိုင်က လွင့်စင်ပြီး ကျွန်တော့်အပေါ် ပြုတ်ကျတဲ့အတွက် အိပ်မက်က လန့်နိုးသွားသဗျ။ ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်တော့ လား. . . လား။ ကျားကြီး ကျားကြီးဗျ၊ တံခါးဝမှာ။ အထဲကို ဝင်လာနေလေရဲ့။ ဒီအချိန်ခဏလေးဟာ ကျွန်တော့်အတွက် တော်တော်ဦးနှောက်ခြောက်ရတဲ့အချိန်။ အိပ်မက်ဆက် မက်နေသလား။ ဒါမှမဟုတ် အိပ်ရာနိုးပြီလား။ မသေချာဘူး။ ပထမ ကျွန်တော်ဟာ ကျွန်တော့်မိတ်ဆွေ ရုံပိုင်များ အခန်းထဲဝင်လာနေသလား တွေးမိသေးတယ်။ ဒါပေမဲ့ ကျွန်တော့်အိပ်မက်က ကျွန်တော့် စိတ်အစဉ်ကို အပြည့်အဝ အသင့်ပြင်ဆင်ပေးနေတယ်။ ကျွန်တော် ကောင်းကင်က ကြယ်ရောင်နဲ့ ဒီအရာကို အသေအချာ မြင်ရပြီလေ။ အမြီးကို ယမ်းလို့ မာန်ကလည်း ဖီနေသေး။ ပြီးတော့ အမှောင်ထဲမှာ သူရဲ့ကြောက်စရာ မျက်လုံးနှစ်လုံးကရဲတောက်လို့။ ကျွန်တော် နားလည်လိုက်တယ်။ မြေဩဇာကုမ္ပဏီဟာ နောက်နေ့တွေမှာ ကျွန်တော့် ဟောပြောပို့ချချက်တွေမပါဘဲ စီစဉ် လုပ်ကိုင်ရတော့မှာပဲလို့။

"ကျားကြီးကိုယ်တိုင်ကလည်း ကုလားထိုင်လဲကျသံကြောင့် တော်တော်လေး အံ့အားသင့်သွားပုံ ရသဗျ။ ခပ်ဆိုင်းဆိုင်း ရပ်လို့။ သူ့အခန်းထောင့်က ကျွန်တော့်ကို အသေအချာ မြင်တာပေါ့။ ကျားကြီး သူ့ဘာသာသူ ငါ့ညစာကတော့ ဒီမှာ အဆင်သင့်ပဲ။ ဒါပေမဲ့ ဒီဂုဏ်ပုံး



www.burmeseclassic.com

www.burmeseclassic.com


ဂလောက်အသံက ဘာလဲဆိုတာ ပထမသိအောင် လုပ်ရမယ်” လို့ ပြောနေပုံပဲ။ တစ်နည်းအားဖြင့်တော့ တောရိုင်းသတ္တဝါတွေဟာ စားပွဲ၊ ကုလားထိုင်ကို အိမ်ထောင်ပရိဘောဂ ပစ္စည်းအစိတ်အပိုင်းတွေထက် လူသတ္တဝါတွေကို ကြောက်ရွံ့မှု ပိုများနည်းနေသလားပဲ။ ကျွန်တော် ဆပ်ကပ်သမားတွေကို မြင်ဖူးတယ်လေ။ ကုလားထိုင်တစ်လုံးက လွဲပြီး ဘာမှမပါဘဲနဲ့ ဆက်ကပ်ပွဲသုံး တိရစ္ဆာန်ရိုင်းအားလုံးကို စီစဉ်ညွှန်ကြားနေတာမျိုးပေါ့။”

“ဘုရားသခင်က ဒီသေရေး၊ ရှင်ရေးအခြေအနေမျိုးမှာ ကိုယ့်ကိုယ်ကို လုံခြုံဖို့အတွက် စိတ်တည်ငြိမ်မှုတွေ ပေးထားသဗျ။ ဒီလိုနဲ့ ကျားကြီးဟာ ကုလားထိုင်ကိုကြည့်လိုက်၊ ကျွန်တော်ကို ကြည့်လိုက်နဲ့ ရပ်နေတဲ့အချိန်မှာ ကျွန်တော့်လက်ကို ဆန့်ထုတ်ပြီး သွေးရူးသွေးတန်းခွန်အားနဲ့ စားပွဲကြီးကို ကျွန်တော့်ဘက် ဆွဲယူလိုက်တယ်။ ခွေးချေကိုပါ ဆွဲယူလိုက်တာ။ ကျွန်တော် အခန်းထောင့်ကို ကျောပေးပြီး ထိုင်တယ်။ စားပွဲစွန်းက အခန်းထောင့်နဲ့ အံဝင်ခွင်ကျပဲဗျို့။ ကျွန်တော်က အဲဒီစားပွဲအောက်မှာထိုင်နေတာ။ ခွေးချေကိုတော့ အခြားဘက်မှာကာထားလိုက်တယ်ဗျ။ ကျွန်တော် စားပွဲကြီးဆွဲယူလိုက်တဲ့အချိန်မှာ စားပွဲပေါ်က ပစ္စည်းတွေ ပြုတ်ကျကုန်ရောဗျို့။ စားပွဲတင် မှန်အိမ်တစ်ခု။ ခားရှည်တစ်ချောင်း။ ပြီးတော့ ပင်အပ်တွေ။ အကာအကွယ်ကနေ ကျားကြီးကို ကျွန်တော် ချောင်းကြည့်လိုက်တယ်။ အံမာ. . . သူကလည်း ကျွန်တော့်ကို စိတ်ဝင်တစား ကြည့်လို့ဗျ။ သိသိသာသာပဲ အဖက်ဖက်က အလုံအခြုံပိတ်ဆို့ထားလို့ ကျားကြီးဟာ သူ့အစာကို သိပ်နှစ်မြို့ပုံမရဘူး။ ဒါကြောင့် သူဟာသတိထားပြီး ရှေ့ကို တစ်လှမ်းနှစ်လှမ်း တိုးလာတယ်ဗျို့။ လည်ချောင်းသံအစ်အစ်နဲ့လဲ ဟိန်းလို့၊ ဟောက်လို့။ သူ့ဟိန်းသံကြောင့် ဘူတာရုံလေးတောင် တုန်ခါသွားမလိုပဲ။ ကျွန်တော့်ဘဝ ဇာတ်သိမ်းကတော့ နီးလာပြီ။ ကျွန်တော့်ဘဝနဲ့ သူ့ကံကြမ္မာကို တစ်သားတည်း ပေါင်းစပ်ထားတဲ့ ကျွန်တော့်မိန်းမကို တကယ်ကိုပဲ သနားမိ


www.burmeseclassic.com

www.burmeseclassic.com


တယ်ဗျာ။"

"ကျွန်တော် ကုလားထိုင်ကို ဒိုင်းတစ်ခုလို မြှောက်ကိုင်လိုက်တယ်။ ပြီးတော့ ကုလားထိုင်ကို ဝှေ့ယမ်းလိုက်တယ်။ ဒီအခါ ကျားကြီးခပ်ဆိုင်းဆိုင်း ဖြစ်သွားပြီးနောက်ကို တစ်လှမ်း၊ နှစ်လှမ်း ဆုတ်သွားသဗျ။ အခု ကျွန်တော်နဲ့ကျားကြီးဟာ တစ်ကြိမ်ထပ်ပြီး တစ်ယောက်နဲ့တစ်ယောက် စောင့်ကြည့်နေကြပြန်တယ်။ ကျွန်တော်အသက်ကို တစ်ဝကြီးရှူပြီး စောင့်နေကြတာပေါ့။ ကျားကြီးက သူ့အမြီးကို ကြောက်စရာကောင်းလောက်အောင် ဝှေ့ယမ်းရင်း ဒီနေရာမှာရပ်နေသဗျ။ တစ်ခါတစ်ခါ သူ့အမြီးက ဘေးနံရံကိုရိုက်မိလို့ တဒုတ်ဒုတ်မြည်နေတာပေါ့။ ဟော. . . ပြောနေရင်းပဲ ကျားကြီးက ရုတ်တရက်ဝပ်ပြီး ချောင်းတယ်။ သူ့မျက်လုံးကတော့ ကျွန်တော့်ဆီက မခွာဘူးဗျို့။ ကြမ်းပြင်ကိုလည်း သူ့လက်သည်းကြီးတွေနဲ့ ကုတ်ခြစ်လို့။ "သူ ငါ့အတွက် လက်သည်းသွေးနေပုံရတယ်"လို့ ကျွန်တော်ကိုယ် ကျွန်တော် ပြောမိရဲ့။ ဘူတာရုံသေးသေးလေးဟာ တိရစ္ဆာန်ရုံနံ့တောင် ရလာသဗျာ။ ဒီအနံ့က ကျွန်တော့်ကိုလန့်ဖျားဖျားလာအောင် လုပ်နေသလိုပဲဗျို့။ ဒီကုတ်ခြစ်သံဟာ ကြောက်စရာ ဘယ်လောက်ကောင်းမယ်ဆိုတာ ခင်ဗျား တွေးမိမှာပါ။

"ရုတ်တရက်ပဲဗျို့။ ကျားကြီးဟာ ပရိဘောဂပစ္စည်းတွေပေါ် သူ့တစ်ကိုယ်လုံး ခုန်အုပ်လိုက်ပါရော။ အဲဒီလို ခုန်အုပ်လိုက်တာဟာ ကန့်လန့်ဖြစ်နေတဲ့ အတားဆီးတွေကို ဖယ်ရှားတာပဲလို့ ကျွန်တော်ထင်သဗျ။ ဒါပေမဲ့ အမယ်လေး ကံကောင်းပေလို့ဗျာ။ ကျွန်တော်တို့မီးရထားဘူတာက လူတွေ အမြော်အမြင်ကြီးပေလို့။ ပရိဘောဂပစ္စည်းတွေကို ထူထူထဲထဲ ခိုင်ခိုင်မာမာ ကျွန်းသစ်တွေနဲ့ လုပ်ထားပေလို့ပဲ။ ဒီပရိဘောဂပစ္စည်းတွေက ကျွန်တော့်ကို ကယ်လိုက်တာပဲ။ ကျားကြီးစားပွဲပေါ် ရောက်သွားတာကလွဲပြီး ဘာမှမတတ်နိုင်ဘူး။ သူ့လက်သည်းတွေကတော့ စားပွဲအောက် တွဲလည်းချိတ်ထားတယ်ဗျ။ သူက ကျွန်တော့်ကို လှမ်းကုတ်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ကျွန်တော်က ကုလား


www.burmeseclassic.com

www.burmeseclassic.com


ထိုင်နဲ့ခွေးခြေကိုကိုင်ပြီး ဖယ်ရှားပစ်လိုက်တာပေါ့။ စားပွဲက သူ့အောက်မှာ ပုခက်လွှဲသလိုပဲဗျို့။ ကျွန်တော် စိတ်နည်းနည်းသက်သာသွားတယ်။ သူ့အသက်ရှူထုတ်လိုက်တာကိုတောင် ကျွန်တော့်ဆီ ရောက်လာသလိုပဲ။ ကျားကြီးက စားပွဲပေါ်မိုးပြီး ထိုင်နေရင်းနဲ့ သူ့လက်သည်းတွေနဲ့ ကျွန်တော့်ကို လှမ်းလှမ်းကုတ်သဗျ။ သူစားဖို့အတွက် ကျွန်တော့်ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို အလယ်တည့်တည့်မှာ ထိုင်မိနေတယ်။ အမယ်လေး ကျွန်တော့်ကိုကုတ်မိဖို့ ဆံတစ်မျှင်လောက်ပဲဗျို့။ သီသီကလေးရယ်။ သူက ဆိုးဝါးတဲ့အသံကြီးနဲ့အော်ပြီး ကျွန်တော့်အပေါ်မှာ ဂနာမငြိမ်ဖြစ်နေတာ။ သူဆင်းလာပြီးရင် ကျွန်တော့်ကို ဆွဲထုတ်ဖို့အတွက် ကုလားထိုင်ကိုတစ်ဖက်ပုတ်ထုတ်သဗျ။ ဒါပေမဲ့ တစ်နည်းနည်းနဲ့တော့ အချိန်ကာလတစ်ကန့်ထိအောင် ကုလားထိုင်က သူ့ကို ထိတ်လန့်အောင် လုပ်နိုင်သေးတယ်ဗျ။ သူက မမီမကမ်းဖြစ်နေတော့ ရှေ့တိုးလာတာပေါ့။ ဒီတိုက်ပွဲလေးက ခဏလောက် ဆက်ဖြစ်နေသေးတယ်ဗျ။ ဘယ်လောက်ကြာတယ် ဆိုတာတော့ ကျွန်တော်လည်း မပြောတတ်တော့ပါဘူး။ အချိန်က ကျွန်တော့်ကမ္ဘာလောကကြီးမှာ ရုတ်ချည်းရပ်တန့်သွားဖို့ ရောက်လာပြီပဲ။ ကျားကြီးဟာ စားပွဲပေါ်ကခုန်ဆင်းပြီး စားပွဲကို ပတ်လျှောက်နေသဗျ။ ဟာကွက်ချောင်းလို့ပေါ့။ ကျွန်တော် ကုလားထိုင်ကို ဒိုးဒိုးဒေါက်ဒေါက်ဖြစ်အောင် နှစ်ကြိမ်လောက်လုပ်လိုက်သေးတယ်။ ဒါပေမဲ့ ကျားကြီး မကြောက်တော့ဘူးဗျ။ သူက ကုလားထိုင်ကို ပုတ်ထုတ်လိုက်တယ်။ ဒီမှာတင် ကုလားထိုင်ဟာ ခုခံနိုင်စွမ်းမရှိတာကို သူသိသွားတယ်ဗျ။”

“ဒီလိုလည်း သိသွားရော ကျားကြီးဟာ ကုလားထိုင်ကို ကိုင်ပေါက်ဖို့ ကြိုးစားတော့တာပဲဗျို့။ ဒါပေမဲ့ ကျွန်တော်ကလည်း သိပ်ကို မြန်တယ်။ ကျွန်တော်လည်း ရုတ်ချည်းဆိုသလို ကုလားထိုင်ကို ကျွန်တော့်ဘက် ပြန်ဆွဲပြီး စားပွဲရဲ့ ဟာနေတဲ့ဘက်ဆီကို အစွန်းလှည့်ထားလိုက်တယ်။ အခြားတစ်ဖက်မှာတော့ ခွေးခြေက ကျွန်တော့်ကိုကာကွယ်



www.burmeseclassic.com

www.burmeseclassic.com


ပေးနေတာပေါ့။ ပရိဘောကပစ္စည်းခြေထောက်တွေနဲ့ လုပ်ထားတဲ့ ခံတပ်ထဲမှာ ကျွန်တော် တောင့်ခံထားနိုင်မလား။ မထားနိုင်ဘူးလား။ ကျားကြီးက ကျွန်တော့်ရှေ့မှာ ဆောင့်ကြောင့်ထိုင်လို့။ ကျွန်တော့်ကို အကောင်းဆုံး ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားနေတဲ့ပုံ။ အခု စားပွဲရယ်၊ ကုလားထိုင်ရယ်၊ ခွေးခြေရယ်ဟာ ခိုင်မာတဲ့ ထုကြီးဖြစ်နေပြီ။ ဒါတွေရဲ့ အလယ်မှာတော့ ကျွန်တော်ပေါ့။ ကျားကြီးရဲ့ ပရိယာယ်တွေကို သူတို့က ကြံ့ကြံ့ခံထားနိုင်တယ်ဗျ"

"ကျားကြီးက ကျွန်တော့်အစီအစဉ်တွေကို စိတ်ဝင်တစား အသေအချာ ကြည့်တယ်။ ဟာကွက်တစ်ခုကိုတွေ့ပြီး သူ့လက်သည်းကြီးတွေနဲ့ အတွင်းကို အားကုန်ထိုးသွင်းလိုက်သဗျ။ သူ့လက်ချောင်းက ကျွန်တော့်မျက်လုံးနားမှာဝဲလို့။ ကျွန်တော့်ဆီကို ဖြန့်ကားထိုးသွင်းလိုက်တဲ့ လက်သည်းရှည်တွေက ကွေးလို့ပေါ့။ ဒီမြင်ကွင်းကို မြင်တော့ ကျွန်တော် ဒေါသထွက်သွားတယ်။ သူ့နည်း သူ့ဟန်နဲ့တိုးပြီး တိုက်စစ်ဆင်လာတာမျိုးကို ဘာကြောင့် ကျွန်တော်က ခွင့်ပြုရမလဲ။ ကျွန်တော် တော်တော်လေး မခံမရပ်နိုင်ဖြစ်သွားတယ်။ ဘူတာရုံပိုင်ရဲ့ စားပွဲပေါ်က ဓားရှည်က ကျွန်တော့်နားမှာ ကျလို့။ ကျွန်တော် ဒီဓားကိုကောက်ပြီး သူ့လက်သည်းတွေကို ခုတ်လိုက်တယ်။ နာကျင်မှုကြောင့် ကယောင်ချောက်ချား ဖြစ်သွားပြီး ကျားကြီးဟာ သူ့ဘက်ကို ပြန်ရုတ်သွားသဗျ။ ပြီးတော့ သူဟာ ထခုန်ပြီးပြန်အကျမှာ ပြားနေအောင် ဝပ်လိုက်ရော။ နောက် ကျွန်တော်ရဲ့ခံတပ်ကို ချိုးဖျက်ဖို့ ကြိုးစားတော့တာပဲဗျို့။ အောင်တော့ မအောင်မြင်ဘူးဗျ။ ကျားကြီး နောက်တစ်ခါထပ်ပြီး သူ့လက်သည်းတွေကို ထိုးသွင်းလိုက်ပြန်တယ်။ ကျွန်တော်က ဓားရှည်ကို အသုံးပြုပြီး လက်သည်းနဲ့ သူ့လက်ချောင်းတွေကို ခုတ်ဖြတ်ချလိုက်တယ်။ ဒါ သူနဲ့ ကျွန်တော့်ကြားမှာဖြစ်နေတဲ့ အပြီးသတ်တိုက်ပွဲပဲ။ ကျားကြီးဟာ တိုက်ပွဲကနေ တစ်ဆင့်ပြီးတစ်ဆင့် နောက်ဆုတ်သွားရောဗျို့။ ပြောရဦးမယ်ဗျာ။ ကျွန်တော် လက်သည်းသုံးခုကို ဖြတ်လိုက်နိုင်တယ်


www.burmeseclassic.com

www.burmeseclassic.com


ဗျ။ သူနဲ့ကျွန်တော် တိုက်ခိုက်မှုမပြီးခင်မှာ သူ့လိုပဲ ကျွန်တော်လည်း သွေးဆာလာတာကိုး။ (ဒီလက်သည်းသုံးခုကို ရွေးချပြီး ကျွန်တော့် သမီးသုံးယောက်ကို ဆွဲကြိုးလုပ်ဝတ်ခိုင်းထားတယ်လေ။ ခင်ဗျားတို့ အဆင်ပြေတဲ့တစ်ချိန်ချိန်မှာ လာကြည့်နိုင်ပါတယ်ဗျာ)"

"မနက်ငါးနာရီလောက်မှာ ရှုံပိုင်နဲ့ အလုပ်သမားရောက်လာပြီး ဘုမသိ၊ ဘမသိ ဝင်လာပါရော။ သူတို့ အတွင်းကို လှမ်းဝင်လိုက်တဲ့ အချိန်ကလေးမှာပဲ ကျားကြီးဟာ ကျွန်တော့်ကိုထားခဲ့ပြီး သူတို့ဘက် လှည့်သွားသဗျို့။ သူတို့နှစ်ယောက်စလုံး အမြန်ဆုံးနှုန်းနဲ့ ပြေးတော့ တာပဲ။ ရှုံပိုင်ကတော့ ရုတ်ချည်းပဲ သူ့အိမ်ဘက်ပြန်ပြေးသွားပြီး အိမ် တံခါးကိုပိတ်လိုက်တယ်။ အလုပ်သမားတော့ အတောင်တပ်ထားတဲ့ ခြေထောက်တွေနဲ့ သစ်ပင်တစ်ပင်ပေါ် ပြေးတက်သဗျ။ ကျားကလည်း သူ့နောက်ကနေ အပင်တစ်ဝက်ထိတက်လိုက်တယ်။ ဒီလိုနဲ့ တစ်ယောက် နဲ့ တစ်ယောက် စိုက်ကြည့်ရင်း သူတို့ဟာ ဆက်မတက်ဘဲရပ်နေတယ်။ ငါးနာရီခွဲ နောက်ပိုင်းမှာ ကုန်တင်ရထားတစ်စင်း ခပ်လေးလေးမြည်သံနဲ့ ဝင်လာတဲ့အချိန်အထိပေါ့။ ရထားကြီးတရှိန်ရှိန်မြည်လို့ ခရာသံတွေကလည်း ဆူညံလို့၊ မီးခိုးတွေကိုမှုတ်ထုတ်လို့။ ဒီတော့မှ ကျားကြီးဟာ သစ်ပင် ပေါ်ကခုန်ချ သံလမ်းကိုဖြတ်ပြီး တောထဲကို လစ်ပြေးသွားတယ်ဗျာ။

"တစ်စုံတစ်ယောက် ဒီကျားကြီးရဲ့ ဖျက်ဆီးမှုသတင်းတွေကို အမြဲတစေ ကြားနေရပေမဲ့လို့ ကျားကြီးဟာ ဒီနေရာကို နောက်တစ်ကြိမ် ထပ်မလာတော့ပါဘူး။ ကျွန်တော်လည်း သူ့ကို နောက်ထပ် မတွေ့ရ တော့ပါဘူး။ ခုနတုန်းကတော့ သူ့ကို နွားလှည်းပေါ်မှာ တင်ထားတာ တွေ့လိုက်ရရဲ့။ သူ့ရဲ့ညာဘက် ရှေ့လက်သည်းတွေကြောင့် ကျွန်တော် ကတော့ အမြဲတစေ သူ့ကိုသတိရနေမိသဗျ။ ခြေသုံးချောင်းနှင့် လက် သည်း သုံးခုမရှိတော့တဲ့ သူ့ခြေထောက်ကိုရောပေါ့လေ။ သေနတ်တွေ အပေါင်းပါတွေအဆင်သင့် ပစ္စည်းတွေနဲ့ ကျားကို ရင်ဆိုင်ရဲတယ်ဆိုတဲ့ လူတွေကိုတော့ ခင်ဗျား တော်တော်စိတ်ကုန်သွားပုံရတယ်။ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com


ကတော့ ခင်ဗျားအနေနဲ့ ဘာလက်နက်မှလည်း မပါ။ အဖော်မပါ။ အလားတူ သတ္တဝါမျိုးကို ရင်ဆိုင်ရဲတဲ့ သူတွေကို ဂုဏ်ပြုသင့်တယ် ထင်သဗျာ။" ဒါ့ကြောင့် ဒီစကားပြောရတာပေါ့ စကားများကိုလေအိုး တစ်ယောက် ကျွန်တော်တို့နားက ထွက်ခွာသွားတဲ့အခါ ကျွန်တော်တို့ သည် လေးထောင့်မြေကွက်လပ်ဆီသို့ တိုးဝင်ခဲ့ကြ၏။ ဒီနေရာမှာ သူတို့ သည် အောင်ပွဲရသားကောင်ကြီးကို ခင်းကျင်းပြသထားသည်။ သူရဲ ကောင်း ပူဇော်ပသပွဲနှင့် မုဆိုးဂုဏ်ပြုပွဲကိုလည်း ခင်းကျင်းလျက်။ မုဆိုး ကျော်တွေကတော့ မြို့မှ ကုန်တင်ကားကို စောင့်လို့ပေါ့။ ကျွန်တော် တို့က လူအုပ်ကြားကိုဝင်၍ ကျား၏ညာဘက် ရှေ့ခြေသည်းများကို ပြသရန် တောင်းပန်ရ၏။ တစ်ယောက်က ဓာတ်ငွေ့မီးအိမ်ကို နှိမ့်ပြ၏။ အမှန်ပင်။ ခြေချောင်းသုံးခုမရှိ။ မဲမှောင်သော အမာရွတ်တစ်ခု အပြောက် အကွက်အဖြစ် ထင်ကျန်နေသည်။ သည်လက်သည်းကို ဖြတ်ခဲ့သူသည် တူကြီးတစ်လုံးကို ကိုင်သည့်ခွန်အားဖြင့် သူ့ဓားကိုကိုင်ကာ သုတ်သင် ဖယ်ရှားခဲ့ရမည်ဖြစ်သည်။ ကျွန်တော်တို့၏မေးခွန်းကို မုဆိုးများက ဖြေကြား၏။ "ဘယ်လို ဖြစ်တယ်ဆိုတာတော့ မပြောနိုင်ဘူး၊ ဒီလိုပုံစံမျိုး အချို့ကို ကျွန်တော်တို့တွေ့ခဲ့ဖူးတယ်။ တစ်ဆင့်စကား တစ်ဆင့်ပြောကြ တာတွေကိုတော့ ကြားဖူးပါတယ်။ တချို့ တောတွင်းနေ လူမျိုးစုတွေ ဟာ ကျားပေါက်စလေးတစ်ကောင် ဖမ်းမိတဲ့အခါ အဆောင်လက်ဖွဲ့ အတွက် ကျားလေးရဲ့လက်သည်းကို ဖြတ်လေ့ရှိသတဲ့။ ပြီးတော့ ပြန် လွှတ်လိုက်တယ်။ သူတို့ဟာ ကျားပေါက်စတွေကို သတ်လေ့မရှိကြ ဘူးတဲ့။"

**မိုးကိုကို**

**"The Tiger's Claw by R.K. Narayan; From "Malgudi days."**

■


www.burmeseclassic.com

www.burmeseclassic.com




# ချယ်ရီလက်ဆောင်

ဝင်းမောင်စိုး (ချောင်းဦး)

www.burmeseclassic.com

ဘီစီ(၆၃)ခု နှစ်ဦးပိုင်းတွင် ရောမမြို့တော်၌ လှိုင်းဂယက် တစ်ခု ရိုက်ပုတ်လျက်ရှိ၏။ ရောမအင်ပါရာ၏ အာဏာခိုင်ခန့်ရေးအတွက် စစ်သူကြီးပွန်ပေသည် အာရှမိုင်းနားခေါ် အာရှအနောက်ပိုင်းနိုင်ငံများတွင် စစ်ပွဲများ ခင်းကျင်းလျက်ရှိ၏။ တစ်ပွဲပြီး တစ်ပွဲလည်း အောင်နိုင်လျက်ရှိ၏။ ပွန်ပေအဖို့ အာရှမိုင်းနား၏ အောင်ပွဲများသည် သူ့တန်ခိုး သြဇာကို တစ်ရှိန်ထိုး တွန်းတင်ပေးနေသကဲ့သို့ ရှိ၏။ ရောမမြို့တော်သို့ ပြန်ရောက်လျှင် အင်ပါယာ၏ တန်ခိုးအာဏာ ဆက်ခံမည့်သူအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ရာ ရောမမြို့တော်၏ သြဇာအာဏာ လူကုံထံရပ်ကွက်တွင် လှုပ်လှုပ်ရှားရှား ဖြစ်လျက်ရှိပေသည်။

ဤသို့သော အခြေအနေအတွင်း နေ့တစ်နေ့၌ တိုင်ဘာမြစ်ကမ်းပေါ်ရှိ စံနန်းတော်တည်ရှိရာ ဥယျာဉ်ကြီးအတွင်းတွင် အရပ်နိမ့်ပြီး သေးသွယ်သော ပုဂ္ဂိုလ်တစ်ဦးသည် အထူးဧည့်သည်တစ်ဦးကို တွေ့ဆုံရန် စံနန်းတော်မှထွက်လာပြီး ကျောက်ဖြူလှေကားထစ်များအတိုင်း တောင်ဝှေးကို အားပြုရင်းတက်လာနေ၏။ ထိုပုဂ္ဂိုလ်ကား ရောမအင်ပါယာ၏ အဓိပတိဗိုလ်ချုပ်ကြီး လူကားလပ်(စ်)ဖြစ်ပြီး တွေ့ဆုံမည့် အထူးဧည့်သည်ကား သဘာဝတ္တပညာရှင်နှင့် ကဗျာဆရာကြီး လူကရီးရှပ် (LUCRETIUS) ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com


(ရောမအင်ပါယာခေတ်တွင် ကျော်ကြားသော မင်းဆရာနှစ်ဦးရှိခဲ့၏။ တစ်ဦးကား ယခုဖော်ပြသည့် ဆရာကြီး လူကရီးရှပ်ဖြစ်ပြီး သူ့ကို သမိုင်းဆရာများက အယ်ပီကြူးရပ် (EPICURUS) ဝါဒီဟု ရည်ညွှန်းလေ့ရှိကြ၏။ အခြား မင်းဆရာ၏အမည်မှာ စီနီကားဖြစ်ပြီး သူဆရာလုပ်ရသော မင်းမှာ ရောမသမိုင်းတွင် အလွန်တရာ ဆိုးရွားကြောင်းဖြင့် မှတ်တမ်းအတင်ခံရသူ နီရိုဘုရင်ဖြစ်၏။ ရောမမြို့ကြီး မီးဟုန်းဟုန်းတောက်၍ လူအများ ကယ်ပါယူပါဖြစ်နေချိန်တွင် နီရိုဘုရင်သည် တယောထိုးမပျက်သဖြင့် ကမ္ဘာကျော်သွားခဲ့လေသည်။ ယင်းဆရာကြီး စီနီကားသည်လည်း စတွိုက်(STOIC) ဝါဒီတစ်ဦးဖြစ်ကြောင်း ဖော်ပြကြ၏။)

ဗိုလ်ချုပ်ဟောင်းကြီး လူကားလပ်စ်သည် သူ့အချိန်ကာလများတုန်းကလည်း အာရှအနောက်ပိုင်း စစ်ပွဲများဖြင့် ရောမအင်ပါယာ၏ ဩဇာအာဏာ အထွဋ်အထိပ်သို့ ရောက်ခဲ့၏။ သို့သော် အောင်မြင်မှု၊ ကျော်ကြားမှုဟူသည် အချိန်ကာလ အားလုံးကို လွှမ်းခြုံစိုးမိုးထားနိုင်ခြင်းမရှိဘဲ အနိစ္စသဘောမျှသာဖြစ်ရာ ဤရက်များအတွင်း စိတ်များထွေပြားလေးလံလျက်ရှိသဖြင့် ဧည့်သည်များကို လက်ခံတွေ့ဆုံခြင်း မရှိခဲ့ပေ။

ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် ဧည့်ခန်းမဆောင်အတွင်းသို့ ရောက်ရှိနေသော ကဗျာဆရာကြီး လူကရီးရှပ်ကို ဖော်ရွေစွာ နှုတ်ဆက်ပြီး အလ္လာပသလ္လာပစကားများ ပြောဆိုကြ၏။ ထိုနောက် စားသောက်ဖွယ်ရာများ ပြင်ဆင်ထားသော အခန်းဆောင်ငယ်တစ်ခုသို့ ရှေ့ဆောင်ခေါ်လာခဲ့၏။

ကဗျာဆရာကြီး၏ ကျန်းမာရေးမှာ သိပ်မကောင်းလှပေ။ သူ့ကို ပန်းနာက ဒုက္ခပေးလျက်ရှိသဖြင့် စွတ်စိုထိုင်းမှိုင်းသော ရာသီဥတုဒဏ်ကို သိပ်မခံနိုင်ပေ။ သို့ဖြစ်၍ အခြားစားကောင်းသောက်ဖွယ်ရာများကို မစားသုံးနိုင်ဘဲ သစ်သီးဝလံကိုသာ စားသုံးလျက်ရှိ၏။


www.burmeseclassic.com

www.burmeseclassic.com


ကနဦးပိုင်းတွင် ၎င်းတို့ ပြောဆိုနေသော အကြောင်းအရာမှာ အတွေးအမြင်ပိုင်းဆိုင်ရာများသာ ဖြစ်၏။ ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် သူနှင့် ယခု တွေ့ဆုံဆွေးနွေးနေသော လူကရီးရှပ်ရေးသည့် 'အရာအားလုံး၏သဘာဝ' (On The Nature Of Things) အမည်ရှိ ကဗျာကျမ်းတွင် နတ်ဘုရားများနှင့် ပတ်သက်၍ ဖော်ပြချက်များအပေါ် ဝေဖန်ဆွေးနွေးလျက်ရှိပေသည်။

နတ်ဘုရားများသည် လူတို့၏ ကိုးကွယ်ရာများ ဖြစ်၏။ နတ်ဘုရားများကို သဘာဝလောကကြီးတွင် မတွေ့ရှိ၍ လူတို့၏အစွဲအလန်းအဖြစ် ငြင်းပယ်လိုက်ခြင်းသည် ဝိညာဉ်ပိုင်းဆိုင်ရာခံစားချက်ကို ချေဖျက်လိုက်သကဲ့သို့ရှိကြောင်း ဆွေးနွေးလျက်ရှိ၏။

နတ်ဘုရားများ၏ကူညီစောင်မမှုကို အားကိုးအားထားပြုခြင်းဟူသော ခံစားချက်သည် လူ၏ရပ်တည်လုပ်ကိုင်မှု၊ လောကီကိစ္စများနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ လူတို့အတွက် မရှိမဖြစ်လိုအပ်ကြောင်း စသည်ဖြင့် ဆွေးနွေးဝေဖန်လျက် ရှိပေသည်။

ကဗျာဆရာကြီး လူကရီးရှပ်ကမူ သူ၏ ကဗျာကျမ်းကြီးတွင် ရေးသားထားသည့်အတိုင်း သဘာဝတ္တအသိအမြင်နှင့် ဆင်ခြင်တုံတရားဘက်ကသာ ပြန်လည်ဆွေးနွေးလျက်ရှိ၏။

ထိုနောက် ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် နတ်ဘုရားများ၏ ကူညီစောင်မမှုနှင့်ပတ်သက်၍ ဆက်စပ်ပြောကြား လိုဟန်ဖြင့် အိပ်မက် တစ်ခုအကြောင်း စတင်ပြောကြားလေတော့သည်။

"ဒါနဲ့ စကားမစပ် အိပ်မက်တစ်ခုအကြောင်း ပြောရဦးမယ်၊ ဂါဆူရာ စစ်ပွဲအပြီးမှာပေါ့ဗျာ၊ ကျွန်တော်တို့ဘက်က အရေးသိပ်မလှတဲ့အတွက် တိုက်ပွဲအချို့ကိုမြန်မြန်နိုင်ဖို့လိုနေတယ်။ လက်ထောက်ဗိုလ်ချုပ်ထရီးယပ်က အရံတပ်တွေကိုထုတ်သုံးလို့ အချိန်မီ ပြန်ထိန်းလိုက်ရတယ်။ နို့မဟုတ်ရင် အားလုံးအခက်ပဲဗျို့။ တပ်သားတွေကလည်း ရိက္ခာအခက်အခဲကြောင့် စိတ်ဓာတ်ကျနေတဲ့ အချိန်ပေါ့ဗျာ"


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်ကလည်း သိပ်ပင်ပန်း နွမ်းနယ်နေပြီ၊ နေ့လယ်ခင်းမှာ မြေပုံဖတ်တုံး မြေပုံကားချပ်ပေါ်မှာပဲ မျက်နှာအပ်လျက် အိပ်မောကျသွားတယ်၊ အဲဒီမှာ အိပ်မက်မက်တယ်။"

"ကျွန်တော်တို့တပ်ဟာ ဟာလီမြစ်ကြီးရဲ့ မြစ်ကမ်းပေါ်မှာ စခန်းချထားတယ်။ မြစ်ရေကလည်း အင်မတန် ကြီးနေချိန်ပေါ့။ ကျွန်တော်က တပ်စခန်းချတဲ့အတွင်းမှာ စစ်ဆင်ရေးစီမံချက် ရေးနေတယ်လို့ အိပ်မက်ထဲမှာ တွေ့တယ်။ ရန်သူမီသရီဒိတ်တွေဟာ ဟိုဘက်ကမ်းမှာ တချို့စခန်းချနေတော့ မြစ်ရေကြီးနေတဲ့အတွက် တစ်ဘက်နဲ့ တစ်ဘက် စစ်ကူမပေးနိုင်ဘူး၊ အလွယ်တကူနဲ့ တိုက်လို့နိုင်မယ်လို့ မြင်တယ်။

"ဒါနဲ့ နောက်နေ့မနက်မှာ နတ်ဆရာတွေနဲ့ တိုင်ပင်တော့ အင်မတန်ကောင်းတဲ့ အတိတ်နိမိတ်ပဲလို့ ပြောကြတဲ့အတွက် စစ်အခင်းအကျင်းပြုလုပ်ပြီး လုပ်နေကျယာဇ်နတ်ပူဇော်ပွဲ လုပ်တယ်။ ပြီးတော့ မိန့်ခွန်းပြောကြားတယ်. . .။

"နတ်ဘုရားများက ရန်သူတွေပျက်စီးအောင် ရေကြီးပေးနေပြီဖြစ်ကြောင်း၊ ရန်သူကိုချေမှုန်းဖို့ အခွင့်အရေးကြီးဖြစ်ကြောင်း၊ အတိတ်နိမိတ်များကလည်း အလွန်ကောင်းနေတဲ့အတွက် နတ်ဘုရားများက ဒီစစ်ပွဲကို အောင်နိုင်အောင် စောင့်ရှောက်နေကြတယ်ဆိုတာ သေချာကြောင်း စသည်ဖြင့် မိန့်ခွန်းပြောပေးနေတာပေါ့ဗျာ။ မိန့်ခွန်းပေးနေစဉ်မှာပဲ ထူးဆန်းတဲ့အဖြစ်အပျက်တစ်ခု ပေါ်လာတယ်. . .။

"ကျွန်တော်ရပ်နေတဲ့ နေရာက မြေအမြင့်ဆိုတော့ မြစ်ကမ်းတစ်လျှောက် ကွင်းပြင်တစ်ခုလုံးကို ထင်ထင်ရှားရှားကြီး မြင်နေရတယ်၊ ရန်သူ မီသရီဒိတ်တွေ စခန်းချနေတဲ့နေရာက မီးခိုးတွေတလူလူတက်နေတာတောင် မြင်ရတယ်။ ရင်ဆိုင်တိုက်ခိုက်ကြမယ့် စစ်တပ်နှစ်တပ်ကြားမှာ အတော်ဖြစ်ထွန်းနေပြီဖြစ်တဲ့ ပြောင်းဖူးခင်းတွေရှိတယ်၊ မြစ်ကမ်းနဖူးကပ်လျက် ပြောင်းဖူးခင်းမှာဆိုရင် ရေလွှမ်းစပြုနေပြီ၊ အဲဒီမှာနေတဲ့ တောင်သူအိမ်ထောင်စုတစ်စုဟာ သူတို့ပစ္စည်းတွေကို


www.burmeseclassic.com

www.burmeseclassic.com


သိမ်းဆည်းရင်းအလုပ်ရှုပ်နေကြတယ်။ အနီးအနားရှိ တောင်သူအချို့က ကျွန်တော်တို့ဘက်ကို အော်ဟစ်ရင်း လက်တွေဝှေ့ယမ်းပြကြတယ်။ ကျွန်တော့်တပ်ရဲ့ အစွန်အဖျားပိုင်းမှာရှိတဲ့ အချို့က သဲသဲကွဲကွဲကြား ရလို့ထင်တယ်၊ လေးငါးယောက်လောက် သူတို့ဆီကို ထွက်ခွာသွား တယ်။ ပထမတော့ ဖြည်းဖြည်းပဲ၊ နောက်တော့ ပြေးသွားကြတာ လှမ်းမြင်ရတယ်။

"ဒီနောက် တောင်သူတွေက သူတို့ရဲ့ဟိုဘက်ကို လက်ညှိုး ထိုးလျက်ပြကြတယ်၊ သူတို့ဆိုလိုတာကို ကျွန်တော် သဘောပေါက်သွား တယ်။ မြစ်ကမ်းကို မြေသားတမံတုပ်ထားတာ ရေတိုက်စားပြီး ကျိုးစ ပြုနေပြီ၊ မကြာမီ ကျိုးပေါက်ထွက်တော့မယ်၊ ကျွန်တော် မိန့်ခွန်းပြော နေစဉ်မှာပဲ ဒါတွေအားလုံး မြင်နေရတယ်၊ အကြံတစ်ခု ရလာတယ်။

"ကျွန်တော် လက်နှစ်ဖက်မြှောက်ပြီး ရေကာတာဆီကို လက် ညှိုးထိုးပြတော့ အဲဒီဘက်ကို အားလုံးလှမ်းကြည့်ကြတယ်။ ကျွန်တော် က အသံမြှင့်ပြီး တပ်သားတို့ ဒါဟာ နတ်ဘုရားများက စောင်မတာဖြစ် တယ်၊ သူတို့က ရန်သူရဲ့ရေကာတာကြီး ကျိုးပျက်အောင် မြစ်ကြီးကို အမိန့်ပေးလိုက်တာဖြစ်တယ်။ နတ်ဘုရားများရဲ့ တန်ခိုးတော်ဖြင့် တိုက်ကြ၊ တိုက်ကြလို့ အော်ဟစ်ပြီး အမိန့်ပေးလိုက်တယ်။

"အဲဒီအချိန်က ကျွန်တော့်အနေအထားက တပ်သားတွေအလယ် မှာ မတ်တတ်ရပ်နေတာဖြစ်တယ်။ တပ်သားတွေက ပြိုကျစပြုနေပြီ ဖြစ်တဲ့ တာတမံဆီကို ခဏတော့လှမ်းကြည့်နေကြတယ်။ ကျွန်တော် ကလည်း သူတို့တုံ့ပြန်ချက်ကို အချိန်ပေးပြီးစောင့်ကြည့်နေတယ်၊ မကြာ ပါဘူး ရာပေါင်းများစွာတပ်သားတွေဟာ ရေကာတာဆီပြေးသွားကြတယ်။

"ရှေ့ဆုံးက ရောက်သွားတဲ့ လေးငါးယောက်ဟာ နောက်က လိုက်လာတဲ့ တပ်သားတွေကို လှမ်းအော်ဟစ်ရင်း တောင်သူရဲ့နွားတွေ ကို ကယ်တင်နေကြတယ်။ ရေကာတာ ရေကာတာဆိုတဲ့ အသံတွေကို ကြားနေရတယ် . . ။



www.burmeseclassic.com

www.burmeseclassic.com


"ထောင်ပေါင်းများစွာ တပ်သားတွေဟာ ပြေးလိုက်သွားတယ်။ ကျွန်တော့်နောက်ဘက်က တပ်သားထုကြီးကလည်း တိုးဝှေ့ပြီး လိုက်သွားကြတော့ ကျွန်တော်လည်း ရောပါသွားတော့တာပဲ။ ကျွန်တော့်အနေနဲ့ကတော့ ရေကာတာကျိုးရင် တစ်ဝက်အောင်မြင်နေပြီဖြစ်တဲ့ ပြောင်းဖူးခင်းတွေ ပျက်စီးတော့မှာပဲလို့မြင်ပြီး ရောပါသွားတာပဲ။ ဒါဟာ အခြားလူတွေရဲ့သိမြင်ခံစားချက်က ကျွန်တော်တို့ဆီကို ကူးစက်လာတာပဲဖြစ်မယ်၊ ကျွန်တော်ပါ ဝင်ရောက်လုပ်ကိုင်တော့တယ်။ တပ်သားတွေဟာ ကာဒိုင်းတွေကို ရေလျှံတာ ပိတ်ဆို့ရမှာရော၊ မြေသားတွေ ကော်ပြီးဖို့ရမှာရော သုံးကြတယ်။ မကြာမီ တာတမံမကျိုးအောင် ထိန်းနိုင်ခဲ့ကြတယ်။"

ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် ဤတွင် သူ့အိပ်မက်ကို အဆုံးသတ်လိုက်သည်။

"အလွန်လှပတဲ့ အိပ်မက်ပဲ" ဟု ကဗျာဆရာက ဆို၏။

အိပ်မက်ကတော့လှသယောင်ရှိမှာပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော်အိပ်မက်မက်ပြီး နိုးလာတော့ တော်တော်မအီမသာဖြစ်မိတယ်။ မရွှင်မပျလည်း ဖြစ်မိတယ်။ အမိန့်အာဏာတစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခြင်းဟာ ကျွန်တော့်ရဲ့ပျော့ညံ့မှုကို ဖော်ပြသလို ဖြစ်နေတယ်လို့ထင်တာပဲ။

"အိပ်မက်ထဲတင်ပဲလား"

"အပြင်မှာလည်း အလားတူပါပဲဗျာ"

ထို့နောက် ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် အစေအပါးများဆီသို့ လက်ခုပ်တီး၍ အချက်ပြလိုက်ရာ အစေအပါးများ ရောက်လာပြီး စားသောက်ဖွယ်ရာများကို လျင်မြန်စွာ သိမ်းဆည်းသွားကြ၏။ ကဗျာဆရာကို ပန်းပုပြခန်းကြည့်ရှုရန် ဖိတ်ခေါ်ပြီး ခန်းဆောင်ငယ်မှ နှစ်ဦးသား ထွက်လာခဲ့ကြသည်။ ကျောက်ဖြူတိုင်များ စီတန်းနေသော အဆောင်ကူးလမ်းအတိုင်း လျှောက်လှမ်းခဲ့ကြ၏။

ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် လမ်းခင်းကျောက်ဖြူပြား


www.burmeseclassic.com

များကို တောင်ဝှေးဖြင့် တဒေါက်ဒေါက်ထောက်၍ လျှောက်လှမ်းလာရင်း စကားဆက်လျှက်ရှိ၏။ အာရှမိုင်းနားတွင် အရေးနိမ့်ခဲ့ရသည့် အချို့သော စစ်ပွဲများအကြောင်း ဖြစ်၏။

ကဗျာဆရာကြီး လူကရီးရှပ်သည် အတွေးတစ်ခုတွင်နစ်မျော လျက်ရှိသဖြင့် ဗိုလ်ချုပ်ကြီးပြောနေသော အာရှမိုင်းနား အကြောင်းအရာ များမှာ တစ်ခါတစ်ရံသာ နားထဲဝင်၏။ ဤဗိုလ်ချုပ်ကြီးသည် အာရှ အနောက်ပိုင်းအောင်ပွဲများရှိခဲ့ကြောင်း သူနေထိုင်ရာ နန်းတော်ကြီးက သက်သေပြလျက် ရှိ၏။ ရောမအင်ပါယာကို ထူထောင်ခဲ့သူဖြစ်ကြောင်း အများကလည်းသိရှိကြ၏။ ဤကိစ္စနှင့်ပတ်သက်၍ သိပ်စိတ်မဝင်စား လှပေ။ သူ့အတွေးများက ဗိုလ်ချုပ်ကြီး၏ အိပ်မက်တွင်ဖြစ်၏။ ဤဖြစ် ရပ်သည် ဗိုလ်ချုပ်ကြီးလူကားလပ်စ်၏တပ်များက ဂရိနိုင်ငံ အေမစ်စပ် မြို့ကို တိုက်ခိုက်သိမ်းပိုက်စဉ်က တကယ့်ဖြစ်ရပ်နှင့် ဆင်တူလျက်ရှိ သဖြင့် အိပ်မက်ကို စိတ်ဝင်စားလျက် ရှိခြင်းဖြစ်၏။

အေမစ်စပ်မြို့မှာ ဂရိနိုင်ငံ အေသင်မြို့တော်၏ ညီအစ်မမြို့ ဖြစ်ပြီး အစားထိုးမရနိုင်သော ကျောက်ဆစ်ပန်းပုလက်ရာများဖြင့် ပြည့်လျှမ်း၏။ ဤမြို့ကိုသိမ်းစဉ်က မြို့ကို မီးတင်ရှို့ကြ၏။ ဗိုလ်ချုပ် ကြီးသည် မျက်ရည်များကျရင်း ကျောက်ဆစ်ပန်းပု အနုပညာပစ္စည်း များကို မဖျက်ဆီးရန် တားဆီးခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

သို့ဖြင့် တစ်ဦးက တောက်လျှောက်ပြောလျက်၊ တစ်ဦးက အတွေးနစ်လျက်ဖြင့် ပန်းပုနှင့် အနုပညာပစ္စည်းပြခန်းသို့ ရောက်ရှိလာ ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီးသည် အနုပညာပစ္စည်း အမွေအနှစ်များကို မြတ်နိုးသည်ဖြစ်ရာ ရောမအင်ပါယာတစ်ဝှမ်းမှ လက်ရာများ စုဆောင်း ပြသထားပေသည်။ ပန်းပုပြခန်းတွင် မကြာမီက စုဆောင်းရရှိထားသော ပစ္စည်းများအနက် အကောင်းဆုံးမှာ ရွှံ့ဖြင့် ပြုလုပ်ထားသော (NIKE) နတ်သမီးရုပ်ဖြစ်၏။

ကဗျာဆရာကြီးလူကရီးရှပ်သည် ယင်းနတ်သမီးရုပ်ကိုကြည့်ပြီ



www.burmeseclassic.com

www.burmeseclassic.com


သော လက်ချောင်းများဖြင့် ခပ်ဖွဖွကလေးကောက်ယူ၍ အပေါ်သို့ အသာအယာကလေးပင့်ကာ ပြုံးလျက်ကြည့်နေ၏။'

"လက်ရာ မြောက်ပါပေတယ်ဗျာ . . ။သောက ပရိဒေဝကင်းဝေး ဟန်နဲ့ ချိုမြိန်တဲ့အပြုံးပုံကို ဖော်ထားနိုင်ပါတယ်။ ပန်းပုဆရာရဲ့ ရည်ရွယ် ချက်ကတော့ အောင်နိုင်ခြင်းရဲ့နတ်ဘုရားမကို ငြိမ်းချမ်းခြင်းရဲ့ နတ် ဘုရားမအဖြစ် ဖော်ပြလိုပုံပါပဲ။ ပန်းပုဆရာ ထုလုပ်တဲ့အချိန်ကတော့ ဒီလူတွေ ပထမဦးဆုံးအကြိမ် မရှုံးနိမ့်ခင်က ဖြစ်ပုံရတယ်"

ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် ကဗျာဆရာကြီး အဓိပ္ပာယ် ဖွင့်ဆိုချက်ကို သိပ်ဘဝင်ကျလှပုံမရပေ။ နုနယ်လွန်းနေသည်ဟု ထင်ပုံရ ၏။ ကဗျာဆရာထံမှ နတ်သမီးရုပ်ကို လှမ်းယူရင်း ပြောကြား၏။

"လူမျိုးနွယ်ဟာ သူတို့ရရှိခဲ့တဲ့ ချစ်ခြင်းမေတ္တာထက် နာကြည်း မိတာတွေကို ပိုပြီးသတိရတတ်ကြတာဟာ ဓမ္မတာတစ်ခုလိုပါပဲ။ ပါးပြင် ပေါ်က အနမ်းတွေကြောင့် ဘာတွေကျန်ခဲ့သလဲ ဘာမှ ကျန်လေ့မရှိပါ ဘူးဗျာ။ ရှုံးနိမ့်ခြင်းနဲ့အတူ ရရှိသွားတဲ့ ဒဏ်ရာဒဏ်ချက်တွေကတော့ အမာရွတ်များသဖွယ် သမိုင်းဖြစ်ကျန်ခဲ့တာပါပဲဗျာ"

ကဗျာဆရာကြီး လူကရီးရှပ်သည် ဘာမှ ပြန်မပြောဖြစ်။ ဗိုလ် ချုပ်ကြီး၏ စကားမှာ ထူးဆန်းသလိုလိုရှိ၍ လှမ်းကြည့်လိုက်သည်။

"ဘယ်လိုလဲ ကဗျာဆရာကြီး၊ ကျွန်တော် ပြောတာတွေကို အံ့သြနေသလား"

"ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်း စာအုပ်တွေမှာ ဗိုလ်ချုပ် ကြီး လူကားလပ်စ်ဆိုတဲ့အမည် အစွန်းအထင်းနဲ့ ကျန်ရစ်ခဲ့မှာကို စိုးရိမ် နေပါသလား။"

"ကိုယ့်ဟာကိုယ် ဆန်းစစ်ကြည့်တော့လည်း ရေရေရာရာ အဖြေထွက်မလာပါဘူးဗျာ၊ ဖြစ်ချင်လည်း ဖြစ်မယ်ဆိုတာလောက်ပဲ ပြောနိုင်မှာပါပဲ"

ဗိုလ်ချုပ်ကြီးသည် နိုက်နတ်သမီးရုပ်ကို သူ့နေရာသူ အသာ


www.burmeseclassic.com

www.burmeseclassic.com


အယာ ပြန်ချလိုက်ပြီး ဆက်လက်ပြောကြား၏။

"ကဗျာဆရာ ရှင်းပြနိုင်ပါလိမ့်မယ်၊ ကျွန်တော်ရဲ့ ဆောင်ရွက်ချက်တွေအားလုံး မဟုတ်တောင်မှ အချို့အဝက်တော့ သမိုင်းမှာ အသိအမှတ်ပြုခံချင်တဲ့ မျှော်လင့်ချက်တွေ အခုမှ ဘာကြောင့်ဖြစ်ပေါ်လာရသလဲ ဆိုတာပါပဲ"

"ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သမုဒယတစ်မျိုးပါပဲ ဗိုလ်ချုပ်ကြီး"

ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် အနည်းငယ် စိတ်လှုပ်ရှားနေဟန်ရှိပြီး ပန်းပုပြခန်းတွင် အလင်းရောင်ရစေရန် မီးတုတ်ကိုင်၍ လိုက်ပါလာသော အစေအပါးကို အဝေးသို့ ထွက်ခွာသွားရန် အချက်ပြလိုက်သည်။ တစ်စုံတစ်ခုပြောဆိုရန် အနည်းငယ် ရှက်ရွံ့နေပုံလည်းရ၏။ သို့ဖြစ်၍ ကဗျာဆရာကို လေသံဖြင့် ခပ်တိုးတိုးမေးမြန်းသည်။

"ကျွန်တော်ရဲ့ ထင်ရှားကျော်ကြားမှုဟာ ဘယ်မှာ တည်ရှိတယ်လို့ ထင်ပါသလဲ ကဗျာဆရာ"

သူတို့နှစ်ဦးသည် ပန်းပုပြခန်းထဲမှ ဥယျာဉ်ဘက်သို့ လျှောက်လှမ်းလာခဲ့ကြ၏။ ဟိုင်ဘာမြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော ညနေချမ်း လေပြည်လေညင်းကြောင့် ပန်းပင်ပန်းရုံများ လှုပ်ရှားမြူးတူးလျက်ရှိပေသည်။ ချယ်ရီပင်များမှာ ပင်ယံထက်တွင် အဆုပ်လိုက်ဖူးပွင့်လျက်ရှိပြီဖြစ်၍ ဥယျာဉ်တော်တွင် ချယ်ရီအလှများကသာ စိုးမိုးနေချိန် ဖြစ်၏။

ကဗျာဆရာကြီး လူကရီးရှပ်သည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး . . ။

"ဗိုလ်ချုပ်ကြီးရဲ့ ထင်ရှားကျော်ကြားမှုဟာ အာရှကို သိမ်းပိုက်နိုင်ခဲ့တာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ အသေအချာတော့ မပြောနိုင်ဘူးပေါ့ဗျာ။ အောင်ပွဲခံပြီးနောက် ကျင်းပလေ့ရှိတဲ့ ဘုရင်ခံတွေ၊ မ-ဒ်မတ်တွေ တက်ရောက်တဲ့ ဧည့်ခံပွဲကြီးတွေ၊ မင်းခမ်းမင်းနားတွေ ဖြစ်မယ်ဆိုလည်း ဖြစ်နိုင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ပြောဆိုပြီးနောက် ကဗျာဆရာသည် စကားကို ရုတ်တရက် ရပ်နားလိုက်ပြီး လေပြည်လေညင်းတွင် ယိမ်းနွဲ့လျက်ရှိသည့် ချယ်ရီပင်ကို လက်ညှိုးညွှန်လျက် မေးမြန်း၏။

"ဒီ ချယ်ရီပင်ကို အာရှတိုက်က ဗိုလ်ချုပ်ကြီး ယူခဲ့တာပဲ မဟုတ်လား" ဗိုလ်ချုပ်ကြီးက ခေါင်းညိတ်၏။

"ကျွန်တော် သဘောပေါက်ပြီ ထင်ပါတယ်၊ ချယ်ရီပင်ဟာ ဗိုလ်ချုပ်ကြီးရဲ့ ထင်ရှားကျော်ကြားမှု တည်ရာဖြစ်ပါလိမ့်မယ် ထင်ပါတယ်"ဟု လေးနက်စွာ ပြောဆို၏။

"ချယ်ရီပင် ဒီချယ်ရီပင်ကတော့ အာရှတိုက်က ခင်ဗျား ယူဆောင်လာလို့ ဒီကိုရောက်ရကြောင်း ဘယ်သူ့ကိုမှ လိုက်ပြောနေမယ်တော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ဒါက အရေးကြီးတဲ့ အဓိကအချက်မဟုတ်ပါဘူးဗျာ၊ အာရှတိုက်ကိုလည်း နောက်တစ်ကြိမ် ထပ်ပြီး ဆုံးရှုံးချင်ဆုံးရှုံးမယ်၊ ဒါပေမဲ့ ဒီချယ်ရီပင်ကို အာရှတိုက်က ခင်ဗျားယူလာခဲ့တာဆိုတာတော့ အနည်းဆုံး တစ်ယောက်နှစ်ယောက်တော့ သိမှာပေါ့. . . ။

"နောက်ဆုံး တစ်ယောက်တလေမှတောင် မသိဘူး ထားလေဗျာ ကိစ္စမရှိပါဘူး၊ အောင်ပွဲခံ စစ်သူကြီးတွေ၊ မင်းဧကရာဇ်တွေရဲ့ ပြည်တော်ပြန် လက်ဆောင်တွေအားလုံး မြေမှုန့်ဖြစ်သွားကြသည့်တိုင်အောင် ဒီမှာ ဗိုလ်ချုပ်ကြီးလူကားလပ်စ်၊ အာရှတိုက်က ခင်ဗျား သယ်ဆောင်ခဲ့တဲ့ အလွန်နှစ်လိုဖွယ်ကောင်းတဲ့ ဒီချယ်ရီပင်တွေဟာ ဥယျာဉ်တွေ၊ တောင်ကုန်း တောင်တန်းတွေမှာ မိုးဥတုရောက်လာတိုင်း ဖူးပွင့်ဝေဝေနဲ့ ယိမ်းနွဲ့လှုပ်ရှားလို့ လှပနေကြပါလိမ့်မယ်"

**ဝင်းမောင်စိုး(ချောင်းဦး)**

**(Bertolt Brecht ၏ Collected Short Stories ဝတ္ထုတိုပေါင်းချုပ်မှ Lucullus's Trop ဘာသာပြန်သည်။)**

■


www.burmeseclassic.com

www.burmeseclassic.com

# မုန်တိုင်းများ

မြင့်အောင်သန့်

www.burmeseclassic.com

www.burmeseclassic.com


"မြန်မြန်ဝင်ကြဟေ့၊ ခြံထဲက အိုးခွက်တွေ သိမ်းကြတော့၊ မြန်မြန်သွက်သွက် လုပ်ကြဟေ့"

အစ်မသည် ဝရန်တာတွင် ရပ်ပြီး ချည်သားဆာရီပါးလေးကို ဆွဲမရင်း အော်ဟစ်နေသည်။

မုန်တိုင်းလာပြီ၊ အပြာရောင် ဖျော့ဖျော့ကောင်းကင်သည် ခရမ်းရင့်ရောင်အဖြစ် ရုတ်ချည်းပြောင်းလဲသွားသည်။ တောရွာလေးသည် မှောင်ရီပျိုးစအချိန်ကဲ့သို့ အမှတ်မထင်မှောင်မဲသွားပြီး အဖြူရောင်လျှပ်စစ်မီးပြောက်တိပြောက်ကျား အနည်းငယ်သာ လင်းလက်နေသည်။ အဝတ်တန်းပေါ်မှ အဝတ်များသည်လည်း ဒေါသတကြီး တိုက်ခတ်သော လေပြင်းကြောင့် လေထဲမှာ ဝေ့ဝဲပျံတက်နေသည်။ တချို့အဝတ်များသည် ဖုန်တသောသောနှင့် မြေပေါ်သို့ကျကုန်သည်။ ပြတင်းတံခါးများ သစ်သားတရုတ်ကပ်များသည် ရုတ်တရက်ကျလာသော လေပြင်းမုန်တိုင်း၏ဒဏ်ကို ကြံ့ကြံ့မခံနိုင်ဘဲ ပြုတ်ကျပျက်စီးကုန်သည်။ ကွမ်းသီးပင်များသည် ရေကန်အနီးတွင် ကျိုးကျနေပြီး တချို့သည် အရှိန်ပြင်းပြင်းနှင့် ရိုက်ခတ်လိုက်သောလေကြောင့် ခါးဆစ်မှ တွဲလောင်းကျိုးကျနေသည်။ အရှေ့၊ အနောက် ကပြောင်းကပြန် တိုက်ခိုက်နေသော လေပြင်းကြောင့် နှဲ့ချိုးသလိုဖြစ်ပြီး ကျိုးကျနေဟန်တူသည်။


www.burmeseclassic.com

www.burmeseclassic.com


အိမ်မျက်နှာစာကို တစ်ဘက်သို့လှည့်၍ စီတန်းဆောက်ထားသော အိမ်များကို လယ်ကွင်းများက ဝိုင်းရံထားသည်။ လူများသည် စားကျက်များမှ ကျွဲ၊ နွားများကို ခေါ်ဆောင်ကာ အပြေးအလွှားပြန်လာကြသည်။ သူတို့သည် သွန်ချလိုက်သလိုမျိုး ရွာမည့် အလားအလာရှိနေသောမိုးကြောင့် ကြီးမားသော ငှက်ပျောရွက်ကြီးများကို ခေါင်းဆောင်ရင်း ကျွဲနွားအုပ်များ၏နောက်မှ လိုက်လာကြသည်။ ကျွဲ၊ နွားများသည်လည်း လူများကဲ့သို့ ကြောက်ရွံ့ထိတ်လန့်နေပြီး ခြေထောက်များ တုံ့ဆွဲနေသည်။

ပြီးခဲ့သော နာရီဝက်က ခြစ်ခြစ်တောက် ပူပြင်းခဲ့သော နေ၏ အပူအရှိန်ကား မပြယ်သေးချေ။ လယ်ကွင်းမှပြန်လာသော လူတိုင်းသည် သူတို့၏ပစ္စည်းပစ္စယများကို အလျင်စလိုသိမ်းဆည်းပြီး ထိတ်လန့်တကြား တိုးဝှေ့ပြေးလွှားနေကြသည်။ ကလေးများသည် မိုးမှောင်မှောင်တွင် အစွမ်းကုန် ပျော်မြူးခုန်ပေါက်နေကြပြီး လယ်တစ်ကွက်မှ တစ်ကွက်သို့ ပြေးလွှားရင်း မိုး၊ မိုး၊ မိုး၊ မုန်တိုင်း လာပြီဟု အသံကုန်အော်ဟစ်နေကြသည်။

မိုးသက်မုန်တိုင်းက ခုန်ပေါက်မြူးတူးခြင်းများ၊ စိတ်လှုပ်ရှားဖွယ် တေးသံများ အရယ်အမောများကို သိမ်းကျုံးဖြိုဖျက်ပစ်လိုက်သည်။

မုန်တိုင်းကား စဲသွားပြီဖြစ်သည်။ ဤမုန်တိုင်းသည် များစွာသော မုန်တိုင်းများ၏အစ ပဏာမပင်ဖြစ်ပြီး မုတ်သုံရာသီ၏ရှေ့တော်ပြေးလည်းဖြစ်သည်။ မုန်တိုင်းများသည် ကြောက်ရွံ့တုန်လှုပ်ဖွယ် ရက်စက်ကြမ်းကြုတ်တတ်ကြသည်။ ငြိမ်ကုတ်နေသော ငှက်ကလေးများသည် အိမ်အမိုးတံစက်မြိတ်အောက်သို့ အပြေးတိုးဝှေ့ဝင်ကြပြီး မိုးရွာနေသည်ကို ငေးကြည့်နေကြသည်။ ကွန်ကရစ်များ၊ သွပ်ပြားများဖြင့် ဆောက်လုပ်ကာရန်ထားသော အဆောက်အအုံများသည် စိတ်ချနိုင်လောက်သော ခိုလှုံရာများဖြစ်ပြီး ဝါးများနှင့်ကာရံ၍ ကောက်ရိုးအုံ


www.burmeseclassic.com

www.burmeseclassic.com


အမိုးပြုလုပ်ထားသော အိမ်များသည် မလွဲမသွေ ပျက်စီးပြိုပျက်သွားမှာ သေချာသော မုန်တိုင်း၏ သားကောင်များပင်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ကြီးမားသော သလင်းကျောက်ကဲ့သို့သော မိုးသီးကြီးများ ရွာသွန်းတတ်သည်။ မိုးကောင်းကင်သည် အနီရောင် သန်းနေပြီး လျှပ်စီးကြောင်း များ၊ ပြင်းထန်သောမိုးချုန်းသံများဖြင့် တောရွာလေးသည် တထိတ် ထိတ် တလန့်လန့် ဖြစ်နေရှာသည်။

"မိုးရွာတော့မယ်" အစ်မက သူ့အတွေ့အကြုံအရ ကျွန်မကို သတိပေးသည်။

"မိုးရွာတော့ မကောင်းလား"

"ကောင်းတာပေါ့၊ မိုးမရွာရင် စပါးတွေ ဘယ်လိုလုပ်ပြီးစိုက်လို့ ရမှာလဲ၊ ဘုရားသခင်က ကျွန်မတို့ကို ဖန်တီးပေးတာလေ"

သူစကားပြောနေတုန်း မိုးကစပြီး ရွာလာတယ်။ မိုးဖွဲလေးများ တဖွဲဖွဲကျနေရာမှ အလုံးအရင်းနှင့် သွန်ချလိုက်သလို 'လွှတ်' ရွာချလိုက်သည်နှင့် လယ်ကွင်းထဲ၌ ရေများဖွေးသွားသည်။ ကောင်းကင်ရောမြေပြင်ပါ မှုံမှိုင်းပြီး မီးခိုးရောင်အဖြစ်သို့ ပြောင်းလဲသွားသည်။ ကျွန်မတို့ ဝရံတာကရပ်ပြီး ကြည့်နေကြတယ်။ မိုးသက်မုန်တိုင်းကြောင့် မှင်သက်မိနေကြတယ်။ ကလေးများသည် ငြိမ်သက်စွာစုရုံးထိုင်နေကြပြီး ထူးကဲတဲ့ အအေးဒဏ်ကြောင့် ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေကြတယ်။ မုန်တိုင်းကြောင့် အရာရာဟာ လွင့်စင်မျောပါသွားကြပြီး အပြင်ဘက်တွင် အရှိန်ပြင်းပြင်းနှင့် ရွာနေသော မိုးပဲကျန်တော့သည်။

"အဲဒါ ဘယ်သူပါလိမ့်" အစ်မက သူ့ဆာရီကို ခေါင်းပေါ် အမြန်မတင်လိုက်ပြီး မိုးရေထဲကို ခေါင်းပြူပြီးကြည့်လိုက်သည်။

"ဘာလဲ"

"တစ်ယောက်ယောက်လာနေတယ်"

"ရာ. . . ဟာစန်းအလီပါလား"

သူပြောတာ ဟုတ်တယ်၊ လေတွေက တဖြူးဖြူးတိုက်နေပြီး


www.burmeseclassic.com

www.burmeseclassic.com


ရေမှုန်တွေဆိုင်းနေတဲ့ အထဲက လူတစ်ယောက် ပေါ်လာတယ်။ သူက ကူဒီဘီဘီအိမ်က အလုပ်သမားဖြစ်ပြီး သူ့အစ်ကိုအိမ်က လယ်မြေတွေကို ကူညီညာလုပ်ပေးနေတဲ့ သူရင်းငှားဖြစ်တယ်။ သူက ဒီရွာမှာ နေလာတာ နှစ်တွေအတော်ကြာပြီ။ လူတိုင်းက သူ့ကို 'ဘကြီး'လို့ ခေါ်ကြတယ်။ သူ့ကို တစ်ခြားနှစ်ရှည်လများ လုပ်ကိုင်လာကြတဲ့ အလုပ်သမားတွေနဲ့ မခြားဘဲ မိသားစုလို ရင်းရင်းနှီးနှီး ဆက်ဆံလာကြတယ်။ သူက ဆင်းရဲနွမ်းပါးပြီး မျိုးရိုးကနိမ့်ကျတယ်။ သူ့ပုံက စိတ်ရှည်မဲ့ပုံမျိုးတော့ မဟုတ်ဘူး။ တကယ်တော့ အိမ်ရှင်မတွေက လိုတာထက်ပိုပြီး ဆူပူကြိမ်းမောင်း အနိုင် ကျင့်နေလို့ပဲ ဖြစ်တယ်။ ဒါပေမဲ့ သူကတော့ ဖော်ဖော်ရွေရွေပါပဲ။ သူ့ဆီလာလည်တဲ့ ဧည့်သည်တိုင်းကို ကွမ်းသီး၊ ကွမ်းရွက်တွေနဲ့ ဧည့်ခံတယ်။ သူဟာ ဒီရွာရဲ့သတင်းတွေကို သိရှိပြီး အဓိက အရေးကြီးတဲ့သူ ဖြစ်နေလို့ သူ့ကို ပစ်ပယ်လို့မရဘူး။ သူဟာ ရေတွေ၊ သဲချောင်းတွေကို ခြေလျင်ဖြတ်ပြီး ရောက်လာတာဟာ သတင်းထူးလို့ဖြစ်မယ်။ လိမ်ညာလှည့်စားတာတော့ မဖြစ်နိုင်ဘူး။

"အဒေါ်" သူက အစ်မကို တွေ့တွေ့ချင်း အော်ခေါ်သည်။ မိုးတွေလည်း ရွှဲစိုနေတယ်။ "အဘ (ကျွန်မရဲ့အဖေ) ဘယ်မှာလဲ၊ သူ့ကို ပြန်ခေါ် လိုက်ပါ။" ကျွန်တော်တို့အိမ်ကို သူခိုး့ခိုးသွားလို့။ ဆရာကလည်း သူ့ယောက်ျမရွာကို အိမ်လည်ထွက်သွားတယ်။

"ရာ. . . ဘုရားရေ" အစ်မသည် အိမ်ထဲကို ကသုတ်ကရက်နဲ့ အပြေးဝင်သွားပြီး အဘကို နှိုးသည်။ အဘသည် အခုလို အေးစိမ့်နေတဲ့ ရာသီမျိုးမှာ အိပ်ရာထဲအမြဲဝင်ပြီး နွေးနွေးထွေးထွေးနေတယ်။ အဘဟာ အဆစ်အမြစ်ရောင်ရောဂါ ဖြစ်နေတာကြောင့် ရောဂါကနှိပ်စက်ပြီး နာကျင်ကိုက်ခဲ့တဲ့ဝေဒနာကို ခံစားနေရတယ်။

"ဘကြီးဘာဖြစ်လို့လဲ" ကလေးတွေက ဟာစန်းအလီအနားကို ဝိုင်းဝန်းလာပြီး စိတ်ဝင်တစားနဲ့ မေးကြတယ်။ ဟာစန်အလီဟာ နေပူထဲမှာ ဆက်ပြီးရပ်နိုင်စွမ်းမရှိတော့ဘဲ မြေကြီးပေါ်မှာ ထိုင်ချလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"ဦးကြီး သူ့ကို မြင်လိုက်လား"

" ဘယ်လောက်ကြီးလဲ၊ အသားမည်းလား၊ ကျွန်တော်တို့ သူ့ကို သွားဖမ်းရင်ရမလား"

"ကလေးတွေနဲ့ မဆိုင်ဘူး" အလွန်ဆုံးရှိမှ အသက် (၆)နှစ်လောက်သာရှိတဲ့ 'ဆေလေ'လေးက မဆီမဆိုင် အရိုက်ခံရလို့ငိုပြီး အပြင်ထွက်သွားတယ်။

"မင်း တုတ်ယူပေးလို့ ရမလား" ဟာစန်အလီက 'မိုဘက်'ကို မေးတယ်။ မိုဘက်က သူခိုး၊ ဓါးပြတွေကိုရိုက်ဖို့ သူ့အဘ တံခါးနောက်မှာ သိမ်းထားတဲ့ ကြိမ်လုံးကြီးကို တက်တက်ကြွကြွနဲ့ ယူပြီးပေးတယ်။ အဘသည် သက်ရွယ်ကြီးရင့် အိုမင်းလာပြီးဖြစ်လို့ နောင်နှစ်များတွင် စီမံအုပ်ချုပ်နိုင်တော့မည်မဟုတ်ချေ။ အိမ်အနီးနားမှ လူငယ်များလည်း သူခိုးသတင်းကြားလိုက်လို့ အပြေးအလွှား ထွက်လာကြတယ်။ သူတို့လက်ထဲမှာ တုတ်တွေ၊ ကြိုးတွေ ကိုင်လို့။ တုတ်တွေ၊ ကြိုးတွေ နံရံမှာ ချိတ်ဆွဲထားတာကိုတော့ ကျွန်မအရင်ကတည်းက သတိပြုမိတယ်။ ဘာအတွက်ချိတ်ဆွဲထားတယ်ဆိုတဲ့ အကြောင်းရင်းကိုတော့ ဘယ်တုန်းကမှ စမ်းစစ်ပြီး မတွေးတောမိဘူး။ နောက်ဆုံးမှာ အဘလည်း အခန်းထဲက ထွက်လာတယ်။ မျက်နှာက သုန်မှုန်နေပြီး ဆုံးဖြတ်ချက်တစ်ခုကို ချထားပြီးပုံပေါက်နေတယ်။ သူက လေသေနတ်ကို ကိုင်ထားတယ်။ ချမ်းသာတဲ့မိသားစု တော်တော်များများမှာ သေနတ်တွေ ရှိတယ်။

ယောကျ်ားသားတွေဟာ လူတွေစုပြီး စုရုံးကြတယ်။ သူတို့ဟာ ရိုက်နှက်ဆုံးမရတော့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခြံဝင်းတွေကို ဖြတ်ကျော်လာနေကြတယ်။ မိုးကလည်း တဖြည်းဖြည်းနဲ့စဲသွားပြီး ငှက်လေးတွေတောင် သီချင်းတွေ ကျယ်ကျယ်လောင်လောင် သီဆိုနေကြတယ်။

ညနေဆည်းဆာရောက်သည်နှင့် တိမ်များ ရုတ်သိမ်း ပျောက်ကွယ်သွားသည်။ မိုးကောင်းကင်သည် ကြည်လင်ပြီး တည်ငြိမ်ခန့်ညား


www.burmeseclassic.com

www.burmeseclassic.com


လာသည်။ တိမ်စအနည်းငယ်သာ ကျန်တော့သည်ကို တွေ့ရသည်။ မှောင်မဲနေတဲ့ တိမ်တွေကနေ ပန်းနုရောင်ဖျော့ဖျော့အဖြစ် အသွင်ပြောင်းသွားတဲ့ တိမ်တွေဟာ မိုးကုတ်စက်ဝိုင်းကို ခပ်ပါးပါးလိမ်းကျံထားပြီး အလင်းရောင်တွေဟာ ကြည်လင်တဲ့ ရေအိုင်တွေကို ထင်ဟပ်နေတယ်။ အဘနဲ့ လူငယ်တွေဟာ မကြာခင်မှာပဲ ပြန်ရောက်လာတယ်။

" သူထွက်ပြေးသွားတယ်" အဘကပြောပြီး အိပ်ရာပေါ်ကို ပစ်လှဲချလိုက်တယ်။ တကိုယ်လုံး ကိုက်ခဲနေလို့ စိတ်ပျက်ဖွယ် ညည်းညူနေတယ်။

" ဘာတစ်ခုမှ မတွေ့ဘူးလား၊ သူခိုးက အစ်ကိုရဲ့နွားတင်းကုပ်ထဲက နွားတွေခိုးထုတ်တာ ဘယ်သူမှ မသိဘူးလား။ ဘာတွေဖြစ်နေလို့လဲ။" ဟာစန်အလီက နွားတင်းကုပ်တံခါးပွင့်နေပြီး နွားတစ်ကောင်ထဲ ကျန်တော့တာကို တွေ့ရတယ်။

"အစ်ကို ပြန်ရောက်ပြီလား၊ သူဘာကြားခဲ့လဲ" သူ့ခင်ပွန်းရှေ့မှာ ဆေးတံချပေးရင်း အစ်မက မေးတယ်။

"သူကြားခဲ့တယ်၊ ဒေါသတွေအရမ်းထွက်နေလို့ သူ့မိန်းမက စိတ်အေးအေးထားဖို့ မနည်းဖျောင်းဖျရတယ်။ နွားသူခိုးကို ဖမ်းမိရင် အဲဒီသူကို ဒင်္ကာတစ်ရာပေးမယ်လို့ သူကပြောတယ်။ ပြီးတော့ သူကိုယ်တိုင် မေ့မျောသွားအောင် ရိုက်ပစ်မယ်တဲ့။ အဘူမိယာရဲ့ မိန်းမက ပြောတယ်။ အဲဒီသူစိမ်းကို သူမြင်တယ်တဲ့၊ ဒါပေမဲ့ မိုးရွာထဲမှာ အလုပ်တွေ အရမ်းများနေလို့ ဘယ်သူ့ကိုမှ အကြောင်းမကြားနိုင်ဘူး။"

"တော်တော်မိုက်တဲ့ မိန်းကလေးပဲ" လို့ အစ်မက ရေရွတ်နေတယ်။

"ရှင်တို့ ရဲကို ခေါ်လို့ မရဘူးလား" လို့ ကျွန်မက စောဒကတက်လိုက်တယ်။

" အာ. . . ပါ။ သူတို့ကလည်း ဘာလုပ်နိုင်မှာမို့လဲ၊ ဘင်္ဂလားဒေ့ရှ်ရဲဌာနက မိုင်တွေအဝေးကြီးမှာ တကယ်လို့ ကျွန်မတို့ သူခိုးကို ဖမ်းမိ



www.burmeseclassic.com

www.burmeseclassic.com


တယ်၊ ပြီးတော့ ရဲလက်ကို အပ်မယ်ဆိုပါတော့၊ ဒါပေမဲ့ သူတို့က ချက်ချင်း ဘာကိုမှမဆုံးဖြတ်နိုင်ဘူး။"

အသေအချာဆုံးကတော့ ရဲတပ်ဖွဲ့က မြို့နားနီးတဲ့ ရွာတွေကိုပဲ အရေးတယူလုပ်မယ်။ ရွာသားတွေက ထုံးစံအတိုင်း ပြစ်မှုကို ဖြေရှင်းပေးမယ်။ ပြီးတော့ သင့်တော်တဲ့ပြစ်ဒဏ်ကို ဆင်ခြင်တုံတရားနဲ့ စဉ်းစားပြီးဆုံးဖြတ်မယ်။ ကိုယ်ပိုင်အုပ်ချုပ်ရေးအရ ဆောင်ရွက်ရမယ်။ တကယ်လို့ အိမ်တစ်အိမ်မှာ စွမ်းစွမ်းဆောင်ဆောင် ယောက်ျားသားမရှိရင် မားပြမှုနည်းပြီး အခုလို ကြောက်စရာမုန်တိုင်းတွေ တိုက်လာပြီဆိုရင် မားပြတွေက တံခါးတွေရိုက်ချိုးပြီး လုယက်တယ်။ ဘာပဲဖြစ်ဖြစ် သူတို့လိုချင်တာရွေးယူပြီး ထွက်ပြေးကြတယ်လို့ လူတိုင်းကပြောကြတယ်။ ဆယ်စုနှစ်အစောပိုင်းကာလတွေက နိုင်ငံရေးအပြောင်းအလဲတွေ၊ အာဏာသိမ်းမှုတွေ၊ ငတ်မွတ်ခေါင်းပါးမှုတွေကို ခုထိမမေ့ကြသေးဘူး။ အဲဒီအချိန်က တိုင်းပြည်ဟာ လူထုအုံကြွမှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ တရားဥပဒေမဲ့ပြီး ဗရုတ်သုက္ခတွေနဲ့ ရှုပ်ထွေးပွေလီခဲ့တယ်။

" တကယ်လို့ အဘက သူခိုးကို ဖမ်းမိရင် ရိုက်မှာလား"လို့ ကျွန်မက မေးလိုက်တယ်။ ခုလို ဓလေ့ထုံးစံလို ဖြစ်နေတဲ့ ဆောင်ရွက်မှုမျိုးမှာ ပညာတတ်လူကြီးလူကောင်းတစ်ယောက်အနေနဲ့ ပါဝင်ပတ်သက်ရတာ စိတ်နှလုံး တုန်လှုပ်ဖို့တော့ကောင်းတယ်။ ကျွန်မ တွေ့ကြုံရသလောက်ဆိုရင် ပြင်းပြတဲ့ ဘာသာရေးအရ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကျေအေးဖို့ဆိုတာ အခတ်အခဲရှိနေတယ်။ ရွာသားအများစုဟာ စေ့စပ်ညှိနှိုင်းဘို့ မလိုဘူးဆိုတာကို ဆုပ်ကိုင်ထားကြတယ်။

" ရိုက်ရမှာပဲ။ မင်းတို့လန်ဒန်မှာ ရာဇဝတ်သားကို အပြစ်မပေးဘူးလား။ တကယ်လို့ တစ်ယောက်ဟာ ခိုးမှုကျူးလွန်တယ်ဆိုရင် ငါတို့ သူ့ကိုရိုက်ရမယ်။ ဘုရားသခင်ရဲ့ အလိုအတိုင်းပေါ့။ ဒါက ငါတို့ရဲ့ တာဝန်ပဲ။" ကလေးတစ်ယောက်က ကျွန်မကျောကို လာပြီးပုတ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့မှာပဲ သူခိုးကို ဖမ်းမိတယ်။ မုန်တိုင်းတိုက်ခဲ့တဲ့ ယခင်နေ့ကလို ရာသီဥတုမျိုး အရိပ်အရောင်မျှမတွေ့ရချေ။ ကြည်လင်တဲ့ အပြာရောင် မိုးကောင်းကင်နံနက်ခင်း ဖြစ်တယ်။ သူတို့ သူခိုးကို ဈေးမှာ တွေ့လို့ ဖမ်းပြီးတော့ ကူနီဘီဘီအိမ်ကို ခေါ်သွားတယ်။ အဲဒီမှာ သူခိုး က စစ်ဆေးခံရတယ်။ စိတ်လှုပ်ရှားနေသော ယောကျ်ားကြီးများနှင့် လူငယ်များသည် ကြိုးများကို ကိုင်ဆောင်ကာ တိုးဝှေ့ပြီး သူခိုးကို ရိုက် နှက်ရန် ကူဒီဘီဘီအိမ်သို့ ချဉ်းကပ်သွားကြတယ်။

ကူဒီဘီဘီအိမ်ကိုသွားမှန်း ရွာသားအားလုံးက သိကြတယ်။ ကူဒီဘီဘီ၏ အိမ်မှန္တားများကို ခိုးထုတ်သွားသော သူခိုး၏အကျင့်စရိုက် ကိုစက်ဆုပ်နေကြသည်။ အမျိုးသမီးများသည် ပြေးထွက်လာပြီး စီတန်း သွားနေသူတို့ကို အနီးကပ်မြင်ရအောင် ခြံစည်းရိုးပတ်လည်တွင် စိုက် ထားသော ငှက်ပျောပင်၏ အရွက်များကြာမှ ချောင်းမြောင်းကြည့်နေ ကြသည်။ ကလေးတွေကိုလည်း ယောကျ်ားသားများသိအောင် ပြေးပြီး ပြောခိုင်းကြသည်။ "မင်းသူခိုးကို မြင်လိုက်လား" လို့ တစ်ယောက်နှင့် တစ်ယောက် ဒါကိုပဲ မေးမြန်းနေကြသည်။ "သူခိုးက အရုပ်ဆိုးဆိုး ကြောက်စရာကြီးလား" "မင်း သူ့ကိုတွေ့ရင် ရိုက်မှာလား" "ဘယ်သူ လက်သံအပြောင်ဆုံး ရိုက်နိုင်လဲ"

ကျွန်မတို့အိမ်ရဲ့တံစက်မြိတ်အစွန်းက သစ်ပင်တွေအောက်မှာ အမျိုးသမီးတွေစုပြီး သူခိုးအကြောင်းကို စိတ်လှုပ်ရှားစွာ ပြောဆို နေခိုက် ဘနာဆာရောက်လာပြီး သူခိုးကို ဈေးထဲက လက်ဖက်ရည် ထိုင်ခုံမှာထိုင်ပြီး မုန့်စားနေတုန်း ဖမ်းမိတာဖြစ်တယ်ဆိုတဲ့ သတင်း လည်းပါလာတယ်။ သူခိုးဟာ ကူဒီဘီဘီရဲ့အစ်ကိုတွေရဲ့ နှိပ်စက်မှုကို ရင်ဆိုင်ရမှာ ဖြစ်တယ်လို့ သူတို့က သိနေတယ်။ ပြီးတော့ သူခိုးအတွက် လည်း စိုးရိမ်ပူပန်နေတယ်။ အဘက ကူဒီဘီဘီရဲ့အိမ်ကို ထွက်သွား တယ်။ ဒီကိစ္စဟာ အရေးကြီးတယ်။ အဘဟာ ဆွေမျိုးထဲမှာ လူကြီး လည်းဖြစ်၊ အဖွဲ့ဝင်လည်းဖြစ်ပြီး သူခိုးကို ဘယ်လိုအပြစ်ပေးမလဲ


www.burmeseclassic.com

www.burmeseclassic.com


ဆိုတာ ဆုံးဖြတ်ဖို့ပါဝင်ရမှာ ဖြစ်တယ်။

လယ်ကွင်းတွေရဲ့တစ်ဘက်မှာ သီးခြားရှိနေတဲ့ အိမ်နှစ်အိမ်ကို ကျွန်မတို့မြင်ရတယ်။ ရွာသားများဟာ ကူဒီဘီဘီရဲ့ခြံထဲမှာ စုရုံးနေကြတယ်။ ရွာထဲမှာ အလေးစားခံရဆုံး လူကြီးတချို့ရယ်၊ အရေးကိစ္စဖြစ်တယ်လို့ ကြားကြားခြင်း ရောက်လာဖြေရှင်းဟန့်တားတတ်တဲ့ ဆာရက်အလီကဲ့သို့သော ပုဂ္ဂိုလ်မျိုးတွေကို အရိပ်အာဝါသကောင်းတဲ့ ပေါက်ပင်ကြီးတွေရဲ့အောက်မှာ ထိုင်ခုံတွေခင်းကျင်းပေးပြီး ထိုင်စေတယ်။ ပေါက်ပင်ကြီးတွေဟာ မကြာခင်ကမှ လိမ္မော်ရောင်ပန်းပွင့်တွေ ပေါက်ကွဲ ပွင့်လန်းလာတာဖြစ်တယ်။ လိမ္မော်ရောင်ပန်းပွင့်တွေဟာ မြေပေါ်မှာ ပြန့်ကျဲနေတယ်။ အစိမ်းရောင်နဲ့ ညိုမောင်းတဲ့ အရောင်တွေယှက်နွယ်နေတဲ့ ကျေးရွာရှုခင်းနဲ့ လိမ္မော်ရောင်ပန်းပွင့်တွေဟာ အချက်ပြမီးတွေ အလားထင်မှတ်ရတယ်။ တစ်နည်းဆိုရလျှင် ကျေးရွာရှုခင်းနဲ့ တသားတည်း ညီညွတ်လှပနေတယ်။ ဆာရတ်အလီဟာ ဒီလိုဆုံးဖြတ်ရမယ့် အစည်းအဝေးပေါင်းများစွာ ကြုံတွေ့ခဲ့ပြီးပြီ။ သူဟာ ဗြိတိသျှတွေ 'ဘန်ဂါ'ကနေ ထွက်ခွာမသွားခင်ကတည်းက ကျေးရွာကောင်စီရဲ့ သြဇာအရှိဆုံးသူတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်တယ်။ ခုလိုပွဲမျိုးမှာ လူငယ်တွေကို သူ့ရဲ့အတွေ့အကြုံနဲ့ အရည်အချင်းတွေကို ပြသရတာမို့ ဘယ်တုံးကမှ လက်လွှတ် ဆုံးရှုံးမခံခဲ့ချေ။ ဒါပေမဲ့ ခုအချိန်မှာ သူဟာ သူများပြောတိုင်း ခေါင်းညိတ်ရမလိုဖြစ်နေပြီ။ နားကလည်းထိုင်းလာပြီ။ ဒီဒေသရဲ့လုပ်ပိုင်ခွင့်စည်းမျဉ်းစည်းကမ်းအရ တိကျသေချာစွာ ဆွေးနွေးဆုံးဖြတ်ရတာကြောင့် တစ်ခါနှစ်ခါထက်တော့ပိုပြီး ခေါင်းညိတ်ခွင့်ရမှာ မဟုတ်ပါဘူး။ မကြာခင်အချိန်အတွင်းမှာ လူငယ်တွေဟာ ခြံဝင်းထဲကို ရောက်လာကာ ဝိုင်းဝန်းနေရာယူထားပြီး သတင်းတွေကို တစ်ယောက်နှင့်တစ်ယောက် ဖလှယ်ကြ၊ ပြောဆိုနေကြတယ်။ ဒီရွာက မိသားစုတွေဟာ တစ်ဦးနဲ့တစ်ဦး ဆွေမျိုးမကင်းကြဘူး။ ရာဇဝတ်မှုဆိုတာကလည်း အဖွဲ့အစည်းနဲ့ သက်ဆိုင်နေတာကြောင့် ရွာသားတွေဟာ ဒီလိုအမှုကိစ္စ


www.burmeseclassic.com

www.burmeseclassic.com


မျိုးဟာ ဘယ်လိုပတ်သက်နေတယ်ဆိုတာကို ရိပ်မိကြတယ်။

အဲဒီနောက် စောင့်ဆိုင်းနေသူတွေဟာ လှုပ်လှုပ်ရှားရှားဖြစ်လာကြတယ်။ ကျွန်မတို့ဟာ စောင့်ဆိုင်းနေတဲ့လူအုပ်ဆီ သူခိုးကို ခေါ်ဆောင်လာတာတွေ့ရတယ်။ ဒီမြင်ကွင်းကို ကျွန်မမျက်စိအာရုံထဲကနေ မောင်းထုတ်လို့ မရဘူး။

"မြင်ရလား"

"ရှင်အဲဒီကို သွားကြည့်မလား" လို့ အစ်မက ကျွန်မကိုမေးတယ်။

"ကျွန်မ မသွားချင်ပါဘူး" သူတို့ စိတ်တွေ ဘယ်လိုခံစားနေရသလဲ။ ယနေ့အခါ ကျေးလက်လူထုရဲ့နယ်ပယ်ထဲကို ထဲထဲဝင်ဝင်စူးစမ်းလေ့လာတဲ့အခါ ပို့ပိုပြီး နားလည်ရခက်လာတာကို တွေ့လာရတယ်။ အကြင်နာတရားတွေ ခေါင်းပါးလာကြတယ်။ လုံးလုံးလျားလျားတော့ မဟုတ်ဘူး။ အပိုင်းအခြားနဲ့ပါ။ သူတို့အနေနဲ့ ဒါမျိုး ဘယ်တော့မှမဖြစ်သင့်ဘူး။

"မဟုတ်သေးဘူးလေ၊ အကြောင်းစုံသိအောင် သွားကြည့်သင့်တာပေါ့"

"ရှင်ရော လိုက်မလား"

"ရာ-အဲဒီမှာ ယောကျ်ားတွေ အများကြီးပဲ၊ ဒီနေ့တော့ စိတ်အနှောင့်အယှက်ဖြစ်တာ မခံနိုင်ဘူး။ ရှင် 'ဘာနာဆာ'နဲ့ သွားပါလား၊ သူလာနေတယ်"

ထိုနောက် 'ဘာနာဆာ' နဲ့ ကျွန်မဟာ သူခိုးကို ဘယ်လိုများစီရင်မလဲဆိုတာကို နှစ်ယောက်သား သွားကြည့်ကြတယ်။ ယောကျ်ားသားတွေချည်းပဲ စုဝေးနေတဲ့ဆီကို သွားတဲ့ ကျွန်မတို့ နှစ်ယောက်ကို အထူးအဆန်းဖြစ်နေတယ်။ ကျွန်မတို့က သူ့ဒေသရဲ့ဥပဒေကို ချိုးဖောက်တာရယ် ဘာနာဆာက ဆင်းရဲနုံချာပြီး ကျွန်မကတော့ စည်းစိမ်ချမ်းသာနဲ့ အခွင့်ထူးခံ လူတန်းစားမှာ ပါဝင်နေတာရယ် စတာတွေကြောင့် ရှားပါ


www.burmeseclassic.com

www.burmeseclassic.com


အမျိုးသမီးအများစုဟာ ကျွန်မတို့ကို အထူးစိတ်ဝင်စားနေကြတယ်လို့ ကျွန်မထင်တယ်။

ကူဒီဘီဘီက ကျွန်မကိုတွေ့တာနဲ့ပြုံးပြပြီး လက်ဆွဲနှုတ်ဆက်တယ်။ သူမဟာ များပြားလှတဲ့ ယောကျ်ားသားတွေရဲ့ အကြည့်နဲ့ အလှမ်းဝေးတဲ့ အိမ်နောက်ဘက်မှာ ဆူပွက်နေတဲ့ရေနွေးအိုးကြီးတစ်လုံးနဲ့ အလုပ်များနေတယ်။

"ရာ. . . ရှင်ယောကျ်ားလေးအုပ်စုကြီးထဲက ဖြတ်လျှောက်လာတယ်။ အစ်မရယ်၊ ခေါင်းပေါ်ကို အဝတ်ခြုံမလာဘူးလား" သူက ဘာနာဆာကို ဆန်တောင်းပေးပြီး ရေကန်မှာ ရေသွားဆေးခိုင်းတယ်။ ပြီးတော့ မီးဖိုပေါ်က ရေနွေးအိုးကိုယူပြီး ကြမ်းပြင်ပေါ်လာချပေးတယ်။ ဆာရီကို သိမ်းလိုက်ပြီး-

"သူခိုးကို မြင်ပြီးပြီလား"

"မမြင်ရသေးဘူး"

"ကျွန်မ ရှင့်ကို သူခိုးဆီ ခေါ်သွားမယ်"

"ဘယ်နေရာမှာလဲ"

"အစွန်ဆုံးအိမ်ရဲ့ အခန်းထဲမှာ ထည့်ထားတယ်"

"မကြာခင် သူတို့ သူခိုးကိုခေါ်ပြီး ရောက်လာလိမ့်မယ်"

"သူတို့ ဆုံးဖြတ်ပြီးရင် သူခိုးကို ဘာလုပ်မှာလဲ" "သူ နွားခိုးတယ်ဆိုတာ သေချာလို့လား"

တော်တော်မိုက်မဲတဲ့လူပဲ။ နွားတွေကို ရွာရှေ့ လယ်ကွင်းထဲကနေ မောင်းသွားတော့ လူတွေက သူ့ကို မြင်တာပေါ့။ သူခိုးကို မြင်လိုက်တဲ့သူက ဘယ်သူလဲဆိုတာ ကျွန်မတို့ကို ပြောပြတယ်။ သူခိုးက 'ကန်ဒီ' ရွာက 'အဗ္ဗဒူအလီ'တဲ့၊ မနေ့ညက သူ့အိမ်ကို လိုက်သွားတော့ နွားလေးတစ်ကောင်ပဲ ကောင်းကောင်းမွန်မွန် ကြည့်ရှုထားတာ တွေ့ရတယ်။ သူက ပြေးပြီလေ။ ဒါကြောင့် လူတွေက ဒေါသထွက်ပြီး မိုးလင်းတဲ့အထိ စောင့်ဖမ်းကြတယ်။ မိုးလင်းတော့ သဲသဲမဲမဲ လိုက်ရှာကြတယ်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com


ဈေးထဲမှာသွားတွေ့တယ်။ ဘုရားသခင်ကို ကျေးဇူးတင်ရမယ်။

"သူတို့က သူခိုးကို ဘာလုပ်မှာလဲ"

"ရိုက်မှာပေါ့။ ပြီးတော့ ရဲစခန်းကို ပို့(ဒါမှမဟုတ်) ပြန်လွှတ်ပေးတာလည်းဖြစ်နိုင်တယ်။ သူခိုးက ဟိုတုန်းက ပိုက်ဆံချမ်းသာတယ်လို့ သူတို့ကပြောတယ်။ သူ့ညီက ခုထိ လယ်တွေရှိတုန်းပဲတဲ့။ ဒါကြောင့် ဒီလယ်တွေပြန်ရောင်းပြီး ရတဲ့ငွေနဲ့ ကျေးရွာကောင်စီကို ဒဏ်ငွေဆောင်ပြီး ပြန်ရွေးတာ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ကျွန်မ မသိပါဘူး။ ဒါက ယောက်ျားတွေရဲ့ အလုပ်ပါ။"

"ကျေးရွာကောင်စီက သူ့ကို ရုံးတင်စစ်ဆေးမှာလား"

ကူဒီဘီဘီက သကြားကို လက်ဖက်ရည်ပန်းကန်ထဲ ထပ်ထည့်ပေးတယ်။ သူဟာ မချမ်းသာမှန်း ကျွန်မသိတယ်။ သူဟာ သကြားကို တကယ်လိုအပ်မှသာ သုံးတယ်။ ဒါပေမဲ့ ထူးခြားတဲ့ အခါအခွင့်ကြုံရင် တာဝန်တစ်ရပ်လို သဘောထားပြီး ဧည့်သည်တွေကို တလေးတစားနဲ့ ဖွယ်ဖွယ်ရာရာ ကျွေးမွေးဧည့်ခံတယ်။ သူဟာ ငွေကြေးမပြည့်စုံသော်လည်း သဒ္ဓါတရားနဲ့ ပြည့်စုံတယ်။ ကျွန်မ အိမ်လည်သွားတိုင်း ကလေးတွေကို ဈေးလွှတ်ပြီး ဘီစကွတ်တွေ ဝယ်ခိုင်းတယ်။

"တကယ်လို့ အကြောင်းစုံသိချင်တယ်ဆိုရင် ယောက်ျားသားတွေကို သွားမေးရမယ်။ ကျွန်မတော့ မပြောတတ်ဘူး"

"ဟေး ဘေဘီ" သူမက သူ့တူမလေးကို လက်ယပ်ပြီးခေါ်တယ်။

"အစ်မကို သူခိုးကြည့်ဖို့ ခေါ်သွားပေးလိုက်စမ်း"

ကောင်မလေးက ကျွန်မကို ဆွဲပြီးခေါ်သွားတယ်။ အခန်းထဲမှာ နေရောင်ခြည်နဲ့ လင်းချင်းနေတယ်။ ယောက်ျားသားတွေက စိတ်အားထက်သန်စွာနဲ့ ဝိုင်းအုံကြည့်နေတယ်။ ဘာမှ မလှုပ်ရှားသေးဘူး။ ကျွန်မတို့ လူအုပ်ကြားထဲကို တိုးဝင်သွားတယ်။ ကောင်မလေးက တခစ်ခစ်ရယ်နေတယ်။


www.burmeseclassic.com

www.burmeseclassic.com


ခြံရဲ့အခြားတစ်ဘက် 'ယောကျ်ားဒဉ့်ဂေဟာ'ကနေ သူတို့တွေ ရောက်လာကြတယ်။

'ကြည့်လေ' သူက ကျွန်မကို ပြောပြီးတော့ အဆောက်အအုံနားကို အတင်းတွန်းပို့တယ်။ တံခါးက လုံးလုံးချည်းပိတ်ထားတာ မဟုတ်ဘူး။ တံခါးကို သော့ခတ်ပြီး သံကြိုးနဲ့တော့ ချည်ထားတယ်။ ခပ်ငယ်ငယ်ယောကျ်ားလေးအုပ်စုကတော့ ထရံပေါက်ကနေချောင်းကြည့်နေတယ်။ ကျွန်မကိုလည်း ကြည့်ဖို့နေရာပေးတယ်။

'လာကြည့်လေ' လို့ ကျွန်မကို ခေါ်တယ်။ 'ရုပ်ကတော့ ဘာဆိုးသလဲမမေးနဲ့' တဲ့။

ကျွန်မ ထရံပေါက်ကနေ ချောင်းကြည့်တယ်။ သူခိုးကို ညစ်ပတ်ပေရေနေတဲ့ အခန်းရဲ့အလယ်မှာထားပြီး အဝတ်ဗလာခန္ဓာကိုယ်ကို သံကြိုးနဲ့ချည်ထားတယ်။ အဘိုးအိုတစ်ယောက်ပါပဲ။ သူက တင်ပလ္လင်ခွေထိုင်ပြီး ခေါင်းငိုက်စိုက်ချထားတယ်။ မျက်နှာက ကျွန်မတို့ရဲ့ဘက်ကို လှည့်မနေဘူး။ ပခုံးပေါ်ကို သံကြိုးက လေးလံစွာပိနေတယ်။ လက်နှစ်ဘက်ကိုပေါင်ပေါ်မှာ ကွေးတင်ထားပြီး စိတ်ဒုံးဒုံးချ လက်လျှော့လိုက်တဲ့ပုံပေါ်နေတယ်။ ပုဆိုးက စုတ်ပြတ်ညစ်ပေနေတယ်။ သူ့အသက်က ခြောက်ဆယ်နီးပါးလောက်ရှိပြီလို့ ထင်ရသော်လည်း လောကဓံရဲ့ဖိစီးနှိပ်စက်မှုကြောင့် ပိုပြီးအိုစာနေတယ်။

"အစ်မ မြင်ရလား" ကောင်မလေးက ကျွန်မကိုမေးတယ်။

"မြင်ရတယ်"

"အစ်မ ဆက်စောင့်နေရင် ကျွန်မအစ်ကိုတွေ သူ့ကို ရိုက်တာတွေ့ရလိမ့်မယ်"

"မစောင့်တော့ပါဘူး၊ အစ်မစိတ်ထဲ မကောင်းလို့ အိမ်ပဲပြန်ချင်တယ်၊ ဒီလိုမြင်ကွင်းမျိုး အစ်မ မကြည့်ချင်ဘူး။ ဒါမျိုးလုပ်တာ သင့်မြတ်တယ်လို့ အစ်မ မထင်ဘူး"

ကောင်မလေးက ခပ်ပြုံးပြုံး အညိုရောင်မျက်လုံးနဲ့ ကျွန်မကို


www.burmeseclassic.com

www.burmeseclassic.com


စူးစိုက်ကြည့်တယ်။ သူက နွားခိုးတာ မဟုတ်ဘူးလား၊ နွားရဲ့တန်ဖိုးက ဘယ်လောက်ကြီးတယ်ဆိုတာ အစ်မ မသိဘူးလား၊ အဘက သူ့နွား တွေမရှိရင် သူ့လယ်တွေ ဘယ်လိုထွန်နိုင်မှာလဲ။ ဓားပြတွေက လူတွေရဲ့ နွားတွေကို ခိုးနေတာ မသိဘူးလား။ ဒီလိုလူကို ဒီလို ရိုက်နှက်တာနဲ့ ထိုက်တန်တယ်။ ဒါက ကျွန်မတို့ရဲ့ အပြစ်ပေးတဲ့ထုံးစံပဲ။ ခဏကြာတော့ သူခိုးကို ခြံထဲဆွဲထုတ်ခေါ်လာပြီး သစ်သားတုတ်ကြီးတွေနဲ့ ဖူးရောင် နေအောင် ရိုက်နှက်ကြတယ်။ လူအုပ်ကြီးကလည်း သူခိုးကို ကြည့်ဖို့ ရောက်လာကြတယ်။

မိန်းမသားတွေကတော့ အိမ်တွေကနေပြီး ကြီးမားတဲ့ လူအုပ် ကြီးရဲ့ တိုးဝှေ့နေတာတွေ၊ အော်ဟစ်နေတဲ့အသံတွေပဲ မြင်နေကြားနေ ရတယ်။ ကျွန်မကတော့ သွားပြီးမကြည့်ဘူး။ သွားမကြည့်ပေမဲ့ လူငယ် ကာလသားတွေဟာ သူခိုးကို စိတ်လိုလက်ရရိုက်နှက်လိုက်ရလို့ မျက်နှာ တွေမှာ သွေးရောင်လွှမ်းနေပြီး ဒီလိုပြုမူလိုက်ရတာကို ကျေနပ်ရွှင်ပျနေ ကြတယ်။ ဒီလို ပြစ်ဒဏ်ပေးတာကို လူကြီးတွေက လက်ခံစောင့်ကြည့် နေကြတယ်။ တခြားရွာက ပညာတတ်အနည်းငယ်သာလျှင် ဒီလို လူ မဆန်စွာ ရက်ရက်စက်စက် အပြစ်ပေးတာကို စက်ဆုပ်ပြီး ခေါင်းခါနေ ကြတယ်။

အဲဒီနောက် သူခိုးရဲ့ညီဖြစ်သူဟာ ကျေးရွာလူကြီးထံ ဆွေးနွေး ဖို့ရောက်လာတယ်။ နွားတွေက ဒီကနေ့စောစောက ပြန်ရောက်လာ တယ်။ သူ့ညီက လူငယ်ဖြစ်ပြီး သူ့အစ်ကိုကို ပြန်လွှတ်ပေးဖို့ လာပြော တာဖြစ်တယ်။ သူက တွန့်ကြေနေတဲ့ရှပ်အင်္ကျီကို ဝတ်ထားပြီး လက် မောင်းသားမှာ အင်္ကျီဟာ တင်းကျပ်နေတယ်။ သူက ကျေးရွာလူကြီးနဲ့ အချိန်ကြာကြာဆွေးနွေးပြီး နောက်ပိုင်းမှာ ရဲလက်မအပ်ဖို့ သဘောတူ လိုက်တယ်။ နောက်ထပ်ရိုက်နှက်ပြီး ဒဏ်ပေးနိုင်သလို ထောင်နဲ့ချီတဲ့ ဒဏ်ငွေတွေ သူတို့ကို ပေးခြင်းဖြင့်လည်း လွှတ်ပေးမှာဖြစ်နိုင်တယ်။ ကျေးရွာကောင်စီရဲ့ သနားကြင်နာတာ ဖြစ်ပုံရတယ်။


www.burmeseclassic.com

www.burmeseclassic.com


နာရီပေါင်းအတန်ကြာတဲ့အခါ သစ်ပင်တွေထက်က လမင်းကြီး ပေါ်ထွက်လာတယ်။ ကောင်းကင်မှာတော့ ကြီးမားတဲ့ အနီရောင် လမင်းကြီးဟာ ဘော်ငွေရောင်အဖြစ် ပြောင်းလဲသွားပြီး သူခိုးကိုလည်း လွှတ်ပေးလိုက်ပြီ။ သူတို့ဟာ ရွာလမ်းမကြီးကနေ လမ်းလျှောက်ပြီး ထွက်လာကြတယ်။ သူ့အစ်ကိုဟာ သေးသေးသွယ်သွယ်နဲ့ ခါးကုန်းနေပြီး ပခုံးနဲ့ကျောတွေမှာ အရိုက်ခံထားရတာကြောင့် ကန့်လန့်ဖြတ် အရှိုးရာကြီးတွေဟာ ပေါ်နေတယ်။ ဒီလိုအချိန်မှာ တစ်ယောက်တလေမှ အထူးအဆန်းလုပ်ပြီး လာမကြည့်ကြတော့ဘူး။ ညဉ့်နက်နေပြီဖြစ်လို့ ရွာသားအများစုဟာ အိပ်မောကျနေကြပြီ။ ဒါပေမဲ့ ဒီညီအစ်ကိုနှစ်ယောက်ကတော့ ရွာသားတစ်ယောက်တလေနဲ့ တွေ့မှာကို ကြောက်လန့်ပြီး တတ်နိုင်သလောက် သုတ်ခြေတင်ပြီး အိမ်တွေကို ဖြတ်ကျော်သွားကြတယ်။

ဒီလိုနဲ့ လျှောက်လာလိုက်တာ တလူပါရွာကထွက်ပြီး နောက်တစ်ရွာကို ရောက်လာတော့တယ်။ လမင်းကြီးလည်း ရုတ်တရက် တိမ်တွေအောက်ကို ငုတ်လျှိုးသွားတယ်။ ခက်ရင်းခွသဏ္ဌာန် ဝင်းလက်တဲ့ လျှပ်စီးကြောင်းတွေကလည်း ကောင်းကင်ကိုဖြတ်သန်းပြီး လင်းပြက်နေကြတယ်။ လျှပ်စီးရဲ့အလင်းရောင်တွေဟာ သူတို့ရဲ့မျက်နှာကို ရိုက်ခတ်ပြီး တောက်ပနေတယ်။ မကြာခင် လေပြင်းမုန်တိုင်းတစ်ခု ကျတော့မယ်ဆိုတာကို သူတို့ရိပ်စားမိတယ်။ သူတို့ မြန်မြန်သွက်သွက် လျှောက်တယ်ဆိုရင်တောင်မှ ပြင်းထန်စွာ ရွာသွန်းချမည့် မိုးကိုလွတ်အောင် ရှောင်နိုင်တော့မည် မဟုတ်ချေ။


**မြင့်အောင်သန့်**

**(Katy Gardner ၏ Storms ကို ပြန်ဆိုပါသည်။)**

■


www.burmeseclassic.com

www.burmeseclassic.com




# မှဲ့ကလေး

စန်းစန်းဦး

www.burmeseclassic.com

www.burmeseclassic.com


မနေ့ညက ကျွန်မ ဒီမှဲ့ကလေးအကြောင်းကို အိပ်မက်မက်တယ်။ ကျွန်မ လိုချင်တာက ကျွန်မ ဘာဆိုလိုတယ်ဆိုတာ ရှင်သိဖို့ စကားလုံးတွေ ရေးချရုံသက်သက်ပါ။ ဒီမှဲ့ကလေး အကြိမ်ပေါင်း ဘယ်လောက်တောင် များခဲ့ပြီလဲ။ ရှင် ဒီမှဲ့ကလေးအတွက်နဲ့ ကျွန်မကို ဆူပူကြိမ်းမောင်းခဲ့တယ်လေ။

ဒီမှဲ့ကလေးက ကျွန်မရဲ့ ညာပခုံးပေါ်မှာပါ။ ဒါမှမဟုတ် ဖြစ်နိုင်ရင် ကျွန်မကျောရဲ့အပေါ်ဘက်မှာလို့ ပြောသင့်တာပေါ့။

"ဒီဟာက ပဲစေ့ထက်တောင် ကြီးနေပြီပဲ၊ မင်းဒါကို ဆက်ပြီး တော့သာကစား တစ်နေ့ ဒီဟာကနေ အပင်ပေါက်လာလိမ့်မယ်"

ဒီမှဲ့နဲ့ပတ်သက်ပြီး ရှင် ကျွန်မကို အမြဲလှောင်ပြောင်နေခဲ့တယ်။ ဒါပေမဲ့ ရှင်ပြောခဲ့သလိုပါပဲ။ ဒီဟာကလေးက မှဲ့တစ်လုံးအနေနဲ့ ကြီးလွန်းနေတယ်။ ပြီးတော့ ကြီးလည်းကြီး၊ အံ့ဩဖို့ကောင်းအောင်ပဲ ဝိုင်းစက်ဖောင်းမို့နေခဲ့တယ်။

ကျွန်မ ကလေးဘဝကဆို အိပ်ရာပေါ်မှာလှဲ။ ပြီးရင် အဲဒီမှဲ့ကလေးကို ဆော့နေမိတော့တာပဲ။ ရှင်ဒါကို စပြီး သတိထားမိတုန်းကဆို ကျွန်မမှာ ရှက်လိုက်တာ။


www.burmeseclassic.com

www.burmeseclassic.com


"ဒါကို ရပ်လိုက်စမ်း ဆာယိုကို၊ မင်း ဒါကို ကိုင်လေလေ၊ အဲဒါက ကြီးလာလေလေဖြစ်မှာပဲ" အမေကလည်း ကျွန်မကိုဆူပူကြိမ်းမောင်းခဲ့ပါတယ်။ ကျွန်မ ကလေးအရွယ် ရှိပါသေးတယ်။ ဆယ့်သုံးနှစ်တောင်မပြည့်တတ်သေးဘူးထင်တယ်။ နောက်တော့ ကျွန်မကိုယ်တိုင် အဲဒီအကျင့်ကို ဆက်လုပ်နေမိတယ်။ နောက် ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့။ အဲဒီအကျင့် ဆက်ပြီးရှိနေခဲ့တယ်။ ဒါပေမဲ့ ကျွန်မ ဒါကို မေ့မေ့ပျောက်ပျောက်နေခဲ့ပါတယ်။

ကျွန်မ ဒါကို ပထမဆုံး သတိထားမိတုန်းကဆိုရင် ကျွန်မဟာ မယားတစ်ယောက်ထက် ကလေးသာသာအရွယ်ပါ။ ကျွန်မ တွေးနေမိတာက ရှင့်လိုယောကျ်ားရင့်မတစ်ယောက်ဟာ ကျွန်မ ဘယ်လောက်ရှက်ခဲ့ရတယ်ဆိုတာကို စိတ်ကူးကြည့်နိုင်ပါ့မလား ဆိုတာကိုပါ။ ဒါပေမဲ့လည်း ဒါက ရှက်တာထက်ကို ပိုခဲ့ပါတယ်။ သိပ်ကိုကြောက်ဖို့ကောင်းပါလားလို့ ကျွန်မ တွေးနေခဲ့တယ်။ အဲဒီအချိန်က လက်ထပ်တယ်ဆိုတာ တကယ့်ကို ကြောက်စရာကောင်းတဲ့ ကိစ္စပါပဲ။

ကျွန်မရဲ့ လျှို့ဝှက်ချက်အားလုံးကို ဖွင့်ထုတ် ချပြရသလိုမျိုး၊ ကျွန်မကိုယ်တိုင်တောင် သတိမထားမိခဲ့တဲ့ ကျွန်မရဲ့လျှို့ဝှက်ချက်တွေကို ရှင်က တစ်ခုပြီးတစ်ခု ဖွင့်ချပစ်နေသလိုမျိုး၊ ကျွန်မ အဖို့ အကာအကွယ် အတားအဆီးဆိုလို့ ဘာတစ်ခုမှ မကျန်ရစ်ခဲ့သလိုမျိုး၊ ကျွန်မ အဲဒီလို ခံစားခဲ့ရတယ်။

ရှင်က အိပ်ဖို့ ပျော်ပျော်ရွှင်ရွှင်ပဲ ထွက်သွားခဲ့တယ်။ ကျွန်မ တစ်ခါတစ်ရံတော့ စိတ်သက်သာရာရသလို ခံစားမိပါတယ်။ နည်းနည်းတော့ အထီးကျန်သလိုပဲလေ။ တစ်ခါတစ်ရံ ကျွန်မလက်က အဲဒီမှဲ့ကလေးဆီကို ရောက်သွားပြန်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်အရှိန်သတ်ရတယ်။

"ကျွန်မလေ ကျွန်မမှဲ့ကလေးကို နောက်ထပ်ထိရုံလေးတောင် မထိရတော့ဘူး" ကျွန်မ အမေ့ဆီကို စာရေးခဲ့တာကို စဉ်းစားနေတယ်။


www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် ဒီလို စဉ်းစားချိန်မှာတောင် ကျွန်မမျက်နှာဟာ နီရဲပူရှိန်းနေတာပဲ။

“နေစမ်းပါဦး၊ ဒီမှဲ့ကလေးတစ်လုံးအတွက်နဲ့ စိတ်စနိုးစနောင့်ဖြစ်ရတယ်ဆိုတာ ဘယ်လောက် အဓိပ္ပာယ်မဲ့လဲ”လို့ ရှင် တစ်ခါက ပြောခဲ့ဖူးတယ်။ ကျွန်မက ပျော်လို့။ ပြီးတော့ ခေါင်းကလေး တညိတ်ညိတ်နဲ့လေ၊ ဒါပေမဲ့ အခု နောက်ကြောင်းပြန်ကြည့်တော့ ကျွန်မ စဉ်းစားနေမိတာက ရှင်ဟာ ကျွန်မရဲ့ ဒီစိတ်ပျက်စရာအကျင့်လေးကို နည်းနည်းလေးလောက်တောင် ချစ်စိတ်ထားနိုင်ခဲ့ရင် ပိုမကောင်းဘူးလားလို့ပါ။

ကျွန်မကတော့ အဲဒီမှဲ့ကလေးနဲ့ ပတ်သက်ပြီး သိပ်လွန်လွန်ကဲကဲ စိတ်အနှောင့်အယှက် မဖြစ်ခဲ့ဘူး။ သေချာတာက လူတွေဟာ မှဲ့တွေကိုလိုက်ရှာဖို့ မိန်းမတွေလည်ပင်းကို လိုက်ငုံ့ကြည့်နေမှာ မဟုတ်ဘူး။ တစ်ခါတလေ သော့ခတ်ထားတဲ့အခန်းလို မပျက်စီးတာဆိုတဲ့ စကားကိုပုံပျက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ဖော်ပြချင်ရင် သုံးကြတယ်မဟုတ်လား။ ဒါပေမဲ့ မှဲ့ကလေးတစ်လုံးအတွက်ကျတော့ ဘယ်လောက်ပဲကြီးကြီး ရုပ်ပျက်ဆင်းပျက်ကြီးရယ်လို့ ဘယ်ခေါ်လို့ရပ့ါမလဲ။

“ဘာလို့များ ရှင်က ကျွန်မရဲ့ဒီမှဲ့ကလေးနဲ့ ကစားတဲ့အကျင့်စွဲနေပြီလို့ထင်ရတာလဲ”နောက်ပြီး ဒီအကျင့်က ဘာဖြစ်လို့များ ဒီလောက်တောင် ရှင့်စိတ်ကို အနှောင့်အယှက် ဖြစ်နေခဲ့ရတာလဲ။

“ရပ်စမ်း”လို့ ရှင်ပြောမယ်လေ။ “ရပ်စမ်း” ရှင် အဲဒီလို ဆူပူကြိမ်းမောင်းတာ အကြိမ်ပေါင်း ဘယ်လောက်ရှိခဲ့ပြီဆိုတာ ကျွန်မ မသိတော့ဘူးလေ။

“မင်းရဲ့ဘယ်ဘက်လက်ကိုသုံးနေတယ်ဟုတ်လား”ရှင် တစ်ခါတုန်းက နာလိုခံခက် မေးခဲ့တယ်လေ။

“ကျွန်မရဲ့ဘယ်ဘက်လက် ဟုတ်လား” ရှင်မေးလိုက်တာက၊ ကျွန်မ လန့်သွားတယ်။ ဒါဟာ မှန်ပါတယ်။ ဒီ့အရင်က ကျွန်မ သတိမထားခဲ့မိဘူး။ ဒါနဲ့ ကျွန်မဟာ အမြဲလိုလို ဘယ်လက်ကိုပဲ သုံးနေခဲ့



www.burmeseclassic.com

www.burmeseclassic.com


တာပဲ။

“အဲဒီမှဲ့က မင်းရဲ့ညာဘက်ပခုံးပေါ်မှာ ရှိတာပဲဟာ မင်း ညာလက်ကိုသုံးရင် ပိုမကောင်းဘူးလား”

“အိုး. . .” ကျွန်မ ညာဘက်လက်ကို မ,ယူလိုက်တယ်။

“ဒါပေမဲ့ အဲလိုလုပ်ရတာ တစ်မျိုးကြီးပဲ။”

“ဒီလောက်ကြီးလည်း မဟုတ်ပါဘူးကွာ”

“ဒါပေမဲ့လို့ဟာ ကျွန်မ ဘယ်လက်က ပိုသုံးလို့ ကောင်းနေတဲ့ဟာ”

“မင်း ညာလက်နဲ့ ပိုနီးနေတာပဲဟာ”

“အို ညာလက်နဲ့ဆို နောက်ပြန်ကြီး ဖြစ်နေမှာပေါ့”

“နောက်ပြန်. . . ဟုတ်လား”

“အင်းပေါ့၊ ဒါ. . . ရွေးရမှာပေါ့၊ ကျွန်မက လက်ကို လည်ပင်းရှေ့ကနေဖြတ်ပြီး ယူရမှာလား၊ ဒါမှမဟုတ် အနောက်နေပြီး အဲလိုမျိုးပဲ ရောက်အောင်လုပ်ရမလားပဲ”

“ကျွန်မ ရှင်ပြောသမျှ နှိမ့်နှိမ့်ချချနဲ့ ကြာကြာသဘောမတူနိုင်တော့ဘူး”

ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်မ ရှင့်ကို ပြန်ပြောနေတဲ့ အချိန်မှာတောင် ကျွန်မစိတ်ထဲမှာ ဖြစ်နေတာက ကျွန်မရဲ့ဘယ်လက်ကိုရင်ဘတ်ရှေ့ကနေဖြတ်ပြီး ဆွဲယူလိုက်မိတဲ့အခါဆို ကျွန်မဟာ ရှင့်ကို ကာကွယ်ခုခံနေသလိုမျိုး၊ နောက်ပြီး ကျွန်မဟာ အဲသလိုမျိုး ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ဖက်ထားနေမိသလိုမျိုး ဖြစ်ဖြစ်လာတယ်။ ကျွန်မ တွေးမိပါတယ်။ “ငါဟာ သူ့ကိုရက်စက်နေမိပြီလို့” ကျွန်မ ငြိမ်ငြိမ်ဆိတ်ဆိတ်ပဲ မေးခဲ့ပါတယ်။ “ဒါနဲ့ ကျွန်မ ဘယ်လက်ကို သုံးတော့ ဘာဖြစ်လို့လဲ။”

“ညာလက်ဖြစ်ဖြစ်၊ ဘယ်လက်ဖြစ်ဖြစ် ဒါက မကောင်းတဲ့အကျင့်ပဲဟာ”

“ကျွန်မ သိပါတယ်”


www.burmeseclassic.com

www.burmeseclassic.com


"မင်းကို ငါ ခဏခဏ မပြောဘူးလား၊ ဆရာဝန်ဆီသွားပြီး အဲဒါကို ဖယ်ထုတ်ပစ်လိုက်ပါလို့"

"ရှင်ပြောပေမဲ့လို့ ကျွန်မ မလုပ်နိုင်ဘူး၊ ကျွန်မအတွက် အရှက်ရမယ့်ဟာပဲဟာ"

"ဒါလေးလုပ်တာ ဘာမှမဟုတ်တဲ့ ဟာလေးပဲ"

"ဘယ်သူများ မှဲ့လေးတစ်ခုထုတ်ဖို့ ဆရာဝန်ဆီ သွားလို့လဲ"

"သွားတဲ့လူတွေ အပုံကြီးပဲ"

"မျက်နှာ အလယ်ခေါင်မှာ မှဲ့ရှိနေတဲ့သူတွေကတော့ ဟုတ်မှာပေါ့" လည်ပင်းက မှဲ့ကလေးအတွက်နဲ့တော့ ဘယ်သူမှသွားမယ် ကျွန်မ မထင်ဘူး။ ဆရာဝန်လည်း ရယ်မှာပဲ။ သူက သိမှာပေါ့။ ကျွန်မလာတာ၊ အိမ်က ယောက်ျားက မကျေမနပ်နဲ့ လုပ်ခိုင်းလို့လာတာဆိုပြီး"

"မင်းပြောပြပေါ့၊ ဒါက မင်းအဲဒီမှဲ့ကို သွားသွားကလိတတ်တဲ့ အကျင့်ရှိလို့ပါလို့"

"တကယ်တော့ မှဲ့ကလေးတစ်ခုကို ဘာမှမဆန်းတဲ့ဟာ၊ နေရာကလည်း ရှင်မြင်တောင် မမြင်နိုင်တဲ့နေရာမှာ၊ ရှင်ဒီလောက်ဟာကလေးကိုတော့ အနည်းဆုံးသည်းခံနိုင်လိမ့်မယ် ကျွန်မ ထင်တယ်လေ"

"မင်းသာ အဲဒီသာကို သွားသွားမကလိရင် ငါ အဲဒီမှဲ့ကို သတိထောင်ထားမိမှာ မဟုတ်ဘူး"

"ကျွန်မ အဲဒီလိုဖြစ်ဖို့ မရည်ရွယ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် မင်းဟာ အတော်ခေါင်းမာတယ်၊ ငါဘာပဲ ပြောပြော မင်းကိုယ်မင်းတော့ ပြင်ဖို့ကို မကြိုးစားဘူး"

"ကျွန်မ တကယ့်ကို ကြိုးစားကြည့်ပါမယ်။ အဲဒါကို မထိမိအောင်လို့ လည်ပင်းထိဖုံးတဲ့ ညဝတ်အင်္ကျီဝတ်ပြီး စမ်းလုပ်ကြည့်သေးတာပဲဟာ"

"ဒါလည်း ဘာမှမကြာလိုက်ပါဘူး"

"နေပါဦး. . . ကျွန်မ အဲဒါလေးကို ကိုင်ကိုင်နေမိတာ တော်တော့်ကို အများအယွင်း ဖြစ်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်မထင်တယ် သူ့ကို ပြန်တိုက်ခိုက်သလိုမျိုး ဖြစ်နေရပြီလို့။ “ထွေထွေထူးထူး အများလုပ်တာမျိုး မဟုတ်ပါဘူး။ ငါက မင်း ဒါကို ရပ်ပစ်လိုက်ဖို့ တောင်းဆိုနေတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ငါ အဲဒါကို မကြိုက်လို့ဘဲ”

“နေပါဦး၊ ရှင်က ဘာဖြစ်လို့ ဒီလိုမကြိုက်ဖြစ်နေရတာလဲ”

“ဒီမှာ. . . ဘာကြောင့် ညာကြောင့်တွေ ပြောနေဖို့ မလိုဘူး၊ မင်း လည်း အဲဒီမှုနဲ့ ကလိနေဖို့မလိုဘူး။ နောက်ပြီး ဒါဟာ မကောင်းတဲ့ အကျင့်၊ အေး. . . ဒ့ါအပြင် ငါက မင်းဒီလိုလုပ်နေတာကို ရပ်စေချင်တယ်”

“ကျွန်မကလည်း မရပ်ပါဘူးလို့ ဘယ်တုန်းကမှ မပြောခဲ့ပါ ဘူး”

“ပြီးတော့ မင်းက အဲဒီမှုကိုကိုင်ပြီဆိုရင် အမြဲလိုလိုပဲ မင်း မျက်နှာပေါ်မှာ ထူးထူးဆန်းဆန်းနဲ့ အာရုံတစ်ခုခုထဲ လွင့်မျောနေတဲ့ဟန် ပေါ်လာတော့တာပဲ၊ ဒါကို ငါ အမုန်းဆုံးပဲ”

ရှင် မှန်ကောင်း မှန်ပါလိမ့်မယ်လေ။ တစ်စုံတစ်ခုဟာ ကျွန်မ ရဲ့ နှလုံးအိမ်ကို တိုက်ရိုက်ထိမှန် စွဲနစ်နေခဲ့ပြီ။ ပြီးတော့ ကျွန်မ သူ ထင်နေတာဟာ ဟုတ်တယ်ဆိုတာကို ခေါင်းညိတ်ချင်လာတယ်။

“နောက်တစ်ခါ ရှင် ကျွန်မ အဲဒီလို လုပ်တာတွေ့ရင် ကျွန်မ လက်ကိုရိုက်ပစ်လိုက်၊ အို. . . မျက်နှာကိုဖြစ်ဖြစ် ဖြတ်ရိုက်ပစ်လိုက်စမ်း ပါ”

“နေပါဦး၊ မင်း နှစ်နှစ် သုံးနှစ် ကြိုးစားခဲ့တာတောင်မှ မင်း အနေနဲ့ ဒီဘာမဟုတ်တဲ့ အကျင့်ကလေးကို ပျောက်အောင် မလုပ်နိုင် ခဲ့တာ မင်းစိတ်ထဲ နည်းနည်းလေးတောင် စနိုးစနောင့်မဖြစ်ဘူးလား”

ကျွန်မ ဘာမှ ပြန်မဖြေခဲ့ပါဘူး။ ကျွန်မ ရှင့်ရဲ့စကားလုံးတွေ ‘ဒါကို ငါ အမုန်းဆုံးပဲ’ ဆိုတာကိုပဲ တွေးနေမိတယ်။

“အဲဒီဟန်”ကျွန်မရဲ့ဘယ်လက်ကို လည်ပင်းမှာ ယှက်ထားတဲ့ ဟန်က ဘယ်လိုပဲကြည့်ကြည့် ကျွန်မဟာ မရွှင်မပျနဲ့ တစ်ကိုယ်တည်း


www.burmeseclassic.com

www.burmeseclassic.com


စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ပုံ ပေါ်ကိုပေါ်နေရမယ်။

'အထီးတည်းဖြစ်မှု' ဆိုတဲ့ စကားလုံးကြီးကြီးကျယ်ကျယ်ကို သုံးဖို့တော့ ကျွန်မ ချီတုံချတုံဖြစ်နေမိတယ်။ ကိုယ့်ရဲ့ ဘာမဟုတ်တဲ့ အတ္တကလေးကို တပွေ့ပွေ့လုပ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ ဟန်ပန် ပုံစံဟာ သိမ်ဖျင်းလှပါတယ်။ ဒါ့အပြင် ယုတ်လည်း ယုတ်ညံ့ပါတယ်။ ပြီးတော့ ကျွန်မရဲ့မျက်နှာပေါ်က ရှင်ပြောသလို ထူးထူးဆန်းဆန်း အာရုံ တစ်ခုထဲမှာ လွင့်မျောနေတာမျိုး ဖြစ်ကိုဖြစ်နေမှာပါ။

အဲဒီပုံက ကျွန်မကိုယ်တိုင် ကျွန်မရှင့်ကို တကယ်ပဲမပေးအပ်ခဲ့ တာကို ဖော်ပြသလိုမျိုးဖြစ်နေလို့လား။ ရှင်နဲ့ ကျွန်မကြားက ကွက်လပ် တစ်ခုလိုပေါ့။ နောက်ပြီး အဲဒီပုံက ကျွန်မဟာ မှဲ့ကလေးကို ထိမိလိုက် တာနဲ့ အတွေးလွန်နယ်ထဲမှာ လွင့်မျောရီဝေသွားပြီး ကျွန်မရဲ့ခံစားချက် အစစ်အမှန်တွေ ကျွန်မမျက်နှာပေါ်မှာ ပေါ်လာတာမျိုးလား။ ကျွန်မ ကလေးဘဝကတည်းက လုပ်ခဲ့သလိုမျိုးပေါ့။

ဒါပေမဲ့ ရှင်ဟာ အရင်ကတည်းက ကျွန်မကို မကျေမနပ်ဖြစ်ခဲ့ လို့သာ အခုလို ဘာမဟုတ်တဲ့ အကျင့်ကလေးတစ်ခုအတွက်နဲ့ ရေးကြီး ခွင်ကျယ်လုပ်နေတာပဲ ဖြစ်ရမယ်၊ ရှင်သာ ကျွန်မကို ကျေနပ်ကြည်ဖြူ ရှိခဲ့မယ်ဆိုရင် ရှင်ဟာ တပြုံးပြုံးနဲ့ အဲဒီအကြောင်းကို စိတ်ကူးထဲတောင် ထည့်မှာမဟုတ်ဘူး။

ဒါဟာ ကျွန်မကို အထိတ်တလန့် ဖြစ်စေတဲ့ အတွေးပဲ၊ စွဲမက် စရာအကျင့်တွေကို ရှာဖွေတွေ့ရှိနေကြတဲ့ လင်ယောကျ်ားတွေလည်း ရှိမှာပဲဆိုတာ ရုတ်တရက် တွေးမိလိုက်တဲ့အချိန်မှ ကျွန်မအရမ်းကို တုန်လှုပ်သွားတယ်။

ဒါဟာ ရှင်ပထမဆုံး သတိပြုမိစေတဲ့ ကျွန်မအပေါ် ရှင့်ရဲ့ အချစ်လေ၊ ကျွန်မ ဒါကို အခုအချိန်မှာတောင် သံသယမဖြစ်ပါဘူး။ ဒါပေမဲ့ ဒါဟာ ဘာမဟုတ်တဲ့ စိတ်စနောင့်စနင်း ဖြစ်စရာလေးပဲဖြစ်ဖြစ်၊ ဒါက တဖြည်းဖြည်း ကြီးထွားလာပြီး တွန့်လိမ်ပုံပျက်တဲ့အထိ ဖြစ်အော


www.burmeseclassic.com

တော့ သူရဲ့အဖြစ်တွေက အိမ်ထောင်ရေးဘဝထဲ အတင်းတိုးဝင်လာတော့တာပဲ၊ တကယ့်လင်ရယ်၊ မယားရယ် ဖြစ်လာပြီဆိုရင် သူတို့တစ်ဦးစီရဲ့ ကိုယ်ပိုင် အူကြောင်ကြောင်နိုင်တာလေးတွေကို ရေးကြီးခွင်ကျယ်လုပ်ပြောမနေကြတော့ပါဘူး။ ပြီးတော့ ကျွန်မထင်တယ်လေ အဲဒီလိုပဲ တခြားတစ်ဘက်မှာလည်း လင်မယားတွေဟာ ဘယ်နေရာမှာမဆို သူတို့နှစ်ဦးဖာသာ ရှာဖွေတွေ့ရှိထားတဲ့ အူကြောင်ကြောင် ကိစ္စလေးတွေရှိကြစမြဲပဲ။ ကျွန်မပြောတာက တစ်ယောက်နဲ့တစ်ယောက် လိုသလိုညှိပြီးတော့ တစ်ယောက်နဲ့တစ်ယောက်ချစ်ကြ၊ ဒါမှမဟုတ်လည်း အမြဲတမ်း တစ်ယောက်နဲ့တစ်ယောက် သဘောထားခြင်း မတိုက်ဆိုင်ကြ၊ မုန်းတီးကြ၊ အဲဒီလိုပြောတာမဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မ အသေအချာ စဉ်းစားတယ်။ ဒါပေမဲ့ စဉ်းစားလို့ကို စိတ်မပြေနိုင်သေးဘူး။ အဲဒါက ဘာလဲဆိုတော့ ရှင်သာ ကျွန်မရဲ့မုံ့ကလေးနဲ့ ကစားတတ်တဲ့ အကျင့်ကို ရှင့်ဖာသာ လျစ်လျူရှုပစ်နိုင်ရင် ပိုပြီးကောင်းလာမှာပဲဆိုတာကိုပါ။

ရှင်ဟာ အမှန်တကယ်ပဲ ကျွန်မကို ရိုက်နှက်ကန်ကျောက်လာခဲ့တယ်လေ။ ကျွန်မက တရှုပ်ရှုပ်နဲ့ ငိုခဲ့ရတယ်။ ပြီး ကျွန်မရှင့်ကို မေးခဲ့တယ်လေ။ ရှင်ဟာ ဘာဖြစ်လို့ ဒီလို ကြမ်းကြမ်းတမ်းတမ်း မလုပ်ဘဲ မနေနိုင်ရတာလဲလို့ပါ။ ရှင်ဘာဖြစ်လို့ ကျွန်မ မုံ့ကလေးကို ကိုင်မိတာနဲ့ ဒီလောက် နာကျင်ခံစားရတာလဲ။ ဒါက အပေါ်ယံမှာ ဖြစ်နေခဲ့တာပဲရှိသေးတယ်။ ရှင်ပြောခဲ့တယ် "ငါတို့ ဒါကို ဘယ်လိုရှင်းကြမလဲ" ရှင့်ရဲ့ အသံဟာ တုန်ခါနေခဲ့တယ်။ ရှင် ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်မ ကောင်းကောင်းနားလည်ပါတယ်။ ပြီးတော့ ရှင်လုပ်ခဲ့သမျှအတွက်လည်း ကျွန်မ စိတ်မခုပါဘူး။ ကျွန်မသာ တစ်ယောက်ယောက်ကို ဒီအကြောင်းပြောခဲ့မယ်ဆိုရင် ရှင့်ကို ကြမ်းတမ်းတဲ့ လင်ဆိုးတစ်ယောက်လို့ ထင်ကြမှာသေချာတယ်။ ဒါပေမဲ့ ဒီလို ဘာမှမဟုတ်တဲ့ကိစ္စလေးက ကျွန်မတို့နှစ်ဦးကြား တင်းမာမှုနဲ့ ပေါင်းလိုက်မိတဲ့ အချိန်ကစပြီး ရှင်



www.burmeseclassic.com

www.burmeseclassic.com


ကျွန်မကို ရိုက်နှက်တာတွေဟာ တကယ်ပဲ ကျွန်မစိတ်ကို သက်သာရာရသလို ခံစားမိစေခဲ့တယ်။

"ကျွန်မ ဒါကို ဘယ်တော့မှ ဖျောက်ဖျက်ပစ်နိုင်မှာ မဟုတ်တော့ပါဘူးရှင်။ နောက်ဘယ်တော့မှ. . . အို. . . ကျွန်မလက်တွေကိုသာ ပူးချည်ထားလိုက်ပါတော့" ကျွန်မလက်တွေကို ပူးကပ်ထားပြီး ရှင့်ရင်ဘတ်ဆီကို အတင်းတိုးပေးခဲ့တယ်။ ကျွန်မ ရှင့်ဆီကို ကျွန်မကိုယ်ကို အို. . . ကျွန်မရဲ့ရှိရှိသမျှအားလုံး ပုံအပ်လိုက်သလိုပါပဲ။

ရှင့်ကိုကြည့်ရတာ စိတ်ရှုပ်ထွေးနေပုံပါပဲ။ ရှင့်ဒေါသဟာ ရှင့်ကို အားအင်ကုန်ခမ်းပြီး ယိုင်နဲ့နေတဲ့ စိတ်လှုပ်ရှားမှုတွေနဲ့အတူ ချန်ထားခဲ့ပုံရတယ်။ ရှင်က ကျွန်မရဲ့ခါးစည်းကြိုးလေးကို ယူပြီး ကျွန်မလက်တွေကို ပူးချည်နေခဲ့တယ်။

ကျွန်မ သိပ်ပျော်တာပဲ၊ ရှင့်မျက်လုံးအိမ်က အကြည့်။ ကျွန်မရဲ့ အချည်ခံထားရတဲ့ လက်ကလေးတွေနဲ့ ကျွန်မရဲ့ဆံပင်တွေကို ကြိုးစားပြီး ပွတ်သပ်ဖို့လုပ်နေတာကို စောင့်ကြည့်နေတဲ့ ရှင့်ရဲ့အကြည့်ကို မြင်ရတော့လေ၊ ကျွန်မ သိပ်ပျော်တာပဲ၊ ကျွန်မ ထင်ခဲ့တယ်၊ အဲဒီအချိန်မှာ ကျွန်မရဲ့အရိုးစွဲနေတဲ့ အကျင့်ကလေး ပျောက်မှာပဲလို့။

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီနောက်တော့ မှဲ့ကလေးကို ပွတ်သပ်ဖို့ဆိုတာ တကယ့်ကိုအန္တရာယ်ပါပဲ။

အဲဒီနောက်တော့ ဒီအကျင့် ပြန်ရောက်လာတဲ့အတွက်ကြောင့်ပဲ ကျွန်မအတွက် ရှင့်ရဲ့လက်ကျန်အကျင့်အားလုံးဟာ နောက်ဆုံးတော့ သေဆုံးသွားခဲ့ရတယ် မဟုတ်လား။ ရှင်ကတော့ ကျွန်မကို ဒီလိုပြောမယ် မဟုတ်လား၊ ရှင်ဟာ ကျွန်မကို လက်မြှောက်အရှုံးပေးလိုက်ပြီ။ ပြီးတော့ ကျွန်မဟာ ကိုယ်သဘောကျလုပ်ချင်တာမှန်သမျှ ကောင်းကောင်းကြီး လုပ်နိုင်ပြီဆိုပြီးတော့လေ။ ကျွန်မ မှဲ့နဲ့ကစားမိပြီဆိုရင် ရှင်ဟာ မမြင်ချင်ယောင်ဆောင်ခဲ့တယ်။ ပြီးတော့ရှင်ဟာ ဘာဆိုဘာမှ မပြောတော့ဘူး။


www.burmeseclassic.com

www.burmeseclassic.com


အဲဒီနောက်မှာတော့ ထူးဆန်းတဲ့အဖြစ်တစ်ခု ဖြစ်လာခဲ့တယ်။ ရှင်ဘယ်လောက်ပဲ ဆူပူကြိမ်းမောင်းရိုက်နှက်မပျောက်ခဲ့တဲ့ ဒီအကျင့်ဟာ ပျောက်သွားခဲ့တယ် မဟုတ်လား။ ဆေးခါးကြီးတစ်ခွက်မှ မတိုက်လိုက်ရဘဲနဲ့လေ။ အဲဒီအကျင့်ဟာ သူ့ဘာသာသူ အလိုအလျောက်လေးပဲ ပျောက်သွားခဲ့ပြီလေ။

"ရှင်က ဘာသိလို့လဲ၊ ကျွန်မ အဲဒီမုံ့နဲ့ ဆက်ပြီး မကစားတော့ဘူးလေ" ကျွန်မ အခုမှ သတိထားမိလိုက်တဲ့ပုံမျိုးနဲ့ ပြောလိုက်တယ်လေ။ ရှင်က တအင်းအင်းနဲ့ အသံထွက်ပြီး ကျွန်မကို ဂရုမစိုက်သလိုမျိုးနဲ့ ကြည့်နေခဲ့တယ်။

အဲဒီကိစ္စဟာ ရှင့်အတွက် ဘာမှအရေးမပါဘူးဆိုရင် ဘာဖြစ်လို့ ရှင်ကျွန်မကို အခုလို ဆူပူခဲ့တာလဲ။ ကျွန်မ ရှင့်ကို မေးချင်တယ်၊ ဒါပေမဲ့ ကျွန်မထင်တယ်၊ ရှင့်အနေနဲ့လည်း ကျွန်မကို မေးချင်မှာပဲလို့၊ ဘာဖြစ်လို့ ဒီအကျင့်ကို လွယ်လွယ်လေးနဲ့ ဖျောက်လိုက်နိုင်ပါရက်နဲ့ ကျွန်မဟာ ဘာဖြစ်လို့ စောစောကတည်းက မဖျောက်ခဲ့ရတာလဲ ဆိုတာလေ။ ဒါပေမဲ့ ရှင်ဟာ ကျွန်မကို စကားလေးတောင် မပြောတော့ပါဘူး။

အကျင့်တစ်ခုဟာ ဆေးလိုပဲ ကောင်းတာဖြစ်ဖြစ်၊ အဆိပ်လိုပဲဖြစ်ဖြစ် ဘာမှမထူးပါဘူး။ အဲဒီအကျင့်က ရှင့်ကို ကျေနပ်စေတယ်ဆိုရင် ရှင်ဟာ နေ့ရှိသရွေ့ ဒီအကျင့်ကို ဆက်ပြီး လိုက်စားမူးယစ်နေမိမှာပဲ၊ ရှင့်မျက်နှာပေါ်က ဖော်ပြနေတာတွေကတော့ ကျွန်မပြောသလို ဒါပါပဲ။ ကျွန်မ စိတ်ဓာတ်ကျတယ်။ ရှင့်ကို စိတ်အနှောင့်အယှက်ဖြစ်ဖို့အတွက် သက်သက် ရှင့်ရဲ့ရှေ့မှာ အဲဒီမုံ့ကို ပြန်ထိကစားပြရင် ကောင်းမယ်လို့ ကျွန်မ စဉ်းစားမိသေးတယ်။ ဒါပေမဲ့ ထူးဆန်းတာက ကျွန်မရဲ့လက်က လှုပ်ရှားဖို့တောင် ငြင်းဆန်နေပြီလေ။

ကျွန်မ အထီးကျန်သလိုပဲခံစားလိုက်ရတယ်။ ပြီးတော့ ကျွန်မ ဒေါသထွက်နေမိတယ်။ ကျွန်မ ရှင့်အနားမှာမရှိတုန်း အဲဒီ မုံ့ကလေးကို ပြန်ထိကြည့်ဖို့ ကြံစည်မိတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဒါကလည်း



www.burmeseclassic.com

www.burmeseclassic.com


ရှက်စရာ၊ စက်ဆုပ်စရာပါပဲ၊ ဒါ့အပြင် ကျွန်မရဲ့လက်ကလည်း ဒီလိုလုပ်ဖို့ကို ငြင်းဆန်နေတယ်လေ။

ကျွန်မ ကြမ်းပြင်ကို စိုက်ကြည့်နေမိတယ်။ ပြီးတော့ နှုတ်ခမ်းကို ကိုက်ထားမိတယ်။

"ရှင့်ရဲ့မှဲ့ကို ဘယ်လိုလဲရှင့်" လို့ ကျွန်မ ရှင့်ကိုပြောဖို့ စောင့်နေခဲ့မိတယ်။ ဒါပေမဲ့ အဲဒီနောက်မှာတော့ "မှဲ့"ဆိုတဲ့ စကားလုံးဟာ ကျွန်မတို့ ပြောစကားတွေထဲကနေ ပျောက်ကွယ်ခဲ့တယ်။

နောက်ပြီး အခြားအရာ တော်တော်များများဟာလည်းပဲ အဲဒီဟာနဲ့အတူ ပျောက်ကွယ်သွားခဲ့တယ်။

ကျွန်မ ရှင့်ရဲ့အဆူအဆဲ ခံနေရတဲ့ရက်တွေအတွင်းမှာ ဘာကြောင့်များ ဘာမှမလုပ်နိုင်ခဲ့ရပါလိမ့်။ ကြည့်စမ်းပါ. . . ကျွန်မ ဘယ်လောက် အသုံးမကျလိုက်တဲ့ မိန်းမများလဲ။

အမေ့အိမ်ကို နောက်တစ်ကြိမ် ပြန်ရောက်ခဲ့ပါတယ်။ ကျွန်မနဲ့အမေ အတူတူရေချိုးကြတယ်။

"နင်ဟာ အရင်တုန်းကလောက် ကြည့်မကောင်းတော့ဘူး ဆာရိုကို"လို့ အမေက ပြောတယ်။ "ငါထင်တယ် နင်ဇရာကို မလွန်ဆန်နိုင်ပါဘူး"

ကျွန်မ အမေ့ကို ကြည့်လိုက်ပြီး လန့်ဖျပ်သွားခဲ့တယ်။ အမေကတော့ နဂိုအတိုင်း ဝလို့ ဖြိုးလို့ စိုပြည်လို့။

"အေးဟဲ့ ဒီမှဲ့ကလေးဟာ တော်တော့်ကို ဆွဲဆောင်မှုရှိခဲ့တာ"

ကျွန်မ အမှန်ပဲ အဲဒီ မှဲ့ကလေးအတွက်နဲ့ နာကျင်ခံစားခဲ့ရတယ်။ ဒါပေမဲ့ အမေ့ကို အဲဒါတွေ ပြောပြမနေတော့ပါဘူး။ ကျွန်မ အမေ့ကို ဘာပြောလိုက်မိသလဲဆိုတော့ "သူတို့က ပြောကြတယ်အမေ။ ဆရာဝန်တစ်ယောက်အဖို့ ဒီမှဲ့ကလေးတစ်လုံးကို ဖယ်ထုတ်ပစ်ဖို့ရာ ဘာမှမခက်ဘူးတဲ့။

"အိုး. . . ဆရာဝန်အတွက်. . . နို့ အဲဒီမှာ အမာရွတ်တော့ ကျန်


www.burmeseclassic.com

www.burmeseclassic.com


ရစ်ခဲ့မှာပေါ့"

ကြည့်စမ်း အမေဟာ ဘယ်လောက်တည်ငြိမ်ပြီး အေးဆေးလိုက်သလဲ။

"ငါတို့ အဲဒါကို အမြဲတောင်ရယ်ခဲ့ကြသေးတယ်။ ဆာရီကို တစ်ယောက်တော့ အိမ်ထောင်ကျတာတောင် အဲဒီမှဲ့နဲ့ ဆက်ပြီး ဆော့ချင်ဆော့ဦးမှာဆိုပြီး. . . "

"ကျွန်မ အဲဒါကို ဆက်ဆော့နေခဲ့တာပဲ"

"ငါတို့လည်း ထင်သားပဲ၊ နင် ဆက်ဆော့နေမှာပါလို့"

"ဒါက မကောင်းတဲ့အကျင့်ဆိုးပဲ အမေ၊ ကျွန်မ ဘယ်အချိန်ကစပြီး ဒါကို လုပ်ခဲ့တာလဲဟင်"

"ဘယ်အချိန်မှာ ကလေးတွေ မှဲ့စပေါ်သလဲဆိုတော့. . . ငါထင်တယ်။ ဒါနဲ့ နင့်ကလေးတွေဆီမှာ မှဲ့တွေကိုမြင်ဖူးပုံမရဘူး"

"ကျွန်မကလေးတွေမှာ တစ်ယောက်မှ မှဲ့မရှိကြဘူး"

"အို ဟုတ်လား၊ ဒါပေမဲ့လို့ အဲဒီမှဲ့တွေဟာ နင်အရွယ်ရောက်လာတာနဲ့ စပေါ်လာတာပဲဟာ။ ပြီးတော့ ဘယ်တော့မှ မပျောက်တော့ဘူး။ ဒါပေမဲ့ နင်မြင်တော့ ဒါကို တစ်ရွယ်တည်းချည်း မြင်ရမှာမဟုတ်ဘူး။ နင်တို့ ငယ်ငယ်လေးတည်းက နင့်မှာ ဒါရှိနေတာဖြစ်ရမယ်" ပြီး အမေက ကျွန်မပခုံးကိုကြည့်ပြီး ရယ်နေတော့တာပဲ။

ကျွန်မ မှတ်မိပါတယ်။ ကျွန်မ ငယ်ငယ်တုန်းက အမေနဲ့အစ်မတွေက ကျွန်မရဲ့မှဲ့ကို ခဏခဏ၊ ဘယ်လိုလာလာ တို့ကစားကြတယ်ဆိုတာ၊ ပြီး မှဲ့ကလေးက စွဲမက်စရာအစက်ကလေး ဖြစ်နေတယ်ဆိုတာတွေကို။ နောက် ဒါကြောင့်ပဲ ကျွန်မကိုယ်တိုင် အဲဒီမှဲ့ကလေးကို ဆော့ကစားတတ်တဲ့အကျင့် စွဲခဲ့ရတာမဟုတ်လား။

ကျွန်မ အိပ်ရာပေါ်မှာလှဲရင်း မှဲ့ကလေးကို လက်ချောင်းကလေးတွေနဲ့ လိုက်စမ်းကြည့်ရင်း ကျွန်မ ငယ်ငယ်တုန်းကနဲ့၊ အပျိုအရွယ်တုန်းက၊ ဒီမှဲ့ကလေး ဘယ်လိုရှိပါလိမ့်မယ်ဆိုတာ ပြန်သတိရ


www.burmeseclassic.com

www.burmeseclassic.com


အောင် စဉ်းစားကြည့်မိတယ်။ အခုတော့ အဲဒီအဖြစ်တွေဟာ အတော်ကြီးကိုကြာခဲ့ပါပြီ။ ကျွန်မ နောက်ဆုံး အဲဒီမုန့်ကလေးနဲ့ ကစားခဲ့တုန်းကတည်းကနေ တွက်ကြည့်လိုက်ရင်ပေါ့လေ။ ဘယ်နှစ်နှစ် ကြာခဲ့ပြီလဲ၊ ကျွန်မ တွေးနေမိတယ်။

ကျွန်မကို မွေးခဲ့တဲ့အိမ်ကို ပြန်ရောက်ခဲ့ပြီလေ။ ရှင်နဲ့ ဝေးတဲ့နေရာမှာပေါ့။ ကျွန်မ အဲဒီမုန့်ကလေးကို ကြိုက်သလောက် ကစားနိုင်ပြီလေ။ ဘယ်သူမှ ကျွန်မကို မဟန့်တားနိုင်တော့ဘူး။

ဒါပေမဲ့ ဒါဟာ မကောင်းပါဘူး။ ကျွန်မ လက်ချောင်းလေးတွေနဲ့ အဲဒီမုန့်ကလေးကို ထိမိတာနဲ့ အေးစက်စက် မျက်ရည်တွေဟာ ကျွန်မရဲ့မျက်လုံးအိမ်မှာ ဝိုင်းလာတော့တာပဲ။

ကျွန်မရဲ့ ဟိုးငယ်ငယ်တုန်းက အတိတ်အကြောင်း စဉ်းစားမလို့ဟာ။

အဲဒီမုန့်ကလေးကို ထိမိလိုက်တာနဲ့ ကျွန်မ စဉ်းစားမိသွားတာက ‘ရှင်’ ပဲ။

ကျွန်မကို မယားဆိုးတစ်ယောက်အနေနဲ့အပြစ်တင်ကြတယ်။ ပြီးတော့ ကျွန်မဟာ အကွာရှင်းခံခဲ့ရတာ ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ အခုဒီမှာ ကျွန်မအိမ်ကို ပြန်ရောက်နေချိန်မှာ ကျွန်မအတွက်တော့ ကွာရှင်းခဲ့တယ်ဆိုတာ မဖြစ်ခဲ့သလို ကျွန်မမှာ ရှင့်ကို တွေးနေမိတဲ့အတွေးပဲ ရှိတော့တယ်။

ကျွန်မ စိုစွတ်တဲ့ခေါင်းအုံးကို ဘက်ပြောင်းလိုက်တယ်။ နောက်တော့ အဲဒီ မုန့်ကလေးကို အိပ်မက်တောင် မက်လိုက်သေးတယ်။

ကျွန်မ နိုးလာတော့ ကျွန်မ ဘယ်နေရာတွေကို ရောက်ခဲ့တယ်ဆိုတာတွေ ပြန်မပြောပြတတ်ဘူး။ ဒါပေမဲ့ အဲဒီနေရာမှာ ရှင်ရှိနေတယ်။ ပြီးတော့ ကျွန်မတို့အပြင် တခြားမိန်းမတွေလည်း ရှိနေခဲ့တယ်ထင်တယ်။ ကျွန်မက အရက်သောက်လို့။ တကယ်ပဲ ကျွန်မ မူးနေတယ်။ ကျွန်မဟာ ရှင့်ကို ကိစ္စတစ်ခုခုအတွက် ထပ်တလဲလဲ တောင်းပန်လို့။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်မရဲ့ အကျင့်ဆိုးဟာ ပြန်ပေါ်လာပြန်တယ်။ ကျွန်မရဲ့ မှဲ့ဆီကို ကျွန်မဘယ်လက်က ကိုယ်ကိုရစ်သိုင်းပြီး ရောက်သွားတယ်။ ထုံးစံအတိုင်း ကျွန်မဘယ်လက်က ကျွန်မရင်သားတွေ ဖြတ်ကျော်လို့ပေါ့။ ဒါပေမဲ့ မှဲ့ကလေး၊ အဲဒီမှဲ့ကလေးဟာ ကျွန်မ လက်ကြားမှာဖြုန်းဆို ပြုတ်ထွက်ပါလာသလား။ မှဲ့ကလေးဟာ နာကျင်မှုးမေ့စွာပဲ ပြုတ်ထွက်ပါလာခဲ့တယ်။ ကမ္ဘာကြီးထဲက သဘာဝအကျဆုံး ပစ္စည်းလေးတစ်ခုလိုပေါ့။ ကျွန်မ လက်ချောင်းကြားထဲမှာ မှဲ့ကလေးဟာ တကယ့်ကိုပဲ ပဲလှော်ခွံလေးလို ဖမ်းမိနေတယ်။

ကလေးဆိုးတစ်ယောက်လို ကျွန်မက ရှင့်ကို ပူဆာနေတယ်။ ကျွန်မရဲ့မှဲ့ကလေးကို ရှင့်နှာခေါင်းဘေးမှာရှိတဲ့ မှဲ့တွင်းကလေးထဲကို ပြောင်းထည့်ပေးလိုက်ဖို့ကိုပေါ့။

ကျွန်မ ရှင့်ကို ကျွန်မရဲ့မှဲ့ကလေးကို ထိုးပေးနေမိတယ်၊ ကျွန်မ အော်ငိုတယ်၊ အော်ဟစ်တယ်။ ကျွန်မ ရှင့်ရဲ့အကျီလက်ကို ဆုပ်ကိုင်လိုက်ပြီး ရှင့်ရဲ့ရင်ဘတ်ပေါ် မှီချလိုက်တယ်။

ကျွန်မ နိုးလာတော့ ခေါင်းအုံးဟာ စိုရွှဲနေတုန်း၊ ကျွန်မလည်း ငိုနေတုန်းပဲ။

ကျွန်မ လုံးဝကို မောပမ်းနွမ်းနယ်နေပါပြီ။ နောက်တစ်ချိန်တည်းမှာပဲ စိတ်ထဲမှာပေါ့ပါးသွားတယ်။ ဝန်ထုပ်ဝန်ပိုးတစ်ခုကို ပစ်ချလိုက်ရသလိုပဲ။

ကျွန်မ ခဏလောက်လှဲ့ရင်း ပြုံးနေမိတယ်။ အဲဒီ မှဲ့ကလေး တကယ်ပဲ ပျောက်များသွားပြီလားလို့ တွေးရင်းပေါ့၊ ကျွန်မ ကိုယ်တိုင် မှဲ့လေးကိုထိကြည့်ဖို့က ဒုက္ခတစ်ခုပါပဲ။

အဲဒါပါပဲ၊ ကျွန်မရဲ့ မှဲ့ကလေးဇာတ်လမ်းဟာ ဒါပါပဲ။

ကျွန်မ အခုထိ အဲဒီမှဲ့ကလေးကို ကျွန်မရဲ့လက်ချောင်းတွေကြားထဲမှာ အမဲရောင်ပဲစေ့ကလေး စမ်းမိနေသလို စိတ်ထဲ ခံစားနေရတုန်းပဲ။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်မ ရှင့်နှာခေါင်းဘေးမှာရှိတဲ့ မှဲ့သေးသေးကလေးအကြောင်းကိုတော့ စဉ်းတောင်မစဉ်းစားခဲ့မိပါဘူး။

နောက်ပြီး အဲဒီဟာနဲ့ ပတ်သက်ပြီးလည်း ဘာမှမပြောခဲ့ဖူးပါဘူး။ ဒါပေမဲ့ အခုထက်ထိ အဲဒီဟာကလေးက ကျွန်မစိတ်ထဲမှာ အမြဲရှိနေခဲ့တယ်။ ကျွန်မ ထင်တယ်၊ တကယ်လို့သာ ကျွန်မရဲ့ မှဲ့ကလေးကို ရှင့်ရဲ့မှဲ့သေးသေးလေးရဲ့ တွင်းကလေးထဲကို ထည့်လိုက်လို့ ရှင့်မှဲ့ကလေးဟာ တကယ်ကို ဖောင်းကြွလာခဲ့မယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မယ့် ဒဏ္ဍာရီလေးတစ်ပုဒ် ဖြစ်လိုက်မလဲလို့။

နောက်ပြီး ဒီတစ်ခါတော့ ရှင့်အလှည့်၊ ရှင်ဟာ ကျွန်မရဲ့ မှဲ့ကလေးအကြောင်းကိုပြန်ပြီး အိပ်မက်မက်နေတာကိုသာ ကျွန်မ တွေးနေရမယ်ဆိုရင် ကျွန်မ ဘယ်လောက်ပျော်လိုက်မလဲလို့။

ကျွန်မ ပြောဖို့ တစ်ခုမေ့နေတယ်။

ရှင်ပြောခဲ့တယ်လေ 'ဒါကို ငါအမုန်းဆုံးပဲ' ဆိုတာလေ၊ ဒါပေမဲ့ ရှင့်ရဲ့ ကျွန်မအပေါ်ချစ်ခင်နှစ်လိုတဲ့ အရိပ်လက္ခဏာတွေကို ကျွန်မ ဒါတွေ စဉ်းစားနေချိန်မှာတောင် ကောင်းကောင်းကြီး နားလည်ပါတယ်။

ကျွန်မစဉ်းစားနေတာက ကျွန်မဟာ အဲဒီမှဲ့ကလေးကိုလက်နဲ့ ကစားနေပြီဆိုရင် ကျွန်မမှာ အယုတ်ညံ့ဆုံးအရာတွေ ပေါ်လာတော့တာပဲဆိုတာကိုပါ။

ဒါပေမဲ့ ကျွန်မ တွေးနေမိတာက ကျွန်မ အခုပြောခဲ့တာအားလုံးဟာ ကျွန်မကိုယ်ကျွန်မ အဖတ်ဆယ်နေတာ မဟုတ်ဘူးဆိုတာ အမှန်တကယ်ပဲ ဟုတ်ရဲ့လားလို့ပါ။ ဖြစ်နိုင်တာကတော့ ကျွန်မအမေနဲ့ အစ်မတွေက ကျွန်မကို နောက်ပြောင်ကစားခဲ့ကြလို့ ကျွန်မဟာ အဦးဆုံး အဲဒီမှဲ့ကလေးကို လက်ချောင်းတွေနဲ့ ကစားတတ်တဲ့အကျင့် ပါသွားတာကြောင့် အဲဒီလိုဖြစ်ခဲ့ကြရတာ ဖြစ်နိုင်ပါတယ်။

"ကျွန်မ ထင်တယ်၊ ကျွန်မ ဒီမှဲ့နဲ့ ကစားပြီဆိုရင်၊ အမေ သမီးကို ဆူခဲ့ဖူးရမယ်"


www.burmeseclassic.com

www.burmeseclassic.com


ကျွန်မ အမေ့ကို ပြောလိုက်တယ်။

"ဟိုငယ်ငယ်တုန်းကလေ"

"ဟုတ်မှာပေါ့၊ ဒါပေမဲ့ ဒါဟာ သိပ်ကြာသေးတာမှ မဟုတ်တာ. . '

"အမေက ဘာဖြစ်လို့ ကျွန်မကို ဆူခဲ့တာလဲ"

"ဘာဖြစ်လို့ ဟုတ်လား၊ ဒါက မကောင်းတဲ့ အကျင့်မို့ပေါ့၊ ဒါပဲပေါ့"

"နို့. . . အမေ ကျွန်မကို အဲဒီမှဲ့နဲ့ ကစားနေတာ မြင်ရတော့ စိတ်ထဲမှာ ဘယ်လိုနေလဲ"

"အင်း" အမေက သူ့ခေါင်းကို တစ်ဘက်ကို ဆတ်ခနဲလှည့်လိုက်တယ်၊ ပြီး "ဒါက မသင့်တော်ဘူးလေ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒါကိုကြည့်ရတာ ဘယ်လိုဖြစ်နေလို့လဲ၊ ကျွန်မအတွက် စိတ်မကောင်း ဖြစ်ခဲ့ရလား၊ ဒါမှမဟုတ် ကျွန်မဟာ ရွံ့စရာမုန်းစရာလို့များ အမေ ထင်လား"

"ငါ ဒီဟာကို သိပ်တောင် မတွေးမိပါဘူးဟယ်၊ တကယ်ပါ။ နင်ကအဲဒါကို သူ့ဖာသာသူ ထားလိုက်လည်း ပြီးတာပဲဟာလို့ ငါတော့ ထင်တာပဲ။ နင့်မျက်နှာပေးမှာတော့ အိပ်ချင်မူးတူးပုံစံနဲ့"

"အမေက ကျွန်မကို စိတ်အနှောင့်အယှက် ဖြစ်စရာလို့မြင်လား"

"မဖြစ်စလောက်တော့ ဖြစ်တာပေါ့"

"ဒါနဲ့ အမေရော၊ တခြားလူတွေရော ကျွန်မကိုစဖို့ အဲဒီမှဲ့ကလေးကို လာလာပြီး တို့ခဲ့ကြဖူးတယ် မဟုတ်လား"

"ငါတို့ လုပ်ခဲ့တယ်ထင်တယ်"

ဒါဟာ အမှန်ပဲဆိုရင် အဲဒီမှဲ့ကလေးကို အမူမဲ့အမှတ်မဲ့နဲ့ ကိုင်ကိုင်နေမိတာ၊ ကျွန်မ ငယ်ငယ်တုန်းက ရခဲ့ဖူးတဲ့ အမေနဲ့အစ်မတွေရဲ့ ချစ်ခင်ကြတာတွေကို ပြန်အောက်မေ့နေလို့ မဟုတ်ဘူးလား။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်မ ဒီလိုလုပ်နေမိတာတွေဟာ ကျွန်မ ချစ်တဲ့လူတွေကို ပြန်စဉ်းစားမိလို့ မဟုတ်ဘူးလား။

ကျွန်မ ရှင့်ကို ပြောကို ပြောရမှာကတော့ ဒါပါပဲ။

ရှင်ဟာ ကျွန်မရဲ့မှဲ့နဲ့ပတ်သက်လို့ အစအဆုံး ရှင် အထင်မှား နေခဲ့တာ မဟုတ်ဘူးလား။

ကျွန်မဟာ ရှင်နဲ့အတူတူ ရှိနေတုန်း၊ အခြားတစ်ယောက် ယောက်ကို စိတ်ကူးနေနိုင်ပါ့မလား။

ပိုပြီး. . ပိုပြီး ကျွန်မ သို့လော. . . သို့လော ဖြစ်နေတာက ရှင် မကြိုက်ဆုံးဖြစ်တဲ့ ဒီမျက်နှာအမူအရာဟာ ကျွန်မ စကားလုံးတွေနဲ့ မဖော်ပြတတ်တဲ့ ကျွန်မရဲ့အချစ်ကို ဖြောင့်ချက်ပေးနေတာကော မဖြစ် နိုင်ဘူးလား။

ကျွန်မရဲ့ အဲဒီလိုမှဲ့ကလေးနဲ့ကစားတဲ့အကျင့်ဟာ ဘာမဟုတ် တဲ့ ကိစ္စကလေးပါ။ ပြီးတော့ ကျွန်မ အဲဒါအတွက် ဆင်ခြေတွေပေးဖို့ မရည်ရွယ်ပါဘူး။ ဒါပေမဲ့လို့ ကျွန်မ မယားဆိုးတစ်ယောက် ဖြစ်စေခဲ့တဲ့ တခြားဟာတွေ အားလုံးကလည်း အဲဒီလိုနဲ့ပဲ အစပျိုးလာတာ မဟုတ် လား။ ဒီလိုဖြစ်ရတဲ့ ကိစ္စတွေဟာ ဘာတွေလဲလို့ ရှင်မြင်ကြည့်ဖို့ ငြင်းပယ် လိုက်ရုံကလေးနဲ့ ရှင့်အပေါ် ကျွန်မရဲ့ အချစ်အားလုံးဟာ မယားမပီသမှု ဆိုတဲ့ဆီကို ရောက်ကုန်တာပဲ မဟုတ်ဘူးလား။

အခု ဒါတွေရေးနေတဲ့ အချိန်မှာတောင်မှ ကျွန်မ တထင့်ထင့်နဲ့ စဉ်းစားနေမိသေးတယ်။ ငါဟာ အနိုင်ကျင့်တာ ခံခဲ့ရသလိုမျိုးဖြစ်အောင် လုပ်နေတဲ့ မယားဆိုးတစ်ယောက်ရဲ့လေသံမျိုးတော့ မထွက်နိုင်ပါဘူး လေလို့ပါ။

ကျွန်မ ရှင့်ကို ပြောကိုပြောရမယ့် အဲဒီအရာတွေ အခုထိ ရှိနေ တုန်းပါပဲ။

**စန်းစန်းဦး**


www.burmeseclassic.com

www.burmeseclassic.com

# ကြက်တူရွေး

ညီသစ်

www.burmeseclassic.com

www.burmeseclassic.com


ဇေမူသည် အလိုအလျောက်လိမ့်သော ဘီးတပ်စကိတ်၏ ပလတ်စတစ်မျက်နှာပြင်အပေါ် ပြေးတက်ရင်း လက်ပတ်နာရီကိုငုံ့စောင်း ကြည့်လိုက်သည်။ လေးနာရီခွဲ။ ရုံးကိုမပြန်ခင် တစ်နေရာရာမှာ သွား ရောင်းလျှင် ကောင်းမလားဟု သူ စဉ်းစားနေသည်။ နှစ်သက်သဘောကျ စရာကောင်းသော အိမ်တစ်အိမ်၏ရှေ့က ဈေးဆိုင်မှာရပ်ရန် စကိတ်ကို အရှိန်လျှော့လိုက်သည်။

ဇေမူမှာ အိမ်ပေါက်စေ့ ဈေးလိုက်ရောင်းရသော ဈေးသည် တစ်ယောက်ဖြစ်သည်။ သူ၏ဘယ်ဘက်လက်သည် နမူနာ ပစ္စည်းများ ထည့်ထားသည့် သေတ္တာရှည်တစ်လုံးကို ပိုက်ထားပြီး သူ၏ညာဘက် ပခုံးပေါ်မှာတော့ အရောင်တောက်ပသော အမွေးအတောင်များရှိသည့် ကြက်တူရွေး တစ်ကောင်ကိုတင်ထားသည်။ ထိုခေတ် ထိုအချိန်အခါ မှာတော့ ယောက်ျားမိန်းမ မည်သူမဆို ကြက်တူရွေးတစ်ကောင်ကို ပခုံးပေါ် တင်ထားတတ်ကြစမြဲပင်။

ဇေမူသည် တံခါးခေါင်းလောင်းကို တီးလိုက်ပြီး စောင့်နေ လိုက်၏။ အမျိုးသမီးတစ်ယောက် တံခါးလာဖွင့်သောအခါ ဇေမူသည်


www.burmeseclassic.com

www.burmeseclassic.com


မပွင့်တပွင့်လေသံနှင့် ဟဲလိုဟု နှုတ်ဆက်လိုက်ရာ သူ့ပခုံးပေါ်မှ ကြက်တူရွေးကလည်း ကြည်လင်၍ နားဝင်ချိုလှသော အသံဖြင့် စကားပြောလေတော့သည်။

"မဒမ် . . . အခုလို အနှောင့်အယှက်ပေးမိတဲ့အတွက် ခွင့်လွှတ်ပါခင်ဗျာ။ ခင်ဗျားအနေနဲ့ အလုပ်တွေ သိပ်ရှုပ်နေမှာပဲဆိုတာ ယုံမှားစရာမရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့အတွက် ခဏလောက်တော့ အချိန်ပေးစေချင်ပါတယ်"

တကယ်တော့ ကြက်တူရွေးမှာ စက်ရုပ်တစ်ရုပ်ပင် ဖြစ်သည်။ ထိုစက်ရုပ်ကြက်တူရွေး၌ သူ့သခင်က ပြောသမျှကို အလွန်ယဉ်ကျေးဖော်ရွေပြီး ချိုသာသောစကားဟန်နှင့် လိုအပ်သည်ထက် ပိုမို၍ ချက်ကျကျပြောတတ်စေရန် ကွန်ပျူတာဦးနှောက်နှင့် အသံပိုင်းဆိုင်ရာဆင်သီဆိုက်ဇာကို တပ်ဆင်ထားသည်။

ခဏမျှကြာပြီးနောက် အမျိုးသမီး၏ပခုံးပေါ်မှ ကြက်တူရွေးကလည်း ပြန်လည်၍ စကားဆိုလေသည်။

"ရှင်လာတာ သိပ်ကောင်းပါတယ်။ တောင်းပန်စရာမလိုပါဘူးရှင်။ ကျွန်မက မှတ်ဉာဏ်လုံးဝမကောင်းဘူး။ ဒါကြောင့် ရှင့်နာမည်ကို စဉ်းစားလို့မရဘူး ဖြစ်နေတယ်"

စက်ရုပ်ကြက်တူရွေးနှင့် နှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် အပြန်အလှန်ပြောသမျှကို အဓိပ္ပာယ်ရှင်းလင်းစေရန် အစီအစဉ်ဆွဲနေကြသည်။ ဇေမူ၏ကြက်တူရွေးသည် ဇေမူ၏နားတွင်းကပ်၍ သူက ပြောနေတယ်။ ဆရာဟာ ဘယ်သူလဲတဲ့ဟု ခပ်တိုးတိုး ပြောလိုက်သည်။

"နယူးအီလက်ထရိုကုမ္ပဏီအတွက် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်တာပါ" ဟု သူ့ကြက်တူရွေးက ပြောလေသည်။ လူသားတွေအတွက် စက်မှုကုန်ထုတ်လုပ်ငန်းတွေ ဦးဦးဖျားဖျားလုပ်တဲ့၊ ဆန်း


www.burmeseclassic.com

www.burmeseclassic.com


သစ်ပြီး ယုံကြည်စိတ်ချရတဲ့ ကုန်ထုတ်ပစ္စည်းတွေကြောင့် လူသိများတဲ့ ကျွန်တော်တို့ရဲ့ကုန်တိုက်ကိုလည်း ခင်ဗျားအနေနဲ့ ရင်းနှီးပြီးသားဖြစ်မှာ ပါ။ ကျွန်တော် ဒီကနေ့ လာရတာကလည်း ကုန်ထုတ်ပစ္စည်းတစ်ခုပြချင် လို့ပါ။ ကျွန်တော်တို့ နှစ်ပေါင်းများစွာ သုတေသန-ပပြီးတဲ့ နောက်မှာ တော့ ကျွန်တော်တို့ နယူးအီလက်ထရိုကထုတ်တဲ့ ပစ္စည်းကိရိယာတွေ ဟာ တကယ့်ကိုပဲ အောင်မြင်မှုတွေ ရရှိနေပါပြီ”

ဇေမူက သူ့သေတ္တာရှည်ထဲက ရွှေရောင်တလက်လက်တောက် နေသည့် သတ္တုစက်ကိရိယာ သေးသေးကလေးကို ထုတ်ယူလိုက်သည်။ ထိုစက်ကိရိယာ၏ခန္ဓာကိုယ်တွင် သေးသေးရှည်ရှည် သတ္တုခြေထောက် ရှစ်ချောင်းပါသည်။

“ဒါကတော့. . . နယူးအီလက်ထရိုကထုတ်တဲ့ အီလက်ထရော နစ်ပင့်ကူပဲခင်ဗျ။ သူ့ရဲ့လုပ်ဆောင်ပုံကို ကျွန်တော်ပဲ ရှင်းပြပါမယ်။ မိမိ ခန္ဓာကိုယ်မှာ ယားနေပြီဆိုပါတော့ ကုတ်ဖို့ဆိုတာကလည်း လူကြား သူကြားထဲဆိုတော့ ရှက်စရာကြီးဖြစ်နေမှာပဲ။ ယားတဲ့ဝေဒနာတွေကို မကုတ်ဘဲနေမယ်ဆိုရင် ဘယ်သူပဲဖြစ်ဖြစ် အနေခက်မှာပဲ။ စိတ်ဆင်းရဲ မှာပဲ။ ဒါပေမဲ့ ယောဒီ အီလက်ထရောနစ် ပင့်ကူလေးကို ကိုယ်ဝတ် ထားတဲ့ အဝတ်အစားတွေကြားထဲ ကိတင်ကာကွယ်တဲ့အနေနဲ့ မသိ မသာ ထည့်ထားမယ်ဆိုရင် လူကြားထဲမှာ အရှက်တကွဲ အကျိုးနည်း စေတဲ့ အဖြစ်အပျက်မျိုး နောက်ထပ်ဖြစ်မှာ မဟုတ်ဘူး။ အမှုမဲ့ အမှတ်မဲ့ ပခုံးတစ်ချက်လောက် တွန့်လိုက်တာနဲ့ အဲဒီကိရိယာလေးဟာ စတင်လှုပ်ရှားတော့တာပဲ။ အားလုံး သူ့ဘာသာသူ လုပ်ဆောင်ပေးသွား မှာပဲ။ ကျေကျေနပ်နပ် ဖြစ်သွားစေရမယ်။ အီလက်ထရောနစ် ပင့်ကူက ယားနေတဲ့နေရာကိုရှာပြီး သူ့ဘာသာသူ ကုတ်ပေးနေမှာပဲ။ ဒါဆိုတော့ အဆင်မပြေသွားဘူးလား ခင်ဗျာ။ ဒီကိရိယာလေးဟာ ခေတ်မီတယ်ဆို တာ ခင်ဗျား သဘောတူမှာပါ။ ခင်ဗျား အိမ်သားတွေကိုပါ ဒီကိရိယာကို


www.burmeseclassic.com

www.burmeseclassic.com


သုံးမယ်ဆိုရင် ယားယံတဲ့သူရှိတော့မှာ မဟုတ်ဘူးပေါ့” ဇေမူ၏ကြက်တူရွေးက စျေးခေါ်စကားကို နိဂုံးချုပ်လိုက်လေသည်။

အမျိုးသမီး၏ ကြက်တူရွေးက အမျိုးသမီးနားတွင်ကပ်၍ ခပ်တိုးတိုးဆိုနေ၏။

“သခင်မကို သူက သူ့ရဲ့အလိုအလျောက် ကုတ်ပေးတဲ့ စက်ကို ဝယ်စေချင်နေတာ”

“ဘုရားရေ. . . အခုမှပဲ လိုရင်းကို ရောက်တာပါလား” ဟု သူမက ရေရွတ်လိုက်သည်။

“ရှင့်ပစ္စည်းကတော့ တကယ့်ကို အံ့ဖွယ်တစ်ပါးပါပဲရှင်။ သူတို့က ဘယ်လိုလုပ်မလဲတော့ မသိဘူး။ ဒါပေမဲ့ ကံဆိုးချင်တော့ ဒီလထဲမှာ ကျွန်မရဲ့စုငွေတွေကို သုံးလို့ဖြစ်မှာ မဟုတ်ဘူး။ အလွန်အကျွံသုံးလို့ရမှာ မဟုတ်ဘူးရှင့်”ဟု သူမ၏ကြက်တူရွေးက ဇေမူကို ပြောလေသည်။

“သူ ဒီပစ္စည်းကိုမလိုချင်ဘူးထင်တယ်” ဟု ဇေမူ၏ ကြက်တူရွေးက ခပ်တိုးတိုးပြောလေသည်။

“ကျေးဇူး-ပပြီး. . . ” ဇေမူက ပြောလိုက်သည်။

“ဒါဟာ အချိန်အခက်အခဲကြောင့်ပါပဲ ခင်ဗျာ။ မဒမ် စဉ်းစားပါဦး ခင်ဗျာ။ ဟောဒီပစ္စည်းလေးဟာ မဒမ်ရဲ့အချိန်တွေနဲ့ ဒုက္ခတွေကို ကယ်တင်ပေးနိုင်တယ်ဆိုတာ လူတွေကြားထဲမှာ ဘယ်သူမှ သတိမထားမိအောင် လက်လှမ်းမမီနိုင်မယ့် မဒမ်ရဲ့နောက်ကျောတစ်နေရာကို ကုတ်ရမယ့်အဖြစ် မဒမ်ပဲ စဉ်းစားကြည့်ပါဦး။ ဒီအပြင် ဒီပစ္စည်းရဲ့ တန်ဖိုး ဘယ်လောက်စျေးချိုတယ်ဆိုတာ မဒမ်သိရင် တကယ့်ကို အံ့သြဝမ်းသာဖြစ်သွားမှာပါ” ဟု ဇေမူ၏ကြက်တူရွေးက ပြောလေသည်။

“သူ ပြောသလိုဆိုရင် ဝယ်လိုက်တာပဲ ကောင်းတယ်”

“သူက နားဝင်အောင် ပြောနေတာ မဟုတ်လား”

ထိုသို့ အိမ်ရှင်မနှင့် သူမ၏ကြက်တူရွေး အပြန်အလှန် စကား


www.burmeseclassic.com

www.burmeseclassic.com


တွတ်ထိုးပြီးနောက် ကြက်တူရွေးက ဆိုပြန်လေသည်။

"ကျွန်မ ယောက်ျားနဲ့ မတိုင်ပင်ဘဲ ဘယ်တုန်းကမှ ပစ္စည်း မဝယ်ဖူးဘူးဆိုတာ ကျွန်မ ပြောရတော့မယ်ပေါ့လေ။ ကံဆိုးချင်တော့ လည်း သူက အိမ်မှာမရှိဘူးဖြစ်နေတယ်။ ဒါကြောင့် အခုအချိန်မှာ ကျွန်မတစ်ယောက်တည်း ဆုံးဖြတ်ပြီး ဝယ်ရမှာ တကယ်ပဲ မဖြစ်နိုင်လို့ ပါ။ ဒါပေမဲ့ ဒီနေ့ညနေကျရင် ကျွန်မယောက်ျားနဲ့ဝယ်ဖို့ တိုင်ပင်လိုက် ပါဦးမယ်။ ရှင်နဲ့အိမ်ချင်းလည်း သိပ်ဝေးတာမှ မဟုတ်တာ။ နောက်နေ့ ရှင်လာရင် ကျွန်မ ဝယ်၊ မဝယ် တိတိကျကျ အဖြေပေးနိုင်မှာပါ။ ဒီ လောက် အံ့ဩစရာကောင်းတဲ့ ပစ္စည်းကလေးကို ကျွန်မ မမက်မောဘဲ နေပါ့မလားရှင်။ ဒါပေမယ့် ရှင် နားလည်မှာပါလေ ကျွန်မ အလွန့်ကိုပဲ စိတ်မကောင်းဖြစ်မိပါတယ်"

"သူကပြောတယ် မဝယ်ဖြစ်ဘူးတဲ့" ကြက်တူရွေးက ဇေမူ့ကို ပြန်ရှင်းပြနေသည်။ ဇေမူက အရောင်းအဝယ် မဖြစ်သောကြောင့် သက် ပြင်းတစ်ချက်ချရင်း . .

"ငါ့နှယ်ကွာ ဘယ်လိုမိန်းမမျိုးနဲ့ တွေ့နေပါလိမ့်" ဟု ညည်း ညူလိုက်သည်။

သူ၏ကြက်တူရွေးကတော့ ပိုမို၍ ယဉ်ကျေးစွာပင် ပြန်ပြော လေသည်။

"ရပါတယ် ခင်ဗျာ၊ ဒါဟာ အဆင်မသင့်လို့ပဲ မဟုတ်ဘူးလား။ ကဲ နောက်မှပဲ ကျွန်တော် ပြန်လာပါဦးမယ်။ အခုလို ဒုက္ခပေးရတဲ့ အတွက်လည်း စိတ်မကောင်း ဖြစ်မိပါတယ်။ မဒမ်ရဲ့အမျိုးသားကို လည်း ကျွန်တော် လေးစားပါတယ်"

ဇေမူသည် ဘီးတပ်စကိတ်ပေါ် ပြန်တက်လိုက်ပြီး ရုံးဘက် ဆီသို့ နောက်ကြောင်း ပြန်လှည့်လာခဲ့ရတော့သည်။

အရောင်းမန်နေဂျာ၏ ကြက်တူရွေးက သူ့ကို လှမ်းခေါ်အော့


www.burmeseclassic.com

www.burmeseclassic.com


သူသည် စားပွဲမှာထိုင်ရင်း တစ်နေ့တာ အရောင်းစာရင်းကို အီလက်ထရောနစ်ဂဏန်းပေါင်းစက် ခလုတ်များကိုနှိပ်၍ ပေါင်းနေသည်။

"ဇေမူ"

"အိုး. . . နိုး. . . နောက်ထပ်မတိုးပါလား" ဟု ဇေမူက ညည်းညူသည်။

"ဟုတ်ကဲ့ပါ ဆရာ. . . ခဏလေးပါ။ ကျွန်တော် အစီရင်ခံစာကို အဆုံးသတ်နေရလို့ပါ" ဟု ဇေမူ၏ကြက်တူရွေးက ပြန်ဖြေသည်။

အချိန်တော်တော် ကြာသွားပြီးမှ ဇေမူသည် အရောင်းမန်နေဂျာ စားပွဲရှေ့မှာ ဆန့်ဆန့်ကြီး သွားရပ်သည်။ မန်နေဂျာ၏ ကြက်တူရွေးက ခပ်မှန်မှန် အသံနေအသံထားနှင့် စကားပြောနေချိန်မှာတော့ မန်နေဂျာသည် စီးကရက်မီးခိုးငွေ့များကို မှုတ်ထုတ်လို့။

"နားထောင်စမ်း ဇေမူ၊ ဒီအချိန်ဟာ မင်းသိတဲ့အတိုင်းပဲ ကုမ္ပဏီအတွက် အရေးကြီးဆုံးအချိန်၊ အခုဆိုရင် ငါတို့ဟာ အရင်က ရခဲ့တဲ့ အကျိုးအမြတ်တွေထက် ပိုရတယ်။ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်း ပြောရတော့မှာပဲ ဇေမူ။ မင်းရဲ့နေ့စဉ် အရောင်းစာရင်း အစီရင်ခံစာတွေ ငါကြည့်ပြီးပြီ။ ငါလည်း မင်းကို ကူညီနိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ မင်းဟာ မင်းကိုမင်း အသုံးချနေတာ မဟုတ်သေးဘူးဆိုတဲ့ အချက်ကိုတော့ နားလည်ထားရမှာပဲ။ မင်းအနေနဲ့ကတော့ ရိုးရိုးသားသားနဲ့ ဒိထက်ပိုပြီး ကြိုးစားမှ ဖြစ်တော့မယ်"

"သူက ပိုပြီးရောင်းကောင်းဖို့ပြောတာပါ" ဇေမူ ကြက်တူရွေးက ဇေမူကို ခပ်တိုးတိုးပြောသည်။

"သူ ပြောတာကတော့ အလွယ်လေးပေါ့ကွာ" ဇေမူက ရှုံ့ရှုံ့ရှားရှားနှင့် ပြော၏။ "ကျွန်တော် သဘောပေါက်ပါတယ် ဆရာရယ်" ဟု ကြက်တူရွေးက သူ့ကို ပြန်ပြောသည်။

"ကျွန်တော် ဒိထက်ပိုပြီး ရောင်းကောင်းအောင် ကြိုးစား


www.burmeseclassic.com

www.burmeseclassic.com


ပမ်းစား အားထုတ်နေတယ်ဆိုတာကိုတော့ ဆရာ သိစေချင်ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စီးပွား-ပိုင်ဘက်တွေကလည်း အရည်အသွေးကောင်းတဲ့ ထုတ်ကုန်အသစ်တွေထုတ်ပြီး တိုးတက်နေကြတာကို ဆရာလည်း သိနေတာပဲ။ အရင်ကလိုလည်း ရောင်းကုန်ပစ္စည်းတွေကို အရွှေ့အပြောင်းလုပ်ဖို့ဆိုတာ မလွယ်တော့ဘူး။ ဟုတ်တယ်လေ။ ကျွန်တော်ကတော့ အစွမ်းကုန်ကိုးစားပြီး ရောင်းမှာပဲ။ ဒါပေမဲ့ ကျွန်တော် တစ်ခုစဉ်းစားမိတယ် ဆရာ။ ကျွန်တော်တို့တစ်တွေ သုတေသနပိုင်းဆိုင်ရာနဲ့ ဖွံ့-ဖိုးတိုးတက်မှုအပိုင်းတွေကို တွင်ကျယ်အောင်လုပ်၊ ပိုပြီးတော့ လုံ့လစိုက်ကြ။ ကျွန်တော်တို့ရဲ့ ကတ်တလောက်တွေ အသစ်ပြန်လုပ်မှ ကောင်းမယ်လို့ ကျွန်တော် တွေးမိတယ်" ဟု ဇေမူ၏ ကြက်တူရွေးက ဇေမူ့ကိုပြောပြသည်။

ထိုအချိန်မှာပဲ တစ်နေ့တာ ရုံးဆင်းချိန် အချက်ပေးခေါင်းလောင်းသံ မြည်လာသည်။ တစ်နေ့လုံး အိမ်ပေါက်စေ့ ဈေးရောင်းပြီးလျှင် အရင်လိုပဲ မောပမ်းနွမ်းနယ်စမြဲ။ အိမ်အပြန်လမ်းမှာ အရက်သောက်ချင်လို့ ရပ်နေတဲ့သူကို ဘယ်သူက ကြိမ်းမောင်းအပြစ်ဆိုမှာလဲ ဟု သူ တွေးမိသွားသည်။

သိပ်မကြာလှပါဘူး။ ရံဖန်ရံခါ သူလာတတ်သည့် ဂလက်ဆီအရက်ဘားတံခါးကို သူ့လက်က တွန်းဖွင့်ပြီးသား ဖြစ်နေသည်။ ဘားရှေ့မှ ဖြတ်ပြေးလာသော တောင့်တောင့်ဖြောင့်ဖြောင့်မိန်းမတစ်ယောက်သည် သူ့ကိုတွေ့သောအခါ သူမ၏ပခုံးပေါ်မှ ကြက်တူရွေးက ညုတုတုအသံနှင့် လှမ်းအော်သည်။

"မစ္စတာဇေမူ . . ရှင် ဘယ်ချောင်သွားပြီး ပုန်းနေတာလဲ ဟင်၊ ရှင် ကျွန်မတို့ဆီ မကြာခဏလာဖို့ ကောင်းတာပေ့ါ၊ ကျွန်မတို့ရဲ့ သဘောကောင်းတဲ့ ဖောက်သည်ကြီး ပေါ်မလာတော့ ဒီမှာ ဘယ်လောက် အထီးကျန်တယ် ထင်သလဲ"

www.burmeseclassic.com


ဇေမူက -ပံးပြပြီး စိတ်လက်ပေါ့ပါးသွားဟန်နှင့် သက်ပြင်းချသည်။ တစ်နေ့တာအတွက် အေးအေးချမ်းချမ်း နေရတာဆိုလို့ သူ့အတွက် ဒီအချိန်အပိုင်းအခြားလေးပဲရှိတာ မဟုတ်လား။

**ညီသစ်**

**[နာမည်ကျော် ဂျပန်စာရေးဆရာကြီး (၁၉၂၆ မှာမွေး) Shin'ichi Hoshi ၏ Secretary on My Shoulder' ဝတ္ထုတိုကို ဆီလျော်အောင် ပြန်ဆိုပါသည်။]**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com